
www.burmeseclassic.com
BURMESE CLASSIC .com
ဆုမြတ်ပွန်ပွန်
အချစ်ရိုးရာ ပုံပြင်
လင်း
www.burmeseclassic.com

www.burmeseclassic.com







# ဆုမြတ်မွန်မွန်



## အချစ်ဦးရာ ပုံပြင်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com









ယောကျာ်းတစ်ယောက်အနေနဲ့
ချစ်တဲ့မိန်းမနဲ့ ကြိုက်တဲ့မိန်းမဆိုတာ
တစ်ထပ်တည်းကျဖို့ ခက်တယ်။
အဲဒီထက် ခက်တာက —
ကိုယ်ကြိုက်တဲ့မိန်းမကို မချစ်မိအောင်
ကြိုးစားထိန်းသိမ်းရတာ
အခက်ခဲ အပင်ပန်းဆုံးပဲ။
ဒီမိန်းမကို စိတ်ရှိလက်ရှိ
ချစ်ပစ်လိုက်ရရင်တော့ —။

မိုးလုံမိုင်း



www.burmeseclassic.com

www.burmeseclassic.com









ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ရဲ့
ပတ်သက်ဆက်ဆံရေးမှာ ...
အိမ်ထောင်တစ်ခုပဲဖြစ်ဖြစ်၊ ချစ်သူတွေပဲဖြစ်ဖြစ်
ယုံကြည်နားလည်မှုက အဓိကကျတယ်၊
အချစ်ဆိုတဲ့ ဖန်သားနန်းတော်လေးကို
ယုံကြည်နားလည်မှုဆိုတဲ့
အခိုင်မာဆုံး တံတိုင်းကြီးကသာ
မပြိုကွဲသွားအောင် ကာကွယ်ပေးထားနိုင်တာ။
ယုံကြည်နားလည်မှုသာ မရှိရင် ...
အချစ်ဆိုတာလည်း ဘာမှသုံးစားလို့ မရတော့ဘူး။



မိုးသည်းစ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







# အခန်း ၁

"ချစ်သူလေးရှိရာ ဟိုအဝေးဆီ ... လွင့်ရာလမ်းလေးကို မျှော်တတ်ပြီ ..."

ငြိမ်သက်နေသောဖုန်းမည်းမည်းလေးထံမှ Nကိုင်ရာ၏ အသံချိုအေးအေး သီချင်းသံကလေး ထွက်ပေါ်လို့လာလျှင် အကြိမ်နှာ[illegible]တွေက Display ပေါ် ငုံ့ကြည့်လိုက်ကာ နှာခေါင်းတစ်ချက် ရှုံ့လိုက်မိပြီးနောက် ဘေးနားမှာ စာဖတ်နေသောစလုံးကို လက်လှမ်းတို့လိုက်သည်။

စလုံးက ဘာလဲ ဟူသော အကြည့်မျိုးဖြင့် ပြန်ကြည့်လျှင် ...

"ရှင်းပေးစမ်းပါဟာ၊ ဒီဧယားက နင်ဖြတ်မှ ပြတ်မှာပါ"

"ကိုယ့်ဟာကိုယ် ပြောလေ၊ ဒီဧယားကို စဆွဲတုန်းက ငါပါလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဩဘ် မဒါပေမယ့် နှင် သိအောင် သိနေတာပဲ မဟုတ်လား။ လုပ်ပါဟာ စလုံးကလည်း၊ နှင် ကိုင်လိုက်ရင် ဒီအမဲက တစ်ချက်တည်း ပွဲသိမ်းမှာ”

အချွန်နဲ့မ,ကာ စပ်ဖြိဖြိပြောနေသော အကြင်နာ့ကို မိုးသည်းက မျက်လုံးတစ်ချက် စွေကြည့်ပြီးနောက် ဖုန်းကိုကောက်ယူကာ ဖွင့်နားထောင်လိုက်သည်။

“ဟယ်လို”

“ကြင်နာလား”

“မဟုတ်ဘူး။ ဘယ်သူလဲ”

မိုးသည်းရဲ့ ခပ်ပြတ်ပြတ်အသံကြောင့် တစ်ဖက်က ခေတ္တတော့ ငြိမ်သက်သွားသည်။ ပြီးတော့မှ ...

“ကျွန်တော် သူ့ရည်းစားပါ”

“သူ့ရည်းစားတွေက အများကြီးပဲ။ ဘယ်သူလဲ ... နာမည်ပြော၊ နာမည်ပြောမှ သိမယ်”

မိုးသည်းရဲ့စကားက တစ်ဖက်သားရဲ့အရှိုက်ကို အင့်ခနဲ ထိသွားဟန်တူသည်၊ ဘေးမှာထိုင်နေသော ကြင်နာကတော့ မိုးသည်းရဲ့စကားကို သဘောကျသွားဟန်ဖြင့် လက်မတစ်ချက် ထောင်ပြသည်။

မိုးသည်းရဲ့စကားကို တစ်ဖက်ကလူကတော့ သဘောမကျဟန်ဖြင့် ...





“အလိုတော့ မပြောပါနဲ့ဗျာ။ ကိုယ့်သူငယ်ချင်း အချင်းချင်းကို၊ ကြင်နာ ဘယ်မှာလဲ၊ ကျွန်တော် ကြင်နာနဲ့ဖုန်းပြောချင်တယ်”

“ကြင်နာက လောလောဆယ် ဒီဖုန်းကို ကျွန်မကိုပေးထားပြီး ဖယားရှောင်နေတယ်။ ရှင် ပြောချင်တာရှိရင် ပြောခဲ့နိုင်တယ်”

“ဟာ ... အဓိပ္ပာယ်မရှိတာပဲဗျာ။ သူက ဘာဖြစ်လို့ ဖယားရှောင်ချင်ရတာလဲ။ ဒီလိုတော့ လွယ်လွယ်ပြောလို့ ဘယ်ရမလဲ ...

ကြားလူတွေ ဝင်ပါတာလည်း ကျွန်တော် မကြိုက်ဘူး။ ခင်ဗျား ဘယ်သူလဲ”

“ရှင်က ကြင်နာ့ရဲ့ရည်းစားဆိုပြီး ကျွန်မကို မသိဘူးဆိုရင်တော့ တော်တော်ညံ့သေးတာပဲ”

“ခင်ဗျား မိုးသည်းစ မဟုတ်လား”

“ဟုတ်ပါတယ်”

“ဒီမှာ မိုးသည်းစ။ ခင်ဗျားအနားမှာ ကြင်နာ ရှိတယ် မဟုတ်လား။ သူ့ကို ဖုန်းပေးလိုက်ပါ ...

သူနဲ့ပဲ ကျွန်တော် စကားပြောမယ်”

“ဒါဆိုလည်း ရှင့်နာမည် ပြောလေ။ သူ့မှာ ရည်းစားတွေက အများကြီးပဲ။ ရည်းစားဟောင်းထဲကလား၊ လက်ရှိရည်းစားတွေထဲကလား ...



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ရည်းစားမဖြစ် တဖြစ်တွေထဲကလား၊ ဘယ်လိုလုပ် ဝေခွဲနိုင်မလဲ”

“ကျွတ် ... ခင်ဗျား ဘယ်လိုမိန်းမလဲ။ ဘာလို့ ဒီလောက် ရစ်နေရတာလဲ”

“ရစ်တယ် ထင်လည်း ဖုန်းချလိုက်လေ။ နောက်တစ်ခါ ထပ်ခေါ်ရင် ဒီနံပါတ်ကို မကိုင်ရုံဘဲ။ အိုကေ ? ”

“တောက်” -

“ဟော့ ... ဟော့ ... ဟော့။ ဟိုဘက်က ဘသားချော။ ရှင် ကျုပ်ကို တောက်ခေါက်စရာ ဘာအကြောင်းမှ မရှိဘူး နော် ...

ကျုပ်က ရှင့်တပည့် မဟုတ်ဘူး။ ရှင်သာ ခေါင်းကောင်းတဲ့ ဘဲဆိုရင် ဒီလိုအကွက်တွေ ကျွေးနေပြီ ဆိုကတည်းက ကြင်နာဟာ ရှင့်ကို အုံးမစားတော့ဘူးဆိုတာ ရိပ်မိသင့်တယ် ...

ယောက်ျားသိက္ခာ အကျမခံဘဲ စောစောစီးစီးထဲက နားလည်မှုနဲ့ နောက်ဆုတ်လိုက်ပါ။ ပေါက်တယ်နော်”

မိုးသည်းက စကားဆုံးဟာနှင့် ဖုန်းကို ဦးအောင်ချပစ်လိုက်သည်။ ပြီးတော့ ကြင်နာဘက်သို့ ဖုန်းကိုပစ်ပေးလိုက်လျှင် ကြင်နာက အလန့်တကြားဖြင့် ကမန်းကတန်း ဆီးဖမ်းရသည်။ ပြီးတော့မှ မိုးသည်းရဲ့လုပ်ရပ်ကို သဘောကျနှစ်သက်သော လေသံဖြင့် ...





“စလုံးရဲ့တော်လ်ကီတွေက အရမ်းမိုက်တယ်ကွာ။ ဟိုဘဲတော့ ဘုံဆောင့်နေတော့မှာပဲ ... ဟား ဟား”

သဘောတွေကျနေသော ကြင်နာ့ကို မိုးသည်းက တစ်ချက်စိုက်ကြည့်ပြီးတော့မှ ...

“နေစမ်းပါဦး၊ သူက နင့်ရဲ့မြောက်မြားစွာသော ဓာတ်လမ်းတွဲတွေထဲက ဘယ်သူလဲဆိုတာ ငါ့ကိုလည်း ပြောစမ်းပါဦး”

“ကျော်ထွဋ်ဆွေပေါ့ဟာ။ YES က သင်တန်းဆရာဆိုတာပေါ့၊ ဆရာဆိုတဲ့အတိုင်း ဆရာလုပ်လိုက်တာလည်း ပြောမနေနဲ့ ...

ကြာတော့ အာရုံနောက်လာတယ်။ နောက်တော့ စိတ်ရှုပ်လာတာနဲ့ လျှော်ထားလိုက်တော့တာ။ နင်လည်း သိပါတယ်။ ရည်းစားဖြစ်တာဖြင့် နှစ်လတောင်မပြည့်သေးဘူး။ အိမ်ထောင်ရေးအကြောင်းက ဆွေးနွေးရတာနဲ့ ...

ဒါကြောင့် စောစောစီးစီး စိတ်ကုန်တာ”

“ဟင်း ... နင် စိတ်မကုန်တဲ့ ယောက်ျားရော ရှိသေးရဲ့လား။ ဘယ်ယောက်ျားပဲဖြစ်ဖြစ် အချိန်တန်ရင်တော့ နင် စိတ်ကုန်လာတာပဲ မဟုတ်လား”

မိုးသည်းရဲ့ ဟုတ်မှန်နေသော စကားတို့ကို ကြင်နာက ပခုံးတစ်ချက် တွန့်ပြကာ ...

“ဒါကတော့ သူတို့က စိတ်ကုန်စရာကောင်းအောင် လုပ်တာကိုး။ နင်တော့ မသိဘူး။ ငါကတော့ ယောက်ျားတွေကို



www.burmeseclassic.com

www.burmeseclassic.com



အသစ်မှာပဲ ကြိုက်တယ်၊ ရိုးသွားရင် ကြာသွားရင် ရင်မခုန်ချင်တော့ဘူး”

“ဒါဆိုလည်း နင် ရည်းစားတွေ မွှထနေအောင် မထားနဲ့လေ။ အိရုံပဲ အိထားပေါ့”

“ငါက အိပါတယ်။ သူတို့ကကိုက အ,အိမခံတာ။ ချက်ချင်းပဲ ရည်းစားဖြစ်ချင်ရော၊ ခဏ ခဏ နှားပူတော့ ငါလည်း နားငြီးပြီး အဖြေပေးမိရော ...

ပြီးတော့ အဆင်မပြေတာတွေ တွေ့လာတော့ ပြတ်ရော၊ ဒီလိုနဲ့ပဲ အကြင်နာမိုးဆွေဟာ ရည်းစားများရရော”

မိုးသည်းသည် အဲဒီအဖြေပုံလေးကို ကြိုက်ပင်ကြိုက်တော့ကာ ခပ်မဲ့မဲ့ ပြုံးမိလေသည်။ အကြင်နာမိုးဆွေ ဟူတည်းသော ကော်ပတ်ရုပ်နှင့် ဆင်ဆင်တူသည့် နုထွေးဖြူဖွေး ထိရက်စရာမရှိသော ကောင်မလေးသည် သူ့ဟာသူ ဘာပဲဖြစ်နေ ဖြစ်နေ မိုးသည်းစရဲ့ အင်မတန်ချစ်ခင်ရသော သူငယ်ချင်းလေးသာဖြစ်သည်။

မိုးသည်းနှင့် အကြင်နာသည် ဟိုးငယ်စဉ်ကျောင်းကျေးကလေးဘဝ သူငယ်တန်းထဲကပင် စတင်သိကျွမ်းခဲ့ရသူများဖြစ်ပြီး ငယ်စဉ်တည်းက ချူချာလွန်းသည့် အကြင်နာ့ကို မိုးသည်းက စောင့်ရှောက်ကူညီခဲ့ရတာဖြစ်သည်။ ချူချာပြီး လူကြောက်တတ်သည့် ယုန်မလေးကို ကာကွယ်ပေးရင်းနဲ့ မိုးသည်းကတော့ ရဲရင့်မှန်းမသိ ရဲရင့်ခဲ့ရသည်။





မိုးသည်းရဲ့ဘဝသည် မရဲရင့်လို့လည်း မရချေ။ မိုးသည်းမှာ ငယ်စဉ်ကတည်းက မိဘနှစ်ပါးက မရှိတော့ဘဲ အဒေါ်အပျိုကြီးနဲ့သာ နေထိုင်ခဲ့ရသူ ဖြစ်သည်။ အဒေါ်ကလည်း ပွဲစားအလုပ် လုပ်သည်မို့ အိမ်ကပ်တယ်ဟူ၍ မရှိဘဲ တစ်နေ့ကုန်တစ်နေ့ခန်း အပြင်ထွက်နေရသည် ဖြစ်လေရာ မိုးသည်းသည် အိမ်ဖော်တွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားလျက်ကြီးပြင်းခဲ့ရသည်။ အဒေါ်ကလည်း မိုးသည်းကို ကျောင်းထားပေးပြီး ထမင်းကျွေး၊ မုန့်ဖိုးပေးထားလျှင်၊ တာဝန်ကျေပြီဟု ယူဆထားသော အဒေါ်မျိုးဆိုတော့ မိုးသည်း ဆိုသည်မှာ ငယ်စဉ်တည်းက ကိုယ့်ဆုံးဖြတ်ချက်က ကိုယ့်ဟာကိုယ်ချရသော မိန်းကလေးမျိုး ဖြစ်လာတော့သည်။

ဒါပေမဲ့ မိုးသည်းဟာ အများထင်ထားခဲ့သလိုတော့ ပရမ်းပတာ မိန်းကလေးမျိုး ဖြစ်မသွားခဲ့ချေ။ မိဘနှစ်ပါးရဲ့ သန္တေကောင်းကိုပဲ ရထားခဲ့တာမို့လို့လားတော့ မပြောတတ်ပါ။ အဒေါ်ကလည်း မဆုံးမနိုင်အားပဲ ပစ်ထားခံရသော ဘဝမှာ ကိုယ့်ဘဝ ကိုယ့်အခြေကိုသိလျက် ကောင်းမွန်အောင် ကြိုးစားခဲ့သည်။

စာဖတ်ဝါသနာပါသော မိုးသည်းဟာ သောအိမ်ကအငြိမ်းစားအရာရှိဟောင်း အဘိုးကြီးရဲ့စာအုပ်စင်ကို သွားမွှေရင်း၊ အဘိုးကြီးနဲ့ စကားတွေပြောရင်း ဘဝအတွက် သတ္တိတွေ ခွန်အားတွေ၊ ဆင်ခြင်စဉ်းစား တွေးတောတတ်သည့် ဦးနှောက်မျိုးတွေ



www.burmeseclassic.com

ရလာကာ ကိုယ်ကတောင် အဒေါ်ကို ပြန်ဆုံးမရတာမျိုးတွေ ရှိလာသည်။ အန်တီသင်းရဲ့ ပွဲစားလုပ်ငန်းဟာ ခေတ်ကာလ ပြောင်းလဲလာသောအခါ အကျိုးဆောင်ကုမ္ပဏီ ဖြစ်လာသည်။ စီးပွားရေး အဆင်ပြေကာ ပြည့်စုံကောင်းမွန်သော ဘဝမှာတော့ မိုးသည်းစ နေခဲ့ရပါသည်။

ဒါပေမဲ့ ဘဝမှာ ဆွေမျိုးနဲ့ နေခွင့်ရတာတောင် ကျေနပ်ပုံမရသော ကံတရားသည် မိုးသည်းကို ရက်စက်သည်ဟုပဲ ပြောရမလား၊ ဒါမှမဟုတ် ကျွေးရ မွေးရမယ့်သူလည်း မရှိပါဘဲနှင့် အလုပ်မှအလုပ် ဇောကပ်ကာ ကိုယ့်ကျန်းမာရေးကိုတောင် ဂရုမစိုက်ခဲ့သည့် အန်တီသင်းရဲ့ ပေါ့ဆမှုလို့ပဲ ပြောရမလား။ အန်တီသင်းထံမှာ သားအိမ်ခေါင်းကင်ဆာ ရောဂါဆိုးကြီးဟာ အမြစ်တွယ် ကပ်ရောက်နေလျက် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေမှန်း နောက်ကျပြီးတော့မှ သိခွင့်ရခဲ့လျှင် ဘာမှမတတ်နိုင်တော့ပြီ။

အန်တီသင်းသည် မိုးသည်းတစ်ယောက် တက္ကသိုလ် နောက်ဆုံးနှစ်မှာပဲ ကွယ်လွန်သွားခဲ့လျှင် မိုးသည်းသည် အခုမှပဲ တကယ့်ကို ဥတစ်လုံး တစ်ကောင်ကြွက်အစစ် ဖြစ်ရတော့လေသည်။ ဒါပေမဲ့လည်း ငယ်စဉ်ကတည်းက လောကဓံရှစ်ပါးကို ကြုံတွေ့ရင်ဆိုင်လာရဖူးသည့် မိုးသည်းစဟာ သိပ်ပြီးတော့လည်း တုန်လှုပ်ချောက်ချားတာမျိုးတော့လည်း မရှိတော့ပါ။ သြော် ... ငါ့ကံများနှယ် ... ဟူသော အတွေးတစ်ခုနဲ့တင် ကံ၊ကံရဲ့အကျိုး ကို လက်သင့်ခံထားလိုက်တာပင်။





အန်တီသင်း ဆုံးပါးသွားသောအခါ အထုပ်အထည် တော်တော်များများ ကျန်ရစ်ခဲ့တာမို့ ရတိတရက် စားဝတ်နေရေး အတွက်ကတော့ ပူစရာမလိုချေ။ အန်တီသင်း ရှိစဉ်တည်းက အချိုအချောင် ရထားသော ရန်ကင်းက ခြံနှင့်တိုက်လေးကို အငှားတင်ကာ မိုးသည်းက အရစ်ကျငွေသွင်းပြီး ဝယ်ရသော ကွန်ဒိုတစ်ခုမှာ သွားနေသည်။ အိမ်ငှားခရသော ပိုက်ဆံကို ကွန်ဒိုမှာ အရစ်ကျငွေသွင်းသည်။ အဆုံးသတ်လျှင် ကွန်ကိုလည်း ပိုင်၊ ခြံနဲ့တိုက်ကလေးကလည်း အလုံးအထည်မပျက်ဘဲ ကာလ တန်ဖိုးအတိုင်း တန်ကြေးတွေ တက်မည်ဖြစ်လေရာ မိုးသည်းရဲ့ Idea ကို ကြင်နာက ချီးကျူးသည်။

"ဟင်း ... ပွဲစားမရဲ့ တူမလို့တော့ မပြောရဘူး။ အိမ်ခြံ မြေနှင့် ပတ်သက်တဲ့ လာဘ်ကတော့ မြင်တတ်တယ် ...

နင် ပွဲစားလုပ်ရင် နင်တို့အကျိုးဆောင်လုပ်ငန်း ဒီ့ထက်တိုးတက်မယ်"

"အဲဒီအလုပ်ကို ဝါသနာမပါဘူးဟာ။ လုပ်ချင်စိတ် မရှိဘူး"

"ဒါဖြင့်ရင် ငါ့အဖေရဲ့အလုပ်တွေထဲမှာ ဝင်လုပ်မလား"

"နိုး ... နိုး ... နင်နဲ့ ပတ်သက်တာဆို ပိုတောင် မလုပ်ချင်သေးတယ်"

"ကောင်းတယ် မလုပ်နဲ့။ မဟုတ်ရင် ငါနဲ့ ကဲဖော်ကဲဖက် မရှိဘဲ ဖြစ်သွားမှာ။ ဒီအတိုင်းပဲနေ ဒါအကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းဟာ အန်တီသင်းရဲ့ အကျိုးဆောင်လုပ်ငန်းကို ဆက်မလုပ်ဘဲ ရှယ်ယာဝင်တစ်ဦးအဖြစ်သာ နေလိုက်ပြီး လစဉ်အကျိုးအမြတ်ကိုပဲ ခံစားတော့သည်။ အဲဒီကရတဲ့ အကျိုးအမြတ်ရယ်၊ ဘဏ်တိုးရယ်နှင့် သိပ်အသုံးအဖြုန်းမရှိသော၊ ကျောင်းလည်းပြီးသွားပြီဖြစ်သော မိုးသည်းအတွက် အေးအေးသက်သာစွာ နေလို့ရသော အနေအထားမှာ ရှိလေသည်။

မိုးသည်းထက် အေးရာအေးကြောင်း ဖြစ်တာက ကြင်နာပင်။ ကြင်နာ့ရဲ့ဖခင်က မြန်မာပြည်ရဲ့ လျှမ်းလျှမ်းတောက် စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်တာမို့ ကြင်နာသည် ငွေကိုရေလိုသုံးကာ ပေါ့ပေါ့နေ ပေါ့ပေါ့စား ဆိုတာမျိုးထဲက ဖြစ်သည်။ ဘာကိုမှ အလေးအနက် မထားဘဲ သူ၏လုပသော ရုပ်ရည်လေးကို လှသထက်လှအောင် မွမ်းမံပြင်ဆင်ကာ ရည်းစားတွေတစ်ယောက်ပြီးတစ်ယောက်ထားသော အလုပ်ကိုသာ လုပ်လေသည်။

ဒါပေမဲ့လည်း မိုးသည်းနှင့်ကြင်နာသည် တစ်ယောက်နဲ့တစ်ယောက်တော့ အတော်ချစ်ကြသည်။ မိုးသည်းရဲ့အချစ်က ပါးစပ်က ထုတ်မပြသော ခပ်တည်တည်အချစ်ဖြစ်ကာ တကယ့်အရေးရယ် အကြောင်းရယ်ဆိုလျှင်တော့ ကြင်နာ့ရှေ့က အပြည့်အဝ ရပ်တည်ပေးသူ ဖြစ်သည်။ ကြင်နာကတော့ အိညှောင့်အိညှောင့်နှင့် လုပ်ချင်ရာ လုပ်တတ်သည့် မိန်းကလေးမျိုးဖြစ်ကာ မိုးသည်းကိုဆိုလည်း အစစအရာရာ ဆရာကြီးတင်လျက် အားကိုးချစ်ခင်တတ်သည်။





သူ့ဟာသူ တိုင်ပတ်ကာ ရှုပ်ထွေးနေတတ်သော ကြင်နာ့ကိုလည်း သူ့အမေက မိုးသည်းနှင့်မှ စိတ်ချသည်။ မိုးသည်းသည် ရဲရင့်သည်။ ပြတ်သားသည်။ ဆင်ခြင်တွေးတောနိုင်စွမ်းက အရွယ်နှင့်မမျှအောင် ကြီးမားလျက် သွေးအေးတတ်တာကြောင့် ကြင်နာ့လို မိန်းကလေးကို ကောင်းကောင်းကြီးကိုင်တွယ်နိုင်လိမ့်မည်ဟု ယူဆကာ မိုးသည်းနဲ့ဆို ကမ္ဘာ့အပြင်ဘက်ပဲထွက်ထွက် ကြင်နာရဲ့မိဘတွေက စိတ်ချလေသည်။

ကြင်နာရဲ့မိဘတွေက တစ်ကောင်ကြွက်ဖြစ်သော မိုးသည်းကို မွေးစားဖို့ ကမ်းလှမ်းသော်လည်း မိုးသည်းက လက်မခံခဲ့ခြင်းဖြစ်သည်။ သံယောဇဉ်နှင့် ခင်မင်မှုသည် မလှမ်းမကမ်းအနေအထားကပဲ ကောင်းတယ်ဟု ယူဆထားသောကြောင့် ဖြစ်ပါသည်။

"ဟဲ့ ... နင့်ကို လိုက်နေတဲ့ ဟိုတစ်ယောက်ကို စိတ်မဝင်စားဘူးလား၊ အဲဒီအဆင် မိုက်တယ်နော်"

"ဘယ်တစ်ယောက်လဲ။ ငါ့ကို လိုက်နေတာတွေလည်း နင့်ကို လိုက်နေတာတွေလောက်နီးနီး ရှိတာပဲလေ"

မိုးသည်းက အေးအေးဆေးဆေး ပြန်ပြောလိုက်တာဖြစ်သော်လည်း ကြင်နာက သဘောတကျဖြင့် လက်ခုပ်ထတီးသည်။ တကယ်လည်း မိုးသည်းမှာ အဲဒီလောက်ပင်ရှိသည်။ မိုးသည်းနှင့် ကြင်နာ ယှဉ်သွားလျှင် မိုးသည်းရဲ့ရုပ်ရည်



www.burmeseclassic.com

www.burmeseclassic.com



လက်တင်အမေရိကသူလိုလို မလေးရှားတရုတ်မလိုလိုဖြင့် ဗမာမဆန်သော ထူးခြားသည့်ရုပ်ရည်ကို ပိုင်ဆိုင်ထားသူဖြစ်ပြီး ကြင်နာကတော့ ကိုရီးယားမင်းသမီးလေးလို ဖြူဖွေးနုဖပ် ချောမောသူဖြစ်သည်။

လုပ်ပုံလုနည်းကတော့ တစ်ယောက်နဲ့တစ်ယောက် မတူကြဘဲ ကြင်နာက သူ့အလုပ်ပုံရိပ်နှင့် လိုက်ဖက်သည့် ပြုံးချိုမြမြ ညှတုတု မျက်လုံးမျိုးကို ပိုင်ဆိုင်ထားကာ မိုးသည်းကတော့ ခပ်တည်တည် အေးစက်စက် မျက်နှာထားမျိုးဖြစ်သည်။ ငါးပေ ရှစ်လက်မခွဲရှိသော အရပ်မြင့်ကြီးနှင့် သွယ်လျလျ ခန္ဓာကိုယ်ပိုင်ရှင် မိုးသည်း၏ သည်လည်း ဖြူနွဲ့၍ ချစ်စရာကောင်းသူ ကြင်နာလိုပင် လိုက်သူများ ဝိုင်းဝိုင်းလည်နေသော်လည်း သူမကတော့ ခပ်အေးအေးပင်။

ဘယ်သူ့သားဖြစ်ကာ ဘာကောင်ကြီးပဲ ဖြစ်နေပါစေ မိုးသည်းကတော့ လှည့်မကြည့်ချေ။ မိုးသည်းမှာ ရည်းစားမရှိဘဲ ယောကျ်ားလေး အပေါင်းအသင်း မိတ်ဆွေတွေတော့ ပေါပါသည်။ သူတို့နဲ့က ဘာစိတ် ညာစိတ်မှ မရှိဘဲ တကယ့်ကို ဘော်ဒါစိတ်ဓာတ်ဖြင့် ပေါင်းတာမို့ စိတ်ချမ်းသာစရာ ကောင်းလှသည်။ သူတို့ကလည်း မိုးသည်း ဆိုလျှင် တကယ့်ကို ဘော်ဒါ စိတ်ဓာတ် အပြည့်အဝဖြင့် ချစ်ခင်ကူညီကြသည်။

"သက်ကျော်ကျော်နိုင်ကို ပြောတာလေ။ အဲဒီဘဲ မိုက်တယ်"





မိုးသည်းက စိတ်ပျက်သလို တစ်ချက်ရယ်ကာ ဆိုဖာပေါ်မှထရင်း မှန်ရှေ့မှာ တစ်ချက်နောက်ကျောပေးကြည့်လိုက်သည်။

မတ်တတ်ထရပ်လိုက်သော မိုးသည်းကို ကြင်နာက တစ်ချက်မော့ကြည့်ကာ ...

"ဘယ်သွားမလို့လဲ"

"လစ်တော့မယ်"

"ဟင် ... ပြန်မှာလား။ ဒီမှာပဲ ညအိပ်သွားလေ"

"နင် အိပ်ချင်ရင် လိုက်အိပ်။ ငါတော့ ပြန်မယ်"

"ဟင့် ... ဒီည ချစ်သူနဲ့ ဖုန်းပြောဦးမှာ။ နင် နားငြီးလိမ့်မယ်"

"ဒါဆိုလည်း နေခဲ့တော့"

"ဟိတ် ... နင် club မသွားဘူးနော်။ ပြီးတော့မှတော့ ငါ့ကို ဘာတ်မသွားနဲ့"

မိုးသည်းက စိတ်ကုန်လျှင် စကားမပြောတော့သည့် ထုံးစံအတိုင်း ကားသော့ကို ကောက်ယူကာ ထွက်လာခဲ့သည်။ ခဏနေလျှင် မိုးသည်း၏ လိမိတက်ဆလွန်းကားအဖြူလေးသည် ပြည်လမ်းပေါ်တွင် ပြေးလွှားနေသည်။ နောက်တော့ မိုးသည်းနေထိုင်ရာ ကွန်ဒိုရှေ့သို့ရောက်လျှင် ကားကို ချိုးကွေ့ဝင်ကာ ပါကင်မှာ ထိုးရပ်ခဲ့ပြီးနောက် Lift ဖြင့် ကိုးလွှာသို့ တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းရဲ့အခန်းထဲသို့ တံခါးဖွင့်ဝင်လိုက်လျှင် ဘယ်သူမှ ရှိမနေသော်လည်း ဒါ ငါ့အိမ်ပြန်ရောက်ပြီဟူသော အသိက လူကို နွေးထွေးတော့ သွားစေသည်။ မိုးသည်းသည် ဆိုဖာပေါ်တွင် ဝုန်းခနဲ ပစ်ထိုင်ချရင်း အကျင့်ပါနေသည့်လက်က ကက်ဆက်ရဲ့ FM လိုင်းကို သွားဖွင့်မိသည်။

"ကိုယ့်နှလုံးသားဆီက ရင်ခုန်သံကြားလား ... အို ... အတိတ်ဖူးစာရှင်ရယ် အိပ်နေလားကွယ် ... မျှော်လင့်ရင်းနဲ့ မောပင်လွန်းလို့ ... တမင်များ ညည်းပန်းနိုပ်စက်နေသလား ...

ကိုယ့်နှလုံးသားမြစ်ဖျားဆီက အကြင်နာရေစီးများ"

City FM မှ လွှင့်နေသော နေနေရဲ့ ဖူးစာရှင်သီချင်းသည် မိုးသည်းကို စောင်းဆိုနေသလိုပဲ ဖြစ်သည်။ ဒါပေမဲ့ မိုးသည်းက သီချင်းထဲကလိုတော့ ဖူးစာရှင်ကို မျှော်လင့်ရှာဖွေမနေခဲ့ပါ။ သီချင်းထဲကလိုတော့ အဖော်မဲ့ ငါ့တစ်ယောက်တည်းကတော့ အမှန်ပဲဖြစ်သည်။ ဒါကြောင့်လည်း မိုးသည်းရဲ့ဘဝတွင် သူငယ်ချင်းတွေသည်သာ နံပါတ်တစ် ဖြစ်တော့သည်။

လွတ်လပ်ပေါ့ပါးစွာဖြင့် ရင်ဘတ်သံစဉ်တွေ ညှိလို့ရသော ဘော်ဒါတွေနဲ့သာ ပျော်မွေ့ရင်း တံကယ်မချစ်ဘဲနဲ့ ရည်းစားမထားတော့ဟူသော မူဝါဒကိုလည်း စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားတော့တာ ဖြစ်လေသည်။

❋ ❋ ❋





## ဒွိ ၂ နှင်း

ဒစ္စကိုမီးရောင်စုံ ဆလိုက်များ၊ DJ ၏မြူးကြွသော တီးလုံးသံတွေကြားမှာ လူတွေက ပူပင်ကြောင့်ကြမဲ့စွာ မြူးတူးခုန်ပေါက်နေကြသည်။ သူက ပေါ့ပါးသွက်လက်စွာ ကနေကြသော ကောင်လေးတွေ ကောင်မလေးတွေကို တစ်ချက်ဝေ့ကြည့်ကာ သူငယ်ချင်းဖြစ်သူ ကျော်ထင်ကို ကပ်ပြောလိုက်သည်။

"ကျော်ထင် ... ဘားမှာ သွားထိုင်မယ်"

"သွားလေ။ မကတော့ဘူးလား"

"မကချင်ပါဘူးကွာ။ ပျင်းတယ်"

ကျော်ထင်က သူ့ပုံစံကိုကြည့်ကာ ဟက်ခနဲ တစ်ချက်ရယ်သည်။

"ဘာလဲ ... မင်းရင်ဘတ်နဲ့တိုးတဲ့ ကောင်မလေးကို မတွေ့လို့လား"

"တစ်ယောက်မှကို စိတ်မဝင်စားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ၊ မင်းက ဒီထက်ဆန်းတာတွေ မြင်ဖူးထားတာကိုး။ ဒါပေမဲ့ ဒီမှာလည်း ရှိပါတယ်ကွ။ နည်းနည်းစောသေးလို့ပါ ...

ကဲ ... လာ၊ မော့ကြရအောင်"

သူနဲ့ကျော်ထင်က ဘားမှာဝင်ထိုင်ကြကာ ဖော်လ်ကာတစ်ယောက်တစ်ခွက်စီဖြင့် ငြိမ့်ကြသည်။ ခပ်ပျင်းပျင်းရှိ၍သာ ဒီ Club ကို ရောက်လာရသော်လည်း တကယ်တမ်း ပြောရရင်ဖြင့် သူက ဒီလိုမျိုးနေရာတွေကိုလာဖို့ သိပ်စိတ်မပါချေ။ ဒီနေ့ညကတော့ နည်းနည်းလည်းပျင်းကာ မရောက်တာလည်း တော်တော်ကြာနေပြီဖြစ်သောကြောင့် Club က Celebrity တွေအလာများကာ လူလည်းသန့်သည်ဟု နာမည်ကြီးတာကြောင့် ပါပါသည်။

သူနဲ့ ကျော်ထင်သည် ဖော်လ်ကာ တစ်ယောက်တစ်ခွက်စီကိုင်ကာ Club ထဲက မြင်ကွင်းတွေကို ရှုံးလိုက်၊ အချင်းချင်း တီးတိုးဝေဖန်လိုက် ရှိနေကြသည်။ ကျော်ထင်နဲ့သိတဲ့လူတွေက တော်တော်များတာကြောင့် ကျော်ထင်က လက်တစ်ဖက်ကိုမြှောက်ကာ ခေါင်းတညိတ်ညိတ် လုပ်ပြနေရသည်။

"ကျော်ထင် ... ဒီ Club ထဲက လူတွေက မင်းအမျိုးတွေလား"

"ဟုတ်တယ်၊ ယောက်ဖဘက်က အမျိုးတွေလေ"





ကျော်ထင်က သူ့ကိုနောက်သည်။ သူ သိပ်ဖြုံပြန်မပြဘဲ ဖော်လ်ကာကို တစ်ချက်ငုံကာ ...

"မင်း ကြည့်ရတာ ဒီ Club ကို နေ့တိုင်းနီးပါး ရောက်ပုံရတယ်"

"ဟုတ်တယ်ကွ၊ ဖွင့်ခါစက နေ့တိုင်းနီးပါး ရောက်တယ်။ နောက်ပိုင်းကျမှ စိတ်နာတာနဲ့ သိပ်မလာတော့တာ။ အခုမင်း ရောက်တာနဲ့ ရောက်ဖူးတယ်ရှိအောင် လိုက်ပို့တာ။ ငါ ဒီမရောက်ဖြစ်တာ နှစ်လလောက်တောင် ရှိမလားပဲ"

ဖြစ်နိုင်သည်။ ကျော်ထင့်ကို သူ့ဆော်ဒါတစ်ယောက်က ပျောက်နေတာ ကြာလိုက်တာဟု လာနှုတ်ဆက်သွားသည်။ တကယ်တော့ သူနဲ့ ကျော်ထင်ဟာ မူလတန်းကျောင်းသားဘဝထဲက သူငယ်ချင်းတွေဖြစ်သည်။ ဒါပေမဲ့ ရန်ကုန်မှာ သိကျွမ်းခဲ့သော သူငယ်ချင်းတွေတော့ မဟုတ်ကြချေ။ သူ့မိဘတွေက မန္တလေးက စီးပွားရေးလုပ်ငန်းရှင်တွေ ဖြစ်ကြကာ ကျော်ထင့်အဖေကတော့ မန္တလေးကို ပြောင်းရွှေ့လာသည့် အစိုးရဝန်ထမ်းဖြစ်သည်။

နောက်တော့ သူတို့ ခုနစ်တန်းနှစ်မှာ ကျော်ထင်တို့က ရန်ကုန်သို့ ပြောင်းရွှေ့သွားသည်။ နောက်တစ်နှစ်နေတော့ သူ့မိဘတွေကလည်း စီးပွားရေးလုပ်ငန်းတွေကို တိုးချဲ့ဖို့အတွက် ရန်ကုန်သို့ ပြောင်းရွှေ့လာကြရာ သူနဲ့ ကျော်ထင်က အဆက်အသွယ်မပြတ် ခင်မင်လက်စ ရှိခဲ့ကြသည်။ နှစ်ယောက်စလုံးက



www.burmeseclassic.com

www.burmeseclassic.com



ကိုးတန်းရောက်တာနှင့် ရာသီဥတုကောင်းမွန်သော ပြင်ဦးလွင်မှာ ဘော်ဒါဆောင် သွားနေခဲ့ကြတာဟာ ဆယ်တန်းကိုလည်း ပြင်ဦးလွင်မှာပဲ ဆက်နေကြတော့ သူတို့နှစ်ယောက်ဟာ ညီအစ်ကိုအရင်းတွေလိုပဲ ဖြစ်နေသည်။

သူ့မှာ အစ်မတစ်ယောက်ရှိလျက် ကျော်ထင်ကတော့ တစ်ဦးတည်းသောသားမို့ သူ့ကို အင်မတန်ခင်ရှာသည်။ ဆယ်တန်းအောင်တော့ ကျော်ထင်က ဆေးတက္ကသိုလ်တက်ကာ သူကတော့ သူ့အစ်မရှိသည့် ဩဇီမှာ ကျောင်းသွားတက်သည်။ သူတက်သော ပညာရပ်က အိမ်တွင်းအလှဆင်သော အဆင့်မြင့်ပညာရပ်ဖြစ်သည်။

သူ့အဖေက Construction လုပ်ငန်းတွေ လုပ်ကိုင်တာမို့ သူ သင်ထားသော ပညာရပ်ကို ဒီမှာ စိတ်တိုင်းကျ အသုံးချဖို့ စဉ်းစားထားခဲ့တာဖြစ်သည်။

ဒါပေမဲ့ အဲဒီပညာရပ်မှာ ထူးချွန်ပြောင်မြောက်သော သူ့ကို စင်ကာပူရှိ ဒက်ကရေးရှင်းကုမ္ပဏီတစ်ခုက ကမ်းလှမ်းခဲ့တာကြောင့် သူက အတွေ့အကြုံရအောင် စင်ကာပူမှာ နှစ်နှစ်လောက် အလုပ် လုပ်ခဲ့သေးသည်။ ကြားထဲမှာတော့ ရန်ကုန်ကို ခဏ ခဏ ပြန်လာဖြစ်ကာ ကျော်ထင်နှင့်တော့ အဆက်အသွယ် မပြတ်ခဲ့ချေ။ အပေါင်းအသင်း သိပ်များများစားစားမရှိဘဲ အေးအေးဆေးဆေး နေတတ်သော သူဟာ ကျော်ထင် တစ်ယောက်လောက်ပဲ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပေါင်းသည်။



အခုချိန်မှာတော့ ကျော်ထင်လည်း ကျောင်းပြီးသွား၍ ဟောက်စ်ဆင်းနေပြီ။ သူကတော့ ပြန်ရောက်ခါစ တစ်ပတ်လောက်ပဲ ရှိသေးတာမို့ နားနားနေနေ ဟိုသွားဒီသွား လုပ်တုန်းပဲဖြစ်သည်။ ဒီကြားထဲမှာ ကျော်ထင်နဲ့ကလည်း အေးအေးဆေးဆေး စကားမပြောရသေးသည်မို့ ကျော်ထင့်မှာ လက်ရှိဒွဲ ရည်းစား ရှိ၊မရှိတောင် မသိသေးချေ။

စိတ်နာလို့ Club ကို မလာတာ နှစ်လတောင်ရှိပြီဟူသော ကျော်ထင့်ကို သူက တစ်ချက်စွေကြည့်လိုက်ရင်းမှ ...

"မင်းက ဒီ Club ကို ဘာ့ကြောင့် စိတ်နာရတာလဲ။ ဧကန္တတော့ ဒီ Club မှာ မင်း အသည်းကွဲခဲ့ဖူးတယ်နဲ့ တူတယ်"

"တော်လိုက်တဲ့ ငါ့ယောက်ဖ"

"ဒီလောက်ကတော့ ILBC က ကလေးတောင် တွေးတတ်ပါတယ်ကွာ။ နေစမ်းပါဦး၊ အသည်းကွဲတာနဲ့ ဒီ Club ကို မလာဖြစ်တော့တာနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့။ သူ့မျက်နှာကို မြင်နေရရင် အဟောင်းတွေကအသစ်ဖြစ်တယ်"

"ဆိုလိုတာက မင်း အချစ်လေးက ဒီကို အမြဲလာတယ် ဆိုတဲ့ သဘောလား"

"အမှန်ပဲ၊ ဒီ Club က သူတို့ ဘိလို့ ပြောလို့ရတယ်"

"သူတို့ ဘိဆိုတော့"

www.burmeseclassic.com

www.burmeseclassic.com



"သူ အပါအဝင် သူ့ဘော်ဒါတွေပေါ့ကွာ။ အဲလိုမျိုး"

"နေစမ်းပါဦး။ မင်းက အသည်းကွဲတယ်ဆိုတာ တကယ်ကွဲတာလား။ ဖက်ရှင်အဖြစ် ပြောတာလား"

"တကယ် ကွဲတာပါ။ ပိုးစိုးပက်စက်ကြီးတော့ မဟုတ်ဘူးပေါ့။ ထိတာတော့ တကယ် ထိခဲ့တယ်"

"အဲဟုတ်လား။ မင်းဆီက ဘာ information မှလဲ မရပါလား"

"ဘယ်ရမလဲ၊ သူနဲ့ ငါ ဖြစ်တာက နှစ်လလောက်ပဲရှိတာ၊ နှစ်လတောင် မပြည့်သေးဘူး။ ပြတ်သွားတာ ...

သူနဲ့တွေ့တဲ့အချိန် ဖြစ်တဲ့အချိန်မှာလည်း Speed နဲ့ ပြေးနေတဲ့ နှလုံးသားက ဘာမှသတိမရဘူး။ မင်းက လည်း ဟိုမှာဆိုတော့ တခုတ်တရ ပြောမနေဖြစ်တော့တာပေါ့။ ပြီးတော့လည်း ပြီးသွားတာပဲလေ"

ကျော်ထင်ရဲ့မျက်နှာကို ကြည့်လိုက်လျှင် အမှန်အကန်ကို ခံစားနေတဲ့ မျက်နှာမျိုးမို့ သူက မဟားဖြစ်သော်လည်း ပြုံးတော့ ပြုံးမိသွားသည်။ အဲဒီအချိန်မှာပဲ သူ့ရဲ့ဘေးနားသို့ အရိပ်တစ်ခုက လာကျလျှင် သူက ဘာရယ်မဟုတ်ဘဲ အသာ ငဲ့ကြည့်မိသွားသည်။ ကျောလယ်ခန့်ရှိမည့် ဆံနွယ်အခွေအလိပ်တွေဖြင့် လက်တစ်ဖက်မပါသော အဖြူရောင်အင်္ကျီဟာ တစ်ဖက်မှာတော့ လက်တစ်ဖက်က ထိုးခွက်သဏ္ဍာန် ပြန့်ကျဲကျနေသည်။





သူက မိန်းကလေးရဲ့မျက်နှာကို ကြည့်လိုက်လျှင် သူမက သူ့ကို ကြည့်မနေပါ။ ဘားမှာရပ်လျက် ဝိုင်တစ်ခွက်မှာနေသည်။ ဘေးတိုက်မကျတကျ မြင်နေရသော မျက်နှာထားမှာ ဘယ်သူ့ကိုမှ သိပ်ဂရုမစိုက်သော မျက်နှာထားမျိုးဖြစ်သည်။ ခဏနေတော့ သူမက ဝိုင်ခွက်ကိုကိုင်ကာ လှည့်ထွက်သွားသည်။ နောက်ပိုင်းမှာ မြင်နေရသော အလှတရားမှာ ရင်သပ်ရှုမောဖွယ်ကောင်းတာကို ဘယ်လိုမှ မငြင်းနိုင်ချေ။

"ဘာလဲ ငြိသွားပြီလား"

ကျော်ထင့်ရဲ့အသံကို ကြားတော့မှ သူက ပခုံးကို တစ်ချက်တွန့်ပြလိုက်သည်။ ကျော်ထင်က ဇော်လ်ကာကို ငုံ့ရင်းမှ ...

"သွားမငြိနဲ့။ အဲဒါ တကယ့် cobra ပဲ"

"မင်း သိလို့လား"

"သိပ်သိတာပေါ့။ သူက ငါ့အချစ်ဟောင်းရဲ့ဘော်ဒါလေ"

"ဟား ... ဒါဆို မင်း အချစ်ဟောင်းကလည်း အဲဒီ ဒီခိုင်းမျိုးပဲပေါ့"

"သူ့လိုတော့ မဟုတ်ဘူး။ သူကတော့ မင်းမြင်တဲ့အတိုင်းပဲ Sexy ဆန်တယ်။ ညို့အားပြင်းတယ်။ ဟိုတစ်ယောက်က အိညက် အိညက်လေး။ ဒါပေမဲ့ ထင်မထားအောင်ကြောက်စရာကောင်းတယ်"

"အခု ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထင်က Dancing floor ထဲကို မျက်လုံးတစ်ချက်ဝေ့ကာ ရှာဖွေသည်။ ခဏကြာတော့ သူ့ကိုလှမ်းပြသည်။

"ကြိုးတစ်ကျောင်း ဂါဝန်အတို အပြာရောင်လေးနဲ့ဟာပေါ့"

သူက လှမ်းမြင်သွားပါသည်။ ကျော်ထင် ကြွေလောက်အောင် မက်လောက်စရာအပြည့် ဖြစ်သည်။ ကျော်ထင်ရဲ့ အချစ်ဟောင်း ကောင်မလေးမှာ ကြွေးနေအောင် ကနေသည်။ သူက အခုနက တွေ့လိုက်ရသော Cobra ကို လိုက်ရှာမိသည်။ သူမကတော့ မကချေ။ ဆိုဖာပေါ်မှာ ခြေထောက်ချိတ်ထိုင်ကာ ဝိုင်ကို အရသာခံသောက်ရင်း ကပွဲကြမ်းပြင်ကို ရှုစားနေသည်။

သူမကိုကြည့်ရတာ ဟောင်ကောင်အက်ရှင်ကားတွေထဲက ဒုစရိုက်ဂိုဏ်းစတားတစ်ယောက်နှင့် တူနေသည်။ ဒီ Club ထဲကို ရောက်နေသော်လည်း ကဖို့ကို စိတ်ဝင်စားပုံ မရချေ။ ကနေတဲ့လူတွေကပဲ သူမကို ဖျော်ဖြေနေသည့်အလား သူမကပဲ အဲဒီမြင်ကွင်းကို အေးအေးဆေးဆေး ရှုစားနေသည်။

"မင်းနဲ့ Cobra နဲ့ ခင်လား"

"ခင်တယ်တော့ မဟုတ်ပါဘူး။ မျက်မှန်းတော့ တန်းမိကြတယ်။ ဘာလို့လဲ ... မင်း စိတ်ဝင်စားလို့လား"

"စိတ်မဝင်စားပါဘူး။ ဒီလိုပဲ မေးကြည့်တာ"

"စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်။ ဒါပေမဲ့ အန္တရာယ်များတယ်ကွ"

"ဘာလဲ ... သူကလည်း အသည်းကြီးလို့လား"





"သူက အဲလိုတော့ ရည်းစားမများဘူး။ ယောကျ်ားလေး အပေါင်းအသင်းတွေတော့ များတယ်။ ရည်းစားများတယ်လို့ တစ်ခါမှ မကြားဖူးဘူး ...

ဒါပေမဲ့ မြင်လိုက်တာနဲ့ကို အန္တရာယ်ရှိတယ်လို့ ထင်ကြတယ်။ သူ့ပုံစံကို ကြည့်ပါလား။ တကယ့်ကို ဆရာကြီး Style "

သူက ကျော်ထင်ရဲ့စကားကို ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်ရင်းမှ သူမဆီသို့ အကြည့်တစ်ချက်ရောက်သွားသည်။ သူမရဲ့နံဘေးမှာ ယောကျ်ားလေးနှစ်ယောက် ရောက်နေကာ သူမနှင့် ရယ်ပွဲဖွဲ့ စကားတွေ ပြောဆိုနေသည်။ စကားပြောနေပုံမှာ အများမျက်စိနောက်ချင်စရာ ပုံစံမျိုးတော့မဟုတ်ဘဲ တပည့်နှစ်ယောက်က ဆရာမကြီးကို အခစားဝင်နေရသည့်ပုံစံမျိုး ဖြစ်သည်။

အဲဒီအချိန်မှာပဲ ကျော်ထင်ရဲ့လက်မောင်းကို တစ်စုံတစ်ယောက်က ဆွဲလှည့်တာ ခံလိုက်ရလျှင် သူပါ ခေါင်းလှည့်သွားသည်။ ကျော်ထင့်ကို ဆွဲလှည့်လိုက်သူမှာ ကျော်ထင့်ရဲ့ Old flame လေး ဖြစ်လေသည်။ သူမကို ကြည့်လိုက်သော ကျော်ထင့်ရဲ့မျက်နှာမှာ အံ့သြသွားမှုကို အထင်းသား မြင်ရသည်။

"ထင် ... Long time no see .... Where are you going ?"



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်လိုပြောသော သူမရဲ့အသံလေးက ချိုနွဲ့စွာ ထွက်ပေါ်လာသည်။ အဲဒီစကားကို ကျော်ထင်ရဲ့ပခုံးတစ်ဖက်ကိုကိုင်ပြီး ပြောတာမို့ သူတောင် မျှားချင်သွားသည်။ ကျော်ထင်သည် ဒီမိန်းကလေးကို ဘယ်လောက်တောင်များ Crazy ဖြစ်ခဲ့သည့် မသိချေ။ ဟိုက ဘာမှမဖြစ်ခဲ့သလို အေးအေးဆေးဆေး လာနှုတ်တာတောင် သင်းက မိန်းကလေးလောက် မတည်ငြိမ်နိုင်ဘဲ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေပုံရသည်။

"ဘယ်မှ မသွားပါဘူး။ ဘာကိစ္စရှိလို့လဲ"

"ဟား ... ဘာကိစ္စ ရှိရမှာလဲ။ ထင်နဲ့ မတွေ့တာကြာပြီဆိုတော့ အခုတွေ့တုန်း တ ွဲလောက် ကကြရအောင်"

"နေပါ၊ မင်းရည်းစား တွေ့သွားလို့ ကိုယ့်ကို ပြဿနာရှာနေပါဦးမယ်"

"အိုး ... အဲဒီလို ရှာလို့ကတော့ တစ်ခါတည်း Go သွားမှာပေါ့။ ဘာလဲ ... မကချင်ဘူးလား။ တို့တွေက သူငယ်ချင်းတွေပဲလေ ...

စိတ်ထဲမှာ ဘာမှအငြိုးအတေးတွေ မငြ ၂ါနဲ့"

"ကိုယ်က မထားပါဘူး။ ဒီမှာ ကိုယ့်သူငယ်ချင်းက ကိုယ်သွားရင် တစ်ယောက်တည်း အဖော်မဲ့နေမှာ

သူမက သူ့ကို တစ်ချက်ဝေ့ဝဲကြည့်သည်။ အဲဒီအကြည့်တွေကိုက ဆွဲဆောင်မှုအပြည့်ပဲမို့ သူကလည်း အေးအေးဆေးဆေးပဲ ပြန်ကြည့်ပေးလိုက်သည်။ သူမက သူ့ကို ခပ်ညှို့ညှို့ကြည့်ပြီးတော့မှ တစ်ချက်ပြုံးကာ ....





"အဖော်မမဲ့ချင်ရင် အဖော်ရှာပေးမယ်။ ဟိုမှာ စလုံးရှိတယ်။ စလုံးနဲ့ စကားပြောနေလိုက် ... လာ။ စလုံးနဲ့ မိတ်ဆက်ပေးမယ်"

သူတောင် ဘာမှမပြောရသေးချေ။ သူမက တင်းပဲ သူ့လက်ကို ဆွဲခေါ်သွားတာမို့ သူက ပါးစပ်သားဖြင့် ပါသွားရသည်။ Lady Cobra ထိုင်နေသော ရောက်သွားလျှင် သူမက ဟိုမိန်းကလေးကို လှမ်းခေါ်

"စလုံး"

စလုံးတဲ့။ ဘာအဓိပ္ပာယ်လဲတော့ မသိပါ။ အမည်နာမည်လားလည်း မပြောတတ်။ Lady Cobra သည် သူမ ခေါ်သောအခါ ဖျတ်ခနဲ မော့ကြည့်သည်။ သူက ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ထားသော သူမရဲ့လက်များထဲမှ ရုန်းဖယ်လိုက်ကာ ...

"နေပါဦး ... မင်းက ကိုယ့်ကို သူနဲ့မိတ်ဆက်ပေးရအောင် ကိုယ့်နာမည်ကို သိလို့လား"

သူမက သူ့ကို လှောင်သလို ပြုံးကြည့်ကာ သူ့နောက်က ကျော်ထင့်ကို တစ်ချက်လှမ်းကြည့်လျက် ...

"ထင် ... သူ့နာမည် ဘယ်သူလဲ"

"မိုးလုံးမှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"အို ... စလုံးနဲ့ First name ချင်း တူနေပါလား။ စလုံး ရေ ဒါ ထင်ရဲ့ဘော်ဒါ မိုးလုံးမှိုင်းတဲ့။ ငါ ထင်နဲ့ တစ်ပုဒ် လောက် ကချင်လို့ သူ့ကို ခဏလောက် အဖော်လုပ်ပေး လိုက်စမ်းပါ ...

ကဲ ... မစွတာမိုးလုံးမှိုင်း။ ရှင့်အတွက် အဖော်တစ် ယောက် ရှာပေးခဲ့ပြီနော်။ သူက ကျွန်မရဲ့ Best friend မိုးသည်းစတဲ့ ...

အိုကေ ... အစွမ်းအစ ရှိသလို အသုံးချနိုင်တယ်"

ဟင်း ... ပြောသွားပုံကိုက အနှောင့်အသွား မလွတ် ချေ။

ပြီးတော့ ကျော်ထင့်ရဲ့လက်မောင်းကို ဖမ်းချိတ်ပြီး ချာခနဲ လှည့်ထွက်သွားရာဝယ် ကျော်ထင်က စောင်းငန်း စောင်းငန်း ပုံသဏ္ဌာန်ဖြင့် ပါသွားသည်။

ဟင်း ... တကယ့်ကို မလွယ်ကျောတွေပါလားဟု တွေးကာ သူက ဒီဘက်သို့ ပြန်လှည့်မိသည်။ မိုးသည်းစဟု နာမည်သိသွားရသော မိန်းကလေးသည် သူ့ကို လက်ပိုက်ပြီး ရှုတည်တည် ကြည့်နေသည်။ ကြည့်နေပုံက သူမတို့ ခုစရိုက်ဂိုဏ်း ထဲသို့ ဝင်လာသော လူသစ်ကို အကဲဖြတ်ကြည့် ပုံမျိုးမို့ သူက ခံပြင်းသွားရသည်။ ဒါကြောင့် ခပ်တည်တည်ပဲ သူမရှေ့ကဆိုဖာ မှာ ဝင်ထိုင်လိုက်သည်။





အမှန်အတိုင်း ပြောရလျှင်တော့ သူမကစတင်ပြီး သူ့ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်လိမ့်မည်ဟု ထင်ထားတာဖြစ် သည်။ ဒါပေမဲ့ သူမထံမှ ဘာစကားသံမှ ထွက်မလာသောအခါ သူ နည်းနည်းတော့ အံ့သြသွားရသည်။ ဘာကြောင့် မနှုတ်ဆက် တာလဲ။ သူဟာ ကိုရီးယားမင်းသားတွေလို နဖပ်ဖြူနေသည့် အစားထဲမှာ မပါဝင်ပေမယ့် ယောကျ်ားပီသလွန်းအားကြီးသည်ဟု မိန်းကလေးတိုင်းက မှတ်ချက်ပေးထားသည့် လူစားမျိုးဖြစ်သည်။

ငါးမိနစ်လောက် ကြာတဲ့အထိလည်း သူမထံက စကားသံ ထွက်မလာသောအခါ သူက သူမကို တစ်ချက်ငဲ့ကြည့် မိသည်။ သူမက သူ့ကို ကြည့်မနေပါ။ ကနေတဲ့ သူတွေကိုသာ ကြည့်လိုက်၊ ဝိုင်ကိုငုံလိုက်ဖြင့် အေးဆေးစွာ ရှိနေသည်မှာ သူ့ ကိုဖြင့် ဖုတ်လေသည့်ငါးပိ ရှိသည်ဟုတောင် သတ်မှတ်ပုံမရချေ။

ဒီလိုနေရာမျိုးမှာ တွေ့ရသည့် မိန်းကလေးတစ် ယောက်ဟာ သူ့ကို ရောရောနှောနှော ဆက်ဆံလိမ့်မည်ဟု ထင် ထားလေသမျှ ဖြစ်မလာခဲ့သဖြင့် သူကပဲ သူမကို စကားစတင် ပြောလိုက်သည်။ (ထင်ထားတာနဲ့ နည်းနည်းလွဲနေသဖြင့် စိတ် ဝင်စားသွားတာလည်း ပါ,ပါသည်။)

"ဟိတ်"

သူက ခေါ်သော်လည်း သူမက သူ့ကို မျက်လုံးလေး တောင် စွေမကြည့်ချေ။ သူ နည်းနည်းတင်းသွားသည်။

"ဟေ့ ... ဒီမှာ။ မင်းကို ခေါ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို မျက်လုံးနဲ့သာ လှမ်းကြည့်သည်။ အဲဒီမျက်လုံးအစိမ့်ပွာယ်တွေက ဘာလဲပြော ဟူသော အဓိပ္ပာယ်မျိုးဖြစ်ကာ လေကုန်ရမှာကိုတောင် တွန့်တိုနေသော မျက်လုံးမျိုးဖြစ်သည်။ ဒီမိန်းကလေးဟာ ဘယ်လိုမိန်းမသားလဲ။ အခြေကြီးကြီးထဲက မိန်းမမျိုးလား။

"မင်းကို ပထမတစ်ခါထဲမှာက ခေါ်နေတာ။ ဘာဖြစ်လို့ မထူးတာလဲ"

"ရှင်က ဘယ်လိုခေါ်တာလဲ"

"ဟိတ်လို့ ခေါ်လိုက်တယ်လေ"

"ကျွန်မက ရှင် ဟိတ်လို့ ခေါ်စရာ အစားထဲက မဟုတ်ဘူး။ ရှင့်ကို ကြင်နာက ကျွန်မနာမည် ပြောပြသွားတာပဲ။ ယဉ်ကျေးတတ်တဲ့လူဆိုရင် နာမည်ခေါ်လို့ ရတာပဲ"

"ဟား ... မင်းက ကိုယ့်ကို ယဉ်ကျေးမှု မရှိဘူးလို့ ပြောချင်တာလား"

"ဒါကတော့ ရှင့်ကိုယ်ရှင် အသိဆုံးနေမှာပဲ"

"ဟား ... သဘောကျသွားပြီကွာ"

"Sorry ပဲ။ ကျွန်မကတော့ ရှင့်ကို သဘောမကျဘူး"

သူမက အဲဒီစကားကို သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ကာပြောလျှင် သူ့ရင်ထဲမှာ ရှိန်းခနဲ ဖြစ်သွားသည်။ ဘယ်လိုဖြစ်သွားမှန်းကို မသိပါ။ ဒီလိုမျိုး တစ်ခါမှ မဖြစ်ဘူး





ချေ။ သူ့ကို ရောမည်၊ ဖော်ရွေမည် ဒါမှမဟုတ် ဝင်ရောရ လွယ်လိမ့်မည်ဟု ထင်ထားသော မိန်းကလေးတစ်ယောက်က သူ့ကို အကန့်တွေချည်း ပြောနေသောအခါ သူ့ရဲ့စိတ်ဝင်စားမှုက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။

ပြီးတော့ အင်မတန် စူးရဲတောက်ပသည့် သူမရဲ့မျက်ဝန်းများ၊ သူ့ကို ဘယ်မိန်းကလေးတစ်ယောက်ကမှ အဲဒီလိုမျိုး မကြည့်ဖူးသေးချေ။

"ဟုတ်လား ... Sorry ကွာ။ ကိုယ်က မိန်းကလေးတွေနဲ့ ပေါင်းသင်းဆက်ဆံရေးမှာ နည်းနည်းညံ့တယ်ကွ ... ပြောရရင်တော့ မိန်းမတွေရဲ့အထာကို သိပ်မသိဘူးပေါ့ကွာ"

သူ့ရဲ့ပိုပိုသာသာ အပြောကို သူမက လှောင်ပြုံးလိုလို မဲ့ပြုံးလိုလို တစ်ချက်ပြုံးသည်။ ရွှေဝါရောင်နုနုလေး သမ်းနေသော အခွေအလိပ် ဆံနွယ်တွေကြားမှ ဆင်စွယ်လို ဖြောင့်ဖြူးလှပနေသည့် လက်မောင်းသားတစ်ဖက်တည်းကိုပဲ မြင်တွေ့နေရတာကိုက ဆွဲဆောင်မှုတစ်ခုဖြစ်ကာ အဆီပိုတစ်စက်မှ မရှိသော ဗိုက်သားချပ်ချပ်ကလည်း ရင်ခုန်စရာ အတိုပဲဖြစ်သည်။ ကြည့်စမ်း ... ကျော်ထင်ပြောထားသလိုပဲ စိတ်ဝင်စားစရာ အပြည့်နဲ့ပါလား။

"မိန်းကလေးတွေက ယဉ်ကျေးချိုသာတဲ့ ယောကျ်ားမျိုးတွေကိုမှ ကြိုက်တတ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"I don't know"

သူမက ပခုံးတစ်ချက်တွန့်ကာ အထက်ပါအတိုင်း ဖြေသည်။ သူကလည်း ဒီလောက်နဲ့တော့ အညံ့မခံသေးပါ။

"မဟုတ်ဘူးလေ။ အခုနက မင်း ပြောတော့ ယဉ်ကျေး တတ်တဲ့လူဆိုရင်လို့ သုံးနှုန်းသွားတာပဲ မဟုတ်လား။ အဲဒီတော့ မင်း ကြည့်ရတာ ယဉ်ကျေးမှုသင်တန်းဆင်း တစ်ယောက်နဲ့ တူတယ်နော်"

ဒီတစ်ခါတော့ သူမက သူ့ကို ကြည့်တောင်မကြည့်တော့ချေ။ ဝိတ်တာတစ်ယောက်ကို ခေါ်ကာ သူမ သူငယ်ချင်းကို သွားခေါ်ခိုင်းလိုက်ဟန်တူသည်။ ခဏနေတော့ ကျော်ထင်နှင့် ကောင်မလေးက အတူတွဲပြီး ရောက်လာသည်။ ကောင်မလေးက ကျော်ထင်ရဲ့ခါးကို ဖက်လာတာကြောင့် သူက ပခုံးတွန့်ရသေးသည်။

သူမက ဖန်ခွက်ကို စားပွဲပေါ်သို့ ပစ်ချကာ ...

"ကြင်နာ ... ပြန်ကြစို့"

"နေပါဦး၊ မိတ်ဟောင်း ဆွေဟောင်းတွေ တွေ့တဲ့ဟာပဲ၊ ဘယ်လိုလဲ fast name ချင်းတူတဲ့ မိုးလုံးမှိုင်းနဲ့ မိုးသည်းစတို့ ဆော်ဆော်တွေ ဖြစ်သွားကြပြီလား"

သူမက ဘာမှပြန်မဖြေချေ။ ခပ်တည်တည် အေးစက်စက် မျက်နှာပေးကို သူတို့အချင်းချင်းတော့ နားလည်နိုင်မည်ဟု ထင်သည်။ ကျော်ထင်ကလည်း သူ့ကို အဓိပ္ပာယ်ပါပါဖြင့်





လှမ်းကြည့်သည်။ သူက ကျော်ထင့်ကို ပြုံးစိစိဖြင့် ပခုံးတွန့်ပြလိုက်သည်။

"ကဲ ... အကြင်နာမိုးဆွေ။ နင် နေချင်လည်း နေခဲ့တော့။ ငါတော့ ဒီထဲမှာနေရတာ အာရုံနောက်လို့ လစ်တော့မယ်"

"အေးပါ ... နင် ပြန်ချင်တယ်ဆိုလည်း ပြန်တာပေါ့။ ကဲ ထင် ဆီးယူ။ တွဲကပေးတဲ့အတွက် သင့်ခ်ယူ။ နောက်မှ ထပ်တွေ့ကြတာပေါ့နော် ... ဘိုင့် ဘိုင်"

"အိုခေ"

ကျော်ထင်က သူ့ကောင်မလေးကို ပြန်နှုတ်ဆက်သည်။ သူကလည်း ကျော်ထင့်ရဲ့ပခုံးကို ဖက်လိုက်ကာ ...

"ကျော်ထင် ... ငါတို့လည်း ပြန်ကြမယ်"

ကျော်ထင်က သူ့ကို ငဲ့ကြည့်ကာ ငါ သိပါတယ်ဟူသော သဘောမျိုးဖြင့် ပြုံးသည်။ အဲဒီနောက် သူမတို့နှင့်အတူ သူတို့နှစ်ယောက်က Club ထဲမှ ရှေ့ဆင့်နောက်ဆင့် ထွက်လာခဲ့ကြသည်၊ သူမက All Black ကားကြီးပေါ်တက်ကာ စက်နှိုးပြီးနောက် တရမကြမ်း မောင်းထွက်သွားသည်မှာ သူတို့ကို လှည့်တောင်မကြည့်ချေ။ ကျော်ထင်ရဲ့ ကောင်မလေးကသာ လက်ပြပြီး နှုတ်ဆက်သွားသေးသည်။

သူတို့က ကားပေါ်မတက်သေးဘဲ ကားကိုမှီကာ အေးရာအေးကြောင်း နေလိုက်သေးသည်။ သူက ကားတံခါးကိုမှီကာ ကောင်းကင်ကြီးကို မော့်ကြည့်ဖြစ်သည်။ ကြယ်ရောင်စုံတို့

www.burmeseclassic.com



ဖြင့် လင်းလက်နေသော ကောင်းကင်ကြီးသည် လျှို့ဝှက်တည်ငြိမ်မှုတို့ဖြင့် ခမ်းနားနေသည်။ ညလေပြည်သည် တိုးတိုးလေး တိုက်ခတ်နေတာမို့ စိတ်ကို Relax ဖြစ်စေလှသည်။ ဘာ့ကြောင့်မှန်းမသိဘဲ သူ့စိတ်တို့က ဇောင်းထဲကလွှတ်လိုက်သော မြင်းတစ်ကောင်လို မြူးတူးခုန်ပေါက်နေကြသည်။

ကျော်ထင်လည်း သူ့လိုပဲလား ဟူသော အတွေးဖြင့် လှည့်ကြည့်လိုက်လျှင် ဘသားချောကလည်း ရီဝေဝေမျက်လုံးဖြင့် ငေးမောနစ်ဝင်နေတာကို တွေ့လိုက်ရသည်။

“ဘာလဲ ... အချစ်ဟောင်းနဲ့ ပြန်တွဲချင်နေတာလား”

သူ့မေးခွန်းကို ကျော်ထင်က ခေါင်းအသာယမ်းပြသည်။

“မဖြစ်နိုင်တော့ပါဘူးကွာ”

“ဘာဖြစ်လို့လဲ။ သူ့ကြည့်ရတာ အေးဆေးပဲဟာ”

“သူ့အေးဆေးက လူတိုင်းကို ဒီလိုပဲဟာ။ ငါမှ မခံစားနိုင်တာ။ အခုလက်ရှိမှာလည်း ရည်းစားတွေ ရှိတာပဲ။ ဘယ်လိုကောင်မလေးမှန်းလဲ မသိတော့ပါဘူးကွာ”

ကျော်ထင်က စွန့်လွှတ်ထားရသော်လည်း သံယောဇဉ်မကုန်သည့် အရိပ်ငွေ့တွေကိုတော့ တွေ့မြင်နေရသေးသည်။ သူက အသာပြုံးမိစဉ်မှာပဲ ကျော်ထင့်ထံမှ မေးခွန်းတစ်ခုက ထွက်လာသည်၊

“မင်းနဲ့ မိုးသည်းစနဲ့ ဘာငြိကြတာလဲ”





“ဒီလိုပါပဲကွာ”

သူက အသာပြုံးရင်းမှ စူးရှတောက်ပသော ဆွဲငင်မှုတွေရှိသည့် Lady Cobra ကို ပြေးမြင်သွားသည်။ သူ ထင်တာနဲ့ နည်းနည်းလွဲနေသည့် Lady Cobra ဟာ စိတ်ဝင်စားဖို့တော့ ကောင်းပါသည်။

“သူတို့က ဒီအချိန်ကြီးလည်း နှစ်ယောက်တည်း ပြန်ကြတာပဲလား”

“သူတို့အတွက် ရန်ကုန်မြို့မှာ ညဆိုတာ မရှိဘူး။ ပြီးတော့ ဒီကာလပ်က သူတို့အိမ်လိုပဲ။ သူတို့ကို ဘယ်သူမှ ထိလို့မရအောင် ကာကွယ်ထားတဲ့လူတွေ ရှိတယ် ...

တစ်ခုခုဆိုရင် ချက်ချင်းရောက်လာတဲ့ သူတွေရှိတယ်။ ဒါကြောင့် သူတို့က ဘာကိုမှမမှုဘဲ စိတ်ရှိတိုင်း သွားလာနိုင်တယ်”

ကျော်ထင်ရဲ့အပြောကို သူက ခေါင်းတဆတ်ဆတ် ညိတ်မိသည်။

အဲဒီနောက် သွားစို့ဟု အချက်ပြကာ နှစ်ယောက်သားက ကားပေါ်တက်ပြီးနောက် သူက ကားကိုမောင်းထွက်လာခဲ့သည်။ လမ်းမှာ ကားတွေရှင်းနေသောကြောင့် သူက Speed ကို တင်ကာ ခပ်သွက်သွက် မောင်းနှင်လာခဲ့သည်။ နေ့ခင်းကြောင်တောင် ကားရှုပ်လျှင် ဒီလို Speed နှင့် မောင်း၍မရချေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ ဘဝမှာ အရှိန်ဟုန်ပြင်းပြင်းနှင့် သွားချင်သူများသည် စိတ်ရှင်းဖို့ လိုသည်ဟု ညရဲ့အတွေးဒဿနတစ်ခုကို ထုတ်လိုက်လေသည်။ ပြီးတော့ သူ့နှုတ်ခမ်းမှနေ၍ သူမနှာမည်ကို တိုးဖွဖွလေး ရေရွတ်ကြည့်မိသည်။

"မိုးသည်းစ ... မိုးသည်းစ"

ကျော်ထင်က သူ့ကို အလန့်တကြား လှည့်ကြည့်ကာ ...

"ဟော့ကောင် ... မင်း သူ့ကိုငြိသွားပြီ မဟုတ်လား။ အမှန်အတိုင်း ဝန်ခံစမ်းကွာ"

"မငြိပါဘူး။ နာမည်လေးကလှလို့ ရွတ်ကြည့်တာ။ ဒါပေမဲ့ နည်းနည်းတော့ စိတ်ဝင်စားသွားတယ်ဆိုတာ ဝန်ခံတယ်။ အဲဒါကလည်း ငါ့ကို လုံးဝဂရုမစိုက်လို့ ...

တမင် ဂရုမစိုက်တာ မဟုတ်ဘဲ၊ ယောကျ်ားတစ်ယောက်အနေနဲ့ စိတ်ကို မဝင်စားတဲ့ အထာမျိုးမို့ ပိုသဘောကျသွားတာ"

"ငါ သိပါတယ်။ ဒီလိုနေရာမျိုးမှာ တွေ့ရတဲ့ မိန်းကလေးတစ်ယောက်ကို မင်းက မိတ်ဖွဲ့ရလွယ်မယ်လို့ ထင်ထားတာ မဟုတ်လား ...

လုံးဝမဟုတ်ဘူးနော်။ မင်းမှ မဟုတ်ဘူး၊ သူ့ဆော်ဒါဘဲတွေကလွဲရင် သူ့ဆီကို မရိုးသားတဲ့စိတ်နဲ့ ချဉ်းကပ်လာတဲ့ ယောကျ်ားတိုင်းကို သူက အဲဒီအတိုင်းပဲ"





သူ့ရင်ထဲတွင် ဩော်ခနဲ ဖြစ်သွားသည်။ အထင်နဲ့ အမြင်နဲ့ဟာ တခြားဆီပါလား မိုးသည်းစရယ်ဟု ရေရွတ်မိတော့ မလို ဖြစ်သွားလေသည်။ အဲဒါကြောင့်ပဲ သူက ပိုစိတ်ဝင်စားသွားသလားတော့ မပြောတတ်ပါ။

* * *

www.burmeseclassic.com



# ၂

အသိစိတ်နှင့် ခန္ဓာကိုယ်တို့ ဖျတ်ခနဲ ကပ်သွားချိန်ဝယ် မိုးသည်းသည် အိပ်ရာမှနိုးပြီဟူသော အာရုံကို ရလိုက်လေသည်။ ကျင့်သားမရသေးသော မျက်လုံးများသည် အလင်းရောင်ကို ရင်မဆိုင်နိုင်သေးဘဲ ခဏမှိတ်ပြီးတော့မှပဲ ပြန်ဖွင့်လာနိုင်သည်။ စားပွဲတင်နာရီလေးကို ကြည့်မိသောအခါ ကိုးနာရီခွဲပြီး ဆယ်မိနစ်တောင် ရှိနေခဲ့ပြီဖြစ်သည်။

မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ပြန်အထွက်လာမှာပဲ မိုးသည်းရဲ့ဖုန်းက မြည်နေသဖြင့် ကောက်ယူကာ ဝရန်တာဘက်ဆီသို့ ထွက်လာခဲ့သည်။ ဖုန်းဆက်သူက မိုးသည်းရဲ့အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ အန်တီသင်း၏တပည့်ဖြစ်ခဲ့သူ မချယ်ရီဆက်တာဖြစ်သည်။

“ပြော ... မချယ်ရီ”





“မိုးသည်းရေ ရန်ကင်းကခြံကို ရှေ့လကျရင် ဈေးထပ်တက်မယ်လို့ ပြောထားတယ်နော်။ အဲဒါ လက်ရှိအငှားက နည်းနည်းလောက် မပြင်နိုင်တော့ဘူးလားတဲ့”

“မပြင်နိုင်တော့ဘူး။ သူတို့ကို ဒီထက်ချိုတဲ့ဈေးနဲ့လည်း အကြာကြီး ငှားခဲ့တာပဲလေ။ ဘာလို့လဲ ...

အဆင်မပြေလည်း ပြဿနာမရှိဘူး၊ မငှားရုံပဲ”

“ဟုတ်ပါတယ်။ အစ်မလည်း အဲလိုပဲ ပြန်ပြောထားတယ်။ အခု ငှားချင်တဲ့ တခြားအငှားတစ်ယောက်လည်း တွေ့နေတယ်။ သူကတော့ ကြိုက်ဈေးတောင်း၊ ဒါပေမဲ့ သူတောင်းဆိုတာ တစ်ခုကိုလည်း လိုက်လျောရမယ်တဲ့”

“ပြောကြည့်စမ်းပါဦး”

“အမှန်တော့ သူက ခြံကိုအပိုင်ဝယ်ချင်တာပေါ့။ အစ်မကတော့ ရောင်းမှာတော့ မဟုတ်ဘူးလို့ ပြောထားတယ်။ သူတို့က အိမ်တွင်းအလှဆင်တဲ့ကုမ္ပဏီဖွင့်မှာ။ အဲဒီအိမ်ကိုလည်း အထဲမှာ Decorate ပြန်လုပ်ပြီး အပြင်ဘက်မှာလည်း ဆေးတွေ ဘာတွေ ပြန်သုတ်ချင်တယ်လို့ ပြောတယ် ...

အခုလက်ရှိ အိမ်ပုံစံကတော့ ရိုးတာပေါ့။ သူတို့ကြည့်ရတာ ဒက်ကိုရေးရှင်းကုမ္ပဏီဆိုတော့ Sample အနေနဲ့ လှလှပပ ပြင်ချင်ပုံရတယ် ...

အဲဒါ မိုးသည်း ဘယ်လိုသဘောရသလဲ။ ပိုင်ရှင်နဲ့ စကားပြောကြည့်မလား”



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းရဲ့ ဦးနှောက်ထဲက ဆဲလ်တွေသည် ချက်ချင်းပဲ ပြေးလွှားကာ အလုပ်ရှုပ်သွားသည်။ ခဏနေတော့ ချက်ချင်းပဲ အဖြေပြန်ပေးလိုက်သည်။

"ပြောမယ်လေ"

"အိုခေ ... ဒါဆိုရင် မိုးသည်းရဲ့ ဖုန်းနံပါတ် ပေးလိုက်ရမလား"

"အာ ... ပေးမနေနဲ့။ မချယ်ရီပဲ ချိန်းလိုက်။ Comfirm ဖြစ်ပြီဆိုမှ မိုးသည်းကို ပြန်ပြောပေါ့"

"အိုခေ ... အိုခေ ... ဒီလိုလည်း ရပါတယ်။ ဟုတ်ပြီ၊ ဒါဆိုရင် အစ်မ ခဏနေ ပြန်ဆက်ပေးမယ်"

"ကောင်းပါပြီ မချယ်ရီ"

မိုးသည်းက ဖုန်းကိုပိတ်ကာ နံနက်စာစားဖို့ စဉ်းစားရသည်။ တစ်ယောက်တည်းနေသော မိုးသည်းအတွက် ဖွယ်ဖွယ်ရာရာ နံနက်စာမျိုးမှာ အပြင်ထွက်စားမှပဲ ရနိုင်သည်။ စိတ်ကူးပေါက်မှ စားတတ်သော မိုးသည်းသည် ဒီနေ့တော့ အပြင်လည်း ထွက်စားချင်စိတ် မရှိတော့ဘဲ အိမ်မှာပဲ ကော်ဖီတစ်ခွက်ဖျော်ကာ Butter Cake တစ်ချပ်ဖြင့် ပြီးလိုက်သည်။

ကော်ဖီကို အေးအေးဆေးဆေး သောက်နေတုန်းမှာပဲ မိုးသည်းရဲ့ဘော်ဒါတစ်ယောက်ဖြစ်သော သက်ထက်စိုးဝင်းထံမှ ဖုန်းဝင်လာသည်။

"မောနင်း ... သက်ထက်"





"နိုးပြီလား မိုးသည်းမ"

မိုးသည်းရဲ့ယောကျ်ားလေး သူငယ်ချင်းတွေသည် မိုးသည်းကို ချစ်စနိုးဖြင့် မိုးသည်းစမှ မိုးသည်းမဟု ပြောင်းလဲခေါ်ကြလေသည်။ မိန်းကလေးချင်းဖြစ်သော ကြင်နာကတော့ စလုံးဟု ခေါ်သည်။ တစ်ယောက်တစ်ပေါက်စီခေါ်သော ဘော်ဒါတွေကို မိုးသည်းကတော့ ခေါ်ချင်သလိုခေါ် လွှတ်ပေးထားလိုက်သည်။

"နိုးပြီပေါ့"

"ဘာစားပြီးပြီလဲ"

"နောက်ကျသွားပြီ သူငယ်။ ဖြစ်သလို ကော်ဖီနဲ့ Butter Cake ပေါ့ဟယ်"

"ဩော် ... ငါက နင် မနိုးသေးဘူးတောင် ထင်နေတာ။ တစ်ခုခုများ စားချင်တော်မူတာရှိရင် ဝယ်ပြီး လာပို့ပေးမလို့ပါ"

"စေတနာကို ကျေးဇူးတင်တယ်။ ဒီ့ထက်စောပြီး ဖုန်းဆက်ရင် ပိုကျေးဇူးတင်လိမ့်မယ်"

"ဟား ... ငါတောင် အခုနကမှ နိုးတာ။ ညက နင်နဲ့ ကြင်နာ ပြန်သွားတာ စောသားပဲ။ နေပါဦး မနေ့က နင့်ဆီမှာ လာထိုင်နေတဲ့ဘဲက ဘယ်သူလဲ"

သက်ထက်ရဲ့အမေးကြောင့် မိုးသည်းက မျက်ခုံးတစ်ဖက်ကြွတ်ကာ စဉ်းစားလိုက်တာနှင့် မျက်လုံးထဲတွင် ချက်ချင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



အပြေပေါ်လာသည်။ မနေ့ညက ခပ်မိမိတစ်ယောက်ကို ပြောတာဖြစ်နိုင်ပါသည်။ ခပ်မိမိ ဆိုသော်လည်း မိုက်တော့ သိပ်မမိုက်ချေ။ မိန်းကလေးတွေကို အလေးမထား၊ ဂရုမစိုက်သော သူ့ပုံစံက မြင်တာနဲ့ကို ချက်ချင်း သိသာစေသောပုံစံဖြစ်သည်။

သူ့ဟာသူ ဘာကြီးပဲဖြစ်ဖြစ် မိုးသည်းစတို့ကတော့ ဒါမျိုးကို လှည့်တောင်မကြည့်တတ်ချေ။ မိုးသည်းစနဲ့ ကြင်နာမှာ တကယ်တော့ ယောက်ျားလေးတွေကို ဆက်ဆံပုံချင်း ကွာခြားသည်။ ကြင်နာက ဘာလာလာဖြစ်ကာ မိုးသည်းက ယောက်ျားလေးတွေနဲ့ မအီတတ်ချေ။ ကိုယ့်ရဲ့အခင်ဆုံး ယောက်ျားလေးသူငယ်ချင်းတွေကလွဲလို့ ကျန်တဲ့လူတွေကို သိပ်ကောင်းကောင်းမဆက်ဆံတတ်ချေ။

ဒါပေမဲ့ လူတွေက မိုးသည်းကိုလည်း ကြင်နာ့လိုပဲ မှတ်ထင်ကာ လာလာအီတတ်သည်။ အဲဒီမှာ ရှုပ်ကုန်တော့တာပဲဖြစ်လေသည်။

"သိပါဘူးဟာ။ ကြင်နာ ဘယ်က အရှုပ်ထုပ်ကို မ,လာပြီး ငါ့ဘေးကို လာချပေးသွားလဲ မပြောတတ်ဘူး"

"သိပါဘူး။ နင့်ကို လာပြီး ဖယားတက်နေတာလားလို့"

"မဟုတ်ပါဘူး။ ငါ့ကို ဘယ်သူမှ ဖယားတက်လို့ ''ရဘူးဆိုတာ မသိဘူးလား"

"အေးပါ ... သိပါတယ်။ ငါကိုလည်း ညက ဆော်တစ်ပွေက ဖွတ်လာပြီး အီနေလို့ဟာ"





"ငါ တွေ့သားပဲ။ အထာကြီးက မမိုက်ပါဘူး"

"ဟုတ်တယ်။ ရုပ်ကတော့ ချောတယ်။ ဒါပေမဲ့ ချောတာတွေက ဘာမှလုပ်လို့မှ မရတာ"

"သိရင်လည်း ပြီးတာပဲလေ"

"ဟား ဟား ... သိပါတယ်ဟာ။ လောလောဆယ် ရည်းစားထားရဲမှာကို ပျင်းလွန်းလို့ အေးဆေးနေဦးမှာပါ။ ငါကြိုက်တဲ့ ကောင်မလေးတွေ့ရင် နင့်ကို အရင်ဆုံး ခေါ်ပြမှာ"

"ကြည့်သေးတာပေါ့။ ပြီးတော့မှ ငါ့ကောင်မလေးက သဝန်တိုလို့ ဖုန်းမဆက်တော့ဘူးနော်၊ ဖြစ်နေဦးမယ်"

"စောင့်ကြည့်ပေါ့ဟာ၊ အေး ... ဒါဆိုနောက်မှ ပြန်ဆက်မယ်၊ ဟိုကောင် ဟိန်းညီကို လှမ်းနှိုးလိုက်ဦးမယ်၊ ဒီကောင်နဲ့ပဲ. အပြင်ထွက်ပြီး တစ်ခုခု သွားစားတော့မယ်"

"အိုခေ .... ဆီးယူ"

"ဘိုင့်ဘိုင်"

သက်ထက်နှင့် ဖုန်းပြောပြီး ခဏနေမှာပဲ မချယ်ရီ

ထံက ဖုန်းပြန်ဝင်လာသည်။

"မိုးသည်းရေ ... သူတို့က မိုးသည်းနဲ့တွေ့ပြီး စကားပြောမယ်။ ညှိနှိုင်းမယ်တဲ့။ အဲဒါ မနက်ဖြန်မနက် ဆယ်နာရီလောက်ဆို မိုးသည်း အားမလား"



www.burmeseclassic.com

www.burmeseclassic.com



"မအားသေးဘူး။ အိပ်ရာက မနိုးသေးဘူး"

"အဲဒီတော့ ..."

"နေ့လယ်ခင်းလောက်ဆို အဆင်ပြေနိုင်မယ်။ နေ့လယ်ခင်း နှစ်နာရီလောက် မဇ္ဈတာဂစ်တာမှာ တွေ့မယ်လို့ ပြောလိုက်ပါ ...

နေပါဦး ... သူတို့ ကုမ္ပဏီနာမည်က ဘာတဲ့လဲ"

"Full House တဲ့။ အစ်မက မိုးသည်းရဲ့နာမည်နဲ့ ဖုန်းနံပါတ်ကို ပေးထားလိုက်မယ်နော်။ သူတို့ ဆက်သွယ်လိမ့်မယ်"

"အိုခေ ... မချယ်ရီ"

မိုးသည်းက ဖုန်းချလိုက်ပြီးနောက် CD စက်ထဲသို့ သီချင်းခွေတစ်ချပ်ကို ထိုးသွင်းကာ လန်းဆန်းသွားအောင် ရေချိုးလိုက်သည်။ ရေချိုးခန်းထဲက ပြန်ထွက်လာပြီးတော့ မှန်တင်ခုံရှေ့မှာထိုင်ကာ အလှပြင်ဆင်ရင်း CD ထဲက ထွက်ပေါ်လာသော သီချင်းကို တိုးတိုးလေး လိုက်ညည်းနေမိသည်။

"ချစ်ခဲ့တာလား မင်းကို ... ရူးခဲ့တာလား မင်းကို ... ဟို အရင်လို နင် မရှိဘူး ... ငါ့မှာတော့ ယောင်ချာချာတစ်ယောက်တည်းရူး ... ရူးနေပြီ"

မိုးသည်းသည် သီချင်းစာသားကို တိုးတိုးလေး လိုက်ညည်းနေမိပြီးမှ အဓိပ္ပာယ်ကို စဉ်းစားမိကာ ပြုံးမိသွားသည်။





စာသားကတော့ တော်တော်ကောင်းတဲ့ စာသားလေးပဲဖြစ်သည်။ ချစ်ခဲ့တာလား မင်းကိုနဲ့ ရူးခဲ့တာလားအချစ်ကိုဆိုတဲ့ စာသားအတိုင်း အပြင်ကလူတွေ တကယ် ဖြစ်နေကြသည်ဟု ထင်သည်။

တချို့က ချစ်သူကို ချစ်တာထက် ချစ်နေရတဲ့ အရသာကို ပိုစွဲမက်ကြတာဟု ထင်သည်။ လူကိုချစ်တာက အဲဒီလောက် မဟုတ်။ လူထက် အချစ်ကို ပိုရူးသွပ်တာဖြစ်သည်။ ဒီလိုလူမျိုးတွေသည် ကိုယ်ချစ်သောသူက ဘာပဲဖြစ်ဖြစ် ဘာပဲလုပ်လုပ် ဂရုကိုမစိုက်တတ်ချေ။ အချစ်၌သာ ရူးသွပ်နေသောကြောင့် ဖြစ်လေသည်။

"ချစ်ခဲ့တာလား မင်းကို ... ရူးခဲ့တာလား အချစ်ကို ... ဟို အရင်လို ... နင် မရှိဘူး ... ငါ့မှာတော့ ယောင်ချာချာ တစ်ယောက်တည်းရူး"

မိုးသည်းက သီချင်းလေးကို လိုက်ညည်းပြီးသောအခါ အဝတ်ဗီရိုထဲမှ တီရှပ်တစ်ထည်နှင့် ဂျင်း(န်)ဘောင်းဘီအတိုကို ထုတ်ယူဝတ်ဆင်လိုက်သည်။ အဝတ်အစား လဲပြီးချိန်မှာပဲ ကြင်နာထံက ဖုန်းဝင်လာသည်။ ကြည့်ရတာ သူမ နိုးပြီဟု ထင်ပါသည်။

"မောနင်း အချစ်လေး ... နိုးပြီလား"

ကြင်နာရဲ့လေသံက မိန်းကလေးချင်းတောင် ချွဲချွဲပျစ်ပျစ်။ မိုးသည်းက တစ်ချက်ပြုံးလိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မောနင်း မဟုတ်တော့ဘူး မမ။ အားဖတားနွန်းနေပြီ"

"ဟင် ... ဆယ့်နှစ်တောင် ထိုးသေးပဲနဲ့။ ဘာစားပြီးပြီလဲ"

"ထုံးစံအတိုင်းပေါ့"

"နေ့လယ်စာ အိမ်မှာ လာစားလေ။ အခု အပြင်ထွက်ဖို့ Ready ပဲ မဟုတ်လား။ ထွက်လာခဲ့တော့"

"နင် ဘယ်သွားဦးမှာလဲ"

"ဘယ်မှ မသွားဘူး။ ဒီနေ့ ဇယားတွေအားလုံး ရှင်းထားတယ်။ နင်နဲ့ ရုပ်ရှင်ကြည့်မယ်။ စကားပြောမယ်။ မနက်ဖြန်မှာ ငါ အဖြေပြန်ပေးမယ့် ဘဲအကြောင်း ပြောမယ်"

"နင့်ရဲ့တစ်နေ့တာ အစီအစဉ်တွေကို တစ်ခုမှ စိတ်မဝင်စားဘူး"

"ဒါဆိုလည်း ... တစ် ... မျိုး ... ပြောင်း"

ကြင်နာက ကျောင်းတွေမှာ ကလေးတွေ ကာယလုပ်တဲ့ လေသံမျိုးနဲ့ အော်သည်။

"ပြောင်းချင်စိတ် မရှိဘူး။ ငါ စိတ်ဝင်စားမယ့် အကြောင်းအရာကို နင်ရွေးချယ်"

"အင်း ... Bordy Scrub လုပ်မလား"

"နိုးပါ"

"ခြေသည်း လက်သည်း အလှပြင်"

"နိုးပဲ"





"ဟွန့် ... ဒီမိန်းမကြီးကလည်း ...။ အဲ ... သတိရပြီ၊ မနေ့ညက မင်းဆီကို လာအပ်ပေးလိုက်တဲ့ ဘဲအကြောင်းပြောမယ်။ ဟော့ ... အဲဒီဘဲအထာက အမြင်ကတ်စရာကောင်းလောက်အောင် မိုက်တယ်နော် ...

ဆံပင်က ကိုရီးယားမင်းသားတွေလို wave အလန်တွေနဲ့ မျက်လုံးတွေက စည်ဘီယာဒီနိုင်း၊ ဟား ... ပြောရင်းနဲ့တောင် မျက်လုံးထဲ မြင်ယောင်လာပြီ။ အရမ်းမိုက်တာပဲ ...

ဘာတဲ့ ... နာမည်က မိုးလုံးမှိုင်း။ ငါ့လို အလှပဂေးက သူ့လက်ကို ဆွဲထားတာတောင် ရှန်းထွက်တယ်။ အဟိ ... ရင်ခုန်တယ်ဟယ်"

"တော်စမ်းပါဟာ။ အဲဒီလို ဘဝင်မြင့်တဲ့ ယောကျ်ားမျိုးကို ဘယ်လောက်ကြီးပဲ မိုက်မိုက် လုံးဝစိတ်မဝင်စားဘူး"

"ဟဲ့ ... သူက ဘဝင်မြင့်တယ်လို့ ခံစားနေရလို့လား"

"ဘဝင်မှ နည်းနည်းနော နော ဘဝင်မဟုတ်ဘူး။ မိန်းမတွေကမှ သူ့မြင်တာနဲ့ welcome လုပ်ရတော့မယ့်ပုံစံ။ သွားစမ်းပါဟာ ဒါမျိုးက ငါ စိတ်ဝင်စားမယ့် ယောကျ်ားမျိုး ဖြစ်မလာနိုင်ဘူး"

"အံမယ် ... ဒီနေ့တော့ ထူးထူးဆန်းဆန်းတွေ ကြားရဦးမှာပေါ့။ ပြောပါဦး ... နင် စိတ်ဝင်စားမယ့် ယောကျ်ားပုံစံမျိုးက ဘယ်လိုမျိုးလဲ ...



www.burmeseclassic.com

www.burmeseclassic.com



နင်က ပုံစံတစ်ခုကိုပဲ စိတ်ဝင်စားတာလား။ ငါဆို ပုံစံအမျိုးမျိုးကို စိတ်ဝင်စားတာနော်... ဟား ဟား ဟား"

အကြင်နာမိုးဆွေကား အဲဒီလို မိန်းမသားမျိုးပင်။ မိုးသည်းသည် သူ့ကိုပြောပြီးလိုက်တော့မှပင် ကိုယ် ဘယ်လို ယောက်ျားမျိုးကို စိတ်ဝင်စားပါလိမ့်ဟု ပြန်စဉ်းစားမိသွားသည်။ သေချာတာတော့ မိုးသည်းဟာ ကိုယ်မှကိုယ် သဲသဲမဲမဲ ပျော်ဝင်နစ်မြုပ်နေသော အရူးအမူး ယောက်ျားမျိုးတွေကိုလည်း သဘောမကျ၊ မိန်းကလေးတွေကို ဂရုမစိုက်တတ်သော အထာတွေပေးတတ်သည့် ယောက်ျားမျိုးကိုတော့ ပိုလို့တောင် ကြည့်မရဖြစ်သေးသည်။

"ငါက ယောက်ျားဆိုရင် Manly ဖြစ်တာမျိုးကို သဘောကျတယ်။ ပြီးတော့ စိတ်မထင် ဂျစ်ကန်ကန် ဒီဇိုင်းမျိုးပေါ့။ ဒါပေမဲ့ သူက lady first ဝါဒီရှင်မျိုးတော့ ဖြစ်ရမယ် ...

ငါ ငယ်ငယ်က မင်းသိခ်ရဲ့ ဆားပုလင်းနှင်းမောင် ဝတ္ထုတွေ ဖတ်တာများခဲ့တော့ သူတို့ရဲ့ ကာရိုက်တာတွေက ဦးနှောက်ထဲကို စွဲနေတာ။ စနေမောင်မောင်လို လက်ရုံးရည် နှလုံးရည်နဲ့ ပြည့်စုံတဲ့ ယောက်ျားမျိုးကို သဘောကျတယ်"

"နင့် စနေမောင်မောင်က ဝူဂျွန်ဖြိုးနဲ့ တူသလား၊ ဒါမှ မဟုတ် Rain နဲ့ တူလားဟင်၊ ဒါမှမဟုတ်ရင်လည်း ရှုပ်ဂျူနီယာအဖွဲ့ထဲက ..."





"ဟိတ် ... တော်စမ်း။ ဘာတွေ လျှောက်ပြောနေတာလဲ။ ကဲ ... GSM Wave တွေမိပြီး ခေါင်းချောင်နေတဲ့ မိန်းမ။ နင်လုပ်ကိုလုပ်ရမယ့် အရေးကြီးတဲ့ ကိစ္စတစ်ခုကို မေ့နေတယ် မဟုတ်လား။ နင့်အဖေရဲ့ ပါတနာ ဦးမင်းထွဋ်ရဲ့ သမီး မင်္ဂလာဆောင်မှာ အရံဝတ်စုံဝတ်ဖို့ ဒီဇိုင်နာဆီမှာ ကိုယ်ဟိုင်းသွားပေးရမယ်လေ"

"ဟယ် ... ဟုတ်ပါ့။ ကြည့်စမ်း ... အဲဒီကိစ္စကို လုံးဝ ငါ မေ့နေတယ်ရော"

"အေး ... သတိရရင်လည်း လုပ်လိုက်တော့ရော"

"ဟား ဟား ဟား ... နင်က အဲဒါတွေ ချစ်ဖို့ကောင်းတာပဲ၊ အဲဒါကြောင့် ငါက ထားသမျှ ရည်းစားတွေကို ပြော ... ပြောပြတာ ...

သူတို့က မေးတယ်။ ကြင်နာက ထားဖူးသမျှ ရည်းစားတွေထဲမှာ ဘယ်သူ့ကို အချစ်ဆုံးလဲတဲ့"

"အင်း ... ပြောကြည့်ပါဦး။ ဘယ်ရည်းစားကို အချစ်ဆုံးလဲ"

"စလုံးကို အချစ်ဆုံးလို့ ဖြေလိုက်တာပေါ့"

မိုးသည်းက အဲဒီစကားကြောင့် ပြုံးမိသည်။ တကယ်လည်း ယုံပါသည်။ မွေးချင်းညီအစ်မ မရှိသော မိုးသည်းတို့နှစ်ယောက်သည် သူငယ်ချင်းဆိုတာထက် ညီအစ်မအရင်းတွေလို ချစ်ကြတာဖြစ်သည်။ ဒါပေမဲ့ မိုးသည်းတို့အချစ်က ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သူတို့က မေးတယ်၊ စလုံးဆိုတာ ဘယ်ကကောင်လဲတဲ့၊ ပြမယ် ဆိုပြီး ပြလိုက်တော့မှ သဘောကျပြီး ရယ်ကြတယ် ...

ကဲ ... စလုံး၊ နင် Ready ပဲဆို ကြွလာခဲ့တော့။ နေ့လယ်စာ စားပြီးမှပဲ ဒီဇိုင်နာဆီ သွားမယ်၊ ဟဲ့ ... မနက်ဖြန်ကျရင် Shopping သွားမယ်နော်"

"ဆောရီပဲ၊ မနက်ဖြန် ငါ မအားဘူး။ အရေးပ်ကိစ္စရှိတယ်ကဲ ...ခဏနေ ငါ ရောက်မယ်။ ဒါပဲ"

မိုးသည်းက ဖုန်းကိုပိတ်ကာ အပြင်ထွက်ဖို့ ကားသော့ကိုရောက်ယူလိုက်သည်။ မိုးသည်းရဲ့နေ့စဉ်ဘဝတွေဟာ ဒီလိုပဲ ရိုးရှင်းပြီး ပေါ့ပေါ့ပါးပါးရှိသည်။ ရှိအောင်လည်း နေသည်။ ပြောရလျှင်တော့ မိုးသည်းစ ဆိုသော မိန်းကလေးသည် ကံဇာတ်ဆရာက ချထားသော ဘဝထဲတွင် ပျော်အောင် စိတ်ချမ်းသာအောင် နေတတ်သော လူဖြစ်ရကျိုးနပ်သည်ဟု ကိုယ့်ကိုယ်ကိုယ်ခံယူထားသော မိန်းကလေးတစ်ယောက် ဒ်ပဲ ဖြစ်တော့လေသည်။

* * *





## ၄

သူသည် နာရီကို တစ်ချက်ငုံ့ကြည့်လိုက်ကာ ခဏနေလျှင် မိုးသည်းစ ဟူသော မိန်းကလေးတစ်ယောက် ရောက်လာတော့မည်ဆိုတာ သိလိုက်သည်။ အရင်တုန်းကတော့ ရေစက်တွေ ကံတရားတွေကို သိပ်အယုံအကြည် မရှိခဲ့သော သူဟာ အခုတော့ ရေစက်ဆိုသော စကားလုံးလေးကို တိုးတိုးလေး ရေရွတ်ကြည့်မိရပြီဖြစ်သည်။

မိုးသည်စကို လွန်ခဲ့သော တစ်ပတ်က Club မှာတွေ့ခဲ့ပြီးနောက်ပိုင်း အမှုမဲ့ အမှတ်မဲ့ ရှိခဲ့ပေမယ့် သူတို့ရုံးခန်းဖွင့်မည့် ခြံပိုင်ရှင်ဟု သိခဲ့ရစဉ်မှာတော့ တကယ့်ကိုပဲ အံ့ဩသွားခဲ့သည်။ တကူးတက ဖန်တီးရတာကို မလိုလားပဲ သဘာဝအတိုင်းဖြစ်လာသော တွေ့ဆုံမှုတွေကိုသာ လိုလားသော သူ့အတွက် ဒီလိုအကြောင်းတရားသည် ခေါင်းတဆတ်ဆတ်ညိတ်ကာ သဘောကျစရာကောင်းသော ကိစ္စတစ်ခု ဖြစ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ရယ်မှန်း မသိဘဲ သူမနဲ့ တွေ့ရမှာကို သူ ပျော်သလိုလို ရင်ခုန်ချင်သလိုလို ဖြစ်နေသည်။ ဒါဟာ ဘာကြောင့်ပါလိမ့်။ သေချာတာကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ ပုံစံပေါက်သော မိန်းကလေးရဲ့ Style ကို သဘောကျနေမိတာ ဖြစ်နိုင်လေသည်။ နှစ်နာရီထိုးဖို့ ငါးမိနစ်ခန့်လိုသော အချိန်မှာ သူမက ဆိုင်ထဲသို့ ဝင်လာသည်။ ပွပြင်းသော ရာသီဥတုဒဏ်ကို သူမက အဖြူရောင်စွပ်ကျယ်တစ်ထည်နှင့် ခပ်မိုက်မိုက် ကာကွယ်ထားသည်။

အောက်က ဘောင်းဘီက ဖော်ရိန်နာမတွေ ဝတ်လေ့ဝတ်ထရှိသော ချည်သားပျော့အိအိခပ်ပွပွကို ဒူးလောက်မှာ အရှုံ့အစည်း ပြန်ထည့်ထားသော ရွှေအိုးစည်ဘောင်းဘီလိုလို၊ သူငယ်တော်ဘောင်းဘီလိုလိုမျိုးဖြစ်ကာ တော်တော်တော့ ဝတ်လို့ကောင်းမည်။ သူမက တစ်စုံတစ်ယောက်ကို ရှာဖွေနေတဲ့ ပုံစံမို့ သူက ထိုင်ရာမှ မတ်တတ်ထရပ်လိုက်သည်။ သူ့ကို မြင်သွားသောအခါ သူမ မျက်လုံးတွေက ဖျတ်ခနဲ အရောင်ပြောင်းသွားကြသည်။ သူက သူမကို လှမ်းခေါ်သည့်သဘောဖြင့် လက်ပြလိုက်လျှင် သူမ မျက်ခုံးတွေက တစ်ချက်ကြုတ်သွားသည်။ သူက မနေသာတော့ သဖြင့် သူမရှိရာသို့ လျှောက်သွားလိုက်ရသည်။

တစ်ကိုယ်လုံး ခြုံကြည့်တော့မှ စွဲမက်ဖွယ်ရာ အပြည့်ရှိသော သူမသည် သူ့ကိုစူးစိုက်ပြီး ကြည့်နေသည်။ ရွှေဝါရောင် ဖျော့ဖျော့ အခွေအလိပ် ဆံနွယ်များ၊ စွပ်ကျယ်နှင့် သူငယ်တော်





ဘောင်းဘီပွပွလေးကို ဝတ်ဆင်ထားကာ ကြိုးတွေပတ်ထားသော လူရိုင်းဖိနပ်လိုမျိုးကို စီးထားသည့်အတွက် တော်တော်ကြီးချစ်ဖို့ကောင်းနေသည်။

"မိုးသည်းစ ... ကိုယ်က Full House Decoration ကုမ္ပဏီကပါ"

သူမ နှုတ်ခမ်းတွေက တင်းတင်းစေ့သွားသည်။ ပြီးတော့ နီးစပ်ရာခုံမှာ ဝင်ထိုင်လေသည်။ သူကလည်း သူမနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

"ဘာသောက်မလဲ"

"ဘာမှ မသောက်ဘူး။ အလုပ်ကိစ္စပဲ ပြောမယ်"

"တစ်ခုခုတော့ သောက်လေ၊ ကိုယ် တိုက်မှာပါ"

"ဆောရီး ... ကျွန်မ မသောက်ချင်ဘူး"

သူက ပခုံးတစ်ချက်တွန့်ကာ စိတ်တာကို ကော်ဖီတစ်ခွက်နှင့် ရေသန့်ဘူးတစ်ဘူး မှာလိုက်ရသည်။ အဲဒီနောက် သူမကို တစ်ချက်ကြည့်လိုက်လျှင် သူမက သူ့ကို အေးအေးဆေးဆေးပဲ ပြန်ကြည့်နေသည်။

"အလုပ်ကိစ္စကို အရင်ပြောကြတာပေါ့။ ကိုယ်က ဖြစ်နိုင်ရင် အဲဒီခြံကို ဝယ်ချင်တာကွ။ အဲဒီနေရာလေးကို သဘောကျလို့လေ ...

အဲဒါ ရောင်းဖို့ရော စိတ်မဝင်စားဘူးလား။ ရောင်းမယ်ဆိုရင် မင်း စိတ်ကြိုက်ဈေးပေးပြီး ဝယ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ်။ ကျွန်မ လုံးဝရောင်းမှာ မဟုတ်ပါဘူး။ ဒီတော့ အဲဒါကို ဆက်မပြောဘဲနဲ့ ဗွားဖို့ကိစ္စကိုပဲ ပြောပါ"

သူမကတော့ ခပ်ပြတ်ပြတ်ပဲ ပြောသည်။ သူ တွေ့ဖူးသမျှ မိန်းမတွေမှာ အိညက်ချိုသာတွေ များတာမို့ ဒီလို Style နှင့် ခပ်ပြတ်ပြတ်ပုံစံသည် သူ့အတွက် အသစ်ဖြစ်လို့နေပေသည်။ သူ့ပတ်ဝန်းကျင်တွင် သူ့ကို ဒီလိုဆက်ဆံသော မိန်းကလေးမျိုး မရှိခဲ့ဖူးချေ။

"အိုကေ ... ကိုယ်က ဝယ်ချင်တာ၊ မင်းက အပြတ်သားဆုံးပဲ မရောင်းဘူးဆိုတော့ ဗွားဖို့ပဲ ရှိတော့တာပေါ့ ...

ကိုယ်တို့ ကုမ္ပဏီက ဒက်ကရေးရှင်းကုမ္ပဏီပါ။ ဒီတော့ အဲဒီခြံထဲမှာပါတဲ့ တစ်ထပ်တိုက်လေးကို အထဲမှာ ဒက်ကရေးရှင်းတွေ ပြန်မြင်ချင်တယ် ...

နောက် ခြံထဲမှာဆိုလည်း Land Scaping လုပ်ချင်တယ်။ အဲဒါတွေကို ခွင့်ပြုတယ်ဆိုရင် မင်းနဲ့ ဗွားရမ်းစာချုပ်ကို အနည်းဆုံး နှစ်နှစ်ချုပ်ချင်တယ်၊ ဘယ်လိုသဘောရလဲ"

"ဒက်ကရေးရှင်း လုပ်မှာတွေ၊ ခြံထဲမှာ Land Scape လုပ်မှာတွေကတော့ ဘာမှပြောစရာမရှိပါဘူး။ ဒါပေမဲ့ ကျွန်မက ခြံနဲ့အိမ်ဗွားခကို (xxx) လိုချင်တယ်"

"မလျှော့တော့ဘူးလား၊ နည်းနည်းများနေသလားလို့"

သူက ဈေးဆစ်လိုက်လျှင် သူမက သူ့ကို စူးခနဲ စိုက်ကြည့်သည်။ အဲဒီအကြည့်သည် သူ့မျက်လုံးထဲကတစ်ဆင့်





ဟိုးနောက်ဘက်ထိ ဖောက်ဝင်သွားသည်။ တကယ်တော့ သူမ ပြောတဲ့ဈေးက မများပါ။ သူက တမင်ပြောလိုက်တာဖြစ်သည်။

"များတယ် ထင်ရင်လည်း မဗွားပါနဲ့"

"ဟား ... အိမ်ဗွားကလည်း တော်တော်တင်းတာပဲနော်၊ ဒီခေတ်ထဲမှာ ဒီလိုအပြောမျိုးနဲ့ စီးပွားတော့ တော်တော်ဖြစ်မှာပဲ"

"အပြောချိုပြီး quality မမီတာကျတော့ရော ရှင် ဘာပြောမလဲ"

သူက ဘာမှမပြောဘဲ ပခုံးတစ်ချက် တွန့်လိုက်သည်။ ပြီးတော့ ဝိတ်တာလာချပေးသော ရေသန့်ဘူးထဲက ရေတစ်ခွက်ကိုငှဲ့ကာ သူမရှေ့သို့ ချပေးလိုက်သည်။ ရေတော့ သောက်ပါဦး ဆိုသည့်သဘော။

သူမက သူ လုပ်တာတွေကို တစ်ခုချင်းစီ စေ့စေ့စပ်စပ် လိုက်ကြည့်လို့ နေလေသည်။ ဝင်းမွတ်နေသော လက်မောင်းသားများပေါ်မှာ ဆံနွယ်တွေက ကပိုကရို ကျဆင်းနေပုံမှာ အင်မတန် ကြည့်ကောင်းလှသည်။

မြတ်စွာဘုရား ... သူ ရင်တွေ ခုန်နေပါလား။

"အိုကေ ... မင်း တောင်းဆိုတဲ့ ဈေးနှုန်းကို ကိုယ်ပေးပါ့မယ်။ မင်းဘက်ကလည်း ကိုယ် တောင်းဆိုတဲ့ အချက်တွေကို လိုက်လျောမယ် မဟုတ်လား"

"သဘောတူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှောပါမယ်လို့ မဖြေဘဲ သဘောတူပါတယ်လို့ ပြန်ဖြေသော အဖြေကို သူက သဘောကျစွာဖြင့် ပြုံးရသည်။ အင်း ... မိုးသည်းစဟာ အင်မတန် စိတ်ဝင်စားဖို့ကောင်းသော မိန်းကလေးဆိုတာ စက္ကန့်နဲ့အမျှ ပို၍ ပို၍ သိသာလာရပြီဖြစ်သည်၊

"ကဲ ... ဒါဆိုရင် အလုပ်ကိစ္စကို အဆင်ပြေပြီလို့ သတ်မှတ်မယ်ပေါ့နော်၊ ဒီတော့ မနက်ဖြန်မှာ စာချုပ်,ချုပ်ပြီး ငွေချေမယ် ...

အဲဒါကို ဘယ်လိုပုံစံနဲ့ ဆောင်ရွက်ချင်လဲ"

"ရှင်ကြိုက်တဲ့အချိန်ကို ပြောပါ။ ကျွန်မရဲ့ GP လွှဲထားတဲ့ ရှေ့နေရောက်လာပါလိမ့်မယ်"

"ဩော် ... မင်းက မလာဘူးပေါ့"

သူ့ရဲ့ဘုတောသလို အပြောကို သူမက လှောင်သလို ပြုံးသည်။ နှုတ်ခမ်းစွန်းလေး နှစ်ဖက်က ခဏလေး ကော့တက်သွားသော ဒီလို အပြုံးမျိုးကို တစ်သက်နဲ့တစ်ကိုယ် တစ်ခါတည်းပဲ မြင်ဖူးလေသည်။

"ကျွန်မရဲ့ရှေ့နေက ကျွန်မရဲ့ကိုယ်စားလှယ်ပဲလေ။ ကျွန်မ လာစရာမှ မလိုတာ"

"မရဘူး။ ကိုယ်က မင်းနဲ့ပဲ အလုပ် လုပ်ချင်တာ"

အဲဒီလိုကြောင်တဲ့ စကားကို သူ့ပါးစပ်က ဘာကြောင့်များ ထွက်သွားသလဲတော့ မသိချေ။ သူမကတော့ သူ့ကို





ရယ်စရာသတ္တဝါတစ်ကောင်အလား ကြည့်ကာ ပြုံးစိစိဖြင့် ပခုံးတွန့်သည်။ အဲဒီပုံစံကို သူက ဘယ်လိုအသည်းယားသွားမှန်းကို မသိချေ။

"မိုးသည်းစ ... မင်းနဲ့ ကိုယ်နဲ့ မိတ်ဆွေတွေ ဖြစ်သွားကြပြီနော်"

သူမက သူ့ကို ရူးရူးရှရှ တစ်ချက်ကြည့်ကာ လှောင်သလိုပြုံးရင်း ပြန်ပြောသည်။

"ဘာလဲ ... အိမ်ရှင်နဲ့ အိမ်ငှားဆိုတာ မိတ်ဆွေလား"

အဲဒီလို မေးလိုက်တာလေးကို စာဖတ်သူများ ဘယ်လိုယူဆကြပါသလဲ။ သူကတော့ သိပ်ချစ်ဖို့ ကောင်းသွားပြီဟု ထင်ပါသည်။ ကြည့်စမ်း ... သူမဟာ ဒီလို ချစ်စဖွယ်ကောင်းတာလေးတွေကို လုပ်တတ်လိမ့်မည်ဟု သူ မထင်ထားခဲ့ပါ၊ ဒီကောင်မလေးသည် မြွေပေါက်မဲလေး ဖြစ်ပစေဦးတော့ အိမ်မှာ အလှမွေးထားစရာ မြွေပေါက်မလေးပဲ ဖြစ်ပါသည်။

"အေးပေါ့လေ၊ မင်းက အိမ်ရှင်ဆိုတော့ ပြောအားရှိတာပေါ့။ မင်းအိမ်ကို ကိုယ် ဝယ်တာလေ၊ မင်းမှမရောင်းတာ"

"ဘာဖြစ်လို့ ရောင်းရမှာလဲ။ ငှားတာက ပိုတွက်ခြေကိုက်တာပေါ့ရှင့်"

"မင်းက စီးပွားရေးအမြင် ရှိသားပဲ။ ဘာနဲ့ကျောင်းပြီးထားတာလဲ"

"ဘာမှ လာရောမနေနဲ့၊ ရှင် မေးတိုင်း ဖြေမှာမဟုတ်ဘူး"

www.burmeseclassic.com

“မာနကလည်း ကြီးလိုက်တာ။ မင်းကို စတွေ့တည်းက သတိထားမိတယ်၊ မင်းပုံစံက မာနကြီးတယ်နဲ့ တူတယ် နော်”

“ကျွန်မက မှန်လိုကျင့်ကြံနေထိုင်တယ်၊ ဒီတော့ ရှင်ပြောတဲ့ မာနကြီးတယ်ဆိုတဲ့ စကားကို နည်းနည်း ပြန်သုံးသပ်ကြည့်ပေါ့”

သူက အဲဒီစကားကို သဘောကျစွာဖြင့် ဟက်ခနဲ ရယ်မိသည်။ သူမကို စိုက်ကြည့်မိသော သူ့အကြည့်များဟာ ရွှန်းစိုမြနေမလားတော့ မပြောတတ်ပါ။

“မင်း ပြောချင်တာက ကိုယ်က မာနကြီးတယ်လို့ ပြောချင်တာပေါ့၊ ဟုတ်လား”

“ရှင့်မှတ်ဉာဏ်တွေကို တစ်ပတ်စာလောက် နောက်ဆုတ်လို့ ရမယ်ဆိုရင် အဲဒီနေ့က ရှင့်ပုံစံနဲ့ အခု ရှင့်ပုံစံ ဘယ်ဟာက တစ်ဖက်သားကို Respect ရှိလဲ၊ ရှင့်ကိုယ်ရှင် ပြန်သုံးသပ်ကြည့်ပေါ့”

“မင်းက ကိုယ့်ကို ဝေဖန်နေတာလား”

“ရှင်ကိုယ်တိုင်တောင် မသိနိုင်တဲ့ အမှန်တရားပာစဲခုကို ထောက်ပြနေတာ။ ကဲ ... အလုပ်ကိစ္စလည်း စကားပြောလို့ ပြီးပြီပဲ။ ကျွန်မ သွားတော့မယ် ... မနက်ဖြန် ရှင်တို့ ဘယ်အချိန် အလုပ် လုပ်မလဲ ဆိုတာသာ ပြောပါ”





“မနက်ကိုးနာရီလေ။ နေရာကတော့ မင်း ရွေးချယ်ပေါ့”

“ရော့ ... ဒါ ရှေ့နေ ဦးကိုကိုရဲ့လိပ်စာကတ်ပဲ။ ရှင်တို့ကို သူ ဆက်သွယ်လိမ့်မယ်။ ရှင်ချိန်းတဲ့နေရာကို သူ လာလိမ့်မယ်”

သူမက ပြောပြီးတာနှင့် ပြန်ဖို့ပြင်သည်။ ဒီအခြေအနေလောက်နဲ့တော့ သူ မကျေနပ်ချင်သေးချေ။ ဒါကြောင့် ...

“ခဏလောက် နေပါဦး မိုးသည်းစ”

သူမက ဘာဖြစ်ရပြန်ပြီလဲ ဟူသော အကြည့်မျိုးဖြင့် ကြည့်သည်။ ပြီးတော့ အဲဒီ အကြည့်မျိုးမှာ စိတ်ရှုပ်လိုက်တာ ဟူသော အရိပ်အယောင်များလည်း ပါဝင်တာမို့ သူက ရင်ခုန် သဘောကျသွားသည်။ သူနဲ့ ပတ်သက်လာလျှင် ဘယ်မိန်းမကမှ စိတ်ရှုပ်လိုက်တာဟူသော အရိပ်ယောင်မျိုး မလုပ်ဘူးပါ။

“ကိုယ် မင်းနဲ့ မိတ်ဆွေဖြစ်ချင်တယ်။ အဲဒါ မင်းက ကိုယ့်ကို မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ပေးမလား”

သူမက သူ့ကို တည့်တည့်စိုက်ကြည့်သည်။ ပြီးတော့ နှုတ်ခမ်းများတွင် အလှပဆုံး အပြုံးတို့က ဖူးပွင့်သွားကြသည်။ သူမ ဒီလို ဖြောင့်ဖြောင့်တန်းတန်း ပြုံးတာမျိုးကို တစ်ခါမှမမြင်ဘူးသော သူသည် အဲဒီအပြုံးမျိုးမှာ မျောပါသွားသည်။

“ဒီလိုမှပေါ့ မိုးလုံးမှိုင်းရယ်”

“ဘာရယ် ... ဘာကို ဒီလိုမှပေါ့လဲ”


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ မိတ်ဆွေပဲဖြစ်ဖြစ် သူငယ်ချင်းဖြစ်ဖြစ် လူတစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံရေးမှာ အဓိကကျတာက ရိုးသားမှုပဲရှင့် ...

ရိုးသားမှု မရှိရင် ဘာမှသုံးမရဘူး"

"မင်း ဆိုလိုတာက ကိုယ်သည် မင်းအပေါ်မှာ မရိုးသားဘူးလို့ ပြောချင်တာပေါ့ ... ဟုတ်လား"

"ဒါကတော့ ရှင့်ကိုယ်ရှင် အသိဆုံးပဲ"

"မင်းက အဲဒီစကားကို ခဏ ခဏ ပြောတယ်နော်။ ကိုယ်ထင်တာတော့ မင်းက ကိုယ့်ထက်တောင် ကိုယ့်အကြောင်းကို ပိုသိနေတဲ့ပုံပဲ ...

မင်း ပြောလိုက်တော့မှပဲ ကိုယ်က ကိုယ့်ကိုယ်ကိုယ် ပြန်,ပြန်မြင်သွားတော့တာ"

သူက သူမဆီ အပြည့်ထည့်သည်။ ဒါကိုလည်း သူမက ဖြုံပုံမပေါ်ပါ။ သူမရဲ့ Style အတိုင်း ပခုံးကို တစ်ချက်တွန့်ကာ ...

"သူများပြောမှ သိရတယ် ဆိုကတည်းကိုက ရှင့်အရည်အချင်းက ဘယ်လိုမျိုးလဲဆိုတာ သိသာနေတာပဲလေ"

"ဟား ... နိုပ်ကွပ်တယ်ကွာ။ မထဝ်ရဘူးနော်"

"ထင်ရပါတယ်၊ ကျွန်မ ဒီဇိုင်းက အဲဒီလိုပဲ။ ဘယ်သူ့ကိုမဆို ကျွန်မ စိတ်ထဲမှာ ရှိတဲ့အတိုင်းပဲ ဆက်ဆံတတ်တယ် ...





အဲဒီလို ဆက်ဆံတာကိုမှ မပြောင်းလဲတဲ့ ခင်မင်မှုနဲ့ခင်ရင် ဒါ ကိုယ့်အတွက် သူငယ်ချင်း အစစ်ပဲလေ"

"အိုကေ ...။ မင်း ခံယူချက်နဲ့ မင်းပဲမို့ ကိုယ်က ဘာမှဝေဖန်ပိုင်ခွင့် မရှိပါဘူး။ မင်း သဘောအတိုင်းပဲဆိုရင် ကိုယ့်ကို မိတ်ဆွေတစ်ယောက်၊ သူငယ်ချင်းတစ်ယောက်အဖြစ် သတ်မှတ်ပေးမလား"

သူ့စကားအတွက် သူမက သူ မမျှော်လင့်ထားသော အပြုအမူတစ်ခုကို ပြုလုပ်လိုက်သည်။ အဲဒါကတော့ မတ်တတ်ထရပ်လိုက်ပြီးနောက် သူ့ရှေ့တည့်တည့်သို့ လက်ကို ဒေါင်လိုက်ကမ်းပေးရင်း ဆိုလိုက်တာပဲ ဖြစ်တော့သည်။

"Shake my hand"

သူက ရုတ်တရက်တော့ ကြောင်သွားသည်။ ပြီးတော့မှ အင်မတန်လှပသည့် မိတ်ဆက်ပုံကို သဘောကျစွာဖြင့် မတ်တတ်ထရပ်ကာ သူမရဲ့လက်ကို ဆွဲယူလိုက်သည်။ လက်ဖဝါးနှစ်ဖက်သည် ခပ်တင်းတင်း ဖျစ်ညှစ်ဆုပ်ကိုင်မိသွားသောအခါ သူမက သူ့ကို တကယ် ဖော်ရွေလိုက်လှဲသော အပြုံးမျိုးဖြင့် ပြုံးပြသည်။

အဲဒီ အပြုံးရယ်၊ နူးညံ့သော လက်တစ်စုံရဲ့ အထိအတွေ့ရယ်သည် သူ့အတွက် ဘယ်တုန်းကမှ မကြုံဖူးခဲ့သေးသော အသစ်ပဲဖြစ်တော့သည်။ သူမရဲ့လက်ကို ဖြုတ်ပေးဖို့တောင် မေ့လျော့နေသဖြင့် သူမကပင် ရုန်းထွက်တော့မှ သူက သဘောတကျ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရယ်မိသည်။ သူမကလည်း သူ့အဖြစ်ကို သဘောတကျပြုံးသည်။ အဲဒီအပြုံးနှစ်ခုက ဝတ်မှုန်ကူးသွားပြီးနောက် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးမှာ တိုးတက်လာဖို့ မြင်သည်ဟု သူ့ရင်ထဲက ပုဏ္ဏားက အတိအကျ ဟောလိုက်လေသည်။

* * *

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁

"ဟိုမိန်းမကလည်း ကြာလိုက်တာ၊ ထွက်မလာတော့ဘူး။ ဘာများလုပ်နေလဲ မသိဘူး။ ပြောလိုက်ရ မကောင်းပဲရှိတော့မယ်၊ တကယ်ပဲ"

"သွားချောင်းရအောင်"

ဟိန်းညီရဲ့စကားကို သက်ထက်က ထောက်ခံသည်။ မိုးသည်းက အဲဒီနှစ်ကောင်ကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ တိုင်ကနာရီကို တစ်ချက်မော့ကြည့်လိုက်သည်။ ဆယ်နာရီထိုးတော့မည်။ ဆယ်နာရီခွဲလောက်မှာ ဆိုင်ပိတ်မှာမို့ ပြန်သင့်ပြီဟု ထင်သည်။ မိုးသည်းတို့အုပ်စုမှာ ဒီဆိုင်တွင် ထိုင်နေကြဖြစ်သည်။ ဒီဆိုင်က အောက်ထပ်သည် ရိုးရိုးပဲဖြစ်လျက် အပေါ်ထပ်က သီးသန့်ခန်းတွေဖြစ်ကာ ကြင်နာက သီးသန့်ခန်းထဲတွင် သူ့ရည်းစားနဲ့ တွေ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းက ကြင်နာ့ကို ဆယ်နာရီအတိတွင် ထွက်လာခဲ့ရန် မက်ဆေ့ချ်ပို့လိုက်ကာ ဖုန်းကို စားပွဲပေါ် ပြန်ချဖို့လုပ်တုန်းမှာပဲ မိုးသည်းရဲ့ဖုန်းက ထမြည်လာသည်။ မိုးသည်းသည် Display ပေါ်မှာ ထင်နေသော နံပါတ်တစ်ခုကို တစ်ချက်စိုက်ကြည့်ကာ သိလည်းမသိဘူးဟု တွေးမိသည်။ ကိုယ်မသိသော နံပါတ်တွေဆို မိုးသည်းက သိပ်မကိုင်ချင်ပေ။

ကိုင်ရမလိုလို မကိုင်ရစ်လိုလို လုပ်နေသော မိုးသည်းရဲ့ဖြစ်အင်ကို ဟိန်းညီက စိတ်မရှည်ဟန်ဖြင့် ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟယ်လို"

တစ်ဖက်က ဘာပြောလိုက်သည်မသိ။ ဟိန်းညီက မျက်မှောင်ကြုတ်ကာ "ဟုတ်တယ်"ဟု ပြန်ဖြေရင်း မိုးသည်းကို တစ်ချက်ကြည့်သည်။ ပြီးတော့ အင်း ... အင်းလိုက်ပြီးမှ ...

"မိုးသည်းမ ... နင့်ဆော်ဒါလို့ ပြောနေတယ်"

"ဘယ်သူတဲ့လဲ"

"ဘယ်သူတဲ့လဲ ... တဲ့"

နိုးစားလျှင် ချက်ချင်းပေါ်နိုင်သော အချိုးအချိတ်ဖြင့် ဟိန်းညီက ပြန်မေးတာမို့ မိုးသည်းက ပြုံးမိသည်။

"မိုးလုံးမှိုင်းတဲ့ဟေ့၊ ဘယ်လိုလဲ ပြောမှာလား"



မိုးလုံးမှိုင်း ဟူသောနာမည်ကို ကြားသဖြင့် မိုးသည်းက မျက်ခုံးတစ်ချက်ပင့်မိကာ ဖုန်းကို လှမ်းယူလိုက်သည်။ လွန်ခဲ့သော သုံးရက်က သူနဲ့ တွေ့ဆုံခဲ့ပုံများကို မျက်လုံးထဲတွင် ပြန်မြင်ယောင်ပြီးလာသည်။

"ဟဲယ်လို"

"အင်း ... မိုးသည်း။ မင်းနဲ့ စကားပြောခွင့်ရဖို့အတွက် အင်မိဂရေးရှင်းကိုလည်း ဖြတ်ရသေးတာပဲနော်"

ဒီလူဟာ စကားပြောလျှင် ဘယ်တော့မှ ရိုးရိုးဖြောင့်ဖြောင့် ပြောတတ်ပုံ မရချေ။ နည်းနည်းလောက် ထေ့လိုက် ငေါ့လိုက်ရမှ စားဝင်အိပ်ပျော်ပုံရသည်။

"ပြောလေ ... ဘာပြောမလို့လဲ"

"ညဆယ်နာရီလောက် ဖုန်းဆက်တာ အလုပ်ကိစ္စစကားပြောဖို့တော့ မဟုတ်ပါဘူး။ မင်း ဘယ်မှာလဲ"

"ဆိုင်တစ်ဆိုင်မှာပါ"

"အခုနက ဖုန်းကိုင်တာ မင်း သူငယ်ချင်းလား"

"ရှင် ဘယ်လိုထင်လို့လဲ"

"သူငယ်ချင်းလို့ပဲ ထင်ပါတယ်"

"ဒါဆိုရင် ပြီးပြီပေါ့"

"သူငယ်ချင်းတွေ အုပ်စုလိုက် ထိုင်နေကြတာလား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မိုးချုပ်နေပြီလို့ မခံစားရဘူးလား"

"ဒီမှာ ကျွန်မက မေးခွန်းတွေဖြေဖို့ သိပ်စိတ်မဝင်စားလို့ ကျောင်းတောင် ဆက်မတက်တော့တာနော်။ ရှင် ကျွန်မကို ဘာ Question မှ လာပြီး မ Out နဲ့"

"အိုခေလေ … မင်း မကြိုက်ဘူးဆိုရင် မမေးတော့ပါဘူး။ မင်း အိမ်ပြန်ရောက်တော့မှပဲ ဆက်လိုက်တော့မယ်"

"ပြီးရော"

မိုးသည်းက ဖုန်းကိုပိတ်ကာ စားပွဲပေါ် ပစ်တင်လိုက်သည်။ စပ်စုဖို့ အဆင်သင့် ပြင်နေကြသော ဆော်ဒါနှစ်ကောင်ထံမှ စကားသံတွေက အစီအရီ ထွက်ပေါ်လို့လာသည်။

"ဘယ်က ဘဲလဲ"

"ဘယ်သိမလဲ"

"ဟင် … မသိဘဲနဲ့များ ဘာလို့ ပြန်ပြောနေလဲ"

"ဪ … သိတာတော့ သိတာပေါ့။ Details မသိဘူးလို့ ပြောတာ၊ ငါ့ခြံကို ငှားလိုက်တဲ့ တစ်ယောက်ပါ။ ဒက်က ရေးရှင်းရုံးခန်းဖွင့်မှာ"

"ဒါနဲ့ပဲ နင့်ကို စပြီးနွယ်နေပြီ ဆိုပါတော့"

မိုးသည်းသည် အဲဒီမေးခွန်းကိုတော့ ဟုတ်တယ်၊ မဟုတ်ဘူး ပြန်မပြောတတ်ဘဲ ငြိမ်သွားသည်။ အခြေကြီးကြီး ယောက်ျားတွေကို မနှစ်သက်တတ်သော မိုးသည်းစသည် ဒီလူတစ်ယောက် အချိုးနည်းနည်း ပြောင်းလာတော့လည်း အသိအမှတ်





ပြုရသည်။ ဒါဟာ ဘယ်ခြေကို လှမ်းနေတယ်ဆိုတာကို မသိရလောက်တဲ့အထိတော့ မိုးသည်း မအခဲ့ချေ။

"ဘယ်လိုလဲ မိုးသည်းမ။ အိမ်ယ်ဆိုရင်လည်း ပြထားဦးနော်။ မဟုတ်ရင် တို့ရဲ့ Black list ထဲ ရောက်သွားမယ်"

"လုံးဝအီစရာ အကြောင်းမရှိဘူး။ မိုးသည်းစရဲ့ ရာဇဝင်မှာ ဘယ်ယောက်ျားတစ်ယောက်ကိုမှ အီထားတယ်ဆိုတာ မရှိဘူး"

"ဟုတ်ပါ … ဟုတ်ပါ။ ညည်းတို့ နှစ်ယောက်က ကြိုက်ရင် တစ်ခါတည်း အဖြေပြန်ပေးပြီးသားပဲလေ"

ဟိန်းညီက သူ့ဝသီအတိုင်း နှုတ်ခမ်းတစ်လန်ပန်းတစ်လန်ဖြင့် ရန်တွေ့လျှင် မိုးသည်းက သူ့ပုံစံကို ချစ်စနိုးဖြင့် ဟက်ဟက်ပက်ပက် ရယ်မောကာ နှာခေါင်းရှုံ့ပြမိသည်။ မိုးသည်းရဲ့ ယောက်ျားလေးသူငယ်ချင်းများသည် မိုးသည်းတို့ကို မိန်းကလေးလို့မမြင်ဘဲ ယောက်ျားလေးတစ်ယောက်လို မြင်ပြီး ပေါင်းတာ ဖြစ်သလို မိုးသည်းကလည်း သူတို့ကို ယောက်ျားလေးတွေရယ် မမြင်ဘဲ မိန်းကလေးတွေဟုမြင်ပြီး ပေါင်းတာမို့ အားလုံးဟာ တရင်းတနှီးဖြင့် နွေးနွေးထွေးထွေး ရှိလှသည်။

အမြင်ကျဉ်းသူတွေကတော့ ကြည့်ရမှာ မဟုတ်ချေ။ မိုးသည်းက အသာရယ်မောနေတုန်းမှာပဲ ပခုံးကို လာရောက်ဖျစ်ညှစ်တာ ခံလိုက်ရသဖြင့် မော့ကြည့်လိုက်လျှင် ပြုံးစိစိ စပ်ဖြဲဖြဲနှင့် ကြင်နာ့ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဒေါ်အကြင်နာမိုးဆွေ၊ ပေါ်လာသေးတယ်နော်"

"ပေါ်တာပေါ့။ ကဲ ... လစ်မယ်လေ"

"အေးပါ ... လစ်တာပေါ့၊ ကဲ ... ဟိန်းညီနဲ့ သက်ထက် ငါတို့ ရှေ့မယ်"

"ရှေ့ကြ ... ရှေ့ကြ၊ ငါတို့လည်း ရှေ့မှာပဲ"

မိုးသည်းတို့ သူငယ်ချင်းတစ်တွေသည် နှုတ်ဆက်ကြပြီးနောက် မိုးသည်းရဲ့ကားနဲ့အတူ ကြင်နာက လိုက်ပါလို့လာသည်။ ကြင်နာရဲ့အိမ်က ဒရိုင်ဘာမောင်းသောကားက မိုးသည်းရဲ့ ကွန်ဒိုဝင်းထဲမှာ လာကြိုပေးနေမှာဖြစ်သည်။ မိုးသည်းက လမ်းရှင်းနေသောကြောင့် ကားကို ခပ်သွက်သွက်မောင်းရင်းမှ ကြင်နာ့ကို စကားဆိုမိသည်။

"ကြင်နာ ... နင်ကလည်း ကြာလိုက်တာ။ အရင်ဟာတွေနဲ့တုန်းက အဲဒီလောက် မကြာပါဘူး"

"အချစ်စစ်နဲ့ တွေ့တော့ အချိန်ကို မေ့နေတယ်လေ"

အဲဒါက အကြင်နာမိုးဆွေရဲ့ လက်သုံးစကားမို့ မိုးသည်းက နှာခေါင်းကို တစ်ချက်ရှုံ့မိသည်။ ပြီးတော့ တကယ်ပဲ စိတ်ဝင်စားစွာ မေးမြန်းဖြစ်လေသည်။

"နေပါဦး။ ငါ မသိလို့ မေးပါဦးမယ်။ အချစ်စစ်ဆိုတာ ဘာလဲ၊ ဘာတွေနဲ့ ပေါင်းစပ်ဖွဲ့စည်းထားလို့ အချစ်ဆိုတာ အပြင် ဘာ့ကြောင့် ထပ်ပြီးစစ်ရတာလဲ"





"အာ ... နင့်မေးခွန်းကြီးက မြင့်တယ်။ အဲဒီလောက်ကြီး ငါ မသိဘူး"

"မသိရင် ဘာလို့ အချစ်စစ်လို့ပြောလဲ"

"သြော် ... ဒါကတော့ ဒီလိုပဲ ပြောကြည့်တာပေါ့။ ဒါပေမဲ့ ဒီတစ်ယောက်ကိုတော့ ငါ ထားခဲ့ဖူးတဲ့ အရင်ရည်းစားတွေထက် ပိုချစ်သလိုပဲဟဲ့ ...

သူနဲ့တွေ့ရင် ဖီလင်က ဘာနဲ့မှမတူ။ အရမ်းမိုက်တယ်။ နင်က အဲဒီဖီလင်တွေ မခံစားဘူးတော့ ပြောရခက်တယ် ...

ဟဲ့ ... ဒါနဲ့ နင့်ခြံကိုငှားလိုက်တဲ့သူက မိုးလုံးမှိုင်းဆို၊ နင်တို့က ရေစက်ရှိတယ်နဲ့ တူတယ်နော်၊ ဘယ်လိုလဲ အခြေအနေက"

"ခုနကတောင် ဖုန်းဆက်သေးတယ်"

ပြောရင်းနဲ့မှ မိုးသည်းသည် မိုးလုံးမှိုင်း ဟူသောလူရဲ့ပုံကို မျက်စိထဲတွင် ပြန်မြင်ယောင်လာသည်။ Wave ပါသော ခပ်ပွပွပုံစံ ဆံပင်ထူထူအုပ်အုပ်နှင့် ခန္ဓာကိုယ်ထွားထွား ရင်အုပ်တောင့်တောင့် ယောကျ်ားတစ်ယောက်ဟာ ဂျစ်ကန်ကန်နှင့် နူးညံ့နေလည်း နူးညံ့နေတတ်တာကို သဘောကျတာဖြစ်သည်။ သူဟာ စွဲမက်စရာကောင်းသော ယောကျ်ားတစ်ယောက်ဆိုတာကိုလည်း ဝန်ခံရပေဦးမည်။

"ဖုန်းဆက်တယ် ! ... ဘာတွေပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏပါပဲ။ အပြင်ရောက်နေမှန်းသိလို့ ဖုန်းချသွားတာ"

"အဲဒီဘဲကို နင် ဘယ်လိုသဘောရလဲ"

"ဒီလိုပါပဲ"

"ဒီလိုပါပဲ ဆိုရင်တော့ သေချာပြီ"

"ဘာသေချာတာလဲ"

"Something ပေါ့။ အရင်ဟာတွေဆို ဘယ်လိုမေးရင် လုံးဝစိတ်မဝင်စားတာနဲ့ စာရင်းမရှိတာနဲ့ Negative ဆောင်တဲ့ အဖြေတွေ ပြန်ပေးစမြဲလေ ...

ဒီလိုပါပဲ ဆိုတဲ့ အဖြေကိုတော့ ဒီတစ်ခါပဲ ကြားဖူးသေးတယ်"

ကြင်နာရဲ့မှတ်ချက်ကို မိုးသည်းက တစ်စုံတစ်ရာ ပြန်မပြောမိချေ။ မိုးသည်းက မပြောတော့ ကြင်နာကပဲ ဆက်ပြောသည်။

"ငါကတော့ နင့်ကိုလေ အချစ်ဆိုတဲ့ အရာကို ပြင်းပြင်းပြပြ ခံစားဖူးကြည့်စေချင်တယ်ဟာ။ ဘဝမှာ လူတစ်ယောက်ကို ဘာမှမသိတော့လောက်အောင်ကို ချစ်ပစ်ချင်တာ ...

ခက်တာက အဲဒီလောက် ချစ်နိုင်မယ့်လူမျိုးကို မတွေ့သေးတာ။ ငါ ပြော,ပြောနေကြ စကားတစ်ခွန်းရှိတယ်လေ။ မင်း မရှိလို့ဖြစ်တယ်၊ အချစ်မရှိလို့ မဖြစ်ဘူး ဆိုတာပေါ့ ...

ငါက အဲဒီစကားကို ပြောင်းပြန်လှန်ပစ်ချင်နေတာ"





"အချစ်ဆိုတာ ရှာဖွေလို့ရတဲ့အရာမှ မဟုတ်တာ"

"ဒါဆို နင်က နင့်ရင်ဘတ်ကို တည့်တည့်တိုးလာတာကိုပဲ စောင့်မယ်ပေါ့"

မိုးသည်းသည် ဟုတ်တယ် မဟုတ်ဘူး ပြန်မပြောတော့ဘဲ ကားကို ကွန်ဒိုဝင်းထဲ ကွေ့ဝင်လိုက်သည်။ ကားပါကင်မှာ ကြင်နာ့ကို လာကြိုနေသော သူမအိမ်က ကားမည်းကြီးက ရောက်နေပြီဖြစ်သည်။ ကြင်နာက ကားပေါ်ပြောင်းတက်ကာ မိုးသည်းကို လက်ပြနှုတ်ဆက်ပြီး ထွက်ခွာသွားသည်။

မိုးသည်းသည် ကားကို ပါကင်မှာ ရပ်ထားခဲ့ပြီးနောက် Basement ကနေ၍ ဓာတ်လှေကားဖြင့် တက်လာခဲ့သည်။ အခန်းတံခါးကို သော့ဖွင့်ဝင်ကာ မီးဖွင့်လိုက်လျှင် ပန်းနုရောင်သမ်းနေသော အခန်းလေးက Romantic ဖြစ်စွာဖြင့် ကြိုဆိုသည်။ မိုးသည်းက မြင်နေကြပေမယ့် ဘယ်တော့မှ ရိုးမသွားသော အခန်းလေးကို တစ်ချက်ဝေ့ဝဲကြည့်ရှုကာ အခန်းထဲသို့ဝင်လာခဲ့ရင်း အကျင့်ပါနေသော လက်တွေက CD Player ခလုတ်ကို ချက်ချင်းနှိပ်လိုက်သည်။ ညဦးပိုင်းနှင့်လိုက်သော စန္ဒရားသံ ဆွေးလျလျသည် မိုးသည်းရဲ့ တစ်ခန်းလုံးအတွင်းသို့ ငြိမ့်ငြိမ့်ညောင်းညောင်း စီးဝင်သွားသည်။ မိုးသည်းရဲ့တစ်အိမ်လုံးမှာ Sound Box အကောင်းစားလေးများကို နေရာအနှံ့မှာ တပ်ဆင်ထားသောကြောင့် ဘယ်နေရာကိုပဲသွားသွား ဂီတသံလေးများကို ကြားနေရမည်သာပင်။



www.burmeseclassic.com

www.burmeseclassic.com



Music သည် စိတ်ကို Relax ဖြစ်စေသောကြောင့် နှစ်သက်စွာဖြင့် စီစဉ်ထားခြင်း ဖြစ်လေသည်။ မိုးသည်းသည် အပြင်က ပြန်ရောက်တာ ဘယ်အချိန်ပဲဖြစ်ဖြစ် ရေချိုးရမှ သန့်သည်ဟု ယူဆသဖြင့် ရေနွေးနဲ့ ရေအေးရောစပ်ပြီးမှ ရေချိုးကာ ညဝတ်အင်္ကျီကို ဝတ်ဆင်လိုက်သည်။ မျက်နှာကို Night Cream လိမ်းနေတုန်းမှာပဲ မိုးသည်းရဲ့ဖုန်းမှ မြည်သံထွက်ပေါ်လာသည်။ မိုးလုံးမှိုင်းထံမှပဲ ဖြစ်လေသည်။

"ဟုတ်ကဲ့ ... ပြောပါ"

"အိမ်ပြန်ရောက်ပြီလား မိုးသည်းစ"

"ခန့်မှန်းကြည့်လေ"

"အင်း ... တီးလုံးသံ့သဲ့လေးကြားပြီး တိတ်တိတ်ဆိတ်ဆိတ်ပဲ။ မင်းရဲ့အခန်းထဲမှာ ရောက်နေပြီလား"

"မှန်၏"

"မိုးသည်းစ"

"အင်း"

"မင်း ညတိုင်း ဒီလိုပဲ မိုးချုပ်မှ အိမ်ပြန်ရောက် ...လား"

"ဆိုပါတော့။ Club သွားရင် ဒီ့ထက်နောက်ကျတယ်လေ"

"မိုးသည်းစ ... မင်း အကြောင်းလေး ကိုယ့်ကို နည်းနည်းလောက် ပြောပြပါလား"

"ရှင်သိချင်ရင် ကိုယ့်ဟာကိုယ် စုံစမ်းပေါ့"





"ကိုယ်စုံစမ်းရင် ဘေးပတ်ဝန်းကျင်က ပြောတာတွေပဲ သိရမှာပေါ့။ ကိုယ်က ဘေးပတ်ဝန်းကျင်က ပြောတဲ့စကားတွေကို နားမထောင်ချင်ဘူး ...

ယုံလည်း မယုံဘူး။ လူဆိုတာ လိုတဲ့ပတ်ဝန်းကျင်ရှိမယ်၊ မလိုတဲ့ပတ်ဝန်းကျင်ရှိမယ်။ ဒီတော့ ကာယကံရှင်က ပြောပြတာကို အကြားချင်ဆုံးပဲ"

သူ့စကားကြောင့် မိုးသည်းက အသာပြုံးမိသွားသည်။ အဲဒီစကားကိုတော့ မိုးသည်းက လက်ခံနိုင်လေသည်။

"ရှင်က ကျွန်မ ပြောတာတွေကိုတော့ ယုံမယ်ပေါ့။ ရှင့်ကို အမှန်တွေ ပြောမယ်လို့ ထင်တယ်ပေါ့"

"မင်းက မညာတတ်ပါဘူး။ မင်းပုံစံက ညာပြောမယ့်ပုံစံ မရှိဘူး"

"ရှင် ဘာကြောင့် ကျွန်မအကြောင်းတွေ သိချင်နေရတာလဲ"

"ဩော် ... မင်းကို စိတ်ဝင်စားလို့ပေါ့ကွာ"

သူက ရိုးရိုးလေး ပြောလိုက်တာ ဖြစ်သော်လည်း မိုးသည်းရဲ့ရင်ထဲတွင် ရှိန်းခနဲ ဖြစ်သွားသည်။ ဒီလိုဖီလင်မျိုးကို မခံစားဖြစ်ခဲ့တာ တော်တော်ကြာခဲ့ပြီ။

"ကျွန်မ နာမည်က မိုးသည်းစ။ မိဘတွေက ကျွန်မငယ်ငယ်တည်းက ဆုံးသွားကြတာဆိုတော့ အဒေါ်အပျိုကြီးနဲ့ နေခဲ့ရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကလည်း ကျွန်မ ကျောင်းပြီးတဲ့နှစ်မှာပဲ သားအိမ်ခေါင်းကင်ဆာနဲ့ ဆုံးသွားတော့ ခုထိ ကျွန်မတစ်ယောက်တည်းပဲပေါ့ ...

ကျွန်မ တစ်ယောက်တည်းပဲ နေတယ်။ ကျွန်မအကြောင်းက ဒီလောက်ပါပဲ၊ ဘာမှသိပ်စိတ်ဝင်စားစရာ မကောင်းပါဘူး"

"မင်းက တစ်ယောက်တည်းဆိုမှ တစ်ယောက်တည်းပဲ နေတာလား။ Maid လေး ဘာလေး ခေါ်မထားဘူးလား"

"မခေါ်ပါဘူး။ အိမ်အလုပ်ကို ကိုယ့်ဟာကိုယ် လုပ်တော့ ကျန်းမာရေးနဲ့တောင် ညီညွတ်သေးတယ်။ တစ်ယောက်တည်းက ပိုအဆင်ပြေပါတယ်"

"တစ်ခါတလေကျရင် Lonely ဖြစ်တယ်လို့ မခံစားရဘူးလား"

"အမှန်တိုင်း ပြောမယ်။ လုံးဝမညာဘူး။ ငယ်ငယ်တည်းက တစ်ယောက်တည်းပဲ ပျော်အောင် နေတတ်ခဲ့တော့ Lonely ဆိုတဲ့ ဖီလင်ကို လုံးဝမခံစားရဘူး ...

ဒါပေမဲ့ အပေါင်းအသင်းတွေကိုတော့ ပိုခင်သွားတာပေါ့။ သူငယ်ချင်းတွေကတော့ ကျွန်မရဲ့ကမ္ဘာ စ်ခုပေါ့"

"ဒါနဲ့ပဲ သူငယ်ချင်းတွေနဲ့ ညကိုင်းအပြင်ထွက်ပြီး လျှောက်လည်ဖြစ်တယ်ပေါ့လေ"





သူ့အသံက လူကြီးတစ်ယောက်က ကလေးတစ်ယောက်ကိုမာန်သည့် အသံမျိုးမို့ မိုးသည်းက သဘောကျစွာဖြင့် ပြုံးမိသည်၊ ကြည့်စမ်း ... ဒီလူနဲ့ပတ်သက်ပြီးတော့မှ ပြုံးရသည့် အကြိမ်တွေ ခဏ ခဏ ရှိခဲ့ပြီ။

"မင်းကို စတွေ့တုန်းက တကယ့်ကို ဂေါ်လီလို့ထင်တာ"

အဲဒီစကားကြောင့်လည်း မိုးသည်းက ထပ်ပြုံးဖြစ်သွားသည်။

"တွေ့တာက Club မှာ။ ဘားမှာ ဝိုင်လာယူပြီးတော့ တကယ့်ကို ဂေါ်လီဒီဇိုင်းလေ"

"ဂေါ်လီဒီဇိုင်းနေပြီး ဂေါ်လီမဟုတ်တာတွေ အများကြီးပါ"

"ဟုတ်ပါတယ်၊ မင်းက အဲဒီလိုလူမျိုး မဟုတ်ဘူးဆိုတာကိုလည်း ကိုယ် သိသွားပါပြီ။ မင်း ကြည့်ရတာ ဘဝကို ပျော်သလိုနေ,နေတယ်နဲ့တူတယ်၊ ဟုတ်သလား"

"အင်း ... အဆင်ပြေအောင် နေ,နေတာပါပဲ"

"မင်းကို ကိုယ် သနားမိတယ် မိုးသည်းစ"

"ဘာဆိုင်လို့လဲ။ ရှင် ကျွန်မကို သနားစရာ ဘာအကြောင်းမှ မရှိဘူး"

"ရှိတာပေါ့။ ကိုယ်က အိမ်မှာ အရမ်းအရေးပေးခံရတဲ့သူကွ။ ကိုယ့်မိဘတွေနဲ့ ကိုယ့်အစ်မတွေက ကိုယ့်ကို အရမ်းချစ်တာ။ ကိုယ် ဘာလိုချင်လဲ၊ တ,စရာတောင် မလိုဘူး။ အလိုက်သင့် ဖြည့်ဆည်းပေးထားကြတာ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ Family က သိပ်နွေးထွေးပြီး ပျော်စရာကောင်းတယ်။ ကိုယ့်အမေက သားသမီးတွေကို သူကိုယ်တိုင် ပြုစုစောင့်ရှောက်တော့ အမေရဲ့မေတ္တာနဲ့ ဂရုစိုက်မှုကို သိပ်တန်ဖိုးထားတာ ...

ဒီလို နွေးထွေးပျော်ရွှင်ဖို့ကောင်းတဲ့ ဘဝမှာ နေလာရတော့ မင်းကို သနားမိတယ်။ ကိုယ့်ဘဝနဲ့ ကိုယ်ချင်းစာပြီး မင်းကို သနားတာကို ဆိုလိုတာပါ"

သူက ရှင်းပြလျှင် မိုးသည်းက ခေတ္တတော့ ငြိမ်သက်သွားသည်။

ချက်ချင်းပဲ ကြင်နာ့ကိုပါ သတိရသွားမိလေသည်။

"ဒါဆိုရင်တော့ အကြင်နာမိုးဆွေကိုပါ ရှင် သနားသင့်တယ်။ သူလည်းပဲ မိဘရိုလျက်သားနဲ့ မိဘမေတ္တာငတ်နေတဲ့ သူပေါ့"

"မင်းက သူ့ကို တော်တော်ချစ်တယ်နဲ့ တူတယ်နော်။ အင်း ... မင်းသူငယ်ချင်းကလည်း တော်တော်စန်းပွင့်တယ်လို့ နာမည်ကြီးတယ်"

"ရည်းစားများတယ်လို့ပဲ ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါရှင်"

"အင်း ... ဟုတ်တယ်၊ သူ့ကြောင့် ကျော်ထင်လည်း တော်တော် ခံစားသွားခဲ့ရသေးတယ် ...

မင်းကျတော့ရော"



"ဘာကိုဆိုလိုတာလဲ"

"ဪ ... ရည်းစားများသလားလို့"

"ဒါကတော့ ရှင့်ဘာသာပဲ စုံစမ်းကြည့်ပေတော့ပေါ့၊ ကဲ ... ဒီညတော့ ဒီလောက်ဗျူးရရင် ကျေနပ်တော့လေ။ ကျွန်မ နားချင်ပြီ"

"အိုကေ ... မင်းအတွက် ကောင်းသောည ဖြစ်ပါစေ"

"ကျွန်မအတွက် ညတိုင်းက ကောင်းပြီးသားပါ ... ဂွတ်နိုက်"

မိုးသည်းက ဦးအောင်နှုတ်ဆက်ကာ သူ ပြန်နှုတ်ဆက်တာကိုတောင် မစောင့်တော့ဘဲ ဖုန်းချလိုက်သည်။ ပြီးတော့ အိပ်တော့မှာမို့ ဖုန်းကို တစ်ခါတည်းပဲ Power off လုပ်ပစ်လိုက်သည်။

ညသန်းခေါင်ယံ အိပ်ကောင်းသော အချိန်မှာ ရှုးကြောင်မှူးကြောင် ဖုန်းဆက်သော သူများရဲ့ဒဏ်ကိုလည်း မခံနိုင်ချေ။

မိုးသည်းသည် ခုတင်ပေါ် ပစ်လှဲလိုက်ပြီးနောက် စာအုပ်တစ်အုပ်ကိုယူကာ ဖတ်လိုက်သည်။ မအိပ်ခင် စာဖတ်တာ မိုးသည်းရဲ့အကျင့်ပင်။ ခဏကြာလျှင်တော့ မျက်လုံးများစင်းလာကာ အလိုလို အိပ်ပျော်သွားလိမ့်မည်။ အိပ်မပျော်ခင်မှာပဲ မိုးသည်းရဲ့နားထဲ၌ အသံတစ်ခုကို ပြန်ကြားမိသည်ဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ် သနားမိတယ် မိုးသည်းစ"တဲ့။

မိုးသည်းကတော့ ကိုယ့်ကိုယ်ကိုယ် ဘယ်တုန်းကမှ သနားစရာကောင်းသည်ဟု မထင်ခဲ့ပါ။ ဒါပေမဲ့လည်း အဲဒီလေသံထဲမှာ စာနာစိတ်နှင့် နွေးထွေးမှုတရားတွေ ပါဝင်နေသည်ဟု ခံစားမိသောကြောင့် ပြုံးပြုံးလေးပဲ ကျေနပ်စွာဖြင့် အိပ်ပျော်လို့သွားခဲ့လေသည်။

* * *





## ၆

သင် မနက်ခင်း အိပ်ရာက နိုးထလျှင် ဘာကို အရင်ဆုံး သတိရတတ်ပါသလဲ။ သင် ပထမဦးဆုံး သတိရမိတတ်သော အရာသည် သင့်စိတ်ကို အလွှမ်းမိုးနိုင်ဆုံး ကိစ္စပဲဖြစ်လိမ့်မည်။ သူသည် နံနက်ခုနစ်နာရီမှာ အိပ်ရာကနိုး၏။ သူ ပထမဆုံး သတိရသွားသည်မှာ မိုးသည်းစနှင့် အတူတူ ညတုန်းက ဖုန်းပြောခဲ့သော ကိစ္စဖြစ်ပြီး သူမရော နိုးပြီလားဟု သတိရသွားသည်။

ပြီးတော့ နောက်ဆက်တွဲ တွေးမိသွားသည်မှာ သူမနိုးလာလျှင် Breakfast ဘာစားသလဲ၊ ဘာတွေလုပ်တတ်သလဲ ဆိုတာပဲ ဖြစ်တော့သည်။ သူကတော့ မိသားစုရဲ့စောင့်ရှောက်ဂရုစိုက်မှုကို ခံရသူမို့ မိုးလင်းလာတာနှင့် အရသာရှိသော စားသောက်ဖွယ်ရာများက အဆင်သင့် ရှိနေတတ်သည်။ သူ့ခြေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်နဲ့ ဘာမှလုပ်စရာ မလိုဘဲ စားကောင်းသောက်ဖွယ်တွေက နေ့တိုင်း အဆင်သင့်ပင်။

သူက ထွေထွေထူးထူး သိပ်စဉ်းစားမနေဘဲ သူ့မရဲ့ဖုန်းကို ခေါ်လိုက်သည်။ နံနက်ခင်းစောစောမှာ သူ့မနဲ့တူတူဖုန်းပြောချင်လှသည်။ အကယ်၍ အိပ်ရာကမနိုးသေးလျှင်လည်း သူနှိုးလိုက်မှ နိုးသွားသော မှုန်အစ်အစ်ထူးသံလေးကို ကြားချင်လှသည်။ သူက အတွေးနဲ့အတူ ဖုန်းခေါ်လိုက်သော်လည်း သူ့မဖုန်းက ပိတ်ထားသည်ဟု ပြန်လည်ဖြေကြားသောအခါ စိတ်လျှော့လိုက်ရတော့သည်။

အဲဒီနောက် သူက အိပ်ရာထကာ တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စ ပြီးတာနှင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ သူ့အမေရယ်၊ သူ့အဖေရယ်က ထမင်းစားခန်းထဲတွင် သူ့ကိုအဆင်သင့် စောင့်ကြိုနေသည်။ သူ့အစ်မကတော့ ဆေးရုံမှာနိုက်ဂျူတီကျတာမို့ ပြန်မရောက်သေးချေ။

"သားလေးရေ … မောနင်း။ ဒီနေ့ Breakfast ကတော့ ဖက်ထုပ်ဆီချက်ကွယ်။ လက်ဖက်ရည်ကျစိမ့် သားအကြိုက်လေးလည်း ဖျော်ထားတယ်"

"အိုကေ … မေမေ၊ သား ကြိုက်တယ်"

သူ့အဖေကတော့ စားရင်းသောက်ရင်းမှ သူ့ကိုတစ်ချက်ကြည့်ကာ …





"သား အလုပ်ကိစ္စကရော ဘယ်လိုလဲကွ"

"အဆင်ပြေပါတယ် ဖေဖေ။ လကုန်ရက်ကစပြီး ရန်ကင်းခြံကို သားတို့ ပြင်ဆင်ရေးအပိုင်း စဝင်ပါပြီ"

"ပိုင်ရှင်ကို ရောင်းဖို့ သား နည်းနည်းလောက် မစည်းရုံးကြည့်ဘူးလား"

ပိုင်ရှင် ဆိုတာနဲ့ သူက သူ့မကို ပြေးမြင်ယောင်သွားသည်။

အဲဒီပိုင်ရှင်ကို ကြည့်ရတာ ဘာမှကို မမက်မောတဲ့ပိုင်ရှင်ပါ ဖေဖေရယ်။

"စည်းရုံးတယ် ဖေဖေ။ သူက ငွေမလိုတဲ့ သူတစ်ယောက်ဆိုတော့ ဘယ်လိုပြောပြော ရောင်းမှာမဟုတ်ဘူး"

"အင်းပေါ့လေ၊ ဒါမျိုးတွေက ရှိတတ်ပါတယ်။ သားတို့ကို ပွဲဦးထွက် အလုပ်အပ်မယ့်သူ ရှိတယ်။ ဖေဖေ့သူငယ်ချင်းတစ်ယောက်ရဲ့အိမ်ပေါ့၊ သူ့သား မင်္ဂလာဆောင်ပြီးရင် နေဖို့ လက်ဖွဲ့မှာ …

အဲဒါ သားစိတ်ကူး၊ သား Ideas တွေနဲ့ စိတ်ကြိုက်လုပ်ပေးဖို့ ခွင့်ပြုထားတယ်။ နိုးရင် သားကို သူ ဆက်သွယ်မှာပါ"

"ဟုတ်ကဲ့ ဖေဖေ၊ သူတို့ စိတ်တျေနပ်မှုရှိအောင် သား အစွမ်းကုန် ကြိုးစားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူများတွေကတော့ သားသမီးကို မိဘတို့ဝတ္တရား ရှိတဲ့အတိုင်း ဆောင်ရွက်ပေးနေကြပြီ။ တို့သားလေးကရော ဟယ်"

သူ့အမေက သူ့ရဲ့ပခုံးကို ကြင်နာစွာဖြင့် ဖက်ကိုင်ရင်း မေးသည်။ သူက ဖက်ထုပ်ဆီချက်ကို ပလုတ်ပလောင်းစားရင်းမှ ...

"ဘာလဲ ... မေမေက သားကို မိန်းမယူစေချင်နေပြီလား။ ဒီသားလေးတစ်ယောက် ရှိတာကို အလှကြည့်မထားချင်တော့ဘူးပေါ့ ...

ရှေ့မှာ မမ တစ်ယောက်လုံး ရှိသေးတယ်လေဗျာ။ ရှေ့ကားကို ကျော်မတက်ချင်ပါဘူး"

"အမယ်လေး ... သားမမက အပျိုကြီး လုပ်မှာတဲ့လေ၊ ပြောလို့ကို မရဘူး၊ ရည်းစားလည်းမထား၊ ဘာကိုမှ စိတ်မဝင်စားဘဲ သူ့ဟာသူ လှလှပပနေပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ P.hd ရဖို့ပဲ စိုင်းပြင်းနေတာ ...

သူ့အတွက် ယောကျ်ားဆိုတာ မလိုအပ်ဆုံး ပစ္စည်းပဲတဲ့လေ ...

ပြောပုံကိုက ... ဟင်း"

သူက မေမေ့စကားကြောင့် သဘောတကျ ပြုံးရယ်မိသည်။ ဟုတ်လည်း ဟုတ်ပေသည်။ သူ့အစ်မဟာ သူ့ထက် သုံးနှစ်ကြီးကာ အမေတူသမီးမို့ ကျက်သရေရှိရှိလည်း ချောမော





လှပပါပေသည်။ ဒါကိုမှ အကောင်းတကာ့ အကောင်းဆုံးတွေ ဆင်ယင်သုံးစွဲပြီး နေသဖြင့် လှပုံစံက လန်းပျံထွက်ကာ အမြဲသပ်ရပ် ကြော့မော့နေတတ်သည်။ ဉာဏ်ကောင်းပြီး ထက်မြက်ကာ စာလည်းတော်သဖြင့် ဝိုင်းဝိုင်းလည်နေသော်လည်း ဘယ်သူ့ကိုမှ စိတ်မဝင်စားချေ။

ရွေးနေတာ ကြေးများနေတာ မဟုတ်ဘဲ ရည်းစားသနာ အချစ်ရေးကိစ္စများကို ဘယ်လိုမှ စိတ်မဝင်စားသူပင်။ သူသိတာက လှလှပပ စမတ်ကျကျနေဖို့၊ ပညာထူးချွန်ဖို့သာပဲ ဖြစ်တော့သည်။

"သားကတော့ အဲဒီလို မလုပ်နဲ့ကွယ်၊ တွေ့ထားရင်လည်း မေမေတို့ကိုပြော၊ အိမ်အလည်ခေါ်ခဲ့ ...

သင့်တော်တယ်ဆိုရင် အချိန်ဆွဲမထားဘဲ ပေးစားချင်တယ်။ သားမှာလည်း ကိုယ်ပိုင်ပညာနဲ့ ကိုယ်ပိုင်အလုပ်ရှိနေပြီပဲ။ သားဘဝလေးကို အခြေတကျ ဖြစ်စေချင်တယ်၊ မိသားစုဘဝဆိုတာ တန်ဖိုးကြီးတယ် သားရဲ့"

မိသားစုဘဝက တန်ဖိုးကြီးတယ် ဆိုသဖြင့် မိသားစုဘဝကို မရခဲ့ရှာသူလေးကို သတိရသွားပြန်သည်။ ဒီလိုသာ သတိရစတမ်း ဆိုရင်တော့ ခက်ရချည်ရဲ့ Lady Cobra လေးရယ်။

"မေမေ ပြောတာကို သဘောပေါက်ရဲ့လား သား"

"ဟုတ် မေမေ။ ပေါက်ပါတယ်"

"ပေါက်တယ်ဆိုရင် တွေ့ရော တွေ့နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့သေးပါဘူး မေမေရယ်၊ အခုလောလောဆယ်မှာ တော့ သားရဲ့အလုပ်ထဲကိုပဲ အာရုံစိုက်ထားတဲ့အတွက် ဘာမှလဲ မစဉ်းစားအားသေးပါဘူး ...

တွေ့ရင် မေမေ့ကို ပြောမှာပေါ့"

"အေး ... အေး၊ ငါ့သားလေး လိမ္မာတယ်ဆိုတာ သိပြီး သားပါကွယ်"

အဲဒီနောက် သူတို့သားအမိ သားအဖ သုံးယောက်မှာ ထွေရာလေးပါးစကားတွေ ပြောဆိုပြီးနောက် သူက ရုံးသွားဖို့ ပြင်ဆင်တော့သည်။ သူ့ရုံးက ကိုးနာရီမှ တက်ရမှာ ဖြစ်သော်လည်း သူမဆီသို့ သွားရမှာမို့ အိမ်ကနေ၍ ရှစ်နာရီထဲက ထွက်လာခဲ့သည်။ ရှစ်နာရီမှာ ဖုန်းခေါ်သော်လည်း ဖုန်းကစက်ပိတ်ထားဆဲပဲပင်။ သူ ခေါ်နေသောဖုန်းဟာ အချိန်အခါ မဟုတ်ဘဲ ဖုန်းပိတ်ထားတာလောက် မုန်းတာမရှိချေ။ အဲဒါမျိုးဆို သူက တစ်ဖက်ကဖုန်းပိုင်ရှင်ကို ဒေါသထွက်စွာ ကျိန်ဆဲမိသည်။

သူမထံသို့ ဖုန်းခေါ်၍ မရလျှင် သူက စိတ်မြန်ကိုယ်မြန်စွာပဲ ကားကို သူမနေထိုင်ရာ ကွန်ဒိုဝင်းရှိရာသို့ မောင်းထွက်လာခဲ့သည်။ ပြီးတော့ သူမရှိရာ ကိုးလွှာသို့ lift နှင့်တက်လာကာ အခန်းတံခါးရှေ့မှာ ရပ်ပြီးနောက် ဘဲလ်ကိုနှိပ်ခေါ်မိသည်။ အခန်းတံခါးကို တော်တော်နဲ့လာမဖွင့်ပုံထောက် အိပ်တုန်းဟု သတ်မှတ်ရမည် ဖြစ်လေသည်။ ဒါပေမဲ့လည်း သူက ဖွဲမလျှော့မိချေ။ ဘဲလ်ကို မနားစတမ်း ဖိနှိပ်ထားမိသည်။



နောက်ဆုံးတော့ ဒေါသတကြီး ဖွင့်ချလိုက်သော တံခါးရဲ့နောက်ကွယ်တွင် သူမရဲ့စိတ်တိုနေသော မျက်နှာကို မြင်တွေ့လိုက်ရလေသည်။ သူ့ကိုမြင်လိုက်ရသောအခါ သူမပုံစံက နည်းနည်းအံ့ဩသွားပုံရသည်။ သူကတော့ သူမရဲ့အိပ်ရာနိုးကာစ အလှကို မြင်ရခဲစွာဖြင့် မျက်တောင်မခတ်စတမ်း ငေးမောနေမိသည်။ အနည်းငယ် တွန့်ကြေနေသော Night Dress ဝတ်စုံနှင့် အတူ ခပ်ပွပွ ဆံပင်လိပ်များကြားမှ မှုန်အစ်အစ် ရှုပုပ်ပုပ်မျက်နှာလေးမှာ သူ့ရင်ဘတ်ထဲသို့ စီးဝင်မြုပ်ကျသွားသည်ဟု ထင်ပါသည်။

"ရှင် ဘာလုပ်တာလဲ"

"မင်းဖုန်းကို ဆက်တော့ ဖုန်းပိတ်ထားတယ်လေ။ ဒါကြောင့် လူကိုယ်တိုင် ရောက်လာရတာ"

သူမက စိတ်ပျက်လက်ပျက်ဟန်ဖြင့် ကျစ်ခနဲ စုတ်သပ်သည်။ ပြီးတော့ သူ့ကို ဒေါသသင့်နေသော လေသံဖြင့် ...

"ဘာကိစ္စလဲ ... ပြော"

"ဘာကိစ္စမှ မဟုတ်ပါဘူး။ မင်းကို မနက်စောစောစီးစီး သတိရတဲ့ကိစ္စပါ။ ပြီးတော့ Breakfast ကို ဘာစားမလဲ၊ မင်းစားချင်တာ ဝယ်ခဲ့ပေးဖို့ ဖုန်းဆက်တာ"

"မလိုဘူး။ ရှင် ပြန်နိုင်ပြီ"

သူမက ခပ်ပြတ်ပြတ်ပြောကာ အခန်းတံခါးကို ဆွဲပိတ်ဖို့ ပြင်သည်။ သူက အလျင်အမြန် တားမြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် … နေဦးလေ။ မင်းက ဘယ်လိုလဲ။ ကိုယ့်အိမ်ကို စောစောစီးစီးလာတဲ့ ဧည့်သည်ကို ဒီလိုပဲ ဆက်ဆံရသလား"

"ဧည့်သည်ကလည်း အလိုက်ကန်းဆိုး မသိတဲ့ ဧည့်သည် လေ။ ဒီမှာ ရှင်သိအောင် တစ်ခုပြောထားမယ်။ ကျွန်မက စောနိုးရင် ကိုးနာရီပဲ။ ဒီထက်နောက်ကျပြီး နိုးတတ်တာပဲ ရှိတယ်။ ဖုန်းမဖွင့်သေးရင် ကျွန်မ အိပ်ရာက မနိုးသေးလို့ပဲ မှတ် …

ကျွတ် … ရှင့်ကို ကျွန်မ သိပ်စိတ်တိုတယ်နော်။ ကျွန်မ အိပ်နေတုန်းမှာ လာနှိုးတဲ့သူဟာ ကျွန်မရဲ့ရန်သူပဲ။ ကဲ … ရှင်သွားတော့"

"နေပါဦး … မင်းက ဘာကြောင့် အအိပ်ကို ဒီလောက် မက်ရတာလဲ၊ ညကလည်း ကိုယ်နဲ့ဖုန်းပြောပြီးတော့ အိပ် တာပဲ မဟုတ်လား …

ခုချိန်ထိ အိပ်ရေးမဝသေးဘူးလား"

သူမက ဘာမှမပြောတော့ဘဲ တံခါးကိုသာ ဝုန်းခနဲ မြည်အောင် ဆောင့်ပိတ်လိုက်ခြင်းဖြင့် သူ့ကို ဂုဏ်ပြုလိုက်သည်။ ဘာပဲဖြစ်ဖြစ် သူကတော့ လုပ်ချင်ရာ လုပ်ပြီးသွားပြီမို့ ကျေနပ် စွာဖြင့် ပခုံးတစ်ချက်တွန့်ကာ ပြန်ထွက်လာခဲ့သည်။ ကားပါကင် က ပြန်ထွက်လာတုန်းမှာပဲ ဖုန်းဝင်လာသဖြင့် ဖွင့်နားထောင်လိုက် လျှင် ကျော်ထင့်ဆီက ဖြစ်လို့နေသည်။

"ပြော … ကျော်ထင်"





"မင်း ဘယ်မှာလဲ"

"ငါ On the way ပဲ၊ ပြောလေ ဟော့ကောင်"

"ဩော် … အခုမှ ငါက ဂျူတီထွက်တာ။ အိမ်မပြန်ခင် လမ်းမှာ တစ်ခုခု ဝင်စားမလို့လေ။ မင်း အားရင်လာခဲ့ပါ လားလို့"

"ဖြစ်တယ်လေ၊ မင်း ဘယ်ဆိုင်ကို သွားမလဲ"

"ဆရာစံလမ်းက SS ကိုပဲ သွားလိုက်မယ်။ မင်းရော ငါ ရော နှစ်ယောက်စလုံးနဲ့နီးတယ်။ အဲဒီမှာ အေးအေးဆေး ဆေးလည်း ရှိတယ်"

"အိုကေ … ခဏနေ ဆုံမယ်။ ဆီးယူ"

သူက ကားလမ်းကြောင်းကို ဆရာစံလမ်းသို့ ဦးတည် ကာ ပြောင်းယူပြီး မောင်းလိုက်သည်။ ခဏနေသောအခါ SS စား သောက်ဆိုင်သို့ ရောက်သွားသည်။ ကျော်ထင့်ကားကို ပါကင်မှာ တွေ့လိုက်ရသဖြင့် ကြိုရောက်နေပြီဆိုတာ သိလိုက်ရသည်။ သူက ဆိုင်ထဲသို့ ဝင်လာသောအခါ ထောင့်တစ်ထောင့်မှာ ထိုင်နေသော ကျော်ထင်က လက်လှမ်းပြသဖြင့် လျှောက်လာခဲ့သည်။ ကားသော့ ကို စားပွဲပေါ်မှာ ပစ်ချရင်း ထိုင်တုန်းမှာပဲ ကျော်ထင်က စကား စပြောသည်။

"ငါလည်း ခုနကမှရောက်တာ။ မုန့်ဟင်းခါးနဲ့ လက်ဖက် ရည် မှာထားတယ်၊ မင်း ဘာစားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အိမ်က စားလာခဲ့ပြီးပြီ။ မင်းနဲ့ တွေ့ချင်တာနဲ့ တမင်လာတာ။ ညီလေး ... စံပယ်ရေမွှေးကြမ်း တစ်အိုး ချကွာ"

သူက ဝိတ်တာကို မှာပြီးနောက် ကျော်ထင့်ကို တစ်ချက်ကြည့်လိုက်သည်။ ကျော်ထင်ကတော့ သူ့ကို ထွေထွေထူးထူး သတိထားမိပုံ မရဘဲ သူ့ရဲ့အလုပ်ကိစ္စအကြောင်းတွေ ဟိုဟိုဒီဒီ မေးမြန်းနေပြီးတော့မှ သူကပဲ စတင်ကာ ပြောပြဖို့ ဆုံးဖြတ်လိုက်သည်။

"ကျော်ထင် ... ငါ အခု မိုးသည်းစ အိမ်က ပြန်လာတာကွ"

ကျော်ထင်က လာချပေးသော မုန့်ဟင်းခါးကို မွှေနေရင်းမှနေ၍ သူ့ကို အံ့သြသလို မော့ကြည့်သည်။ ပြီးတော့ ... တစ်ဇွန်းစားရင်းမှ ...

"မင်းနဲ့ သူနဲ့ ငြိတော့မယ်ဆိုတာ အရင်တည်းက ရိပ်မိခဲ့ပါတယ်"

"မင်းက ဘာကိုကြည့်ပြီး ရိပ်မိရတာလဲ"

"သူကလည်း Attrection ရှိတယ်။ ဒါပေမဲ့ ..ub မှာ တွေ့ပြီးတဲ့နောက်ပိုင်း မင်းလည်း မေ့မေ့ပျောက်ပျောက်ပဲ မဟုတ်လား ...

တမင်ကြီး လိုက်စုံစမ်းနေတာမှ မဟုတ်တာ။ ဒါပေမဲ့ မင်းတို့နှစ်ယောက်ဟာ ရေစက်ပါပုံရတယ်။ မင်းငှားတဲ့





ခြံက သူ့ခြံ ဖြစ်နေတော့ သွားပတ်သက်ရပြီပေါ့။ ပိုင်ရှင်ဟာ သူပဲလို့ မင်း ပြောကတည်းက ငါ့စိတ်ထဲမှာ တစ်နေ့နေ့တော့ အသံကြားလာရလိမ့်မယ်လို့ ထင်ပြီးသားလေ ...

ပြောစမ်းပါဦး၊ မင်းက သူ့အိမ်ကို ဘာသွားလုပ်တာလဲ"

"မနေ့ညက သူနဲ့ ငါနဲ့ ဖုန်းပြောတယ်ကွ။ သူ့အကြောင်း တချို့လည်း ငါ မေးလို့ နည်းနည်းပါးပါး ပြောပြတယ်။ မနက်ကျတော့ သူ့ကို ငါ သတိရတာနဲ့ ဖုန်းဆက်လိုက်တာ ဖုန်းက ပိတ်ထားတယ်ကွာ ...

မင်း သိတဲ့အတိုင်းပဲ ငါက မရရင် ပိုလုပ်တတ်တဲ့ကောင်ဆိုတော့ အိမ်ကိုလိုက်သွားတာ။ သူက အိပ်နေတုန်းပဲ ရှိသေးတာ။ ငါ့ကို မောင်းထုတ်တယ် ဆရာ။ ဒါပေမဲ့ အဲဒီပုံစံက အရမ်းမိုက်တယ် ...

ငါ သူ့ကို ချစ်မိတော့မယ်နဲ့တူတယ်။ သူ့ကို ခဏခဏ သတိရတယ်။ သူနဲ့ စကားပြောချင်တယ်၊ တွေ့ချင်တယ်။ အဲဒါ မင်း ဘယ်လိုသဘောရလဲ ...

ငါ့ကို နည်းနည်း ဝေဖန်ပေးပါဦး"

"ဝေဖန်စရာကို မလိုဘူး။ မင်း သူ့ကို ချစ်တော့မယ်။ ဒါ အစပဲ။ ဒီအချိန်မှာ နောက်ဆုတ်မယ် ဆိုရင်တော့ မိသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ တွေဝေသွားသည်။ နောက်ဆုတ်ချင်သလား စဉ်းစား၏။ နားထဲတွင် ကြားနေကြဖြစ်သော သီချင်းတစ်ပိုင်းတစ်စကို ကြားယောင်ပြီးလာသည်။

"နောက်ဆုတ်ဖို့ ကြိုးစားရင်း ... ရှေ့ဆက်တိုးမိ ... မေ့ပျောက်ဖို့ အားထုတ်မှ ပိုမိုကာ သတိရမိ"

သူ့အဖြစ်ကလည်း အဲဒီလို ဖြစ်နေသလားတော့ မပြောတတ်ချေ။ တမင်သတိမရဘဲ သူ့အလိုလို ခေါင်းထဲရောက်လာသော သူမ အကြောင်းတွေက စိုးမိုးနိုင်လွန်းလေသည်။

"မင်း စဉ်းစားနော်။ သူတို့က နေတာ ထိုင်တာ သိပ်ဆိုရှယ်ကျတယ်။ ဒါတွေလည်း မင်းမျက်မြင်ပဲလေ။ သူနဲ့ မင်းနဲ့ ရေရှည်မှာ ဖြစ်နိုင်မလားဆိုတာကို စဉ်းစား"

"ခက်တာက ငါ သူ့ကိုမှ ရင်ခုန်နေတာပဲ"

"အဲဒါတော့ ငါ မပြောတတ်တော့ဘူး။ မင်းသဘောပဲ။ မင်း ရင်ခုန်တဲ့ မိန်းကလေး ရှားတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ သူတို့ type နဲ့ ငါတို့ type တွေက ကွာတယ် ...

ရေရှည်မှာ ဒါတွေက ပြဿနာတွေ ဖြစ်လာနိုင်သလား ဆိုတာကို စဉ်းစားရမှာ။ ပြောလို့တော့ ရဘူးပေါ့ကွာ။ မင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်သွားပြီ၊ နားလည်မှုနဲ့ ညှိယူကြရင်တော့ အခြေအနေတွေက ကောင်းချင် ကောင်းလာနိုင်တာပဲ ...





ဒါမျိုးကိစ္စတွေက ပြောရခက်တယ်ကွ။ မင်း ဆုံးဖြတ်ပေါ့ကွာ။ မင်းက ယောကျ်ားလေးပဲ၊ မင်းရှေ့တိုးမှ ဖြစ်လာမယ့် အခြေအနေပါ ...

သူ့ဘက်ကရော ဘယ်လိုရှိလဲ"

"သူကတော့ အေးဆေးပဲ။ သူ့ကြည့်ရတာ အဲဗားအေးဆေးနဲ့ အဲဗားဂေါ်လီပဲနဲ့ တူပါတယ်ကွာ"

"ဟုတ်တယ်၊ သူ့ Style က အဲလိုပဲ။ ဆိုရှယ်ကျပေမယ့် ဣန္ဒြေပျက်လောက်အောင် ယောကျ်ားတွေနဲ့ ဟီးဟီးဟားဟား နေတာတော့ မဟုတ်ဘူး ...

နားလည်ရခက်တဲ့ မိန်းမမျိုးထဲမှာ ပါတာနဲ့ တူပါတယ်"

သူက နွေးစပြုနေသည့် စံပယ်ရေနွေးကြမ်းကို တစ်ချက်မော့သောက်ရင်းမှ ...

"သူ့ဘဝအကြောင်းကို သိရတော့ သူ့ကို သနားမိတယ်ကွာ။ သူက အခု တစ်ယောက်တည်းနေတာ။ ငယ်ငယ်တည်းက မိဘတွေကဆုံး၊ အဒေါ်ကလည်းဆုံးနဲ့ ဘဝကို တစ်ယောက်တည်း ရင်ဆိုင်နေရတဲ့ သူ့နံဘေးမှာ ငါက ရပ်တည်ပေးချင်တဲ့စိတ်တွေ ပေါ်လာတယ် ...

သူ မှားနေတာတွေ ရှိရင်လည်း ပြုပြင်ပေးချင်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတွေကပဲ ဆိုးတဲ့ ချစ်သူယောကျာ်းတွေကို ပြုပြင်ပေးချင်တဲ့ စိတ်ကူးရှိတာပါ။ မင်းကျမှပဲ မင်းက သူ့ကို ပြုပြင်ပြောင်းလဲယူမယ်ပေါ့"

"ဟုတ်တယ်။ သူ့မှာ ငါမကြိုက်တဲ့ အချက်တွေ တော်တော်များများရှိတယ်။ ငါ လက်ထပ်ချင်တဲ့ မိန်းကလေးက ဒီလိုပုံစံမျိုး မဟုတ်ဘူး ...

ဒါပေမဲ့လည်း သူ့ကို ရင်ခုန်နေပြန်တယ်။ ဒီတော့ အဲဘက်ဘက်က အဆင်ပြေလာအောင် ငါ ကြိုးစားညှိယူရမှာပဲ"

"မင်း ပင်ပန်းလိမ့်မယ်။ ပြီးတော့ စိတ်ညစ်စရာတွေနဲ့ ကြုံရမယ် ...

အဲဒါတွေကို တောင့်ခံပြီး ကျော်လွှားနိုင်ရင်တော့ မင်း ဖြစ်ချင်တဲ့အတိုင်း ဖြစ်လာမှာပဲ"

"ရတယ်ကွာ။ ငါက ခက်တာတွေမှ ကြိုက်တဲ့ကောင်ဆိုတော့ ပြဿနာမရှိပါဘူး၊ ကိုယ်က ဖြစ်ချင်တာပဲ ကြိုးစားရမှာပေါ့"

"အိုကေလေ ... မင်းအတွက် ငါ ဆုတောင်းပေးနေပါ့မယ်"

ကျော်ထင့်ရဲ့စကားသံအဆုံးတွင် သူက နည်းနည်းမြူးသောစိတ်ဖြင့် ရေနွေးကြမ်းခွက်ကို မြှောက်ပြလိုက်သည်။ သူ့မျက်လုံးထဲတွင် နာရီပိုင်းအတွင်းက တွေ့ခဲ့ရသော မှုန်အစ်အစ်





ခပ်မိုမို မျက်နှာလေးကို မြင်ယောင်လာသည်။ စကားတစ်ခွန်းကြားဖူးသည်။ မိန်းမတစ်ယောက်ရဲ့အလှစစ်ကို ကြည့်ချင်ရင် အိပ်ရာနိုးကာစ အချိန်မှာ သွားကြည့်ရတယ်တဲ့။

သူမရဲ့အလှစစ်ကတော့ တကယ်ကို မက်လောက်စရာအပြည့်ဖြစ်သည်။ ဒီမျက်နှာလေးကိုသာ မနက်နိုးထတိုင်း အမြဲမြင်တွေ့ခွင့် ရမယ်ဆိုရင်ရောဗျာ ? ။ အဲဒီအတွေးနဲ့တင် ရင်ခုန်နှုန်းက အဆမတန် မြင့်တက်လာကာ ချစ်တဲ့စိတ်သည် နှလုံးသားမှတစ်ဆင့် ခန္ဓာကိုယ် အနှံ့အပြားသို့ စီးဆင်းသွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၇

မိုးသည်းရဲ့ စိတ်ရေယာဉ်လှိုင်းတို့သည် တစ်နေရာတည်းမှာပဲ ရှူးစိုက်ကာ ငြိမ်သက်နေကြသည်။ အရေးကြီးသောအချိန် ဖြစ်နေ၍ အခန်းထဲမှာ ဘယ်သူကမှ စကားမပြောကြချေ။ အလိုက်သင့်သော ချိန်ဆမှုမျိုးဖြင့် မိုးသည်းက ကြူတံကို ဆတ်ခနဲ တွန်းထုတ်လိုက်လျှင် ဘောလုံးအပြာလေးကို တိတိကျကျ သွားတိုက်မိကာ ကျင်းထဲသို့ လိမ့်ဝင်သွားလေသည်။

"ဟေး ... ချီးယားစ်"

မိုးသည်း နိုင်သွားသဖြင့် ကြင်နာက ဝမ်းသာအားရ ထအော်သည်။ ကြင်နာ့ဘေးက ကောင်လေးကတော့ မျက်နှာ ရှုံ့ရှုံ့မဲ့မဲ့ဖြစ်သည်။ မိုးသည်းက အပြောကြီးလှသော ကောင်လေးကို ဘယ်လိုလဲဟု တစ်ချက်စိုက်ကြည့်လိုက်လျှင် ကောင်လေးက အီလည်လည်ရုပ်ဖြင့် မဲ့ရွဲ့ပြသည်။





"ကဲ ... ရာဇာ၊ ရှင့်ကတိနဲ့ ရှင်ပဲနော်။ မိုးသည်းရဲ့ကားရှေ့မှာ ဆယ်မိနစ်တိတိ ဒူးထောက်နေပေတော့"

"ဟား ... မ,ရယ်။ မှာကပါ ကျွန်တော့်ကို ရက်စက်တော့မလို့လားဗျာ"

ကြင်နာရဲ့ ရည်းစားသစ်လေး ရာဇာက အပေါစားကိုရီးယားအိုက်တင်တွေဖြင့် ကြူသည်။ မိုးသည်းကတော့ အဲဒီပုံစံကို လှောင်ရယ်စရာ သတ္တဝါတစ်ကောင်ကို ငေးကြည့်နေသည့်အလား ခပ်ပြုံးပြုံးနှင့် ကြည့်ပေးနေလိုက်သည်။ ဒီချာတိတ်ဟာ မိုးသည်းတို့ထက် လေးငါးနှစ်လောက် ငယ်ပေမယ့် မိဘချမ်းသာသော အရှိန်အဝါရယ်၊ ရုပ်ရည်လေး သနားကမားရှိသော အရှိန်လေးရယ်နှင့် မြောက်ကြွ မြောက်ကြွ ဖြစ်နေခြင်းဖြစ်သည်။

ထုံးစံအတိုင်း ကြင်နာ့ကို ဘယ်ရည်းစားကို အချစ်ဆုံးလဲဟု မေးရာမှ စလုံးကို အချစ်ဆုံး၊ စလုံး ဆိုတာ ဘာကောင်လဲ ဘယ်ကလဲဟု မေးခွန်းတွေ တိုက်စစ်တွေနဲ့ အစဖြူရာမှ အဲဒီစလုံးဟာ စနူကာထိုးရာမှာလည်း မိန်းကလေးတွေထဲမှာ ရှားရှားပါးပါး တော်သူဖြစ်ကြောင်း သိရသောအခါ သူက စတင်ပြီး စနူကာပြိုင်ထိုးဖို့ ဖိတ်ခေါ်တာပင်။ အလောင်းအစားပါမှ ရင်ခုန်သော မိုးသည်းကလည်း ရှုံးတဲ့သူဟာ အနိုင်ရသူရဲ့ ကားရှေ့မှာ ဆယ်မိနစ်တိတိ ဒူးထောက်ကြေး လောင်းခဲ့သည်။ အခုတော့ အပြောကြီးသော၊ တစ်ဖက်သားကို အထင်သေးသော ရာဇာမင်းဆွေမှာ မိုးသည်းကို ရှုံးနိမ့်ခဲ့ရပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ရာဇာ၊ သွား ... သွား။ သူ့ကားရှေ့မှာ မြန်မြန် ဒူးသွားထောက်လိုက်။ ရှင် ကျုပ်နဲ့ နေ့လယ်စာ စားမှာဆို။ ကျုပ် ဗိုက်ဆာနေပြီ၊ မြန်မြန်းသွားထောက်တော့"

ကြင်နာကလည်း သူ့ရည်းစားကို တော်တော်ချစ်စွာဖြင့် နောက်ကျောကနေပြီး တွန်းထုတ်သည်။ ကောင်လေးက ရှုံ့ရှုံ့မဲ့မဲ့၊ ယက်ကန် ယက်ကန်ဖြင့် ထွက်သွားကာ မိုးသည်းရဲ့ ကားရှေ့မှာ ဒူးသွားထောက်သည်။ အဲဒါကို ကြင်နာနှင့် မိုးသည်းက လက်ပိုက်ရင်း ပြုံးကြည့်နေမိကြသည်။ အဲဒီအချိန်မှာပဲ ကားတစ်စီးက ဝင်လာကာ ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ မိုးသည်းသည် အဲဒီလူကို မြင်ရသောအခါ ဆုံပြန်ပြီဟူသော အတွေးဝင်ရောက်သွားသော်လည်း သူကတော့ အံ့ဩဝမ်းသာသွားရိပ်တွေကို တွေ့ရသည်။

ကြင်နာက သူ လှမ်းလျှောက်လာပုံကို လက်တို့ကာ "အမိုက်စားပဲ"ဟု ခပ်တိုးတိုး ကပ်ပြောသည်။ သူသည် ကျေးဥစိမ်းရောင် အောက်ခံပေါ်မှာ အနက်ရောင် ရွှေမှုန်ကြိုးမျှဉ်းလေးများ မြုပ်နှံပါဝင်သော Alter ရှပ်အင်္ကျီလက်တိုကို ကာကီရောင် လောင်းပန်တစ်ထည်ဖြင့် သပ်ရပ်စမတ်ကျစွာ တွဲဖက်ဝတ်ဆင်ထားသည်။ သူ့တစ်ကိုယ်လုံးမှာ အထူးခြားဆုံးကတော့ ယောက်ျားပီသသည့် ရင်အုပ်မြင့်မြင့်များပဲ ဖြစ်တော့သည်။ သူကလည်း ဒီအားသာချက်ကို သိကာ Body fitting တွေချည်းပဲ ဝတ်သလားတော့ မပြောတတ်ပါ။





သူက မိုးသည်းရဲ့ကားရှေ့မှာ ဒူးထောက်နေသော ကောင်လေးကိုတစ်လှည့်၊ မိုးသည်းတို့ကို တစ်လှည့်ကြည့်ကာ ဘာတွေဖြစ်နေတာလဲ ဟူသော အဓိပ္ပာယ်ဖြင့် မေးဆတ်ပြသည်။ ကြင်နာကတော့ သူ့ကို တွေ့တာနှင့် ရင်းနှီးစွာ နှုတ်ဆက်သည်။

"ဟိုင်း ... ဘော်ဒါကြီး။ မတွေ့တာတောင် ကြာပြီနော်"

"ဟုတ်တယ်။ နေကောင်းတယ် မဟုတ်လား"

"ကောင်းပါ့ရှင်"

သူက မိုးသည်းကို ပြုံးစစနှင့် စိုက်ကြည့်ကာ ဒူးထောက်နေသော ရာဇာဘက်သို့ တစ်ချက်မေးဆတ်ပြရင်း ...

"ဟိုတစ်ယောက်က ဘာဖြစ်တာလဲ။ မိုးသည်းရဲ့အချစ်ကို ဒူးထောက်ပြီး တောင်းခံနေတာလား"

"မဟုတ်ပါဘူး။ စန္ဒကာပြိုင်ထိုးတာ ရှုံးသွားလို့ ကျွန်မကားရှေ့မှာ ဆယ်မိနစ် ဒူးထောက်နေရတာ"

"အိုး ... မင်းက စန္ဒကာဆရာကြီးလား"

"ဒီလိုပါပဲ"

သူ့မျက်နှာက စိတ်ဝင်စားရိပ်တွေဖြင့် ပြည့်လျှံသွားသည်။ မိုးသည်းကို ကြည့်လာသော မျက်လုံးတွေက တဖျပ်ဖျပ်နှင့် အရောင်တွေ လက်လာသည်ဟု ထင်မြင်မိလေသည်။

"ကိုယ် လုံးဝထင်မထားဘူးကွာ။ ကိုယ်က စန္ဒကာဆော့တာ အရမ်းဝါသနာပါတာကွ။ အတော်ပဲ အဖော်ရပြီ"

"အခုတော့ မဖြစ်နိုင်သေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ဪ ... ခဏလေး။ မင်း နေ့လယ်စာစား ပြီးပြီလား။ မစားရသေးရင် ကိုယ် ကျွေးချင်တယ်။ ကိုယ်က ဒီကို အလုပ်ကိစ္စတစ်ခုနဲ့လာတာ၊ ဆယ့်ငါးမိနစ်လောက်ဆို ပြီးပြီ။ ဘယ်လိုလဲ"

"ရပါတယ်"

"ရပါတယ် ဆိုတာက ဘယ်လို ရပါတယ်လဲ။ မစားတော့ဖို့ ရပါတယ်ကို ပြောတာလား။ စောင့်ဖို့ ရပါတယ်ကို ပြောတာလား"

"မစားဖို့ ရပါတယ်ကို ပြောတာ၊ ကျွန်မတို့ ပြန်တော့မှာ"

"သွားရင် သွားလေ စလုံးရဲ့။ ငါက ရာဇာနဲ့ လိုက်သွားမယ့်ဟာ၊ နင် တစ်ယောက်တည်း ဘယ်ကိုလိမ့်မှာလဲ။ ဟိန်းညီတို့နဲ့ ချိန်းထားသေးလို့လား"

"ချိန်းမထားပါဘူး။ အိမ်ပြန်မှာ"

"ဒါဆို လိုက်စားလေ။ ဟင်း ... ဒီခေတ်ကြီးထဲမှာ ထမင်းတစ်နပ် အလကားစားရတယ်ဆိုတာ နည်းလား။ ကဲ ... ကိုမိုးလုံးမှိုင်း၊ ရှင့်ကိစ္စကို သွားဖြတ်ခဲ့ ...

ကျွန်မတို့ စောင့်ပေးမယ်၊ အိုခေ ? "

ကြင်နှာကပဲ ကြားထဲက ဓာတ်ညွှန်းဝင်ရေးလိုက်လျှင် သူက သဘောတကျနှင့် ပြုံးရယ်ကာ အိုခေ အိုခေဟု ရေရွတ်လျက် အဆောက်အအုံတွင်းသို့ ဝင်သွားသည်။ ဆယ်မိနစ်ပြည့်သွားသော ရာဇာက ရှုံ့ရှုံ့မဲ့မဲ့နှင့် အနားရောက်လာလျှင်





ကြင်နှာက ကားထဲမှာ သွားစောင့်နေဖို့မှာသည်။ မိုးသည်းသည် ကြင်နှာကို တစ်ချက်လှည့်ကြည့်ကာ ...

"အကြင်နှာမိုးဆွေ ... နင် ဘာတွေ ဓာတ်ညွှန်းရေးနေတာလဲ။ နင် ဗေယာ:ရှုပ်သလို ငါ့ကို ဗေယာ:ရှုပ်စေချင်နေတာလား"

"ဘာရှုပ်စရာရှိလဲ။ သူ့ကြည့်ရတာ နင့်ကို ရင်ခုန်နေမှန်း အသိသာကြီးပဲဟာ။ ဒီလို ဘဲမျိုးနဲ့ ဘာဖြစ်လို့ မတွဲချင်ရတာလဲ။ မှန်မှန်ပြောစမ်း စလုံး ...

နင် သူ့ကို လုံးဝစိတ်မဝင်စားဘူးလား"

အဲဒီမေးခွန်းကိုတော့ မိုးသည်းသည် ချက်ချင်းမဖြေနိုင်ပါ။ သူ ပြောချင်ရာပြောကာ သူ ထင်ရာလုပ်တတ်သောသူ၊ သူများအိပ်နေတုန်း ဖွတ်လာနှိုးတတ်သူ စသဖြင့် ဖွတ်သမားကြီးကို တခြားယောကျ်ားတွေနဲ့ မတူသည့် ဗီလင်ခံစားရသည်ဟု ထင်လေသည်။ ဒါကိုက နောင်အတွက် အစပထမဖြစ်နေခြင်းလားမပြောတတ်တော့ပါ။

"သူက သူများတွေနဲ့ မတူတာတော့ အမှန်ပဲ"

"ငါပြောတာ အဲဒါပဲလေ။ နင့်အတွက် ယောကျ်ားဆိုတာ ဘာမှ ထူးခြားတဲ့သူတွေ မဟုတ်ဘူး။ အဲဒီထဲကမှ သင်းကလေးဟာ ကိုယ့်အတွက် ထူးခြားတယ်ဆိုရင် လှုပ်ရှားသင့်တာပေါ့၊ မဟုတ်လား"

"သူ့ကြည့်ရတာ ရစ်တတ် ဂျစ်တတ်မယ့်ပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အာ… အဲဒီ ရစ်တစ် ဂျစ်တတ်တာလေးတွေကမှ ရင်ခုန်ဖို့ ကောင်းတာဟဲ့။ ရစ်တာတွေကို တစ်ပတ်ချင်း မြေပေးရတာကိုက အရသာတစ်ခုပဲဟာ …

စလုံး … နင် အချစ်နဲ့ ဝေးနေတာ ကြာပြီနော်။ လူဆိုတာ အချစ်နဲ့ အကြာကြီး ဝေးဝေးမနေရဘူးဟဲ့။ အချစ်နဲ့ ဝေးတာကြာရင် ဂေါက်သွားတတ်တယ် …

ဒီတော့ စိတ်ကျန်းမာရေးအတွက် အချစ်နဲ့ မကြာမကြာ ထိတွေ့ပေးရတယ်"

မိုးသည်းက ကြင်နာရဲ့ဒိုင်တွေကို သဘောတကျဖြင့် ပခုံးတွန့်ကာ အသာရယ်မောရလေသည်။ အဲဒီအခိုက်မှာပဲ သူက ပြန်ရောက်လာကာ …

"ဘယ်ဆိုင်မှာ စားမလဲ ခေါ်မိုးသည်း၊ အကြင်နာမိုးဆွေရော လိုက်ခဲ့လေ"

"ဟင့်အင်း။ ကြင်နာက ဘဲဘဲနဲ့ သွားမှာ။ စလုံးကိုပဲ ခေါ်သွားတော့၊ စလုံး … ငါ လစ်ပြီ"

ကြင်နာက လှည့်ထွက်သွားလျှင် မိုးသည်းက သူ့ကို တည့်တည့်စိုက်ကြည့်လိုက်သည်။ သူကလည်း မိုးသည်းကို ဘယ်လိုလဲ ဟူသော အထာဖြင့် ပြန်ကြည့်နေ၏။

"ကျွန်မက မြန်မာထမင်းဟင်း စားချင်တာ"

"feel မှာ ကိုယ်လိုက်ကျွေးမှာပေါ့"





သူ့စကားကို ကလေးတစ်ယောက်ကို အလိုလိုက်သော စကားလိုမို့ မိုးသည်းရင်ထဲတွင် နွေးခနဲ ဖြစ်သွားသည်။ နွေးထွေးမှု ဆိုတာ ဒါမျိုးကို ပြောတာလား။ ယောကျ်ားတစ်ယောက်ဆီက ကြင်နာနွေးထွေးတဲ့ ဆက်ဆံမှုဆိုတာ အမြဲတမ်း အစစ်အမှန်တွေ ရနိုင်တာ မို့လို့လား။

မိုးသည်းက စိတ်ကူးအတွေးလှိုင်းတွေရဲ့ ခေါ်ဆောင်ရာနောက်ကို မျောပါသွားသဖြင့် သူ ခေါ်လိုက်တော့မှပင် သတိပြန်ဝင်လာသည်။

"သွားမယ်လေ မိုးသည်း၊ မင်း ရှေ့က မောင်းသွားလိုက်"

မိုးသည်းက တစ်စုံတစ်ရာ မငြင်းဆိုတော့ဘဲ ကားကို ရှေ့မှမောင်းထွက်လိုက်သည်။ ကားမောင်းရင်းနဲ့ စိတ်ကူးပြောင်းသွားသောကြောင့် ကားပေါ်မှနေ၍ သူ့ထံသို့ ဖုန်းလှမ်းခေါ်လိုက်သည်။

"ကန်တော်ကြီးထဲက White Rice ကိုပဲ သွားတော့မယ်။ အဲဒီကိုပဲ လိုက်ခဲ့ပါ"

"အိုခေ"

သူက ဘာမှ ပြန်မမေးချေ။ ကန်တော်ကြီးထဲက White Rice စားသောက်ဆိုင်သို့ ရောက်တော့မှပဲ မျက်နှာချင်းဆိုင်ထိုင်ရင်း သူက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲ၊ ပြောတော့ မြန်မာအစားအစာ စားချင်တယ်ဆို"

"အင်း ... ဒါပေမဲ့ စိတ်ကူးက တစ်စက္ကန့်အတွင်းမှာကို ပြောင်းလဲသွားတယ်၊ ဒီမှာက ပိုပြီး အေးအေးဆေးဆေး ရှိမယ် ထင်လို့လေ ...

ရှင် ဘာစားမှာလဲ။ ကျွန်မက အမေရိကန်ထမင်း ကြော်နဲ့ လိုင်းမ်ဂျူ့စ်"

"ကိုယ်လည်း အမေရိကန် ထမင်းကြော် ကြိုက်ပါတယ်။ အဲဒါနဲ့ ကိုလာတစ်ဘူးပေါ့"

ဝိတ်တာက သူတို့မှာတာတွေကိုမှတ်ပြီး ထွက်ခွာသွားသည်။ သူက မိုးသည်းကို ကုလားထိုင်မှာ နောက်မှီပြီး ရှုစားသလိုလို၊ အရသာခံသလိုလို ပုံစံဖြင့်ကြည့်ကာ ...

"မိုးသည်းစ ညအိပ်ရင် ဖုန်းကိုပိတ်ပြီး အိပ်လေ့ရှိသလား"

"အဲလိုမှ မဟုတ်ရင် ကျွန်မ ဘယ်လိုလုပ် ကောင်းကောင်း အိပ်လို့ရတော့မလဲ၊ ဒီလိုလုပ်ထားတာတောင် အိမ်တိုင်လာ ရောက် လာနှောင့်ယှက်တဲ့ သူတွေက ရှိသေးတယ်"

မိုးသည်းရဲ့အပြောကို သူက မျက်ခုံးတစ်ဖက် ပင့်တင်ပြီး ပြုံးကာ ...

"မင်းက ခုမှပဲ မိန်းမဆန်တော့တယ်"

"ဘာလဲ ... ကျွန်မကို ယောကျ်ားလျာ ထင်နေတာလား"





"အဲလို မထင်ပါဘူး။ မင်းပုံစံက အဲလို မိန်းမသိပ်မဆန် ဘူး၊ ယောကျ်ားဆန်ဆန်ကြီးလည်း မဟုတ်ဘူး။ သူများနဲ့ မတူတဲ့ Style တစ်ခု ရှိနေတဲ့အတွက် ပိုစိတ်ဝင်စားဖို့ ကောင်းတာ"

"ဒီနေ့ ထမင်းကို ရှင်ကျွေးမှာနော်"

"ဟုတ်ပါတယ်၊ အမှန်တရားကိုလည်း ပြောခွင့်ရှိတယ် မဟုတ်လား"

အပြောကောင်းလွန်းသောကြောင့် မိုးသည်းသည် အသာအယာပဲ ပြုံးမိလေသည်။ ခဏနေသောအခါ စားသောက်ဖွယ်ရာတွေ ရောက်လာသဖြင့် စားရင်းသောက်ရင်း စကားပြောမိကြသည်။ သူက စားသောက်ရင်းမှ မိုးသည်းကိုလည်း မထင်တာတွေ လှျောက်မေးသေးသည်။

"မိုးသည်းစ ... မင်း ထမင်းဟင်းကောင်းကောင်း ချက်တတ်သလား"

"No"

"လုံးဝကို မချက်တတ်တာလား"

"မချက်တတ်သလောက်နီးနီးကို မချက်တတ်တာ"

"ဟုတ်လား ! မင်း မချက်တတ်လည်း ကိစ္စမရှိပါဘူး။ ကိုယ်က ဟင်းကောင်းကောင်း ချက်တတ်တယ်ကွာ။ မင်း ဘာတွေကြိုက်တတ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက ဘာကြီးလဲ။ မိုးသည်းက သူ့ကို ရှုးခနဲ ကြည့်လိုက်သော်လည်း သူကတော့ ဘယ့်နှယ်မှ နေဟန် မရှိချေ။ ထမင်းကိုပဲ ခပ်တည်တည်ဖြင့် စကားနေသည်။ ပြော ပြန်ရင်လည်း ကိုယ်ကပဲ သန်ရာ သန်ရာ တွေးတယ် ဖြစ်ဦးမည်။ မိုးသည်းက သံပရာရည်ကို တစ်ချက်ကောက်မော့လိုက်ပြီးမှ ပြန် ချကာ ...

"ကျွန်မ အဓိက ကြိုက်တာတော့ မြန်မာထမင်းဟင်းပဲ"

"ဟုတ်လား ... မထင်ရဘူးနော်"

မိုးသည်းသည် ဒီတစ်ခါတော့ တကယ်တင်းလာ သဖြင့် စားလက်စ ဇွန်းနှင့်ခက်ရင်းကို ပန်းကန်ထဲသို့ ပစ်ချလိုက် ကာ ...

"ဒီမှာ ... ရှင် ဘာကြောင့် ကျွန်မကို လိုက်,လိုက်ဖဲ့နေရ တာလဲ"

"ကိုယ် မင်းကို လက်ဖျားနဲ့တောင် မတို့ရသေးပါဘူး"

"ရှင် အရှုးကွက်တွေ လာနင်းမနေနဲ့။ ကျွန်မ ဘာကိုဆိုလို တယ်ဆိုတာ ရှင် သိတယ်။ မြန်မာအစားအစာ ကြိုက်တယ် ဆိုတာနဲ့ မထင်ရဘူးနော် ဆိုတာနဲ့ ဘာဆိုင်လဲ"

"သြော် ... မင်းက လန်ထွက်နေတဲ့ ဒီဇိုင်းနဲ့လေ၊ ဥရောပ အစားအစာတွေပဲ ကြိုက်တယ် ထင်တာပေါ့ ...

ကိုယ်က မြန်မာထမင်းဟင်းကို ကောင်းကောင်း ချက်တတ်ပါတယ်။ ဩစီမှာ ကျောင်းတက်စုန်းက ကိုယ့်





ဟာကိုယ် ချက်စားရင်းနဲ့ ချက်တတ်သွားတာ။ ကိုယ့်အမေ ကလည်း ဟင်းချက်အရမ်းကောင်းတာ။ ဒီပြန်ရောက်ရင် အမေနဲ့အတူတူ ဝင်ချက်၊ ဟိုမှာ ပြန်ချက်၊ ဒါနဲ့ပဲ ကျွမ်း ကျင်သွားတာ ...

မင်း အမဲသား စားလား"

"စားတယ်"

"အိုခေ ... ကိုယ်က အမဲသားကို ကောင်းကောင်း နှပ် တတ်တယ်။ ကိုယ်နှပ်တဲ့ မြန်မာအမဲနှပ်ဆို ဟိုက သူငယ် ချင်းတွေကြားမှာ အရမ်းနာမည်ကြီးတယ်။ တစ်နေ့လောက် မင်းကို နှပ်ကျွေးဦးမယ်"

"စိတ်မဝင်စားပါဘူး"

"အပြောမကြီးနဲ့နော်။ နောက်မှ ဒီလက်ရာမျိုးကို တစ်သက် လုံး စားချင်တယ်ဆိုမှ ငုတ်တုတ်မေ့နေမယ်။ မင်းသိအောင် တစ်ခု ပြောပြရရင် ကိုယ်က ဘဝမှာ ဘယ်မိန်းတစ်ယောက် ကိုမှ take care လုပ်ခဲ့ဖူးတာ မဟုတ်ဘူးနော် ...

ပင်ပင်ပန်းပန်းနဲ့ ဟင်းချက်ကျွေးဖို့ဆိုတာ ဝေးပဲ။ တကယ်လို့သာ မင်းကို ပထမဦးဆုံး ဟင်းချက်ကျွေးဖူး ခဲ့ရင် မင်းဟာ ကိုယ့်လက်ရာကို စားဖူးတဲ့ ပထမဆုံးမိန်း ကလေး ဖြစ်သွားမှာပဲ"

သူ ပြောနေတဲ့ပုံက တကယ့်ကို ဟန်နဲ့ ပန်နဲ့ပြော နေတာမို့ မိုးသည်းက အဲဒီပုံစံကို တစိမ့်စိမ့် စိုက်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



သဘောတကျ ပြုံးလျက်ရှိသည်။ ယောက်ျားတွေ ... ယောက်ျားတွေ။ ဒီလိုအပြောတွေနဲ့ပဲ မိန်းမတွေရဲ့နှလုံးသားကို လိမ်ညာပြီးတော့ သိမ်းပိုက်ထားတာ။

"မင်း ကိုယ့်ကို ဘာဖြစ်လို့ အဲဒီလိုပြုံးပြီး စိုက်ကြည့်နေရတာလဲ။ ကိုယ့်ကို ဘယ်မိန်းမကမှ အဲဒီလိုမျိုး မကြည့်ဖူးဘူး"

"ကျွန်မကတော့ ယောက်ျားတော်တော်များများကို အဲဒီလို ကြည့်ဖူးတယ်"

မိုးသည်းရဲ့ အဲဒီအပြောကြောင့် သူက နင်သွားဟန်တူသည်။ စားလက်စကိုတောင် ဆက်မစားနိုင်တော့ဘဲ ရှုံ့ရှုံ့မဲ့မဲ့နှင့် အိုက်တင်ပျက်သွားသည်။

"မိုးသည်းစ ... မင်းက ယောက်ျားတွေကို ရယ်စရာလှောင်စရာ ကစားစရာ သတ္တဝါတွေအဖြစ် သဘောထားတာလား"

"ကစားစရာ ကောင်းလောက်အောင်ကို ယောက်ျားတွေက စိတ်ဝင်စားစရာ မကောင်းပါဘူး။ ရယ်စရာကောင်းတာတော့ အမှန်ပဲလေ။ တကယ်တော့ ယောက်ျားတွေကို စိုက်,စိုက်ကြည့်မိတာက ရယ်စရာကောင်းနေလို့ပါ။ တခြားဘာရည်ရွယ်မှ မရှိပါဘူး"

သူက စားလက်စ ဇွန်းနဲ့ ခက်ရင်းကို ပစ်ချကာ တစ်သျှူးစာရွက်ကို ဆွဲထုတ်ရင်း ပါးစပ်သုတ်သည်။ ပြီးတော့





ဝိတ်တာကိုခေါ်ကာ Bil!s တောင်းသည်။ သူ့ပုံစံက ခုကိုပဲထပြန်တော့မည့် ရှူးရှူးရှဲရှဲ ပုံစံမျိုးမို့ မိုးသည်းကလက်ပိုက်ကာ အသာပြုံးကြည့်နေလိုက်သည်။ ဝိတ်တာ လာပေးသော Bills ရောက်လာလျှင် ပိုက်ဆံ ထုတ်ရှင်းပြီးနောက် မတ်တတ်ထရပ်ကာ ...

"ကိုယ် ပြန်တော့မယ်"

"ပြန်လေ"

သူက မိုးသည်းကို ခပ်တင်းတင်းတစ်ချက် စိုက်ကြည့်ကာ ဘာမှမပြောတော့ဘဲ လှည့်ထွက်သွားသည်။ မိုးသည်းက ဖြစ်ပျက်သွားသော ပုံစံကို သဘောတကျဖြင့် နှုတ်ခမ်းတစ်ချက်တည်းတွန့်ပြီး ပြုံးကာ လက်ကျန်သံပရာရည်ကို ယူသောက်နေစဉ်မှာပဲ ခေါင်းတစ်ခုက ထွက်ပေါ်လာသဖြင့် မော့ကြည့်လိုက်လျှင် လေးငါးလှမ်း လျှောက်သွားပြီဖြစ်သော သူက ပြန်လှည့်ပြီး ခေါ်လိုက်ခြင်းဖြစ်သည်။ သူက မိုးသည်းကို စိုက်ကြည့်ရင်းပြောသည်။

"I wanna kill u"

အဲလို ပြောပြီးတာနှင့် မိုးသည်းကို လက်ညှိုးနှင့် လက်မကွေးကာ သေနတ်နဲ့ ပစ်သတ်သည့်သဏ္ဌာန် လုပ်သွားသည်။ ပြီးတော့ ချာခနဲ လှည့်ထွက်လို့ သွားလေသည်။ မိုးသည်းသည် အဲဒီလို လုပ်သွားသော ပုံစံကိုတော့ တကယ်ကိုပဲ အံ့သြမိသွားကာ နှုတ်ခမ်းနည်းနည်းဟ မျက်လုံးနည်းနည်းဝိုင်းသွားပြီးနောက် ထွက်ခွာသွားသော သူ့ကျောပြင်ကို စိုက်ကြည့်ပြီး ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘာကြောင့်မှန်းမသိဘဲ နှုတ်ခမ်းတွေက တဖြည်းဖြည်း ပြုံးလာမိကာ တစ်ယောက်တည်း သဘောကျစွာဖြင့် ခေါင်းယမ်းနေမိတော့သည်။

* * *





# လှိုင် ၀ နှင်း

ကမ္ဘာ့ပေါ်တွင် နားလည်ရအခက်ဆုံး မိန်းမတွေကို စာရင်းပြုစုပါဆိုလျှင် အဲဒီစာရင်းထဲ၌ မိုးသည်းစကို ထည့်ရမည် ဖြစ်သည်။ သူမသည် အင်မတန် ပွင့်လင်းသည်။ အင်မတန် လျို့ဝှက်သည်။ ဆန့်ကျင်ဘက် အကျင့်စရိုက်နှစ်မျိုးကို တစ်ပြိုင်နက်တည်း ပေါင်းစပ်ကျင့်သုံးထားသောကြောင့် နားလည်ရခက်သည့် မိန်းမမျိုး ဖြစ်သွားလေသည်။ သူ့ကို သူမ ဘယ်လိုသဘောထားသလဲဆိုတာ အင်မတန် နားလည်ရခက်လှသည်။ ဒါပေမဲ့ သူ့သဘောထားတွေကတော့ သူမအပေါ်တွင် တစ်နေ့တခြား ပြောင်းလဲလာခဲ့သည်။

အဲဒါကတော့ သူမကို ချစ်မိနေပြီ ဟူသော သဘောထားပဲ ဖြစ်တော့သည်။ သူက ကိုယ့်ကိုယ်ကိုယ်မို့ ပြောခြင်းမဟုတ်ချေ။ သူ့ကိုဆိုလျှင် ဘယ်လိုမိန်းမမျိုးဖြစ်စေ သဘောတကျနှင့်



www.burmeseclassic.com

www.burmeseclassic.com



ချိုသာစွာ ဆက်ဆံကြသူတွေချည်း။ သူမကတော့ ချိုသာတာလည်း မဟုတ်၊ မာကျောတာလည်း မဟုတ်ဘဲ ဘယ်လိုမှန်းကို မသိဘဲ နားလည်ရ ခက်လှသည်။ အဲဒီ နားလည်ရ ခက်တာကို နားလည်အောင် ကြိုးစားရင်းနဲ့ပဲ ပို့ပိုချစ်မိသွားသလားတော့ မပြောတတ်ချေ။ သေချာတာကတော့ သူ့ကို ဂရုမစိုက်သလို ကြည့်တတ်သော မျက်ဝန်းတွေကိုတော့ စွဲလမ်းနေမိပြီ ဖြစ်လေသည်။

တစ်မနက်မှာတော့ သူက တင်တင်အေး မုန့်ဟင်းခါးကိုဝယ်ကာ သူမရှိရာ ကွန်ဒိုသို့ သွားခဲ့သည်။ အချိန်ကတော့ သူ ရုံးသွားသော ကိုးနာရီအချိန်ဖြစ်သည်။ ဖုန်းဆက်တော့လည်း ထုံးစံအတိုင်း ဖုန်းက မဖွင့်သေးချေ။ ဒါကြောင့် ခပ်ရွတ်ရွတ်ပဲ သူမအခန်းရှေ့သို့ ရောက်လာကာ ဘဲလ်ကို တီးနှိပ်မိပြန်သည်။

ဒီတစ်ခါ စောင့်ရတာတော့ အရင်တစ်ခါ စောင့်ရတာထက် ပိုကြာသည်။ သူ့လက်ကလည်း ဘဲလ်ကို မလွှတ်ချေ။ နောက်တော့ တံခါးချပ်ကို ဆွဲဖွင့်လိုက်သည့် ဒေါသရောင်သင့်နေသော မျက်နှာတစ်ခုကို ချစ်ခင်ဖွယ်ရာ တွေ့မြင်လိုက်ရသည်။ အဖြူရောင်ဖဲသားဂါဝန်ရှည်နှင့် သူမသည် နတ်သမီးတစ်ယောက် အိပ်ရာနိုးလာသလို ဂန္ဓာရီဆန်လှလေသည်။

"ရှင်၊ လွန်နေပြီနော် မိုးလုံးမှိုင်း"

သူက လက်ထဲက တင်တင်အေးမုန့်ဟင်းခါးအုပ်ကို မြှောက်ပြကာ ...





"မင်း ကြိုက်တတ်တဲ့ တင်တင်အေးမုန့်ဟင်းခါးပါ။ မင်းကို စားစေချင်လို့ အိမ်တိုင်ယာရောက် လာပို့တဲ့ စေတနာလေးကိုတော့ နည်းနည်းလောက် အသိအမှတ် ပြုပေးပါကွာ"

သူမက တကယ်ပဲ တင်တင်အေးမုန့်ဟင်းခါးရဲ့ ပရိသတ်လားတော့ မပြောတတ်ချေ။ မုန့်ဟင်းခါးထုပ်ကို စိုက်ကြည့်ပြီး တွေခနဲ ဖြစ်သွားပုံမှာ အပြစ်ကင်းသော ကလေးတစ်ယောက်နှယ် ချစ်ဖို့ကောင်းလှလေသည်။

"ကျွတ် ... ရှင် တကယ်ခက်တဲ့လူပဲ။ နောက်ကို ရှင် ဒါမျိုးမလုပ်ပါနဲ့၊ တတိယအကြိမ်ဆို ကျွန်မ သည်းခံမှာ မဟုတ်တော့ဘူး"

"ကဲ ... စောစောစီးစီး ဒေါသထွက်မနေနဲ့၊ ရော့ ... ယူထားလိုက်"

သူမက တံခါးကိုဖွင့်ကာ လက်ထဲက မုန့်ဟင်းခါးထုပ်ကို လှမ်းပြောင်းရယူသည်။ ပြီးတော့ ကျေးဇူးတင်စကားတောင် ပြောဖော်မရဘဲ တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်သွားလျှင် သူက ပခုံးနှစ်ဖက်ကို ပြိုင်တူတွန့်မိသည်။ အဲဒါက သူနဲ့ သူမတို့ရဲ့ နံနက်ခင်းပိုင်း တွေ့ဆုံမှုဖြစ်ပြီး နေ့လယ်ခင်းပိုင်း တွေ့ဆုံမှုကတော့ ဤသို့ဖြစ်သည်။

သူက သူမဆီက ငှားထားသောအိမ်ကို ရုံးခန်းဖွင့်လှစ်ရန် ပြန်လည်ပြင်ဆင်နေတာမို့ နေ့လယ်စာစားဖို့ နားချိန်မှာ သူမထံ ဖုန်းခေါ်လိုက်သည်။ အဲဒီအချိန်မှာတော့ ဖုန်းက ပွင့်နေပေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ မပွင့်မှလည်းနေရော အချိန်ကလည်း ဆယ့်နှစ်နာရီခွဲပြီ။ ဖုန်း လိုင်းဝင်တာနှင့် သူမက ဖုန်းဖွင့်ကာထူးသည်။

"ပြော ... မိုးလုံးမှိုင်း"

"မနက်ခင်းက မုန့်ဟင်းခါး ကောင်းလား"

"အဲဒါမေးဖို့ ဖုန်းဆက်တာလား"

"မဟုတ်ပါဘူး။ မင်းအခု ဘယ်မှာလဲ"

"ဘာလုပ်မလို့လဲ"

"မင်းရှိတဲ့နေရာကို ကိုယ် လာမလို့လေ"

"လာပြီးတော့"

"မင်းကို နေ့လယ်စာ ကျွေးမလို့ပေါ့"

"ကျွန်မ ကြင်နာတို့အိမ်မှာ စားမှာ။ ဆောရီးပဲ"

"ဒါဆို ဒီနေ့ နေ့လယ်ခင်း မင်းကို မတွေ့ရတော့ဘူးပေါ့"

"ဘာတွေလာပြောနေတာလဲ"

"ဟုတ်တယ်လေ။ ကိုယ်က မင်းကို တွေ့ချင်နေတဲ့ဟာ။ ဒါဆို ညနေပိုင်းလောက် မင်း အားမလား။ ကြေးအိုးဖြစ်ဖြစ် Hot Pot ဖြစ်ဖြစ် သွားစားရအောင်လေ"

"စားချင်စိတ် မရှိဘူး"

"ဘယ်လို မိန်းမလဲကွာ။ ဒီလောက် Request လုပ်နေတာတောင် တစ်ချက်လေးမှ အားနာဖော် မရဘူး"

"မထင်ရဘူးနော်"



သူမက သူ ပြောနေကျစကားဖြင့် ပြန်လည်ချေပလျှင် အဲဒီလေသံလေးကို သူက အဆုံးမရှိ ချစ်မြတ်နိုးမိသွားတော့သည်။ သေချာသွားပြီ၊ ဒီမိန်းမကို သူ တကယ်ချစ်မိသွားပြီဆိုတာလည်း သေချာသည်။ ပြီးတော့ ဒီမိန်းမထံက ထူးဆန်းအံ့ဩဖွယ်ရာကောင်းသည့် အချစ်တို့ကို ပြန်လည်ရယူ ပိုင်ဆိုင်လိုတာလည်း သေချာသွားခဲ့ပြီ ဖြစ်လေသည်။

"မိုးသည်းစ"

သူက တိုးဖွဖွ ခေါ်လိုက်လျှင် သူမက နှုတ်ခမ်းမဖွင့်သော အသံဖြင့် ဟင်ခနဲ ထူးသည်။

"အခု ကိုယ်က မင်းအိမ်မှာ ရောက်နေတာ။ ရုံးခန်းလာပြင်နေတာလေ။ အခု မဟုတ်တောင် နေ့လယ်ခင်းလောက်ကျရင် ဒက်ကရေးရှင်း ပြင်ထားတာတွေကို လာကြည့်လှည့်ပါလား။ ကိုယ့်လက်ရာကို နည်းနည်းဝေဖန်ပေးပေါ့ ...

မင်းကို ကိုယ်တိုင်ကော်ဖီဖျော်တိုက်မယ်၊ ဘယ်လိုလဲ"

"စဉ်းစားဦးမယ်၊ လာဖြစ်မယ်ဆို SMS ပို့မယ်"

"ပြီးရောလေ၊ မင်းကို အဲဒီလောက် ပင့်ရမယ်လို့ မမျှော်လင့်ထားမိဘူး"

"မထင်ရဘူး မဟုတ်လား။ ကျွန်မက စိတ်ထဲမှာ ရှိတဲ့အတိုင်းပဲ နေတတ်တယ်လေ။ အိုကေ ... ရှင့်ဆီကို လာ၊ မလာ တော်ကြာကျရင် အကြောင်းပြန်ပါ့မယ်။ ဘိုင့်ဘိုင်"

www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောချင်ရာပြောကာ ဖုန်းချသွားသည်။ သူက ဖုန်းကို ရှုံ့ရှုံ့မဲ့မဲ့ စိုက်ကြည့်ကာ စိတ်ပျက်လက်ပျက်ဖြင့် ပခုံးတွန့်မိလေသည်။ တကယ်တမ်း ဝန်ခံရလျှင် သူမကို ဒီလို ခက်ခဲလိမ့်မည် မထင်ခဲ့ချေ။ သူမထက် နုံးညံ့လှပကာ ဣန္ဒြေရ ရည်မွန်ယဉ်ကျေးသော ဆရာဝန်မလေးတွေ၊ စီးပွားရေးလုပ်ငန်း ရှင်မလေးတွေတောင်မှ သူ့ကို ဒီလိုမဆက်ဆံချေ။ သူက Date လုပ်လိုက်လျှင် အားလုံးက ယဉ်ယဉ်ကျေးကျေး ဣန္ဒြေရရနှင့် Welcome ဆိုတာချည်းပင်။

သူမလို လွှတ်လွှတ်လပ်လပ်နှင့် ထင်သလို နေတတ်သော မိန်းကလေးတစ်ယောက်က ဒီလောက်ထိ ပြောရဆိုရ ရင်းနှီးအောင် ဖန်တီးရတာ ခက်လိမ့်မည်ဟု တကယ်ပဲ မထင်ရပါ။ ဒါကြောင့်လည်း မထင်ရဘူးနော်ဆိုသော စကားကို သူက အမြဲတစေ သုံးနှုန်းမိနေခြင်းဖြစ်သည်။

လူဆိုတာမျိုးကလည်း မရတာကိုမှ ခက်ခဲတာကိုမှ ပိုလိုချင်သလားတော့ မပြောတတ်ချေ။ သူမ အဲဒီလို ဖြစ်နေလေလေ သူက ပိုပြီးအသည်းယားလေလေသာဖြစ်သည်။ တစ်ဖက်သား အရှိန်တက်အောင် တမင်လုပ်နေခြင်းမျိုးမဟုတ်ဘဲ သူမရဲ့ Style ကိုက အဲဒီလို ဖြစ်နေခြင်းကို သူက ပို၍ အသည်းယားတာဖြစ်သည်။

သူ နေ့လယ်စာစားပြီးတဲ့ အချိန်အထိ သူမဆီက အကြောင်းပြန်စာ မရောက်သေးချေ။ ဖုန်းဆက်ချင်လှသော်လည်း





ကိုယ့်လက်ကို ဆွဲဆိတ်ကာ ဒီလောက်တောင် အကြောမာပြီး ကြီးကျယ်သော မိန်းမထံသို့ မဆက်တော့ဘူးဟု ကိုယ့်ကိုယ်ကိုယ် သန္နိဋ္ဌာန်ချကာ အလုပ်ထဲပဲ အာရုံနှစ်ထားလိုက်တော့သည်။ အလုပ်ထဲမှာ အာရုံအပြည့်နှစ်ကာ အချိန်တွေကိုတောင် မေ့လျော့နေတုန်းမှာပဲ သူ့ဝန်ထမ်းလေး တစ်ယောက်က လာခေါ်သည်။

"ဆရာ ... အပြင်မှာ ဆရာနဲ့တွေ့ချင်လို့တဲ့။ ဧည့်သည်တစ်ယောက် ရောက်နေတယ်"

သူက ဘယ်သူများပါလိမ့်ဟူသော အတွေးဖြင့် အိမ်ရှေ့သို့ ထွက်လာခဲ့လျှင် ပေါ်တီကိုအောက်မှာ ရပ်နေသော သူမကို ကျောပေးအနေအထားဖြင့် တွေ့မြင်လိုက်ရသည်။ ကြိုးတစ်ချောင်း ဂါဝန်အတို ဘောလုံးပြောက် အနက်ရောင်လေးကို ဖက်ရှင်ကျကျ ဝတ်ဆင်ထားသော သူမသည် ကျောခိုင်းလက်ပိုက်လျက်သား အနေအထားမှ လှည့်ပြီးပြုံးပြသည်။

လုံးဝကို မျှော်လင့်မထားတာမို့ သူက အံ့အားတသင့်ဖြင့် ငေးမောနေတုန်းမှာပဲ သူမက သူ့ဆီသို့ လျှောက်လာသည်။ ဒူးအထက်မှာ ဝဲနေသော ဂါဝန်တိုအောက်က ခြေသလုံးသားများမှာ သွယ်သွယ်လျလျ တောင့်တောင့်တင်းတင်းတွေဖြစ်ကာ အနက်ရောင်လေဒီရှူးကြောင့် သူမပုံစံက ပို၍စမတ်ဖြစ်နေ၏။ ဒီပုံစံကို ယောကျ်ားတွေ ဘယ်လောက်တောင်များ စွဲလမ်းကြမတဲ့လဲ။

"ဘယ်လိုလဲ။ အလုပ်ရှုပ်နေတုန်း ရောက်လာလို့ စိတ်အနှောင့်အယှက် ဖြစ်သွားလား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲမှာ ပျော်သွားတယ် ဆိုတာကလည်း ပုံမှန်ဖြစ်နေတဲ့စိတ်ကို နှောင့်ယှက်တာပဲလေ"

သူ့အပြောကြောင့် သူမက ဟားကနဲ တစ်ချက်ရယ်သည်။ သူက လှပလွန်းနေသော သူမရဲ့မျက်နှာဖူးနုနုကို တစ်ချက်ငေးကာ ...

"မင်း လာမယ်ဆို SMS ပို့မယ်ဆို"

"ပို့ချင်စိတ် မရှိတော့လို့ပါ။ ရှင် ဒီမှာ ရှိနေတာကို သိနေတဲ့ဟာပဲ။ ဘာလို့ ပိုက်ဆံငါးဆယ် အကုန်ခံတော့မလဲ"

သူကတော့ သူမရဲ့အပြောတွေကို တကယ်ပဲ ဆလန်သရတော့သည်၊

"အထဲဝင်လေ၊ ဒက်ကရေးရှင်း ပြင်ထားတာကို ဝင်ကြည့်။ အချောသပ်နေပါပြီ။ ရှေ့တစ်ရက်နေ့မှာ ဖွင့်ပွဲလုပ်မှာ။ သန်ဘက်ခါလောက်ဆိုရင်တော့ အားလုံးပြီးပြီပေါ့။ ခုတည်းက မင်းကို ဖွင့်ပွဲဖိတ်တယ်"

"မလာနိုင်တဲ့ အကြောင်းကိုလည်း ခုတည်းက ငြင်းဆိုပါတယ်ရှင်"

"မင်းက ဘာဖြစ်လို့ ကြိုငြင်းနေရတာလဲ"

သူမက ရုံးခန်းတွင်းသို့ ဝင်လာရင်း ဟိုဟိုဒီဒီငေ့ကြည့်ရှုကာ ဖြေသည်။

"လာဖြစ်မှာ မဟုတ်လို့လေ။ အင်ဂျလီနာဂျိုလီတောင်သမ္မတအိုဘားမားဖိတ်တဲ့ အိမ်ဖြူတော် ညစာစားပွဲကိုတက်





ဖို့ ငြင်းသေးတာပဲ။ ကျွန်မက ရှင့်ရုံးခန်းဖွင့်ပွဲကို တက်ရောက်ဖို့ ငြင်းတာ၊ သိပ်တော့ မထူးဆန်းပါဘူး ...

ဟုတ်တယ် ဟုတ်လား"

ဟုတ်တယ် မဟုတ်လားကို အမြန်ပြောသောအခါ ဟုတ်တယ်ဟုတ်လား ဖြစ်သွားပုံလေးက ချစ်ဖို့ကောင်းသော်လည်း လူမှုရေး မသိတတ်ပုံကတော့ ချစ်ဖို့မကောင်းလှချေ၊

"မင်းက ဂျိုလီကို အားကျလို့လား"

"အားကျတာတော့ မဟုတ်ဘူး။ ကြိုက်တာ သဘောကျတာပေါ့။ အင်း ... ရှင့်ရုံးခန်း ဒက်ကရေးရှင်းက တယ်သားနားတာပဲ။ ရှင့်ဆီကို အလုပ်လာအပ်တဲ့ ကက်စတန်မာတွေကတော့ ဒီရုံးခန်းကို မြင်တာနဲ့တင် အလုပ်အပ်ဖို့တစ်ထိုင်တည်း ဆုံးဖြတ်ချက်ကျမှာ အမှန်ပဲ ...

လုပ်ငန်းရှင်တစ်ယောက်မှာ ကိုယ့်လုပ်ငန်းနဲ့ပတ်သက်ပြီး Plan ကျထားတာရှိမှာပေါ့။ ရှင့် Plan က ဘာလဲ"

"ကက်စတန်မာ တတ်နိုင်တဲ့ ငွေပမာဏနဲ့ အလှဆုံးဆင်ယင်ပေးနိုင်ဖို့က ကိုယ့်ရဲ့အဓိက ရည်ရွယ်ချက်ပဲ။ ကိုယ်က အိမ်အလှဆင်တာကို ဝါသနာပါလွန်းလို လုပ်တာ။ ဘယ်သူနဲ့မှမတူတဲ့ ဒီဇိုင်းတွေကို ဖန်တီးချင်တာကြောင့်ဈေးနှုန်းကို သူများထက် ချိုသာဖို့ စဉ်းစားထားတယ် ...

မင်းရော အခန်းကို ပြင်ချင်တယ်ဆိုရင် ကိုယ့်ကိုပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ဘက်သို့ တစ်ချက်လှည့်ကာ ပြုံးရုံသာ ပြုံးရင်း ဘာမှပြန်မပြောချေ။ အဲဒီနောက် နောက်ထဲမှာ Kitchen ထည့်ထားတာမို့ သူမကို ခေါ်ပြကာ ထမင်းစားပွဲမှာ ထိုင်စေသည်။

"ကဲ ... ခဏစောင့်။ ကိုယ် မင်းအတွက် ကော်ဖီဖျော်ပေးမယ်"

"ရယ်ဒီမိတ်ကို ဖျော်မှာလား"

"အေးပေါ့။ နပ်ဖျော် ဖျော်ဖို့အတွက် ပစ္စည်းက မစုံလင်ဘူးလေ။ ဘာလဲ ... မင်းက နပ်ဖျော်တာ သောက်ချင်လို့လား။ နောက်ကျတော့ သောက်ရမယ်။ ခုတော့ ခဏသည်းခံဦး"

သူမက သူ့ကို တစ်စုံတစ်ရာ ပြန်လည်မပြောဆိုဘဲ သူ ကော်ဖီဖျော်တာကိုသာ စိုက်ကြည့်နေသည်။ သူက သူမနဲ့ အတူတူ ကော်ဖီသောက်ချင်သဖြင့် Nes ကော်ဖီကို နှစ်ခွက်ဖျော်လိုက်သည်။ ပြီးတော့ သူမရှေ့မှာ တစ်ခွက်ချပေးလိုက်သည်။ သူမက ပြတင်းပေါက်မှတစ်ဆင့် ခြံထဲကို လှမ်းကြည့်နေသဖြင့် သူက အလိုက်သင့် စကားပြောပေးလိုက်သည်။

"ဒီအိမ်နဲ့ခြံလေးက မကျဉ်းမကျယ်လေးနဲ့ မြေပိုမြက်ခင်းလေးနဲ့ တော်တော်လေး သပ်သပ်ရပ်ရပ် ရှိတယ်နော်။ မင်း ဒီအိမ်မှာ နေဖူးသလား"

"တစ်ခါမှ မနေဖူးဘူး။ ကျွန်မ ခြောက်တန်းလောက်တည်းက ဝယ်ထားတာ။ ဒါကြောင့် ကြည့်လေ အိမ်ဒီဇိုင်းကလည်း အင်မတန်ရိုးတယ် ...





ဝယ်ပြီးတည်းက ငှားစားလာတာပဲလေ"

"ဒါဆို အိမ်ငှားခနဲ့တင် တိုက်ခန်းတစ်ခန်းလောက်တော့ ဝယ်နိုင်နေပြီပေါ့"

အဲဒီစကားကိုတော့ သူမက ပခုံးတွန့်ပြသည်။

"မင်းရဲ့စီးပွားရေးက အိမ်ငှားစားတာနဲ့တူတယ်၊ ဟုတ်လား"

"ရှင် တော်တော်စပ်စုတာပဲနော်။ ယောကျ်ားကြီးတန်မဲ့နဲ့ သူများအကြောင်းကို ဘာဖြစ်လို့ စိတ်ဝင်စားနေရတာလဲ"

"မင်းအကြောင်းမို့ စိတ်ဝင်စားတာပါ။ သူများအကြောင်းဆို ကိုယ်က လုံးဝစိတ်မဝင်စားတတ်ဘူး"

"ရှင် စိတ်ဝင်စားလောက်အောင်ကို ကျွန်မအကြောင်းက စိတ်ဝင်စားစရာ မကောင်းပါဘူး။ ပြီးတော့ အရင်တစ်ခါကလည်း ပြောပြဖူးသာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ အခု ကိုယ်မေးတာကလည်း မင်းရဲ့စားဝတ်နေရေး ရပ်တည်ပုံကို မေးတာပါ။ ဘာအလုပ်မှ မလုပ်ဘဲ အိမ်တွေ ငှားစားနေတယ် ဆိုတော့ သူဌေးပေါ့ ...

ကိုယ့်အထင်တော့ မင်းလို မိသားစုမရှိတဲ့ လူတစ်ယောက်က Family ပုံစံဆောင်တဲ့ စီးပွားရေးတစ်ခုကို တည်ထောင်သင့်တယ်လို့ မြင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ရှင်က ကျွန်မကို Lonely ဖြစ်နေတယ်လို့ ထင်လို့လား။ လုံးဝမဖြစ်ဘူးနော်။ ဒီပုံစံက ကျွန်မ နေချင်တဲ့ Life Style ပဲ ...

ကျွန်မမှာ မောင်နှမအရင်းလို ချစ်ရတဲ့ သော်ဒါတွေ ရှိတယ်။ လစဉ်ဝင်နေတဲ့ သင့်တင့်တဲ့ ဝင်ငွေရှိတယ်။ ပြီးပြီပေါ့ ဘာပူစရာရှိလဲ ...

လူတွေများများနဲ့ မဆက်ဆံချင်ဘူး၊ အာရုံနှောက်တယ်"

သူမက စိတ်ရှုပ်သလိုပြောပြီး ကော်ဖီယူသောက်နေလျှင် သူက ဘာမှမပြောနိုင်တော့ပေ။ ဘာမှလဲ မဆိုင်သေးဘဲနဲ့ သူမကို ဝင်စွက်ဖက်လို့လည်း မကောင်းပါ။

"မင်း အာရုံနှောက်တဲ့ အထဲမှာ ကိုယ်ရော ပါသလား"

"ပါတာပေါ့၊ တစ်လက်စတည်းကြုံလို့ ပြောရဦးမယ်။ ရှင် မနက် မနက်ကို ကျွန်မ အခန်းတံခါးကို လာမခေါက်ပါနဲ့။ တတိယအကြိမ်ဆိုရင် ကျွန်မ သည်းခံမှာ မဟုတ်တော့ဘူး"

"ဒါဆိုရင် မင်းဘက်က တစ်ခုတော့ လိုက်လျှောပေးလေ။ ဖုန်းကို အမြဲဖွင့်ထား"

"ဘာဆိုင်လို့ ဖွင့်ရမှာလဲ။ ကျွန်မ အိပ်ပျော်နေတုန်း ဖုန်းလာရင် သိပ်စိတ်ဆိုးတယ်"





"ဒါဖြင့်ရင် ကိုယ်က မနက်ခင်းတိုင် မင်းအသံလေးကို ကြားချင်တာ ဘယ်လိုလုပ်ရမှာလဲ"

သူ့ရဲ့စကားကို သူမက ပိုရန်ကောဟူသော ပုံစံဖြင့် ဟင်းခနဲ ရှုံ့မဲ့သည်။ အဲဒီပုံစံလေးက သဘောကျစရာ ကောင်းလွန်းသဖြင့် သူက မြတ်နိုးစွာ ငေးစိုက်မိသွားရသည်။ တကယ်တော့ လူတစ်ယောက်ကို ကိုယ်က ချစ်မိပြီ ဆိုကတည်းက သူ ဘာလုပ်လုပ် ချစ်ဖို့ကောင်းနေတာပဲ ဖြစ်တော့သည်။

သူက သူမမျက်နှာလေးကို ငေးမိရင်းမှ တစ်စုံတစ်ခုကို တွေးမိသွားသည်။

"အေးပေါ့လေ၊ မင်းအနေနဲ့ ဒီလိုစကားမျိုးတွေကို ဟုတ်တာတွေရော မဟုတ်တာတွေရော မျိုးစုံကြားခဲ့ရဖူးမှာဆိုတော့ ကိုယ်ပြောတဲ့စကားတွေက မင်းအတွက် ထုံနေမှာပေါ့။ အိုခေလေ ... ကိုယ် နားလည်ပါတယ်"

သူ့စကားကို သူမက စိုက်ကြည့်ပြီး နားထောင်နေလျှင် အဲဒီအကြည့်တွေအတွက် သူ နည်းနည်းမျောချင်သွားသည်။ သို့သော် နားထဲတွင် တစ်ခါက သူမ ပြောဖူးသော စကားတွေကို ချက်ချင်းပဲ ကြားယောင်သွားလျှင်တော့ နည်းနည်းစာတ်ပျက်ချင်သွားသည်။

[တကယ်တော့ ယောကျ်ားတွေကို စိုက်စိုက်ကြည့်မိတာက ရယ်စရာကောင်းနေလို့ပါ၊ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး။]



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကြောင့် သူက အီလည်လည်ကြီး ဖြစ်နေတုန်းမှာပဲ၊ သူမထံက မမျှော်လင့်သော စကားသံတစ်ခု ထွက်လာသည်။

"အဲဒီလို ထုံနေပေမယ့်လည်း ပြောတဲ့စကားတွေက အစစ်အမှန် ဟုတ်,မဟုတ်ဆိုတာတော့ ခွဲခြားတတ်ပါသေးတယ်"

"ဒါဆို ကိုယ့်စကားတွေကိုရော မင်း ဘယ်လိုသတ်မှတ်မလဲ"

သူမက ထုံးစံအတိုင်း ပခုံးကိုတွန့်ကာ ကော်ဖီကို အပြီးသတ် မော့ချလိုက်ပြီးနောက် ထိုင်ရာမှထကာ ...

"ကျွန်မ ပြန်တော့မယ်"

"နေဦးလေ။ မင်းကို ကိုယ် မေးတာ ဖြေသွားဦးမှပေါ့"

သူမက ဘာမှမပြောတော့ဘဲ ထုံးစံအတိုင်း ဂရုမစိုက်သော Style ဖြင့် ကားပေါ်တက်သွားသည်။ ကားကို လာရာလမ်းအတိုင်း ပြန်ထွက်ရန်အတွက် Back ဆုတ်ပြီး ပြန်ခေါက်ကာ ခေါင်းအတည့်ယူသည်။ အားလုံး ပြီးတော့မှ သူ့ကို ပြုံးထေ့ထေ့ဖြင့် စိုက်ကြည့်လာပြီးနောက် ...

"ဘိုင့်ဘိုင် မိုးလုံးမှိုင်း။ ရှင့်ဘဝမှာ မိန်းမတစ်ယောက်ကို ပထမဆုံး ဖျော်တိုက်တဲ့ ကော်ဖီကို သောက်ခွင့်ရတဲ့အကြောင်း ကျွန်မ သိပ်ဂုဏ်ယူပါတယ် ...

ဪ ... ဒါကလည်း ရှင်ပြောတဲ့ စကားအတိုင်းပဲနော်။ ကျွန်မကတော့ ရှင့်စကားကို ယုံလိုက်တာပေါ့လေ"





သူမက ပြောပြီးတာနှင့် ကလပ်ကို ဆောင့်လွှတ်ကာ ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်သွားသည်။ သူ့ဟာ ပထမတော့ သူမ ပြောသွားသည့် စကားတို့ကို ရုတ်တရက် နားမလည်နိုင်ချေ။ နားလည်သွား၍ "ဟား"ခနဲ မချိတင်ကဲ ရေရွတ်လိုက်မိသောအချိန်မှာတော့ သူမရဲ့ကားကို နောက်မြီးတောင် မမြင်တော့ပေ။

တတ်လည်း တတ်နိုင်သော ဒီမိန်းမကို သူ ရင်ခုန်မိတာလည်း မဆန်းတော့ချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



# ၉

နိုးစက်သံရဲ့ ပထမဆုံးမြည်သံမှာပဲ မိုးသည်းရဲ့ မျက်လုံးနှစ်လုံးက ဖျတ်ခနဲ ပွင့်လာခဲ့သည်။ နာရီလက်တံတို့သည် ငါးနာရီသို့ညွှန်ပြနေသည်။ မနက်စောစော အိပ်ရာထမည်ဖြစ်သောကြောင့် ညတည်းက အိပ်ရေးဝအောင် အိပ်ထားခဲ့သဖြင့် မိုးသည်းစ တစ်ယောက်ဟာ လန်းဆန်းစွာဖြင့် နိုးထလာခဲ့သည်။ မိုးသည်းသည် နံနက်ငါးနာရီ ဖြစ်ပေမယ့် သန့်စင်လန်းဆန်းသွားအောင် ရေနွေးဖြင့် ရေချိုးလိုက်သည်။

ပြီးတော့ လည်တောင်ထရိုင်ဖာအင်္ကျီ အနက်ရောင်ကို အနက်ရောင်ပျော့ပျော့ လုံချည်ရှည်ဖြင့် တွဲဖက်ဝတ်ဆင်ကာ မနေ့ညနေတည်းက ဝယ်ထားခဲ့သော နှင်းဆီပန်း နှစ်ဆယ့်ငါးပွင့်ကို ယူဆောင်ကာ Lift ဖြင့် မြေအောက်ကားပါကင်သို့ ဆင်းလာခဲ့သည်။ မိုးသည်းရဲ့ကားသည် ခဏအကြာတွင်တော့ လမ်းမကြီးပေါ်တွင် ပြေးလွှားကာ ရွှေတိဂုံဘုရားရှိရာသို့ ဦးတည်နေသည်။ ဒီနေ့သည် မိုးသည်းရဲ့နှစ်ဆယ်လေးနှစ်ပြည့်သော မွေးနေ့ဖြစ်သည်။





မွေးနေ့တိုင်းမှာ မိုးသည်းက နံနက်ငါးနာရီတိုင်း ဘုရားတက်လေ့ရှိကာ သဒ္ဓါယုံကြည်စိတ်အပြည့်ဖြင့် ဂုဏ်တော်ကိုးပါး ပုတီးစိပ်သည်။ ရောက်ရှိသွားမည်ဖြစ်သော အသက်နှစ်ဆယ့်ငါးနှစ်အတွက် ဖြတ်သန်းရာတစ်လျှောက်လုံး ငြိမ်းချမ်းပါစေကြောင်း သန္နိဋ္ဌာန်သည်။ ဆုတော့ မတောင်းချေ။ မိုးသည်းစသည် ဆုတောင်းခြင်းကို အယုံအကြည် မရှိသော သူတစ်ယောက်လည်း ဖြစ်သေးသည်။ မိုးသည်းစရဲ့ဘဝမှာ ဆုတောင်းခြင်းကို ဘယ်တုန်းကမှ မလုပ်ခဲ့ဘူးချေ။

အခုလည်း ငြိမ်းချမ်းမှု တစ်ခုအတွက်သာ ဘုရားတက်ခြင်းသာဖြစ်ပြီး ကျန်တဲ့ဘာရည်ရွယ်ချက်မှ မရှိခဲ့ပါ။ မိုးသည်းသည် ဇရပ်တစ်ဆောင်မှာ နေရာယူကာ ဘုရားကို ထိခြင်းငါးဖြာနှင့် ရိုရိုသေသေ ရှိခိုးကာ မိဘတွေကို ရည်စူးပြီး ကန်တော့သည်။ ပြီးတော့ ဂုဏ်တော်ပုတီးစိပ်လေသည်။ နောက်ဆုံးမှာတော့ ဘုရားကို အလှူငွေထည့်လှူကာ နာရီကြည့်ဖို့အတွက် အိတ်ထဲမှဖုန်းကို ထုတ်ယူလိုက်သည်။

နာရီက ခြောက်နာရီထိုးဖို့ ဆယ်မိနစ်ခန့်လိုကြောင်း ညွှန်ပြနေသည်။ မိုးသည်းသည် ကိုယ့်ရဲ့ဖုန်းကို အိတ်ထဲသို့ပြန်ထည့်ဖို့ လုပ်တုန်းမှာပဲ တစ်စုံတစ်ရာကို သတိရသွားသည်။ အဲဒါကတော့ မနက်ခင်းတိုင်း ဖုန်းဆက်ချင်သော၊ ဖုန်းဆက်လို့ မရလျှင် ကမ္ဘာ့ရှုံးထိုး ရောက်လာတတ်သော လူတစ်ယောက်ကိုပဲ ဖြစ်လေသည်။ သူများကို အိပ်ကောင်းနေတတ်တဲ့ အချိန်မှာ လာ

www.burmeseclassic.com



လာနှောင့်ယှက်တတ်သော ပုဂ္ဂိုလ်။ သူ့အလှည့်မှာရော ခြောက်နာရီလောက် လှမ်းနှိုးလိုက်လျှင် ဘယ်လိုနေမလဲ။

မိုးသည်းသည် အဲဒီလို တွေးမိတာနဲ့တင် နှုတ်ခမ်းတွေက အလိုလို ပြုံးမိသွားကာ စိတ်ထဲမှာလည်း နည်းနည်းမြူးမြူးသွားရသည်။ အဲဒီလူမှာ မိုးသည်းကို ဆွဲဆောင်နိုင်စေသော Attrection တစ်ခုခုတော့ ရှိသည်ဟုထင်သည်။ ဒါကြောင့်လည်း သူ့ကို ဆက်ဆံလာပုံမှာ သူများတွေနဲ့တော့ သိပ်မတူချေ။ ဒါကိုတော့ သူက သိမှာမဟုတ်ပါ။

မိုးသည်းက ပြတ်သားသော ဆုံးဖြတ်ချက်နှင့်အတူ အိတ်ထဲမှဖုန်းကို ပြန်ထုတ်လိုက်ကာ သူ့ဆီဖုန်းခေါ်ဖို့ ဆုံးဖြတ်လိုက်သည်။ အဲဒီချိန်မှာပဲ အံ့သြဖို့ကောင်းသော ကိစ္စတစ်ခုက ဖြစ်လို့သွားလေသည်။ အဲဒါကတော့ မိုးသည်းရဲ့လက်ထဲမှာကိုင်ထားသောဖုန်းမှ Screen သည် ဖျတ်ခနဲ မီးပြာတွေ လင်းလာကာ Display ပေါ်တွင် နာမည်တစ်ခု ပေါ်လာပြီးနောက် သီချင်းတီးလုံးသံ ထွက်ပေါ်လာသည်။ Display ပေါ်မှာ ထင်နေသော နာမည်ကို စိုက်ကြည့်ရင်း မနန်းဘူးသောရင်သည် တစ်ဆင့်ပြီးတစ်ဆင့် တိုးပြီးခုန်လာသည်။ တိုက်ဆိုင်တာလား ဒါမှမဟုတ် အဲဒါထက် နည်းနည်းပိုသွားတဲ့ ခံစားချက်ပြင်းပြင်း တစ်ခုလား။

ဝေခွဲမရစွာဖြင့် မိုးသည်းသည် ဖုန်းကိုဖွင့်ကာနားမှာ ကပ်လိုက်သည်။

"ဟယ်လို"





"မိုးသည်းစ"

သူ့အသံက ဖုန်းဖွင့်ထားတာကိုလည်း အံ့သြနေသလို Ring မြည်သံနှစ်ချက်လောက်မှာပဲ ဖမ်းကိုင်ကာ ကြည်လင်သော ထူးသံနဲ့မို့လည်း အံ့သြနေဟန်ရှိသည်။

"အင်း ... ပြော"

"ကိုယ် ဖုန်းမဆက်ခင် မင်း နိုးပြီးသားနဲ့တူတယ်"

"သိပ်သေချာတာပေါ့"

"မိုးသည်းစ ... မင်းဘက်မှာ တစ်ခုခု ထူးခြားတာရှိသလား"

"ဘာဖြစ်လို့လဲ"

"မဟုတ်ဘူး။ ကိုယ်မေးတာကိုဖြေပါ"

"ရှင် မေးတာ အကြောင်းရှိမှာပေါ့။ ရှင် မေးရတဲ့အကြောင်းရင်းကို အရင်ဆုံး သိချင်တယ်"

"မင်း ကိုယ့်ကို အဲဒီလို အနိုင်မကျင့်နဲ့လေ။ ကိုယ်အရင်မေးတာပဲ"

"မေးတိုင်းသာ ဖြေရရင် မင်းသား မင်းသမီးတွေ ခက်ကုန်မှာပေါ့"

"ကဲပါ ... မင်း စကားတတ်တယ်ဆိုတာ ကိုယ်သိပါတယ်။ ထားပါတော့ မင်းကို အခု အိပ်မက် မက်နေတာ။ အိပ်မက်ထဲမှာ မင်းက စမ်းချောင်းလေးတစ်ခုဘေးမှာ ထိုင်နေတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ရော မပါဘူးလား"

မိုးသည်းက တရိပ်ရိပ်မြူးလာသော စိတ်အခံဖြင့် နောက်လိုက်တာ ဖြစ်သော်လည်း သူက အတည်ပြန်ဖြေသည်။

"မပါဘူး။ မပါဘူး ထင်တာပဲ။ ကိုယ်က မင်းတစ်ယောက်တည်းကိုပဲ တွေ့နေရတာ။ မင်းကို ရှင်းရှင်းလင်းလင်းပဲ မြင်နေရတာ။ အဲဒီနောက် ဖျတ်ခနဲ နိုးသွားတာပဲ။ ကိုယ် တစ်ခါမှ ဒီလိုမျိုး အိပ်မက် မက်ပြီး မနိုးဖူးဘူး ...

ကိုယ်က ရှစ်နာရီမှာ ပုံမှန်နိုးတယ်၊ စောရင် ခုနစ်နာရီခွဲပဲ။ ဒီလိုမျိုး တစ်ခါမှ မနိုးဖူးဘူး။ နိုးနိုးချင်းလည်း မင်းကို အရမ်းသတိရသွားတယ်"

"ဒါကြောင့် ဖုန်းဆက်တယ်ပေါ့"

"ဟုတ်တယ်၊ ဖုန်းဖွင့်ထားမယ်လို့လည်း ကိုယ် မထင်ဘူး။ ဖုန်းဝင်သွားတော့ အရမ်းဝမ်းသာသွားတယ်။ မင်းဆီက ကြည်ကြည်လင်လင်ထူးသံလေး ကြားလိုက်ရတော့ လုံးဝ ရှော့ပဲ။ သေချာတယ် မင်းဘက်မှာ တစ်ခုခု ထူးခြားနေတယ်လို့ မထင်မိဘူးလား"

"အင်း ... ထူးခြားတာပေါ့"

"ဟုတ်လား ... ဘာထူးခြားတာလဲ၊ ကိုယ် ရင်တုန်လိုက်တာကွာ၊ ဟိုဒင်း ... မင်း တစ်ယောက်ယောက်နဲ့ မင်္ဂလာဆောင်ဖို့ မိတ်ကပ်ထလိမ်းနေရတဲ့ သတို့သမီးဖြစ်နေတာတော့ မဟုတ်ပါဘူးနော်"



မထင်မှတ်သော သူ့စကားကြောင့် မိုးသည်းသည် အံ့ဩသွားကာ ပါးစပ်အဟောင်းသား ပွင့်သွားရသည်။ ပြီးတော့ ဟက်ဟက်ပက်ပက်ကြီးပဲ ရယ်ရလေသည်။ သူမို့ကွယ် ...။

"ဘာဖြစ်လို့ ရှင်က အဲဒီလို ထင်ရတာတုန်း။ ရှင်းစမ်းပါဦး"

မိုးသည်းသည် အင်မတန်ကို ရယ်ချင်နေသောလေသံဖြင့် မေးမိသည်။ စိတ်ထဲမှာလည်း ပျော်သလိုလို မြူးဖျူးသလိုလို တစ်စုံတစ်ရာကို ကျေနပ်နေသလိုလို ခံစားနေမိသည်။

"ပြီးခဲ့တဲ့လက ကိုယ့်အမျိုးထဲက ညီမတစ်ယောက် မြင်းခြံမှာ မင်္ဂလာဆောင်လို့ သွားရတယ်။ အဲဒီမှာ သတို့သမီးက မနက်လေးနာရီထဲက မိတ်ကပ်ထပြင်ရတယ် ...

ကိုယ်ဖြင့် အံ့ဩလိုက်တာ။ ပွဲထွက်မှာ ရှစ်နာရီဆိုတော့ အဲဒီအချိန်ထဲက မိတ်ကပ်စလိမ်းမှ အံတိုက်တဲ့။ ဒါတောင် ရှစ်နာရီခွဲလောက်မှ ပွဲထွက်ဖြစ်တာ။ နယ်မြို့တွေရဲ့ မင်္ဂလာဆောင်တွေက ထုံးစံပဲတဲ့။

အဲဒါကို သွားသတိရမိလို့ပါ"

"ရှင်ထင်တာ လွဲပါတယ်"

"ဒါဆို မင်း အခု ဘယ်မှာလဲ"

"ကျွန်မ ရွှေတိဂုံဘုရားမှာ"

"ဟုတ်တယ် ? ။ အဲဒီကို မင်းက ..."

"ဒီနေ့က ကျွန်မရဲ့ နှစ်ဆယ့်လေးနှစ်ပြည့် မွေးနေ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကြည့်စမ်း။ မနေ့ညက ကိုယ်နဲ့ဖုန်းပြောတော့ မင်း ဘာဖြစ်လို့ ထည့်မပြောရတာလဲ"

"ဘာပြောစရာလိုလဲ။ မွေးနေ့ဆိုတာ လူတကာကို လျှောက်ပြောပြနေစရာလား"

"နေဦး ! အခု မင်းတစ်ယောက်တည်းလား"

"သိချင်ရင် ရှင်ကိုယ်တိုင် လာကြည့်လိုက်"

"ကျွတ် ... မင်း ဘယ်နေရာမှာလဲ၊ ပြောပြ"

"တနင်္လာထောင့်နားက ရခိုင်တန်ဆောင်းမှာ"

"အိုကေ ... နောက်ဆယ့်ငါးမိနစ်ဆို ကိုယ် ရောက်လာမယ်"

သူက ပြောပြီးတာနှင့် ဖုန်းချသွားလျှင် မိုးသည်းသည် တစ်ယောက်တည်း ပြုံးမိလေသည်။ ပြီးတော့ ဧရပ်ဆောင်က လှေကားထစ်လေးများမှာ ထိုင်ချလိုက်ကာ တိုင်လုံးကြီးကို အသာမှီမိသည်။ သူက မိုးသည်းကို အိပ်မက်,မက်သတဲ့။ ပြီးတော့ ဖုန်းဆက်လာသည်။ ဒါဟာ လိမ်ညာမှုတစ်ခု မဟုတ်ဘူးဆိုတာ မိုးသည်း ရင်ထဲက ယုံသည်။ တိုက်ဆိုင်တာ မဟုတ်ဘဲ ဆန်းကြယ်သော တစ်စုံတစ်ရာ၏ ဆက်သွယ်မှုဟု တွေးထင်ယုံကြည်မိရလျှင် ကြက်သီးတွေ ဖြာထလာရလေသည်။

တစ်စုံတစ်ရာသည် မိုးသည်းရဲ့နှလုံးသားရှိရာသို့ တိုးဝင်ပြီး လာနေသည်ဟု ခံစားရသည်။ ဘယ်လောက်ကြာလို့ ကြာသွားမှန်း မသိသောအချိန်မှာပဲ မိုးသည်းရဲ့နားထဲသို့ ခေါ်သံ





တစ်ခုက တိုးဝင်လို့လာသည်။ မိုးသည်းသည် ခေါင်းငုံ့နေရာမှ မော့ကြည့်လိုက်လျှင် စပို့ရှပ်ကြက်သွေးရောင်ကို နီညိုရောင်ကွက်စိပ်ပုဆိုးဖြင့် တွဲဖက်ဝတ်ဆင်ထားသော တမူခြားနားသည့် သူ့ပုံစံကို တွေ့မြင်လိုက်ရသည်။ သူကလည်း ပုဆိုးနှင့်၊ မိုးသည်းကလည်း လုံချည်ရှည်နှင့်မို့ တစ်ယောက်နဲ့ တစ်ယောက်က အတန်ကြာ ငေးကြည့်နေပြီးတော့မှ မိုးသည်းကပဲ ပြောမိပြောရာ ပြောထွက်ဖြစ်သွားသည်။

"ရှင်က ပုဆိုးနဲ့ လိုက်သားပဲ"

"ဟုတ်လား။ ဒါပေမဲ့ မင်းက မွေးနေ့ရှင်ဆိုတော့ မင်းပဲ နံနက်စာကို တာဝန်ယူရလိမ့်မယ်"

"အိုကေ ... ကျွန်မ ကျွေးမှာပေါ့"

မိုးသည်းက ပြောပြောဆိုဆိုဖြင့် သွားဖို့ဟန်ပြင်လိုက်လျှင် သူက မိုးသည်းရဲ့လက်မောင်းကို အသာအယာဆွဲထားလိုက်သည်။

"မိုးသည်း ... မင်းအနားမှာ ကိုယ် တစ်သက်လုံးရှိချင်တယ်၊ အဲဒီအတွက် ကိုယ့်ကို လိုအပ်ပေးပါ။ လိုအပ်မယ် မဟုတ်လားဟင်"

သူ့စကားဟာ အဆန်းပင်။ ဒါပေမဲ့ ကြားဖူးနားဝထက ကွဲထွက်ကာ အဓိပ္ပာယ်ရှိလှသည်။ ဒါကြောင့် ရှင့်ကို ကျွန်မ မလိုအပ်ဘူးဟု ရုတ်တရက် ပြောမထွက်ချေ။ သူကဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးသည်း ကိုယ့်အိပ်မက်နဲ့ မင်းမွေးနေ့က ဆက်စပ်မှုရှိတယ်လို့ထင်ရင် ကိုယ့်ရဲ့ခံစားမှုက မင်းအပေါ်မှာ ဘယ်လောက်ပြင်းထန်တယ်ဆိုတာ မင်း အသိအမှတ်ပြုသင့်ပါတယ် ...

မင်းအတွက် မွေးနေ့လက်ဆောင်အဖြစ် ကိုယ့်နှလုံးသားကို ပေးချင်တယ်။ လက်ခံပေးပါ ... နော်။ မင်းနဲ့အတူ သာယာတဲ့ ချစ်ခြင်းတစ်ခုကို ခံစားကြည့်ချင်လို့ပါကွာ"

သူကပဲ အပြောကောင်းလို့လား၊ မိုးသည်းကပဲ ဟတ်ထိသွားတာလားတော့ မပြောတတ်တော့၊ မိုးသည်းသည် သူ့မျက်နှာကို တရေးရေး စိုက်ကြည့်ရင်းမှ နှုတ်ခမ်းတွေက တဖြည်းဖြည်း ပြုံးလာမိသည်။ ပြီးတော့ ရစ်တတ်သော စိတ်ဘဥ်အရ သူ့ကို မျက်စုံးပင့်ချီပြီးကြည့်ကာ ...

"ရှင်နဲ့ ကျွန်မနဲ့ ခုချိန်ကစပြီး အခေါ်အဝေါ်တွေ၊ ဆက်ဆံရေးတွေ ပြောင်းလဲရလိမ့်မယ်နဲ့ တူတယ်"

သူ့မျက်နှာကို သေချာစိုက်ကြည့်သူမို့ စိုးရိမ်သွားသော အပြောင်းအလဲကို တွေ့မြင်လိုက်ရသည်။

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမှာလဲ၊ ရှင်နဲ့ ကျွန်မ ချစ်သူတွေ ဖြစ်သွားပြီမို့လို့ပေါ့"



သူက ဟာခနဲ ဖြစ်သွားသည်။ မိုက်တော့ မိုက်သည်။ သူပြောတဲ့ ရည်းစားစကားထဲမှာလည်း ချစ်တယ်ဆိုတာ မပါ။ မိုးသည်း ပြန်ပြောခဲ့တာလည်း ချစ်တယ်ဆိုတာ မပါ။ ဒါပေမဲ့ ချစ်သူတွေဆိုသော ပတ်သက်မှုကတော့ မိုးသည်းတို့နှစ်ယောက်ကြားထဲသို့ သိမ်မွေ့လှပစွာဖြင့် ချဉ်းကပ်ဝင်ရောက်လာခဲ့ပြီ ဖြစ်တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ချစ်သူမရှိတဲ့ ဒီနေ့နဲ့ ချစ်သူရှိသော မနက်ဖြန်သည် အခြားနားကြီး ခြားနားသွားသည်ဟု သူ ထင်လေသည်။ "ချစ်သူ" ဟူသော ဝေါဟာရလေးကို တိုးဖွဖွ ရွတ်ဆိုကြည့်လိုက်လေတိုင်း သူ့ရင်ထဲ၌ ကြည်နူးခြင်းတွေက ပျံ့နှံ့ဝင်ရောက်သွားလေ့ရှိသည်။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ရဲ့ ပတ်သက်မှုကို ချစ်သူ ဆိုတဲ့ ခေါင်းစဉ်အောက်ထဲသို့ တိုးဝင်ခံစားကြည့်ခြင်းဖြင့် ဘယ်လောက် သာယာကျေနပ်ဖွယ် ကောင်းတယ်ဆိုတာကို ကိုယ်တိုင်ကြုံဖူးမှသာ သိကြမှာဖြစ်သည်။

အချစ်ဆိုတာ လူချင်းနီးကပ်နေဖို့က အဓိကမဟုတ်မှန်း သူမနဲ့ ချစ်သူတွေ ဖြစ်သွားတော့မှ ပိုသိလာရသည်။ တစ်နေရာမှာ တွေ့လေတိုင်း သူမနဲ့ သူနဲ့ဟာ ခပ်လှမ်းလှမ်း အနေအထားကပဲ စကားပြောတာကိုက ရင်ခုန်ချင်စရာ တစ်ခုပင်။ ဥပမာ ... ကန်တော်ကြီးထဲမှာ ကားရပ်ပြီး စကားပြောတယ်ဆိုပါ





စို့။ သူမက ကားတံခါးကိုမှီကာ လက်ပိုက်ပြီး အေးအေးဆေးဆေး စကားပြောမည်။ သူက ကားစက်ဖုံးပေါ် တက်ထိုင်ကာ သူမကိုငေးရင်း စကားပြောမည်။ အဲဒီလို မလှမ်းမကမ်း အနေအထားလေးက စကားပြောရတာကိုက ဘာနဲ့မှမတူသော ဖီလင်ပဲဖြစ်သည်။

ပဝါတစ်ကမ်းစာ အနေအထားက မြင်တွေ့နေရသော သူမ မျက်နှာလေးကိုငေးကာ ဒါ ငါ့ရဲ့ချစ်သူဆိုသော အသိလေးက သူ့ရင်ကို အတိုင်းမသိ ပြည့်စုံငြိမ်းချမ်းစေသည်။ တောက်ပရွှန်းလက်သော မျက်လုံးဝိုင်းတွေကို မျက်လုံးလှန်ကာ မထီတရီ ကြည့်တတ်သော ပုံစံကိုတော့ သူ အသည်းအစွဲဆုံးပဲ ဖြစ်တော့သည်။

"မိုးသည်းစ"

သူက ကားဘောနပ်ဖုံးပေါ်မှာ ထိုင်ရင်းနဲ့မှ သူမကို လှမ်းခေါ်လိုက်လျှင် သူမက ဖုန်းကိုနှိပ်နေရာမှ မျက်လုံးတစ်ချက်လှန်ကြည့်သည်။ တစ်ခါတလေကျရင် သူမရဲ့ပုံစံတွေက တကယ့်ကို ပမာမခန့် ဖြစ်သည်။

"ဒီနား လာဦး"

"ဘာလဲ ... ပြောစရာရှိရင် ပြောပါလား"

"ပြောစရာက အဲလို အော်ပြောလို့ မရဘူး"

"ခုရော အော်နေရလို့လား။ ဒီအတိုင်း ကပ်ပြောလည်း ကြားနေရတဲ့ဟာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးသည်းစ ကိုယ်က Position အနေအထားကိုပါ လိုချင်တာကွာ။ ဒါကြောင့် ဒီနားကိုလာ"

သူမက သူ့ကို မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဘာ Position လဲ။ ဘာကို ပြောတာလဲ"

"မင်း အချစ်ရုပ်ရှင်ကားတွေ မကြည့်ဖူးဘူးလား။ အဲဒီထဲမှာ မင်းသားက အမြင့်စ်နေရာမှာ တက်ထိုင်နေရင် မင်းသမီးက မင်းသားရဲ့ပေါင်ကြားထဲမှာ ဝင်ရပ်ပြီး မင်းသားရဲ့ခါးကို ဖက်ထားတာလေ ...

ဒီလို Position မျိုး ကိုယ်လိုချင်တယ်။ လာ ... ရပ်ပေး"

သူမက သူ့စကားကို ဟက်ခနဲ ရယ်မောကာ အရေးမစိုက်ဟန်ဖြင့် ဖုန်းနှိပ်နေသည်။ သူက ရုတ်တရက် ဖြစ်ပေါ်လာသော မခံချင်စိတ်နှင့် သူမအနားသို့ လျှင်မြန်စွာ ရောက်သွားကာ သူမရဲ့လက်ထဲကဖုန်းကို ဆတ်ခနဲ ဆွဲယူပြီးနောက် ကားကူရှင်ပေါ်သို့ လွှင့်ပစ်လိုက်သည်။ ပြီးတော့ ကားတံခါးကို မှီရပ်နေသော သူမကို ခါးမှ ဆတ်ခနဲပွေ့ကာ သူမရဲ့ကားဘောနပ်ဖုံးပေါ်သို့ တင်ပေးလိုက်လျှင် သူ ဒီလိုလုပ်လိမ့်မည်ဟု ထင်မထားသော သူမမှာ အငိုက်မိသွားလျက် ဘာမှ မတတ်နိုင်ချေ။

သူမခါးကို ဖက်ထားသော သူ့လက်တွေကို သူမက မုတ်ထုတ်လျက် ...

"ရှင် ဒါ ဘာလုပ်တာလဲ"





"ဘာလုပ်ရမှာလဲ၊ မင်းကမှ ကိုယ့်စကားကို အရေးမစိုက်ဘဲ။ ဒီတော့ ကိုယ်ကလည်း ကိုယ်လုပ်သင့်လုပ်ထိုက်တာကို လုပ်ရတာပေါ့"

"ဘာလုပ်သင့် လုပ်ထိုက်တာလဲ။ သွားသေလိုက်စမ်း။ ရှင့်ရည်းစားဖြစ်သွားတာနဲ့ပဲ ရှင် လုပ်ချင်တိုင်း လုပ်လို့ရမယ်မျှား ထင်နေလား"

သူမ ရန်တွေ့ပုံကို သူက တော်တော်အသည်းယားလာသည်။ လူကွယ်ရာမှာသာဆိုလျှင် ဒီကလေးမ လွယ်မည်မထင်ပါ။

"မိုးသည်းစ ငြိမ်ငြိမ်နေစမ်းကွာ။ မင်းကို ကိုယ် ပြောစရာရှိတယ်"

သူက သူမရဲ့ခါးကျဉ်ကျဉ်လေးကို တို့ထိကာ ပြော လိုက်လျှင် သူမက တွန့်ခနဲ ဖြစ်သွားသည်။ ကြည့်စမ်း ... သူမ ကြည့်ရတာ ယားတတ်သည့် တူပါရဲ့။ ဒါကို သူ မသိခဲ့ပါ။

"ဟိတ် ... မင်းက ကလိထိုးရင် ယားတတ်သလား"

"လူပေါကြီး၊ ရှင်ရော ကလိထိုးရင် မယားဘဲ နေလို့လား"

"ကိုယ်က မယားတတ်ဘူး။ မင်းက နည်းနည်းလေးထိတာနဲ့ ယားတတ်ပြီ။ ဒီမှာ ကြည့် ... ကြည့်"

သူက ပြောပြောဆိုဆိုဖြင့် သူမရဲ့ခါးကလေးကို တို့လိုက်လျှင် သူမက တကယ်ပဲ တွန့်ခနဲ ဖြစ်သွားသည်။ ကြည့်စမ်း ... သူမ တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားသော ပုံစံလေးက သိပ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖို့ ကောင်းလိုက်တာ။ အဲဒီလို တွန့်ခနဲ ဖြစ်သွားချိန်မှာ သူမက သူ့ပခုံးလေးကို ယောင်,ယောင်ပြီး လာကိုင်တတ်သည်။ အဲဒီနောက်မှာတော့ သူမကလည်း သူ ထင်မထားသော အပြုအမူကို လုပ်လိုက်တာပဲ ဖြစ်တော့သည်။

အဲဒါကတော့ သူ့လည်ပင်းကို ညှစ်ပစ်လိုက်ခြင်းပင်။

"အား ... အ ... ဘ ... ဘာလုပ်တာလဲ။ လည်ပင်းအစ်တယ်"

"အစ်လေ ... တမင်အစ်အောင်လုပ်တာ"

"ဟာ ... လွှတ် ... လွှတ်' အား ... သေတော့မှာပဲ"

"သေပေါ့၊ မှတ်ပြီလား။ နောက်တစ်ခါ ကျွန်မခါးကို တို့ဦးမလား"

"အား ... မ ... မတို့ ... မတို့တော့ဘူး။ လွှတ်တော့ ... အား သေတော့မှာပဲ ... အဟွတ် ... ဟွတ်"

သူမက ဆောင့်တွန်းပြီး လွှတ်လိုက်သဖြင့် သူက နောက်သို့ ပက်လက်လှန် လဲကျမတတ် ဖြစ်သွားသည်။ ကကယ်ကို လည်ပင်းညှစ်ခဲ့တာမို့ နာကျင်ကာ အသက်ရှူမဝ ဖြစ်နေသည်။ သူမကတော့ ကားခေါင်းပေါ်မှာ တက်ထိုင်လျက် လက်နှစ်ဖက် ပိုက်ကာ မိန့်မိန့်ကြီးပြုံးပြီး မှတ်ပြီလားပုံစံဖြင့် စိုက်ကြည့်နေသည်။

သူက ချောင်းတဟွတ်ဟွတ်ဆိုးကာ လက်ညှိုးတထိုးထိုး အနေအထားဖြင့် ...





"မင်း ကိုယ့်ကို လည်ပင်းညှစ်တယ် ဟုတ်လား၊ ဟွတ် ... ဟွတ် ... ကြည့်စမ်း ... ကိုယ်က မင်းကို ချစ်လို့စတာကို မင်းက ကိုယ့်ကို တကယ်လည်ပင်းပြန်ညှစ်တယ်"

"ကျွန်မလည်း ရှင့်ကို ချစ်လို့စတာပဲလေ။ ဒါပေမဲ့ ချစ်တာ နည်းနည်းကြမ်းသွားတယ် ... ဟဲ ... ဟဲ"

အဲဒီလိုပြောလျှင် သူက ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ချေ။ သူမရဲ့ခါးကို တအားကြီးပဲ ပြေးဖက်မိတော့သည်။ ဒီတစ်ခါတော့ ယားအောင်မလုပ်တော့။ ကလေးတစ်ယောက်လို ပြေးဖက်ကာ သူမရင်ခွင်ထဲသို့ တိုးဝင်မိလျှင် သူမက အလန့်တကြား တွန်းထုတ်ပြန်သည်။ ဒါပေမဲ့ ဒီအခြေအနေကို ကြိုတွက်ထားပြီးသားဖြစ်သော သူဟာ သူမကို ခပ်တင်းတင်း ဖက်ထားတာမို့ ဘယ်လိုမှ နောက်ရောက်မသွားချေ။

"မိုးသည်းစ ... မင်းကို အရမ်းချစ်တယ်ကွာ"

"ဟုတ်လား"

သူမရဲ့ ဟုတ်လား ပြန်မေးသံက နားထောင်၍ တော်တော်ကောင်းသည်။ ဟုတ်ကို အရှည်ဆွဲကာ လားကို ဆောင့်ပိတ်လိုက်သော အသံမျိုးဖြစ်ပြီး ကလေးတစ်ယောက်ကို ကျီစယ်စနောက်သော အသံမျိုးဖြစ်သည်။

"အင်း ... ဟုတ်တယ်။ မင်းရော ကိုယ့်ကိုချစ်သလား"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



သူမက မထင်မှတ်စွာဖြင့် အော်ရယ်သဖြင့် သူ တောင် ကြောင်သွားရသည်။ သူမရဲ့ ရင်ခွင်ထဲမှထွက်ကာ သူမ ကို မော့ကြည့်ရင်းမှ ...

"ဘာရယ်တာလဲ"

"ရယ်တာပေါ့။ ရှင် မေးနေတဲ့ပုံစံက ခေတ်ဟောင်းရုပ်ရှင် ကားထဲက ဒိုင်ယာလော့ခ်တွေ ကျနေတာပဲ။ မင်းသားက မင်းသမီးကို မေ့ကို ကိုယ်ချစ်တယ်၊ အရမ်းချစ်တယ်ဆို ရင် မင်းသမီးက မေလည်း မောင့်ကို အရမ်းချစ်ပါတယ် ကွယ် ဆိုတဲ့ သီအိုရီစကားကြီး ကျနေတာပဲ ...

ဟား ဟား ... ရှင်က တကယ်ရယ်ရတယ်နော်"

သူ တော်တော်တင်းသွားသည်။ ဒါကတော့ သူမ နည်းနည်းလွန်သွားပြီဟု ထင်ပါသည်။ ချက်ချင်းပဲ သူမကိုလွှတ် ကာ သူက ချာခနဲ လှည့်ထွက်လိုက်သည်။

"ဟိတ် ... အဲဒါက ဘာဖြစ်တာလဲ"

"မင်းကို စိတ်ကောက်သွားတာ"

"ဟုတ်လား"

အဲဒီ ဟုတ်လား လေသံကို တစ်ခါတလေမှာ တော်တော်ချစ်သော်လည်း တစ်ခါတလေမှာတော့ တော်တော် အမြင်ကတ်ရလေသည်။ ဒါကြောင့် လှည့်တောင်မကြည့်တော့ဘဲ ကားပေါ်သို့တက်ဖို့ပြင်သည်။ ဒါပေမဲ့လည်း သူမများ လိုက်ချော့ မလားလို့ တိတ်တဆိတ် မျှော်လင့်မိသေးသည်။ ကားပေါ်တက်





ပြီးတဲ့အထိလည်း သူမထံက ဘာသံမှ ထွက်မလာခဲ့ချေ။ ဒါကြောင့် တစ်ချက်လှည့်ကြည့်လိုက်လျှင် ဖုန်းကို နားအနားမှာကပ်ပြီး ဖုန်းပြောနေပြီဖြစ်သော သူမကို မှန်းတီးဖွယ်ရာ တွေ့မြင်လိုက် ရသည်။

သူက အံကိုတင်းတင်းကြိတ်ကာ ကားကို ခပ်ပြင်းပြင်းပဲ မောင်းထွက်ခဲ့သည်။ မိုးသည်းစ ဟူသော မိန်းမ၏စိတ်ခံ စားမှုအတိုင်းသာ လိုက်နေရလျှင်တော့ ရူးမှာသေချာလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၁

"မဟုတ်ပါဘူး မောင်ရယ်။ ပတ်ဝန်းကျင်က မလိုတဲ့ ပြောတဲ့ စကားတွေကို မောင် ဘာလို့ ယုံနေရတာလဲ။ အာ ... မဖြစ်နိုင်တာ၊ လုံးဝမသွားခဲ့ဘူး။ အရင်က ဇာတ်လမ်းတွေ မောင့်ကို ပြောပြပြီးပြီပဲ၊ အရင်တုန်းက ချစ်ရည်းစားများခဲ့တာ ဟုတ်တယ် ...

အဲဒါတွေက မောင်နဲ့ မတွေ့ခင်ကလေ။ မောင်နဲ့ တွေ့ပြီးတဲ့နောက်ပိုင်းမှာ ..."

မိုးသည်းသည် ကြင်နာရဲ့ ပကျိ ပကျိ ချွဲသံတွေကို နားမခံနိုင်တော့သဖြင့် အနားမှ ထထွက်လာကာ ဝရန်တာဆီသို့ ထွက်လာခဲ့သည်။ ကြင်နာကလည်း ဒီအရုပ်ထုပ်တွေက ရန်းမထွက်နိုင်သေးဘူးလား မသိချေ။ ဒါပေမဲ့ ဒီတစ်ယောက်ကိုတော့ သူမ တကယ်ပဲ ချစ်သွားသလားတော့ မပြောတတ်။ အရင်ကဆိုလျှင် တစ်ဖက်က ဒီလောက်ရစ်နေလျှင် ဒီလောက်လေကုန်ခံပြီး ရှင်းမနေတော့။ ဇာတ်လမ်းကို တစ်ခါတည်း ဖြတ်ပစ်လိုက်ပြီဖြစ်သည်။





အခုတော့ မဖြစ်စဖူး ပေတွေ လေတွေရှည်ကာ မောင်ရယ်၊ ချစ်ရယ်နဲ့ပဲ သံသရာလည်နေတော့သည်။ မိုးသည်းသည် အဲဒီလို ဖယောင်းရုပ်၊ အာရုံနောက်ရသော အချစ်တွေကို တကယ်ပဲ စိတ်ပျက်လှသူဖြစ်သည်။ ဒါဆို မိုးသည်း ရထားသော အချစ်ကရော ဘယ်လိုပုံစံမျိုးလဲလို့ မေးစရာရှိလာမည်။ မိုးသည်းရဲ့အချစ်ကတော့ အနည်းငယ် စိတ်ရှုပ်စရာကောင်းသည်ဟု ထင်ရုံမျှအပ ပျော်စရာကောင်းသည်ဟု ထင်လေသည်။

သူလည်း သူလုပ်ချင်ရာ လုပ်သလို မိုးသည်းလည်း ကိုယ်လုပ်ချင်ရာလုပ်သည်။ လုပ်ချင်ရာ လုပ်တယ်ဆိုတာက သူကလည်း မိုးသည်းကို သူ ပြောချင်သလို ပြောသလို မိုးသည်းကလည်း သူ့ကို စိတ်ထဲရှိသလို ဆက်ဆံတာဖြစ်သည်။ နှစ်ယောက်စလုံးက ပေကတ်ကတ် ဂျစ်ကန်ကန်တွေမို့ ရယ်တော့ ရယ်စရာကောင်းသည်ဟု ထင်လေသည်။

ဘယ်အချိန်ကျမှ ငိုရမလဲတော့ မသိပေ။ ငိုခြင်းအကြောင်းကို စဉ်းစားမိလျှင် မိုးသည်းသည် ဆယ်ကျော်သက်ကျောင်းသူဘဝတုန်းက နှစ်သက်စွဲလမ်းခဲ့ရသော ထွန်းအိန္ဒြာဗို၏ မျက်ရည်မရှိ သီချင်းကို ဖျတ်ခနဲ သတိရသွားသည်။

"နည်းနည်းမှ မငို ... မင်း အတွက်ဆို မငို ... အချစ် အတွက်ဆို မငို"

မိုးသည်းရဲ့ ခံယူချက်ကလည်း အဲဒီလိုပဲဖြစ်သည်။ ဟစ်စုံတစ်ယောက်အတွက်လည်း မငို။ အချစ်ဆိုသော အရာအတွက်



www.burmeseclassic.com

www.burmeseclassic.com



လည်း မငို။ ဘယ်လိုအကြောင်းကြောင်းကြောင့်နဲ့မှ မျက်ရည်မကျဟု ဆုံးဖြတ်ထားသူဖြစ်သည်။ အဲဒီအတွက်လည်း မိုးသည်းစသည်နှလုံးသားကို အစောကြီးထဲက မာကျောအောင် လုပ်ထားခဲ့သူဖြစ်သည်။

"အမယ်လေး ... မောလိုက်တာ။ ရှင်းလိုက်ရတာ ရေတောင်ငတ်တယ် ... ဟင်း"

ကိစ္စပြီးသွားဟန်တူသော ကြင်နာက အနားသို့ရောက်လာကာ ရေသန့်ဘူးကို မော့သောက်ရင်း ပြောသည်။

မိုးသည်းက သူ့ကို ငုံမကြည့်တဲ့ အဝေးသို့ မျှော်ကြည့်ရင်းမှ ...

"နှင့်ကို ရစ်နေတာ ဘယ်သူလဲ"

"ဘယ်သူရှိရမလဲ။ ကောင်းကင်ပေါ့"

"နင် သူ့ကို တကယ်ချစ်နေပြီလား"

"အင်း ... ချစ်တယ်။ သူ့ကို ငါ တကယ်ချစ်တယ်"

"ဒါဆိုလည်း တခြားဇာတ်လမ်းတွေ ရပ်လိုက်တော့လေဟာ၊ ဘာလို့ အရှုပ်လုပ်တွေကို လျှောက်သယ်လာနေတာလဲ။ နင် တကယ်ချစ်တဲ့သူကို တွေ့နေပြီပဲ၊ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် နေတော့လေ"

"နေပါတယ်ဟာ၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲ၊ နည်းနည်းမိုက်တဲ့ဘဲနဲ့ တွေ့တော့လည်း အီလိုက်ချင်သေးတယ်ဟ"

"နင် ဒုက္ခရောက်လိမ့်မယ်"



"ငါ ဒုက္ခမရောက်ပါဘူး။ ကဲ ... ငါ့ကိစ္စက အေးဆေးပါ။ နင့်ကိုသာမေးရမှာ။ ဘယ်လိုလဲ မိုးလုံးမှိုင်းနဲ့ ချစ်ရတာ သာယာရဲ့လား"

မိုးသည်းသည် အဝေးကြီးကို ငေးကြည့်နေရင်းမှ အသာအယာပြုံးကာ ဂျစ်ကန်ကန် စူပုပ်ပုပ် သူ့မျက်နှာကို မျက်လုံးထဲတွင် မြင်ယောင်လာသည်။ ချစ်ရတာ သာယာသလားမသာယာသလားတော့ မသိ၊ လှိုင်းစီးရသလို ရိပ်ကိပ်တိပ်ရိဝေဝေဖြစ်နေတာတော့ သေချာသည်။

"အင်း ... သာယာတယ်ပဲ ဆိုပါတော့"

"အခြေအနေက ဘယ်လိုလဲ"

"ဘာအခြေအနေလဲ"

"ဒီလိုပေါ့၊ ဘာညာ သာရကာ အခြေအနေကို ပြောတာ"

"ဘာ ... ဘာညာ သာရကာ အခြေအနေလဲ"

"ဪ ... တုံးမကလည်း။ သူနဲ့ချစ်ရတာ ရင်ခုန်လား၊ မိုက်လား။ အဲဒါကို ပြောတာ"

"ဒါဆိုလည်း အဲဒီလို တစ်ခါတည်း မေးပါလား။ ဘာဖြစ်လို့ မဆိုင်တာတွေ လျှောက်ဝေ့နေရတာလဲ"

"ဟုတ်ပါတယ်၊ နင်က တည့်ပဲ ကြိုက်တယ်ဆိုတာ ငါမေ့သွားတယ်ဟော့။ ကဲ ... ပြောပါဦး။ နင်က ရည်းစားသာရသွားတာ ဘာသံမှလဲ မထွက်တော့ နင့်အတွက် ဘာမှထူးထူးခြားခြား ပြောင်းလဲမသွားပုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ မိုးသည်းက ကြင်နာ့ကို အသာအယာ ငဲ့ကြည့်ဖြစ်ကာ ...

"ရည်းစားတစ်ယောက် ရသွားတာနဲ့ ငါက ဘာထူးထူးခြားခြား ပြောင်းလဲသွားရမှာလဲ"

"ဒါဆို သူက နင့်ကို ဘာမှမပြောင်းလဲစေဘူးပေါ့"

"ဟင့်အင်း ... လူတစ်ယောက်နဲ့တစ်ယောက် ချစ်တာဘာကို ပြောင်းလဲစေရမှာလဲ။ ငါကရော ဘာ့ကြောင့်ပြောင်းလဲစရာ လိုလို့လဲ။ အဲလို ပြောစတမ်းဆိုရင် နင်တောင် အခုတကယ်ချစ်ပါတယ်ဆိုတဲ့ ကောင်းကင် အတွက် ပြောင်းလဲစေခဲ့လို့လား"

"သူ့ကို ငါ့ရင်ထဲက နက်နက်ရှိုင်းရှိုင်းချစ်ရင် ပြီးပြီလေ။ ကျန်တာတော့ သိပ်အများကြီး မပေးနိုင်သေးဘူး"

"အဲဒါပေါ့၊ ယောကျ်ားတစ်ယောက်ကို သိပ်အများကြီး ပုံချစ်စရာ မလိုပါဘူး"

အဲဒီအနိုက်မှာပဲ မိုးသည်းရဲ့ဘောင်းဘီအိတ်ကပ်ထဲတွင် ထည့်ထားသောဖုန်းထဲမှ မက်ဆေ့ချ်ရောက်လာကြောင်း အချက်ပေး တီလုံးသံ ထွက်ပေါ်လာသည်။ မိုးသည်းက ဖွင့်ကြည့်လိုက်လျှင် မိုးလုံးမှိုင်း ပို့ပေးလိုက်သော "Where ?" (မင်း ဘယ်မှာလဲ)ဟူသော စာသားလေးကို တွေ့လိုက်ရသည်။

မနေ့က နေ့လယ်ခင်းက သူ စိတ်ကောက်သွားသည်။ ညဘက် ဖုန်းမဆက်။ မိုးသည်းကလည်း မဆက်ချေ။ မနက်ခင်းလည်း မဆက်။ အခုတော့ သူ စိတ်ကောက်ချိန်မှာ နှစ်ဆယ့်လေးနာရီရှိပြီဖြစ်သည်။ မိုးသည်းသည် တမင်အရေးမစိုက်ဟန်ဖြင့် ဘာမက်ဆေ့ချ်မှ ပြန်မပို့ဖြစ်ချေ။ ကြင်နာက စပ်စုသဖြင့် အကြောင်းစုံ ပြောပြလိုက်လျှင် သူမက တဟားဟား ရယ်မောကာ ...

"ယောကျ်ားတွေဟာ တစ်ခါတလေကျတော့လည်း ကလေးလေးတွေလိုပဲဟ။ စိတ်ကောက်မယ်။ မိန်းမတွေရဲ့ရင်ခွင်ထဲကိုဝင်ပြီး ကလေးတွေလို ချွဲမယ် ... သူတို့က အယုယခံချင်တာပါ။ အဲဒါကို ဖြည့်ဆည်းပေးနိုင်ရင် သူတို့က အသည်းစွဲပဲ"

ကြင်နာရဲ့စကားကြောင့် မိုးသည်းသည် သူ ကိုယ့်ရင်ခွင်ထဲသို့ တိုးဝေ့ခိုဝင်လာပုံကို ဖျတ်ခဲ မြင်ယောင်ကာ ရင်ထဲမှာ လှုပ်ရှားသွားသည်။ တကယ်တော့ သူဟာ သိပ်စွဲမက်ဖို့ကောင်းသော ယောကျ်ားတစ်ယောက်ဆိုတာ ဘယ်လိုမှ မငြင်းနိုင်ချေ။ မိုးသည်းသည် အဲဒီ စွဲမက်စရာတွေအောက်မှာ ကျရှုံးမသွားအောင် ကိုယ့်ကိုယ်ကိုယ် သံမဏိစိတ်ဓာတ်ဖြင့် တောင့်ခံထားခြင်းဖြစ်သည်။ သူချစ်သလိုသာ သူကြင်နာယုယသလိုသာ လိုက်နေလိုက်လျှင်တော့ မိုးသည်းတို့နှစ်ယောက်ဟာ မခွဲနိုင် မခွာရက် သေကောင်ပေါင်းလဲကို ချစ်မိသွားနိုင်လေသည်။

အဲဒီအချိန်မှာပဲ မိုးသည်းရဲ့ဖုန်းက မြည်သံထွက်ပေါ်လာသည်။ ဖုန်း Find Tone သံကို နားထောင်လိုက်တာနှင့် မိုးလုံးမှိုင်းဆီက ဆိုတာ သိလိုက်ရသည်။ ဖျတ်ခနဲ ခုန်သွားသော





မေတ္တာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရင်နှင့် လိုက်ခဲနဲ့ ပျော်သွားသော စိတ်ခံစားမှုတို့ဟာ သူ့ကို တကယ်ချစ်မိတယ်ဟူသော သက်သေအထောက်အထား ခံစားမှုများပဲ ဖြစ်လိမ့်မည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါ"

မိုးသည်းက တမင်ရွဲ့၍ ထူးလိုက်သည်။ သူ့ဘက်က အသက်ရှူသံ ခပ်ပြင်းပြင်း တစ်ချက်ကို အရင်ကြားလိုက်ရပြီးမှ...

"မိုးသည်းစ ... မင်း ကိုယ့်မက်ဆေ့ချ် ရသလား"

"ရတယ်လေ"

"ရရင် ဘာလို့ Reply ပြန်မလုပ်တာလဲ"

"ရှင် ဖုန်းဆက်တာကို စောင့်နေတာလေ"

"မင်း ကိုယ်ရှိတဲ့နေရာကို အခုလာခဲ့"

"အဲလို အမိန့်ပေးနိုင်တဲ့ ပါဝါမျိုး ရှင့်ကို တစ်ခါမှ မပေးခဲ့ဖူးပါဘူး"

"မိုးသည်းစ ... မင်းကိုယ်မင်း နည်းနည်းတော့ လွန်နေပြီလို့ မထင်ဘူးလား။ ဖောင်းလိတာက မင်းဖောင်းလိထားတာနော် ...

ကိုယ် အခု(xxx)ကွန်ဒိုက အခန်းတစ်ခန်းမှာ ရောက်နေတယ်။ အဲဒီကနေ မင်းကို စောင့်နေမယ်။ မင်း လာခဲ့။ မင်းနဲ့ ပြောစရာရှိတယ်"

"ပြောစရာရှိရင် အခုပြောပါလား။ ကျွန်မက ဘာကိစ္စနဲ့ အဲဒီကို လာရမှာလဲ"





"ဖုန်းထဲမှာ မင်းမျက်နှာကိုမှ မမြင်ရတာ။ ကဲ ... မင်းလာမှာလား၊ မလာဘူးလားကွာ။ ကိုယ် အဲဒါကိုပဲ သိချင်တယ်"

"ရှင်ကိုယ်တိုင် ကော်ဖီဖျော်တိုက်မယ် ဆိုရင်တော့ လာမယ်လေ"

"အာ ... ဒီမှာ ဘာမှမရှိဘူးကွ။ ကိုယ် ဒက်ကရေးရှင်းပြင်ပေးရမယ့် Hall type အခန်းကြီး။ အဲဒါ လာကြည့်ပေးနေတာ ...

ဒီတော့ အကြွေးမှတ်ထားလိုက်ကွာ။ နောက်မှ ဖျော်တိုက်မယ်။ နော် ... မင်းက လိမ္မာပါတယ်။ ကိုယ့်ဆီကို လာခဲ့ပါကွာ။ ကိုယ် မင်းကို သိပ်တွေ့ချင်နေတယ်။ အရမ်းလွမ်းတယ် မိုးသည်းစ"

"ဆောရီးပဲ၊ ကော်ဖီတစ်ခွက် မသောက်ရဘဲနဲ့တော့ ကျွန်မ ရောက်မလာနိုင်ဘူး။ နောက်မှ တွေ့ကြတာပေါ့ ... ဘိုင့်ဘိုင်"

မိုးသည်းက အနိုင်နဲ့ပိုင်းကာ ဖုန်းကို ချပစ်လိုက်သည်။ ကြင်နာ့က မိုးသည်းရဲ့ရင်ဘတ်ကို လက်ညှိုးနဲ့တစ်ချက် တွန်းထုတ်ကာ "နှလုံးသားမရှိတဲ့လူကြီး"ဟု နောက်သည်။ ခဏနေတော့ မိုးသည်းရဲ့ဖုန်းထဲသို့ မက်ဆေ့ချ်တစ်ခု ထပ်ဝင်လာပြန်သည်။ သူ့ဆီကပဲဖြစ်သော "I hate u" (ငါ မင်းကိုမုန်းတယ်) ဟူသော စာသားကိုဖတ်ကာ မိုးသည်းက ပြုံးထွေထွေဖြင့် ပခုံးတွန့်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာ့ကို အဲဒီ မက်ဆေ့ချ်ပြကာ မိုးသည်းက တီးတိုး ပြောမိလေသည်။

"ယောက်ျားတွေရဲ့ အချစ်ဆိုတာ သူတို့လိုချင်တာကို ရရင် ချစ်ဖို့ကောင်းပြီး၊ မလိုချင်တာတွေ ရရင်တော့ မုန်းဖို့ကောင်းတယ် ဖြစ်သွားရော ...

ဒီတော့ ဘာအဓိပ္ပာယ်ရှိတဲ့ အချစ်လဲတော့ မသိတော့ဘူးနော်"

BURMESE CLASSIC .com

* * *

ဝေဖန်စာ၊ အတြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁၂

အခုချိန်မှာတော့ သူသည် မိုးလုံးမှိုင်း ဟူသော သူ့နာမည်နဲ့လိုက်အောင် သူ့မျက်နှာတစ်ခုလုံးက မည်းမှောင်မှိုင်းညို့နေလိမ့်မည်။ မိုးသည်းစ ဟူသော မိန်းမဟာ နွားသိုးနဲ့မိုး အစိုးမရဟူသော စကားပုံထဲ ထည့်သွင်းရမလို တကယ့်ကို အစိုးမရ၊ နားလည်ရခက်သော မိန်းမမှန်း သိသိလျက်နဲ့ ဘာကြောင့်မိုက်မိုက်မဲမဲ ချစ်မိသွားရသလဲဆိုတာ သူ့ကိုယ်သူတောင် စဉ်းစားမရတော့ချေ။

"ဘာကြီးမှန်းကို မသိဘူး"ဟူသော စကားသည် သူမနဲ့ပတ်သက်ပြီး အကြိမ်ပေါင်း မရေတွက်နိုင်အောင် ပြောမိသော စကားပဲ ဖြစ်တော့လေသည်။ အခုလည်း သူ ခေါ်တာကို မလာ။ မလာတာကို သူ အပြစ်မပြောချေ။ သူမ ဘယ်မှာရှိတယ်ဆိုတာကိုလည်း မပြောပြခဲ့။ အဲဒီထက် ဆိုးတာက ညဘက်မှာ ဖုန်းပိတ်ထားတာပဲ ဖြစ်တော့သည်။ သူ သူမထံကို ဖုန်းခေါ်တော့



www.burmeseclassic.com

www.burmeseclassic.com



ညဆယ့်နှစ်နာရီ ထိုးနေပြီ။ သူ ခေါ်နေသော တယ်လီဖုန်းဟာ သူ့ကို စက်ပိတ်ထားတာလောက် သူ မှန်းတာ မရှိတော့ပြီ။

ဒေါသစိတ်ကြောင့် ဘယ်လိုမှကို အိပ်လို့မရချေ။ တစ်နာရီထိလည်း အိပ်မပျော်၊ နှစ်နာရီထိလည်း အိပ်မပျော်ခဲ့ပါ။ ဒေါသထွက်ကာ ရင်ထဲမှာ ပူလောင်နေသော လူတစ်ယောက်အဖြစ် ဝင့်ကြွေးတစ်ခုကို ဆပ်နေရသလိုပဲ ဖြစ်လေသည်။ ဖြစ်နိုင်လျှင် သူမဆီ ထသွားချင်လှသော်လည်း ဒီအချိန်ကြီးကျမှ အိမ်အပြင် ထွက်ရင်လည်း သူ့အိမ်က စစ်လား ဆေးလား လုပ်တော့မည်။ သူတို့အိမ်က လွတ်လပ်စွာ နေတတ်သည် ဆိုသော်ငြားလည်း အိမ်ပြန်ချိန် နောက်ကျလျှင်တော့ မိဘတွေက မကြိုက်တတ်ချေ။ ပြောရလျှင်တော စည်းကမ်းရှိသော မိသားစုဖြစ်သည်။ ဒီလိုအချိုး အချိတ်မျိုးနဲ့တော့ သူမကို သူတို့မိသားစုထဲသို့ ခေါ်သွင်းလာဖို့ဆိုတာ တော်တော်မလွယ်သည့် ကိစ္စပဲ ဖြစ်တော့မည်။

ရှေ့ရေးတွေ နောက်ရေးတွေ လျှောက်စဉ်းစားကာ တစ်ညလုံး အိပ်မပျော်ခဲ့ပေ။ မိုးမြန်မြန်လင်းအောင် ဆုတောင်းရင်း ခြောက်နာရီလောက်မှာတော့ ဘယ်လိုမှ ဆက်နေ၍မရတော့ပဲ သူငယ်ချင်းတစ်ယောက်က ပဲခူးကို အရေးပေါ်သွားစရာရှိသည်ဟု ခေါ်တယ် အကြောင်းပြကာ ထွက်လာခဲ့သည်။ ဦးတည်ရာက တော့ သူမရှိရာ ကွန်ဒိုသို့ပင်။ သူမ အခန်းရှေ့သို့ရောက်သွားလျှင် သူက တံခါးဘဲလ်ကို ခပ်နာနာဖိနှိပ်ပစ်လိုက်သည်။ ခဏနေတော့ အခန်းတံခါး ပွင့်လာကာ သူမရဲ့မျက်နှာပေါ်လာသည်။





မှုန်ကုပ်ကုပ်နှင့် စိုက်ကြည့်နေသော သူ့ကို အသာ အယာပြုံးကာ အခန်းတံခါးကို ဖွင့်လိုက်လျှင် သူတောင် အံ့ဩသွားရသည်။

"အထဲကိုဝင်လေ၊ ဘာလုပ်နေတာလဲ"

မထင်မှတ်ထားသော ဖိတ်ခေါ်သံကြောင့် သူ အံ့ဩသွားရသည်။ မောင်းတင်လာသမျှ ဘာပြောရတော့မှန်းတောင် မသိတော့ချေ။ သူမနဲ့ ချစ်သူဖြစ်လာသော သုံးလပတ်ကာလတာမှာ သူမ အိမ်ထဲသို့ သူ တစ်ခါမှ မရောက်ဖူးခဲ့ချေ။ မရောက်ခဲ့ဖူးဆို သူမက အိမ်ထဲဝင်ဖို့ ဘယ်တုန်းကမှ မဖိတ်ခေါ်ခဲ့သောကြောင့်ဖြစ်သည်။ အခုတော့ ...။

သူက တစ်ညလုံးထွက်ခဲ့ရသော ဒေါသစိတ်ကွေ့ကို မေ့လျော့စွာ သူမအခန်းတွင်းသို့ ဝင်ရောက်လာသည်။ အေးစိမ့်မွှေးပျံ့ကာ လာဗင်ဒါရနံ့သင်းသင်းလေး ရနေသော အခန်းထဲ၌ စိတ်အေးချမ်းဖွယ်ရာ တယောသံ ခပ်အီအီလေးက ချွဲချွဲနွဲ့နွဲ့လေး စီးဆင်းနေသည်။ ဧည့်ခန်းဆောင်က မီးအပြာရောင်၊ နောက်နားက မီးပန်းရောင် စသဖြင့် မီးအရောင်တွေဖြင့် ဒက်ကရေးရှင်းကို တစ်စိတ်တစ်ပိုင်း ပံ့ပိုးပေးထားသည်။

ပြောရလျှင်တော့ သူမ အခန်းလေးရဲ့ ဒက်ကရေးရှင်းက အဆင့်မြင့်လှပကာ သပ်ရပ်ပါသည်။ သူက ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရှုနေတုန်းမှာပဲ သူမက သူ့ရဲ့လက်မောင်းနှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလှည့်လိုက်တာဖြစ်သည်။ ချစ်စရာကောင်းသော ဆံနွယ်အရွေ အလိပ်လေးများကြားမှ ဝင်းပစွာ ဖူးထွက်နေသော သူမရဲ့မျက်နှာသည် သူ့မျက်နှာနှင့် နီးကပ်စွာ တည်ရှိနေသည်။

ချည်သားဘောင်းဘီပွပွအဖြူကို ချည်သားအကျႌလက်ရှည်ဖြင့် ဖားလျားနွေးထွေးစွာ ဝတ်ဆင်ထားသော သူမရဲ့ မျက်လုံးတွေက အနည်းငယ် နီနေကြသည်။ ဒီမိန်းမ တစ်ညလုံး Club မှာ ကဲလာတာ ဖြစ်နိုင်လေသည်။

"ဒီနေ့ Sunday ဆိုတော့ ရှင် ရုံးပိတ်တယ် မဟုတ်လား"

"ဟုတ်တယ်"

"အိုခေ ... ဒါဆို ရှင့်အချိန်တွေ တစ်နေကုန် ကျွန်မကို ပေးနိုင်မလားဟင်"

"နေပါဦး၊ အခုလောလောဆယ် မင်းဆီကို ကိုယ်ရောက်လာတာက ..."

သူ့စကားတောင် မဆုံးသေးချေ။ သူမရဲ့ ရုံးပတီသီးလက်ချောင်းလေးတွေက သူ့နှုတ်ခမ်းပေါ်သို့ အလို လျှောက်လာပိတ်ကွယ်ကာ ...

"ပလိစ် ... ကျွန်မ အရမ်းအိပ်ချင်နေတယ်။ ဒီအချိန်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရရင် တော်တော်နေလို့ကောင်းသွားမယ် ...





ကျွန်မ ခဏသွားအိပ်လိုက်ဦးမယ်။ အိပ်ရာကနိုးလာရင် ဗိုက်ဆာမှာ အသေအချာပဲ။ ရှင် တစ်ခုခု စီစဉ်ထားပါနော်။ ခုချိန်ကစပြီး ကျွန်မ တစ်အိမ်လုံးကို ရှင့်ကိုယုံကြည်စွာ အပ်နှံခဲ့ပြီ"

အဆုံးသတ်စကားကို ပြောပြီးလျှင် သူမက "ဟုတ်ပြီလား"ဟူသော သဘောဖြင့် သူ့ပါးကို ခပ်ဆတ်ဆတ်ပုတ်ကာ အခန်းတံခါးတစ်ခုကိုဖွင့်လျက် ဝင်ရောက်ပျောက်ကွယ်သွားသည်။ သူသည် နေရာမှာ မတ်တတ်ရပ်ရင်း အခြေအနေတစ်ခုကို နားလည်ခြင်းထက် ကျော်လွန်စွာ၊ ရင်နှန်စွာ ကျန်ရစ်ခဲ့သည်။

အဲဒီနောက် ဆိုဖာရှည်တစ်ခုဆီသို့ လျှောက်သွားကာ ခြေပစ်လက်ပစ် ထိုင်ချမိတော့သည်။ အိမ်က ထွက်လာစဉ်က သူ မျှော်လင့်ပြင်ဆင်ခဲ့သော အခြေအနေမှာ သူမနှင့် အသေးစားရန်ပွဲတစ်ပွဲဖြစ်သည်။ ခါတိုင်းလို ရှင်အလွန်နော် ... ထွက်သွားလိုက် ... ဟူသော စကားမျိုးတွေကို မျှော်လင့်ကာ တစ်နေကုန်ရန်ဖြစ်ဖို့ စိတ်ကူးဖြင့် သူ့အိမ်ကိုတောင် ပဲနှုးသွားမယ်ဟု အကြောင်းပြခဲ့တာဖြစ်သည်။ အခုတော့ ...။

အခြေအနေတွေက ဘာတွေ ဘယ်လို ပြောင်းလဲကုန်လဲတော့ မသိတော့။ သူသည် သူမနဲ့ပတ်သက်လာလျှင် ရွတ်နေကြ စကားတစ်ခွန်းကိုပဲ ရွတ်လိုက်မိတော့သည်။

"ကျွတ် ... ဘာကြီးမှန်းကို မသိဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ အခန်းထဲမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီထင်သည်။ ဘာသံမှမကြားရတော့။ သူကတော့ အခုမှ ဆာလာသောဗိုက်ကို မီးဖိုချောင်ထဲဝင်ကာ ဖြေရှင်းဖို့ ကြံစည်သည်။ မယ်မင်းကြီးမ နိုးထလာလျှင်လည်း ဗိုက်ဆာဦးမှာမို့ ဘာကျွေးရရင် ကောင်းမလဲ စဉ်းစားသည်။ သူမအိမ်မှာ ဘာမုန့်မှ သိပ်များများစားစား မရှိချေ။ သူကတော့ ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်သာ တင်းတိမ်လိုက်ရသည်။

မိန်းကလေးတစ်ယောက်တည်း နေတဲ့အိမ်ဖြစ်၍ သပ်သပ်ရပ်ရပ်တော့ ရှိသည်။ သူမ ကြည့်ရတာ သန့်ရှင်းရေးကိုတော့ ဂရုစိုက်ဟန် တူလေသည်။ သူက ဗိုက်ဖြည့်ပြီးတာနှင့် နာရီကိုကြည့်လိုက်လျှင် ခုနစ်နာရီကို ညွှန်ပြနေသည်။ ဒီအချိန်တော့ စူပါမားကတ်တွေ မဖွင့်သေးဖေမယ့် ဈေးတော့ဖွင့်ပြီဟု ယူဆကာ ခဏနေလျှင်တော့ ဈေးသွားဖို့ ဆုံးဖြတ်လိုက်သည်။ တစ်နာရီခန့်အချိန်ကို သူက စာအုပ်စင်မှ စာအုပ်တွေနဲ့ ကျော်ဖြတ်ကာ ရှစ်နာရီထိုးလျှင်တော့ အနီးဆုံးဈေးကြီးတစ်ခုသို့ ကားမောင်းကာ အိမ်ရှင်မကြီးတစ်ဦးသဖွယ် ဈေးဝယ်ထွက်ရလေတော့သည်။

မြန်မာထမင်းဟင်း ကြိုက်တယ်ဆိုသော ဂျစ်စုတ်စုတ်ချစ်သူကြီးအတွက် အမဲသားနှပ်ကျွေးဖို့ရာ အမဲသားဝယ်သည်။ ပြောင်းဖူးကြော်ဖို့က ပြောင်းဖူး ငရုတ်သီးနဲ့ မြေပဲဆံကြော်ရန်အတွက် အစာပလာပစ္စည်းများ၊ အရည်ဟင်းအတွက် ချဉ်ပေါင်ရွက် စသဖြင့် သူမအိမ်မှာမရှိသော တိုလီထွာလီပစ္စည်းများနှင့်အတူ သူမအတွက် Breakfast အဖြစ် ခေါက်ဆွဲခြောက်ထုပ်တွေကို ဝယ်ယူပြီး ပြန်လာခဲ့သည်။



သူ အိမ်ပြန်ရောက်တော့ ကိုးနာရီထိုးနေပြီ။ ဒါပေမဲ့ သူမက မနိုးသေးချေ။ သူက မီးဖိုချောင်ထဲမှာ လုပ်စရာရှိတာတွေကိုလုပ်ကာ နာရီကိုလည်း တကြည့်ကြည့် နေရသည်။ သို့သော် သူ အားလုံးချက်ပြုတ်ပြီးစီးသွားသည့် ဆယ့်တစ်နာရီ ထိုးပြီးသည့်အထိ မရွှေချောက မနိုးနိုင်သောအခါ သူက သူမ အခန်းတံခါးကို အသာအယာ သွားခေါက်မိတော့သည်။ လေးငါးချက် ခေါက်သော်လည်း ဘာသံမှ မကြားရသောကြောင့် တံခါးလက်ကိုင်ဘုကို အသာယာ လှည့်ဖွင့်လိုက်လျှင် အခန်းတံခါးက ပွင့်သွားသည်။

တစ်ဝက်တစ်ပျက် မြင်နေရသော အခန်းထဲက ခုတင်ကြီးပေါ်တွင် သူမက စောင်ခြုံထဲ၌ နစ်မြုပ်အိပ်ပျော်နေသည်။ အရမ်းဆက်အိပ်နေပါက ခေါင်းကိုက်သွားမှာ စိုးသဖြင့် သူက နှိုးဖို့ရာအတွက် အခန်းထဲသို့ ဝင်လာခဲ့သည်။ သူမရဲ့အခန်းလေးမှာ အဖြူရောင် လင်းချင်းလျက် ကျယ်ဝန်းကာ သန့်ရှင်းသပ်ရပ်နေသည်။ သူက ခုတင်စွန်းမှာ အသာဝင်ထိုင်ကာ သူမကိုနှိုးမည်အလုပ်မှာပဲ "ဟိတ်"ခနဲ ဟူသော အသံဖြင့် သူမက သူ့ကိုခြောက်လှန့်လိုက်တာဖြစ်သည်။ သိပ်မလန့်သော်လည်း အဲဒီလိုခြောက်လိမ့်မည်ဟု မထင်ထားသဖြင့် သူက နောက်သို့ နည်းနည်းယိုင်သွားရသည်။

www.burmeseclassic.com



သူမက သူ့ကို ပြုံးထေ့ထေ့ဖြင့်ကြည့်ကာ ...

"ဗိုက်ဆာပြီ၊ ဘာစားစရာရှိလဲ"

"အောင်မာ ... ငါကပဲ သူ့အိမ်ဖော်ကျလို့"

"အဲဒီလို လုပ်ခိုင်းဖို့ စိတ်ကူးနဲ့ပဲ ရှင့်ကို အိမ်ထဲခေါ်ထားတာလေ"

သူမက ပမာမခန့်ပုံစံဖြင့် ပြန်ပြောသည်။ သူက အဲဒီပုံစံကြောင့် သူမရဲ့မေးဖျားကို လူကြမ်းသရုပ်ဆောင်တွေ ဆွဲယူသလို ဆွဲယူကာ ...

"ဒီမှာ ကိုယ်က မင်းရဲ့အိမ်ဖော်တော့ လုပ်မှာမဟုတ်ဘူး။ လုပ်ချင်းလုပ် မင်းရဲ့ယောက်ျားပဲလုပ်မှာ သိလား"

အဲဒီစကားကြောင့် သူမက မေးဖျားကို ကိုင်ထားသော သူ့လက်ကို တွန်းထုတ်ကာ စောင်ကို ဖယ်ခွာလျက် ခုတင်ပေါ်မှ ခုန်ဆင်းသွားသည်။ "စောင်ခေါက်လိုက်"ဟူသော စကားကိုလည်း အော်ပြောသွားသေးတာမို့ သူက အသာကျိန်ဆဲမိသည်။ ဒါပေမဲ့ မခေါက်ဘဲတော့ မနေချေ။ ဘာကြောင့်မှန်း မသိဘဲ သူမ ခြုံထားခဲ့သောစောင်ကို သပ်ရပ်စွာ ခေါက်ပေးပြီးမှ အခန်းထဲက ထွက်လာခဲ့သည်။

သူမက အပြင်ဘက်မှာ ရေတစ်ခွက်ကို သောက်နေရင်း CD သို့ သီချင်းခွေတစ်ခွေ ထည့်နေသည်။ အနားရောက်လာသော သူ့ကို မော့ကြည့်ကာ ...

"ရှင် တစ်ခုခု ချက်ထားတယ်နဲ့တူတယ်"





"ဟုတ်တယ်၊ မင်းနဲ့ နေ့လယ်စာစားဖို့ ထမင်းဟင်းတွေ ချက်ထားတာ။ အမဲနှပ်၊ ပြောင်းဖူးကိုခြစ်နဲ့ခြစ်ပြီး ကြော်ထားတာရယ်၊ မြေပဲဆံနဲ့ ငရုတ်သီးကြက်သွန်ကြော်ရယ်၊ ချဉ်ပေါင်ဟင်းချိုရယ်၊ မြိတ်ငါးပိထောင်းရယ်၊ စီစဉ်ထားတယ် ...

ဘယ်လိုလဲ စားတော့မလား"

"အိုး ... တကယ်ပဲ၊ အဲဒီလို ချက်ထားတယ်။ စားမှာပေါ့"

သူမက အစားအသောက်အသံကြားလျှင် မျက်လုံးတွေက မီးဝင်းဝင်းတောက်လာကာ ထမင်းစားခန်းထဲသို့ အပြေးထသွားဖို့ ကြိုးစားသည်။ သို့သော် သူက ဒီလိုလွယ်လွယ်နဲ့တော့ သွားခွင့်မပေးပါ။

သူမရှေ့မှ ပိတ်ရပ်ထားရင်းမှ ...

"ဟိတ် ... ဒီလိုတော့ လွယ်လွယ်စားလို့ ဘယ်ရမလဲ။ ချက်ပြုတ်ထားတဲ့ လူကိုတော့ အမောပြေအောင် လုပ်ပေးဦးမှပေါ့"

သူမက သူ့ကို ချစ်စဖွယ် ပြုံးကြည့်ကာ သူ့မျက်နှာကို ရှေ့သို့ဆွဲယူလျက် သူ့နှာခေါင်းကို သူမရဲ့နှာခေါင်းချွန်ချွန်လေးဖြင့် ဘယ်ညာပွတ်တိုက်လိုက်လေသည်။ ပြီးတော့ သူမဟာ သူမသဘောတကျ ရယ်မောကာ ထမင်းစားခန်းထဲသို့ လှစ်ခနဲ ပြေးဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို နှာခေါင်းချင်း ဘယ်ညာထိတွေ့သည့် အပြုအမူမျိုးကို သူမတစ်ယောက် ဘယ်လိုများ Idea ရသလဲတော့ မပြောတတ်ပါ။ နမ်းတာလည်းမဟုတ်၊ မွှေးတာလည်းမဟုတ်၊ ဘာမှန်းမသိသည့် ချစ်စနိုး အပြုအမူတစ်ခုကို သူက သဘောကျကျေနပ်ခြင်းများစွာဖြင့် သူမနောက်မှ လိုက်ပါခဲ့သည်။

သူ ချက်ထားသော ထမင်းဟင်းတွေကို သူမက တကယ်ပဲ အားပါးတရ စားလေသည်။ ထမင်းကို နှစ်ပန်းကန် တောင်ဆွဲကာ အမဲနှပ်တွေကိုလည်း တော်တော်တီးတာမို့ သူက မျက်လုံးတွေတောင် ပြူးနေရသည်။

"မိုးသည်းစ ဗိုက်လည်း ပေါက်ထွက်သွားဦးမယ်။ တော်တော်စားကောင်းတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်။ ကျွန်မ စားဖူးသမျှ မြန်မာထမင်းဟင်းတွေထဲမှာ ရှင့်လက်ရာက စားလို့အကောင်းဆုံးပဲ။ စေတနာတွေပါတာလည်း ဖြစ်နိုင်တယ်"

"ဒါပေါ့၊ ဒီလိုသာ နေ့တိုင်းစားရင် မင်း ဖက်တီးပုတ်ကြီး ဖြစ်လာမှာ သေချာတယ်"

"ဖက်တီးပုတ်ဖြစ်လည်း ရှင်ကတော့ ချစ်မှာပဲ မဟုတ်လား"

"ဒီလိုပုံမျိုးနဲ့ဆို ... မင်္ဂလာဆောင်တဲ့နေ့မှာ ချစ်လေးစိတ်ညစ်ရမှာ ..."

သူက အဲလက်စ်ရဲ့သီချင်းကို ဆိုပြလိုက်လျှင် သူမက သဘောကျစွာဖြင့် ရယ်မောလေသည်။ ထမင်းစားပြီးသော





ပန်းကန်တွေကိုတော့ သူမကပဲ ဆေးကြောသည်။ သူမရဲ့ချစ်စဖွယ် အိမ်လေးထဲမှာ အခုလိုမျိုး ကြည်နူးစရာ အနေအထားမျိုးဖြင့် နေရလိမ့်မည်ဟု မမျှော်လင့်မထားသောကြောင့် သူ့အတွက်က အိပ်မက်လိုပဲ ဖြစ်နေသည်။ မနက်ခင်းက မောင်းတင်လာခဲ့သော ဒေါသတွေ မရှိတော့ပေမယ့် မေးဖို့ဝတ္တရားရှိတာကြောင့် သူက သူမကို ဆိုဖာပေါ်မှာ အတူယှဉ်တွဲ ထိုင်စေရင်း လက်ဖျားလေးတွေကို အသာဆုပ်ကိုင်ကာ မေးမိသည်။

"မိုးသည်းစ ... ဒီနေ့ ကိုယ့်စိတ်တွေ အရမ်းကိုပေါ့ပါးပြီး ကြည်နူးလန်းဆန်းနေတယ်။ အဲဒါလေးကို မပျက်စီးစေချင်ဘူးကွာ။ ဒီတော့ ကိုယ်မေးတာကို မင်း ကောင်းကောင်းဖြေပေးပါ"

သူမက သူ့ကို မျက်လုံးရွဲကြီးတွေနှင့် မော့ကြည့်ကာ အသာအယာ ခေါင်းညိတ်ပြသည်။

"မင်း မနေ့ညက Club မှာ မဟုတ်လား"

သူမက ခေါင်းညိတ်ပြသည်။ သူက သူမရဲ့လက်တစ်ဖက်ကို သူ့ရင်ခွင်ထဲ ဆွဲသွင်းအပ်ထားရင်းမှ သူမရဲ့နဖူးစပ်မှာ ဝဲကျနေသော ဆံနွယ်စလေးများကို အသာအယာ ဖယ်ရှင်းပေးကာ ကြင်နာတိုးတိတ်စွာ ဆိုမိသည်။

"ဘာဖြစ်လို့ ဖုန်းကို ပိတ်ထားရတာလဲကွာ။ ကိုယ် ဘယ်လောက် စိတ်ပူနေရတယ် မှတ်လဲ။ မနေ့ညက တစ်ညလုံး ကိုယ် လုံးဝအိပ်မပျော်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က အလကားနေရင်း ကိုယ့်ဒုက္ခ ကိုယ်ရှာနေတာကိုး။ ကျွန်မက ဘာဖြစ်ရမှာမို့လို့ စိတ်ပူနေရတာလဲ"

"ဘာပဲ မဖြစ်ဖြစ်လေ။ မင်းဆီကိုမှ ဖုန်းဆက်လို့မရတာ။ နောက်ပြီးတော့ Club သွားတာတွေကို လျှော့ပါ မိုးသည်းစရယ်။ ဖြစ်နိုင်ရင် မင်းကို လုံးဝမသွားစေချင်ဘူး ...

မသွားဘဲနေလို့ မရဘူးလား ... ဟင် ?"

"မသွားပဲနေလို့ မရဘူးလားဆိုတော့ Club ကို နေ့တိုင်း လာပါမယ်လို့ စာချုပ်,ချုပ်ထားတာမှ မဟုတ်တာ။ မသွားဘဲနေလို့တော့ ရတာပေါ့ ...

ဒါပေမဲ့ ကျွန်မတို့ ဘော်ဒါတွေက အဲဒီမှာ ဆုံကြတာလေ"

"တခြားနေရာတွေမှာ ဆုံစရာ မရှိတော့ဘူးလားကွာ"

"ရှင်နဲ့တောင် Club မှာ ဆုံတာပဲ မဟုတ်ဘူးလား"

"ကိုယ်က အဲဒီတစ်ခါတည်း သွားတာပါကွာ။ အဲဒီနောက်ပိုင်း ထပ်ကိုမရောက်ဖြစ်တော့ဘူး။ မင်းကို လုံးဝကြီး မသွားရဘူးလို့ ပြောတာမှ မဟုတ်တာ ...

တစ်ခါတလေ Relax ပေါ့။ တစ်လကို တစ်ခါလောက်ဆို တော်ပြီပေါ့။ အဲဒါဆို ကိုယ်နဲ့အတူတူလည်း သွားလို့ရတယ်။ အခုတော့ ကိုယ်မပါဘဲ တခြားယောက်ျားလေးတွေနဲ့ သွားတာဆိုတော့ ကိုယ့်ဘက်ကလည်း စဉ်းစားကြည့်ပေးဦးလေကွာ"





"ဘာစဉ်းစားပေးရမှာလဲ မိုးလုံးမှိုင်းရယ်။ ရှင်နဲ့ ရည်းစားမဖြစ်ခင်တည်းကလည်း ကျွန်မ ဒီလိုပဲ နေလာခဲ့တာပဲ။ ရှင် ကြိုက်ခဲ့တာလည်း ဒီပုံစံကိုပဲ မဟုတ်လား"

"နိုး ... နိုး ... မင်း မှားနေပြီ မိုးသည်းစ။ ကိုယ် မင်းရဲ့ပုံစံကို လုံးဝမကြိုက်ခဲ့ဘူး။ အခုလက်ရှိ မင်းနေနေတဲ့ပုံစံကို ကိုယ် ကြိုက်တယ်လို့ မင်းမထင်လေနဲ့ ...

မင်းကို ကိုယ့်ရင်ဘတ်ကြီးထဲက နှစ်နှစ်ကာကာချစ်မိသွားလို့သာ မင်းနဲ့ ကိုယ်နဲ့ ချစ်သူတွေ ဖြစ်လာတာ။ Club တက်တာတွေ၊ အပေါင်းအသင်းတွေနဲ့ လျှောက်သွားတာတွေ လျှော့ပါတော့ မိုးသည်းစရယ်။ မင်းအသက်လည်း တွမ်တီဖိုက်ထဲ ရောက်နေပြီပဲ ...

မင်းကို တည်တည်ငြိမ်ငြိမ် ဖြစ်စေချင်တယ်"

"ဘာလဲ ... ရှင် ပြောတဲ့ပုံစံက ကျွန်မက ရှုထနေတယ်လို့ ဆိုလိုချင်တာလား"

သူမက မျက်မှောင်ကြုတ်ပြီး စကားဆိုလာလျှင် စိတ်တိုလာပြီဆိုတာ သူက သဘောပေါက်ရသည်။ ဒီလို သာယာနေသော အခြေအနေလေးကို သူက ပျက်ပြားသွားမှာ လုံးဝမလိုလားပါ။ ဒါကြောင့် သူမကို တမင်မခံချင်အောင် ဆွပေးလိုက်လေသည်။

"ရှုထနေလား ဘာလားတော့ မသိဘူး။ မင်း ကြည့်ရတာတော့ လောက်နဲ့မျောက်နဲ့ စပ်ကျထားတဲ့ ဒီဇိုင်းပဲ ... ဟဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကြည့်စမ်း။ ရှင် မိုက်ရိုင်းလိုက်တာ။ သွား ... ကျွန်မအိမ်ထဲက အခုထွက်သွား"

သူမက လက်တစ်ဖက်က ခါးကိုထောက်ကာ တစ်ဖက်က တံခါးဝကိုလက်ညှိုးညွှန်လျက် ဓာတ်ရှင်မင်းသမီး မေရှင်အိုက်တင်မျိုးဖြင့် နှင်သည်။ သူက အဲဒီပုံစံကို တဟားဟားနှင့် ရယ်မောကာ သူမရဲ့နဖူးကို လက်ညှိုးဖြင့် တွန်းထိုးလျက် ...

"အောင်မာ ... အခုနက ငါ ချက်ထားတာတွေကို သွားဖြုန်းဖြိုးစားတာတော့ ဒီရုပ်မဟုတ်ဘူး။ ခုမှ စားပြီးနားမလည်လုပ်ပြနေတာ ... ဟင်း ...

ထမင်းရှင်ကို မောင်းထုတ်တာ ငရဲကျဦးမယ်"

"ဟယ် ... ကြည့်စမ်း ... ကြည့်စမ်း၊ ယောကျ်ားကြီးတန်မဲ့နဲ့ နှုတ်သီးကောင်း လျှာပါး စွာလိုက်တာ။ အေးလေ ... ရှင်က ယောကျ်ားအစစ်မှ မဟုတ်တာ ...

ဒါကြောင့် ထမင်းဟင်းချက်တတ်၊ စွာစိလန့်တတ်၊ ပါးစပ်ကနေ ပွစိ ပွစိ ပြောတတ်တာပေါ့။ ဟင်း ... အံ့သြတာပဲ"

အဆုံးသတ်ပြောလိုက်သော သူမရဲ့စကားသံလေးက သူ့ကို အသည်းယားစေသည်။ ဒါကြောင့် မုန်းစရာကောင်းစွာ ချစ်လှသော မိန်းကလေးကို ရင်ခွင်ထဲသို့ ဆွဲသွင်းပစ်လိုက်လျက် ...

"ကိုယ်က ယောကျ်ားအစစ်ပါကွ။ အဲဒါကို မင်း လက်ခံသွားအောင် အခုပဲ သက်သေပြမယ်"





ဤနေရာကို ရုပ်ရှင်ဓာတ်ကား ကြည့်နေရသည်ဟု မှတ်ယူလျှင်တော့ ပရိသတ်များ နှစ်သက်သလို ပုံဖော်ကြည့်ရှုနိုင်ပြီ ဖြစ်လေသည်။ မြန်မာရုပ်ရှင်ကားဟု သတ်မှတ်ကာ ပန်းလေးမှာ လိပ်ပြာလေးက လာနားသော နိမိတ်ပုံကိုလည်း ကောက်ချင်ကောက်နိုင်သည်။ ဒါမှမဟုတ် ကိုရီးယားကားထဲက ချစ်ဓာတ်ဝင်ခန်းလောက် တွေးဆချင်လည်း တွေးဆနိုင်သည်။ ဒီ့ထက်ပိုလျှင်တော့ ဟောလီးဝုဒ်က အချစ်ရုပ်ရှင်ကား၏ ဓာတ်ဝင်ခန်းကိုလည်း မြင်ယောင်ကြည့်လိုက ကြည့်နိုင်သည်။

သေချာတာတော့ အချို့ မြန်မာရုပ်ရှင်ဓာတ်ကားတွေထဲက နိမိတ်ပုံ ပြကွက်တွေလို သမင်ကို ကျားက လိုက်ကာ ဖမ်းယူလိုက်သော အပြမျိုးတော့ မဟုတ်တာ သေချာနိုင်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

အခုဆိုလျှင် သူနဲ့ မိုးသည်းတို့၏ ချစ်ခြင်းအလေ့အထသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ပြီဖြစ်သည်။ သူ မကြိုက်သဖြင့် မိုးသည်းဟာ Club တွေကို သိပ်မသွားတော့ချေ။ ညဘက်တွေဆိုလျှင် အိမ်ကို စောစောပြန်တတ်ကာ စောစောအိပ်ပြီး စောစောထကာ (နံနက်ရှစ်နာရီလောက် ထတာကို ဆိုလိုခြင်းဖြစ်သည်။) သူနဲ့အတူတူ Breakfast သွားစားတတ်သည်။ တစ်ခါတလေကျတော့လည်း သူက အပြင်က ဝယ်လာကာ အိမ်မှာ အဲတူတူစားတတ်ကြသည်။

အဲဒီနောက် သူကရုံးသွား၊ မိုးသည်းကလည်း ကိုယ့်ဟာကိုယ် သွားစရာရှိတာသွား၊ နှစ်ယောက်သားက မဆုံဖြစ်ကြတော့ကျေ။ ညနေဘက်မှာတော့ တစ်ခါတလေ တွေ့ဖြစ်ကြသည်။ သူတို့အိမ်က စည်းကမ်းရှိသောကြောင့် သူ ညဘက်တိုင်း အပြင်ထွက်လည်လျှင် မကြိုက်ဟု သူက ပြောပြထားသည်။ အဲဒီ





အတွက် မိုးသည်းကတော့ မှတ်ချက်တစ်စုံတစ်ရာ မပေးဖြစ်ဘဲ ပခုံးသာ အသာတွန့်မိလေသည်။

အလုပ်ကို ကြိုးစားသော၊ သူ့အလုပ်မှာ သူ အာရုံစူးစိုက်မှု အပြည့်ရှိသော သူနဲ့ မိုးသည်းတို့ရဲ့ အေးအေးဆေးဆေး တွေ့ချိန်များမှာ သူ တစ်နေ့လုံး ရုံးပိတ်သည့် ဆန်ဒေးတစ်ရက်ပဲ ဖြစ်တော့သည်။ အဲဒီလိုနေ့တွေဆိုလျှင်တော့ မိုးသည်းဟာ စနေနေ့မှာ Club သွားလျက် တနင်္ဂနွေနေ့တွင် သူ လာနှိုးမှ အိပ်ရာက ထတတ်သူဖြစ်သည်။ မိုးသည်းရဲ့ အိမ်သော့အပို့တစ်စုံကို သူက ယူထားပြီး သူ့ဟာသူ စားစရာ သောက်စရာတွေ ဝယ်လာကာ အားလုံးကို စီစဉ်ထားပြီးမှ မိုးသည်းကို ကြင်နာစွာ လာနှိုးတက်သူ ဖြစ်သည်။ ဘေးတစောင်း အိပ်ပျော်နေသော မိုးသည်းရဲ့ပါးတစ်ဖက်ထဲသို့ နှစ်ဝင်မတတ် ဖိကပ်နမ်းကာ ...

“အချစ်မိုးသည်းစ ... ထတော့လေ။ မြန်မာစံတော်ချိန် နံနက်ဆယ်နာရီထိုးပြီနော်”

အဲဒီလို အသံကြားတော့မှ မိုးသည်းဟာ အီး အဲ အင်းနှင့် ပျင်းကြောဆွဲကာ အိပ်ရာမှ ထလာမည်။ မျက်နှာသစ်၊ တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စ ပြီးတာနှင့် သူ ပြင်ဆင်ထားသော Breakfast ကို စားလေသည်။ သူက ဘေးက ကော်ဖီသောက်ကာ ထိုင်စကားပြောပေးမည်။ ပြီးလျှင် သူက နေ့ခင်းစာ စီစဉ်မည်။ မိုးသည်းက ဘေးကနေ ဝင်ရှုပ်သည်။ အားလုံး ချက်ပြုတ်ပြီးစီး သွားလျှင်တော့ နှစ်ယောက်သား ရုပ်ရှင်အတူတူကြည့်လျှင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လျှင်လည်း Game ဆော့ စသဖြင့် ကြည်နူးပျော်ရွှင်ဖွယ် ရာကောင်းသော အချိန်လေးများကို ဖြတ်ကျော်လေ့ ရှိကြသည်။

ဒီနေ့တော့ ထူးထူးခြားခြားပင် မိုးသည်း နိုးလာသည့် ဆယ့်တစ်နာရီအထိ သူ ရောက်မလာခဲ့သေးချေ။ ခါတိုင်း ဆန်း ဒေးဆိုလျှင် သူဟာ နောက်အကျဆုံး ကိုးနာရီထားလျက် စောစော ရောက်လာတတ်စမြဲ။ အခုတော့ ဆယ့်တစ်နာရီထိုးတဲ့အထိ ရောက် မလာသေးသဖြင့် မိုးသည်းဟာ ကိုယ့်ဟာကိုယ်ပဲ နံနက်စာစားဖို့ စီစဉ်ရသည်။ ကိုယ့်ဟာကိုယ် စီစဉ်သော နံနက်စာကတော့ ထုံးစံအတိုင်း ကော်ဖီတစ်ခွက်နှင့် ကိတ်တစ်ချပ်သာပင်။ သူ ဘာ့ကြောင့် မလာတာလဲ။ ရင်ထဲမှာ အလိုမကျကာ စိတ်ကောက် စိတ်ဆိုးချင်သော အတွေးတို့ကို မိုးသည်းက မောင်းထုတ်ကာ ဘာမှမဖြစ်သလိုစိတ်မျိုး သွင်းလိုက်၏။

တစ်စုံတစ်ယောက်က အနားရှိမှ နေပျော်ကျေနပ် ရသော ဘဝမျိုးကို မိုးသည် မလိုလားချေ။ ဒါကြောင့် လာချင် လာ မလာချင်နေ ဟူသော သဘောထားဖြင့် အခန်းရှေ့က စာတိုက်ပုံးထဲမှာ လာထည့်ထားပေးသော ဂျာနယ်တချို့ကိုယူကာ အေးအေးဆေးဆေး ဖတ်နေလိုက်သည်။ သီချင်းသံသဲ့သဲ့နှင့် ဂျာနယ်တစ်စောင်ကို စိတ်ဝင်စားမှု ယူနေတုန်းမှာပဲ အိမ်ရှေ့တံခါး ကို အပြင်ဘက်က တစ်စုံတစ်ယောက်ဖွင့်သံ ကြားလိုက်ရသည်။

ဒီတံခါးကို ဖွင့်နိုင်တဲ့သော့ဟာ သူ့ထံမှာပဲ ရှိတာမို့ မိုးသည်းဟာ လှည့်ပင်မကြည့်တော့ဘဲ ဂျာနယ်ထဲသာ အာရုံစိုက်





ထားလိုက်သည်။ သူက အခန်းထဲသို့ ဝင်လာကာ နောက်ဖေးမီးဖို ချောင်ထဲသို့ ဆက်တိုက်လျှောက်သွားတာကို ခြေသံများအရ သိ လိုက်ရသော်လည်း မိုးသည်းက မော့မကြည့်ဖြစ်ချေ။ ခဏနေတော့ သူက မိုးသည်းရဲ့နံဘေးမှာ ဆွေ့ခနဲ ပစ်ဝင်ထိုင်ကာ ဆံပင်တွေကို ရှုပ်ဖွပစ်ရင်း ...

"ဘယ်အချိန်ထဲက နိုးနေတာလဲ ... ဟင် ? "

"ခုနကပဲ"

မိုးသည်းက ဂျာနယ်ကို တစ်ရွက်လှန်ရင်း အေး အေးဆေးဆေးပဲ ပြန်ဖြေသည်။ သူက မိုးသည်း ဖတ်နေသော ဂျာနယ်ကို ရုတ်တရက် ဆွဲယူကာ စားပွဲပေါ်သို့ ပစ်တင်လိုက် ပြီးမှ မိုးသည်းရဲ့ ပခုံးတစ်ဖက်ကို ဆွဲလှည့်ကာ ...

"မိုးသည်းစ ... မင်း ဘာဖြစ်နေတာလဲဟင်"

"ဘာဖြစ်နေလို့လဲ"

"ဘာကို ဘာဖြစ်ရမှာလဲ။ ကိုယ်တစ်ယောက်လုံး လာတာ တောင် ဘာကိစ္စ ဂရုမစိုက်တဲ့ပုံစံ နေနေရတာလဲ။ ကိုယ့် ကို အဲဒီလို လုပ်စရာ ဘာအကြောင်း ရှိလို့လဲ"

"ဘာဆိုင်လဲ၊ ရှင်ဟာတော့နဲ့ပဲ ကျွန်မက ပျော်ပြီး ခုန်ပေါက် ကြိုဆိုနေရမှာလား"

"မဟုတ်သေးဘူးလေ၊ မင်း အဲဒီလိုရွဲ့ပြီး မဖြေနဲ့၊ မိုးသည်စ တစ်ခုခုတော့ မှားနေပြီနော်။ မင်း တစ်ခုခု ဖြစ်နေတယ် မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေတာလဲ”

ကြည့်စမ်း။ ဒီလူဟာ တကယ်ပဲ သူ့ကိုယ်သူ အပြစ်မရှိဘူးလို့ ခံယူထားတာလား။ မိုးသည်းကရော ရှင် ဒီလို ဒီလို နောက်ကျနေလို့ စိတ်ဆိုးနေတာ ဒေါသထွက်နေတာလို့ ဘာဖြစ်လို့ မပြောနိုင်ရတာလဲ။ အမှန်တကယ်လည်း မပြောချင်ပေ။ သူ့ကို မိုးသည်း လိုအပ်သည်ထက် လိုအပ်နေတယ်ဆိုတာကို သူ မသိသွားစေချင်သော မိုးသည်းရဲ့ အတ္တတစ်ခုကြောင့် ဖြစ်သည်။

“ဘာမှ မဖြစ်ဘူး”

မိုးသည်းက ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သော်လည်း သူက အဲဒီလက်တစ်ဖက်ကို ဆောင့်ဆွဲကာ ပြန်ထိုင်ကျစေခြင်းကြောင့် မိုးသည်းသည် ဆိုဖာပေါ်သို့ ဝုန်းခနဲ ပြန်ပြုတ်ကျသွားသည်။ သူက မိုးသည်းရဲ့မျက်နှာကို သူ့ဘက် တည့်တည့်ဆွဲလှည့်ကာ ...

“မိုးသည်းစ ... မင်း ကိုယ့်ကို စိတ်ကောက်နေတာလား”

“စိတ်ကောက်တယ်ဆိုတာ မိုးသည်းစရဲ့ရာဇဝင်မှာ မရှိဘူး”

“ကိုယ်နဲ့ တွေ့ရင်တော့ ရှိသွားပြီပေါ့။ ဘာလဲ ... မင်းကို ဒီနေ့မနက် အနမ်းနဲ့ မနှိုးလို့လား”

မိုးသည်းက သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်လျှင် သူက မိုးသည်းကို နှစ်ဝင်မတတ် ငေးမောကြည့်ရှုနေသည်။ အဲဒီမျက်လုံးတွေကို မိုးသည်းက ရင်တစ်ချက် ခုန်သွားပြီး





မှ ယောင်ပြီး မျက်စောင်းသွားထိုးမိလေသည်။ သူက “အား”ခနဲ တစ်ချက်ထအော်သဖြင့် မိုးသည်းက မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်လျှင် သူက ဘယ်ဘက်ရင်အုံကို လက်နှင့်ဖိကာ ...

“မိုးသည်းစရဲ့ မျက်စောင်းက ဒီဘက်ရင်ကို လာထိသွားတယ်ကွာ ...

မင်း ကိုယ့်ကို တစ်ခါမှ မျက်စောင်းမထိုးဖူးဘူးနော်။ မင်းမျက်စောင်းက အရမ်းလှတယ်။ သေချာပြီ။ မင်း ကိုယ့်ကို စောစောမလာလို့ စိတ်ကောက်နေတာ မဟုတ်လား”

“ရှင့်ကို ပြောပြီးသားပဲ။ မိုးသည်းစက ယောကျ်ားတစ်ယောက်ကို စိတ်ကောက်တတ်တဲ့ မိန်းမမျိုး မဟုတ်ဘူး”

“ဘာလို့ လိမ်ချင်နေတာလဲ။ မင်းက အမြဲတမ်း ပွင့်လင်းပြီး ရိုးသားတဲ့ မိန်းကလေးပါ။ ကိုယ့်ကို စိတ်ဆိုးရင် ဆိုးတယ်၊ ကောက်ရင် ကောက်တယ် ပွင့်ပွင့်လင်းလင်း ပြောပေါ့ ...

ကိုယ့်ကို ပေါက်ကွဲပစ်လို့ ရပါတယ်။ မင်းနဲ့ ကိုယ်နဲ့ကြားမှာ ဘာမှဖုံးကွယ်ထားစရာ အကြောင်းမှမရှိတာ မဟုတ်ဘူးလား ... ဟင် ?”

သူက မိုးသည်းရဲ့မေးစေ့ကို တစ်ချက်ဖျစ်ညှစ်ရင်း မေးသည်။ မိုးသည်းက နှုတ်ခမ်းကို တင်းတင်းပြန်စေ့ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦး၊ ရှင်က ဘာကိစ္စ နောက်ကျနေရတာလဲ။ ဒီနေ့ Breakfast ကို ကျွန်မ ကိုယ့်ဟာကိုယ် ကော်ဖီဖျော် သောက်ရတယ်"

"ဒါများ ခုနတည်းက အဲလို ရန်တွေ့လိုက်ရင် ပြီးရော။ ခပ်တည်တည်နဲ့ ဂျာနယ် ဖတ်ချင်ဟန်ဆောင်နေသေးတယ်"

သူက မိုးသည်းရဲ့ပခုံးကို ပစ်တိုက်ပြီးပြောလျှင် မိုးသည်းသည် ဒီတစ်ယောက်ထဲမှာတော့ ကိုယ်ဟာ ကျရှုံးသွားတော့မှာလားဟု ထိတ်လန့်စွာ တွေးမြင်မိသွားသည်။ သူ့ထံသို့ စိတ်တွေကို လုံးဝပုံအပ်ပြီး မပေးလိုက်လိုချေ။ ဒါပေမဲ့လည်း မိုးသည်းရဲ့စိတ်တွေဟာ သူမှသူ၊ သူ့တစ်ယောက်တည်းသာ မရှိမဖြစ် လိုအပ်တော့မှာကို ကြိုသိနေသလိုပင်။

ဒါဟာလည်း အတူနှောင်ဖွဲ့မိနေသော ယခုလိုဟက်ပီးဆန်းဒေး သံယောဇဉ်တွေကြောင့်ပဲ ဖြစ်ပေမည်။

"ကဲ ... စိတ်မကောက်ပါနဲ့တော့ကွာ။ ကိုယ် မင်းကိုချော့တဲ့အနေနဲ့ ဒီနေ့တစ်နေ့လုံး မင်းကို စပါယ်ရှယ်ပြုစုပေးပါမယ် ...

မနက်က ကိုယ် နောက်ကျသွားတာက ကိုယ့်အမေရဲ့မွေးနေ့မို့ ဘုရားတက်ကြတာ။ ပြီးတော့ အိမ်မှာမိသားစုတွေရယ်၊ မေမေ့ရဲ့သူငယ်ချင်းတွေနဲ့ မုန့်လုပ်စားကြတာဆိုတော့ ခဏရှိနေပေးတာပါ ...





ဒါတောင် ကိုယ် အပြင်သွားမယ်ဆိုတော့ မေမေက သိပ်မသွားစေချင်ဘူး။ မင်း မျှော်နေမယ်ဆိုတာ သိလို့ ကိုယ် ရအောင်ထွက်လာတာ"

"မထွက်လာလည်း ဖြစ်ပါတယ်။ ဖုန်းဆက်လိုက်ပေါ့၊ ကိစ္စရှိလို့ မလာတော့ဘူး ဆိုပြီးတော့။ ရှင့်ကို မျှော်နေမှာ မဟုတ်ပါဘူး"

"မိုးသည်းစ ဘာဖြစ်လို့ အဲဒီလို Against လုပ်တဲ့စကားတွေ ပြောနေရတာလဲ။ မင်း အဲဒီလိုတွေ ပြောနေလို့ ကိုယ်တို့ကြားမှာ ဘာပြေလည်သွားနိုင်လဲ၊ တစ်ယောက်နဲ့ တစ်ယောက် စိတ်မကောင်းဖြစ်ရမယ့် စကားမျိုးတွေ မပြောစမ်းပါနဲ့"

"ဘာစိတ်မကောင်းဖြစ်စရာရှိလဲ။ ရှင်တို့ ပြောပြောနေတဲ့ နားလည်မှုပေးနေတာပါ။ ရှင် မအားလို့ မလာလည်းရတယ်လို့ ပြောနေတာ"

"မအားလည်း မအား,အားအောင် လုပ်မှာပဲ။ မင်းကိုမှ မတွေ့ရရင် ကိုယ်က မနေနိုင်တာ၊ မင်းရော ... ပြော"

"ကျွန်မကတော့ ဘယ်လိုပဲဖြစ်ဖြစ် ရတယ်"

သူက မိုးသည်းကို တစ်ချက်စိုက်ကြည့်ကာ ဟားခနဲ ရယ်မောပြီးနောက် ဆိုဖာကို ခေါင်းမှီလှန်ကျလိုက်လျက် ဘာမှ မပြောတော့ဘဲ ငြိမ်သက်သွားသည်။ ခဏနေတော့ မိုးသည်းရဲ့လက်တစ်ဖက်ကို လာရောက်ဆုပ်ကိုင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မိုးသည်းစ ... မင်း ကိုယ့်ကို မချစ်ဘူးလား"

"ချစ်ပါတယ်၊ ဒါပေမဲ့ ကျွန်မရဲ့အချစ်က ရှင့်ကို မရှိမဖြစ် လိုအပ်နေတဲ့ အချစ်မျိုး မဟုတ်ဘူး"

"ဘာပြောတယ်"

သူက မိုးသည်းရဲ့ပခုံးကို ဆွဲလှည့်ပြီး မေးလိုက်လျှင် မိုးသည်းက သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ရင်း ပြောမိသည်။

"ဟုတ်တယ်လေ၊ ရှင့်ကို မရှိမဖြစ် လိုအပ်နေလို့ရော ရှင်က ကျွန်မအနားမှာ အမြဲနေပေးနိုင်မှာ မို့လို့လား။ ဘယ်အရာမှ ကြိုတင်မှန်းဆလို့ မရဘူး ...

အဲဒီတော့ ကျွန်မဘဝမှာ မရှိမဖြစ် လိုအပ်တယ်ဆိုတာ ဘယ်နေရာမှ မရှိဘူး"

"မိုးသည်းစ ... မင်းသာ လိုအပ်မယ်ဆိုရင် မင်းအနားမှာ ကိုယ် အမြဲတမ်း နေပေးနိုင်ပါတယ်။ ပြော ... ကိုယ်တို့ လက်ထပ်ကြမလား။ မင်းသာ လက်ခံမယ်ဆိုရင် ကိုယ်တို့ လက်ထပ်ကြမယ်"

မိုးသည်းက နှုတ်ခမ်းတွန့်ရုံပြုံးကာ ပခုံးပေါ်မှ သူ့လက်တွေကို ဆွဲဖယ်ပြီးနောက် မတ်တတ်ထရပ်လိုက်သည်။

"ပြောလေ မိုးသည်းစ၊ ကိုယ်တို့ လက်ထပ်မလား"

"လိုလို့လား"

"ဘာရယ် ... မင်း ဘာပြောလိုက်တာလဲ"





"ရှင်နဲ့ ကျွန်မနဲ့ လက်ထပ်ဖို့ လိုအပ်လို့လားလို့ မေးတာပါ"

"မိုးသည်းစ ! မင်း ဘယ်လိုပြောလိုက်တာလဲ။ ဒီစကားဟာ မင်းသိက္ခာရော ကိုယ့်သိက္ခာရောကိုပါ ထိခိုက်သွားစေတယ်ဆိုတာ မင်း မသိဘူးလား"

"ဘာဆိုင်လဲ၊ လောကမှာ သမီးရည်းစား ဖြစ်တာနဲ့ပဲ လက်ထပ်ဖို့ ဆုံးဖြတ်ထားရရောလား။ သိပ်ချစ်ပါတယ်ဆိုတဲ့ ချစ်သူတွေကရော လက်ထပ်ဖို့ ပန်းတိုင်အထိ ရောက်ကြလို့လား"

"ဒါပေမဲ့ တကယ်ချစ်တဲ့သူတိုင်းကတော့ လက်ထပ်ဖို့ ပန်းတိုင်ထားကြတာချည်းပဲလေ။ မင်းနဲ့ ကိုယ်နဲ့ကရော ဘာကြောင့် လက်မထပ်နိုင်ရမှာလဲ ...

မိုးသည်းစ ကိုယ့်ကို အမှန်အတိုင်း ပြောစမ်းပါ။ မင်း ကိုယ့်ကို တကယ်ရော ချစ်ရဲ့လား"

"အဲဒါကို ရှင် သံသယဝင်နေတယ်ပေါ့"

"ကိုယ် မေးတာကိုသာ မင်း ဖြေပါ"

"လက်ထပ်ခြင်းနဲ့ ချစ်ခြင်းကို ဆက်စပ်ကြည့်မယ် ဆိုရင်တော့ ရှင် ကျွန်မအချစ်ကို သံသယဖြစ်မှာပဲ။ ပစ္စုပ္ပန်ကိုပဲ တည့်တည့်ကြည့်ပါ မိုးလုံးမှိုင်း ...

ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တကယ်လိုအပ်တယ် မလိုအပ်ဘူးဆိုတာ အချိန်ကြာလာတာနဲ့အမျှ သဲသဲကွဲကွဲ သိလာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းက ပြောပြီးတာနှင့် လှည့်ထွက်ဖို့ရာ ခြေလှမ်းပြင်လိုက်သည်။ ဒါပေမဲ့ မိုးသည်းရဲ့ခြေလှမ်းတွေက ရှေ့ဆက်မသွားနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် သူက မိုးသည်းရဲ့ ခါးကို နောက်ကနေ၍ တင်းတင်းလှမ်းဖက်ထားသောကြောင့်ဖြစ်သည်။ မိုးသည်းရဲ့ကျောဘက်ကို သူ့ရင်ခွင်နှင့် တင်းတင်းကပ်ထားရင်းမှ ...

"အချစ်စစ်ရင်တော့ အချိန်ကာလ အများကြီးမလိုပါဘူး မိုးသည်းစရယ်။ အဲဒါကို ကိုယ့်ဘက်ကတော့ သေချာပါတယ်"

အဲဒီအပြောကြောင့် မိုးသည်းရဲ့ ရင်ဘတ်တွေက ဖတ်ခနဲ ဖြစ်သွားသည်။ "သေချာပါတယ် မိုးသည်းစရယ်"ဟူသော ထပ်အပြောနှင့်အတူ နားသယ်စကို ခပ်ဖွဖွလေး လိုက်လံနမ်းရှိုက်နေသော သူ့အနမ်းတွေကြောင့် မိုးသည်းရဲ့ဒူးတွေ ညွတ်ခွေလဲကျတော့မလို ဖြစ်သွားသည်။

ဒီအပြောတွေ ဒီအပြုအမူတွေ ဒီအကြင်နာမျိုးတွေအောက်မှာ မိုးသည်းစ မကျဆုံးချင်။ မလိုအပ်ချင်။ အချစ်၏အဆုံးမဲ့သော ချည်နှောင်ခြင်းကိုလည်း မခံယူချင်။

❋ ❋ ❋





## ၁၄

"ငါ့ရင်မှာ အရင်အတိုင်း မင်းက ရှင်သန်နေမှာပဲ ... တကယ်လို့ အိပ်မက်ဖြစ်နေလည်း ... မနိုးထလိုက်ပါနဲ့ ...
မင်း သိသလို မထင်ပါနဲ့ ... မင်းတွေးသလိုမမြင်ပါနဲ့ ... ယိုင်လဲသွားမယ့် အချစ်မဟုတ်ဘူး ... မထင်ပါနဲ့ ... မင်း တွေးသလို မမြင်ပါနဲ့"

စားသောက်ဆိုင်ထဲရှိ ဆောင်းဘောက်စ်ထဲမှ ဆွေးလျတမ်းတစွာ ထွက်ပေါ်နေသော အဆိုတော်၏ သီချင်းစာသားများသည် သူ့ရင်ထဲက ခံစားချက်များနှင့် ထပ်တူကျ တိုက်ဆိုင်လှသည်။ မိုးသည်းစကို လိုက်လို့မမီခြင်းများစွာနှင့် ချစ်နေသော သူ့နှလုံးသားသည် သူမကို ဘယ်လိုနားလည်ပေးရမှန်းတောင် မသိတော့ချေ။

သူ့အဖြစ်အပျက်တွေကို ကြားသိနေရသော ကျော်ထင်ကတော့ သူ့ကို အားပေးရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်ပညာအကြောင်း ရေးထားတဲ့ စာအုပ်တွေ၊ နောက် လူမှုဆက်ဆံရေးနဲ့ ပတ်သက်ပြီး ရေးထားတဲ့ စာအုပ်တွေ များများရှာဖတ်သင့်တယ်ကွ"

"ဘာလဲ … မင်းက ငါ့ကို ဂေါက်နေပြီလို့ ထင်နေတာလား"

"မင်းကို ဂေါက်တယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး"

"ဒါဖြင့်ရင် ငါ့ဆော်ကို ဂေါက်တယ်လို့ ပြောချင်တာပေါ့"

"ဂေါက်တယ်လို့တော့ မပြောချင်ပါဘူး။ ဒါပေမဲ့ သူက Nomal တော့ မဟုတ်ဘူး။ Broken Family က မွေးဖွားလာတယ်။ နောက် အမေလည်း သေသွားတယ်။ အဒေါ်လည်း သေသွားတယ် …

တစ်ယောက်တည်း ရပ်တည်နေရတဲ့သူ ဆိုပေမယ့် ပစ္စည်းဥစ္စာအားဖြင့် ပြည့်စုံတော့ တစ်ဖက်ကလည်း စိတ်ဓာတ်က Strong ဖြစ်တယ်။ သူသာ မပြည့်စုံတဲ့ မိန်းကလေးတစ်ယောက် ဆိုရင်တော့ မင်းကို အားကိုးချင် အားကိုးမယ် …

ခုတော့ သူက ပြည့်စုံတယ်။ ဒီ့အတွက် သူ နေချင်သလိုနေနိုင်တဲ့ အခွင့်အရေး ပိုရတယ်။ ဒီလိုလူမျိုးတွေက ဆိုက်ကိုပိုဖြစ်နိုင်တယ် …





ဒါကြောင့် စိတ်ပညာနဲ့ ပတ်သက်တဲ့ စာအုပ်တွေကို များများဖတ်ပြီး သူ့ကို ဘယ်လိုကိုင်တွယ်ရမယ် ဆိုတာကို သဘောပေါက်သင့်တယ် …

ခုချိန်မှာ အကောင်းဆုံးကတော့ အလိုက်အထိုက်နေနည်းပဲ"

"သူ့ကြည့်ရတာ လက်ထပ်ခြင်း ဆိုတာကိုလည်း အယုံအကြည်ရှိပုံမရဘူး"

"ဟုတ်မှာပေါ့၊ သူ့အဖေနဲ့ သူ့အမေနဲ့က ကွဲသွားတာကိုး"

"မပြောတတ်တော့ပါဘူးကွာ"

"သူ မင်းကို ချစ်တယ်ဆိုတာတော့ လက်ခံတယ်မဟုတ်လား"

"လက်ခံတယ်၊ ဒါပေမဲ့ သူ့အချစ်က သီအိုရီတွေနဲ့ကွဲထွက်နေတယ်၊ သူ့ကြည့်ရတာ ငါ့အချစ်တွေကိုလည်း 100% ယုံကြည်ပုံ မပေါ်ဘူး"

အဲဒီအတွက်တော့ ယခု သူ ကြားနေရသည့် သီချင်းကိုပဲ သူမရှေ့မှာ သွားဆိုပြချင်စိတ် ပေါက်လာလေသည်။ ချစ်သူ မိန်းကလေးတွေရဲ့ သံသယစိတ်တွေကြောင့်ပဲ "မထင်ပါနဲ့" ဟူသော သီချင်းပေါ်ပေါက်လာသလားတော့ မပြောတတ်ပါ။ သူ့ပါးစပ်ကနေ၍ အဲဒီသီချင်းကို တိုးတိုးလေး လိုက်ညည်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မထင်ပါနဲ့ ... မင်း တွေးသလို မထင်ပါနဲ့ ... ယိုင်လဲသွားမယ့် အချစ်မဟုတ်ဘူး"

သူက သူမကို မျက်လုံးထဲမှာ မြင်ယောင်လာသည်။ သူ့မျက်လုံးထဲက ပုံရိပ်ဟာ အပြင်ဘက်သို့ ထွက်လာသလားတော့ မပြောတတ်ပါ။

ဆိုင်ထဲသို့ လှမ်းဝင်လာသော သူမကို သူက တကယ်ပဲ တွေ့လိုက်ရသည်။ သူ ထိုင်နေသောနေရာက ပန်းအိုးကြီးထဲက အရွက်ဖားဖားကြီးနဲ့ ကွယ်နေတာမို့ အပြင်ဘက်က လူက သူ့ကို ရုတ်တရက် လှမ်းမမြင်နိုင်ချေ။

သူက မတ်တတ်ထရပ်တော့မိမလို ဖြစ်ပြီးတော့မှ ဆက်မရပ်ဖြစ်တော့ချေ။ အဘယ်ကြောင့်ဆိုသော် သူမနောက်မှ သူတို့အရွယ် ယောကျာ်းတစ်ယောက်က ကပ်ပြီးပါလာသောကြောင့် ဖြစ်သည်။ ဒီဆိုင်ထဲသို့ သူမတို့နှစ်ယောက်တည်း ရောက်လာတာဖြစ်ပြီး တခြား ဘယ်သူမှ မပါချေ။ သူမနှင့် အဲဒီတစ်ယောက်က မျက်နှာချင်းဆိုင် ဝင်ထိုင်လက်ကြပြီးနောက် စားပွဲထိုးကို တစ်ခုခု မှာကြားလိုက်သည်။ ပြီးတော့ နှစ်ယောက်သားဟာ စကားပြောဆိုနေကြသည်။

"ပုံစံကြည့်ရတော့တော့ အေးအေးဆေးဆေးပါ"

သူ့ရင်ထဲတွင် ပူလောင်ပျာယာခတ်စ ပြုနေမှန်း သိသဖြင့် ကျော်ထင်က ဝင်ရောက်မှတ်ချက်ချပေးသည်။ သူမရဲ့ပုံစံကတော့ တကယ်ပဲ အေးအေးဆေးဆေး။ ဒါပေမဲ့ သူမက





ဘယ်သူနဲ့ပဲဖြစ်ဖြစ် အေးအေးဆေးဆေး ဖြစ်သည်။ သူမနဲ့မျက်နှာချင်းဆိုင်မှာရှိသော အကောင်ကတော့ အေးဆေးပုံမရချေ။ သူမကိုကြည့်နေသော မျက်လုံးတွေက မရိုးသားဘူးဆိုတာ ယောကျာ်းအချင်းချင်း သိနေသည်။

သူက မကျေနပ်စိတ်ကို မျိုချကာ ရုတ်တရက်ပေါ်လာသော အကြံအရ သူမရဲ့ဖုန်းကို ခေါ်လိုက်သည်။ သူမ ဖုန်းကိုင်ပါသည်။

"အင်း ... ပြော"

"မင်း ဘယ်မှာလဲ"

"အပြင်မှာ"

"ဘယ်နေရာမှာလဲ။ ကိုယ် မင်းနဲ့အတူတူ ကော်ဖီသောက်ချင်တယ်"

"ကျွန်မ မအားဘူး"

အဲဒီစကားကြောင့် သူ့ရင်ထဲတွင် ဖျင်းခနဲ ဖြစ်သွားသည်။ သွေးကြောထဲကတောင် ဖျစ်ဖျစ်မြည်လာသည်ဟု ထင်မိလေသည်။

"မအားရအောင် မင်းက ရုံးတက်နေရတဲ့သူ၊ အလုပ်လုပ်နေရတဲ့သူ မို့လို့လား"

"ဆောရီးပဲ၊ ကျွန်မ နောက်မှ ပြန်ဆက်မယ်"

သူ့စကားကို သူမက အရေးမစိုက်ဟန်ဖြင့် ဖုန်းချသွားသည်။ သူကလည်း ဘောက်တစ်ချက်ကို ခပ်တိုးတိုးခေါက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း သူမရှိရာသို့လှမ်းကြည့်မိသည်။ သူမနဲ့ ဟိုအကောင်နဲ့က စကားဆက်ပြောဆဲ။

"အခုချိန်မှာ မင်း မသွားသင့်ဘူးနော်။ သူတို့ ပြန်တော့ မယ်ဆိုမှ သွားချင်သွား၊ ငါ့အထင်တော့ သိပ်ကြာမယ် မထင်ပါဘူး"

ကျော်ထင်က သူ့ကို ပြေရာပြေကြောင်း ဝင်ပြောသည်။ သူက ဘာမှပြန်မပြောမိချေ။ သူ့ရင်ထဲရှိ ယောကျ်ားမာနက သူ့ဒေါသစိတ်ကို မီးထိုးပေးနေသည်။ ဒီကောင်က ဘာကောင်မို့လို့ သူမက သူ့ထက် အရေးတွေ ကြီးပြနေရတာလဲ။

ဒေါသအစိုင်အခဲတွေကို တနုံ့နုံ့နှင့် အရည်ဖျော်ကောင်းနေစဉ်မှာပဲ သူမတို့စကားဝိုင်းက ပြီးဆုံးသွားဟန်တူသည်။ ဟိုကောင်က ဝိတ်တာကိုခေါ်ကာ ဘီလ်ရှင်းနေတုန်းမှာပဲ သူက ထိုင်ရာမှထကာ သူမတို့စားပွဲဝိုင်းရှိရာသို့ လျှောက်လာခဲ့သည်။

အနားသို့ လျှောက်လှမ်းလာသော သူ့ကို သူမက မြင်သွားပါသည်။ သူကတော့ အေးအေးဆေးဆေးပင် ဘောင်းဘီထဲ လက်နှိုက်ကာ ...

"မင်းကိစ္စ ပြီးပြီမဟုတ်လား"

သူမက သူ့ကို အကဲခတ်သလိုကြည့်ကာ ခေါင်းတစ်ချက် ဆတ်ပြသည်။ သူက ခုံတစ်ခုံမှာ ဝင်ထိုင်ကာ သူမကိုပါထိုင်ဖို့ မေးဆတ်ပြလိုက်လျှင် သူမက ဘေးကတစ်ယောက်ကို မော့ကြည့်လျက် ...





"လင်းထွဋ် ... ရှင် သွားနှင့်လိုက်တော့၊ ကျွန်မ ခဏနေခဲ့ဦးမယ်"

"အိုကေ ... ဆီးယူ"

လင်းထွဋ် အမည်ရသော သကောင့်သားက သူ့ကို အကဲခတ်သွားကာ ထွက်ခွာသွားသည်။ သူမက သူ့ရှေ့တည့်တည့်ရှိ ခုံမှာ ဝင်ထိုင်သည်မှာ လုံးဝကို အေးအေးဆေးဆေး စတိုင်လ်ဖြစ်သည်။ အေးပေါ့လေ၊ ဒီမိန်းမက အမြဲတစေ သွေးအေးရက်စက်တတ်တဲ့ မိန်းမပဲ။

"အဲဒီကောင်က ဘယ်ကကောင်လဲ"

"ကျွန်မ မိတ်ဆွေပါ"

"အဲဒီမိတ်ဆွေက မင်းအတွက် တော်တော်အရေးကြီးနေလို့လား။ ကိုယ် ဖုန်းဆက်တာတောင် ပြန်မပြောနိုင်ရအောင်"

"ကျွန်မ ပြန်ဆက်မယ်လို့ ပြောတယ်လေ။ ဒီမှာ ရှင် ကျွန်မကို ဘာတွေ လာရစ်ချင်နေတာလဲ။ ကျွန်မ စိတ်ရှုပ်တယ်နော်။ လုံးဝလာမရစ်နဲ့"

"မရစ်လို့ ဖြစ်မလား။ အေး ... ပြီးတော့ ဒါက ရစ်နေတာလည်း မဟုတ်ဘူး။ မင်းရဲ့ချစ်သူတစ်ယောက်အနေနဲ့ မင်းကို ဒီလောက်တော့ မေးပိုင်ခွင့်ရှိတယ် ...

သူက မင်းနဲ့ ဘယ်လိုပတ်သက်နေတာလဲ။ ပြော"

"ဘယ်လိုမှ မပတ်သက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ မပတ်သက်ရင် မင်း ဘာကြောင့် ကိုယ့်ကို သူနဲ့ မိတ်ဆက်မပေးရတာလဲ"

သူမက သူ့ကို ခြေထောက်ချိတ် ထိုင်နေရာမှ ရှုးခနဲ ကြည့်လာသည်။ သူတို့ရဲ့အကြည့်နှစ်ခုက စက္ကန့်အတော်ကြာ အားပြိုင်လျက် ရှိပြီးမှ သူမက စတင်ပြီး စိတ်ပျက်လက်ပျက်ဟန်ဖြင့် မျက်နှာလွှဲသွားသည်။ သူ့ကို အဲဒီလို ဆက်ဆံတာလောက် သူ မုန်းတာမရှိတော့ပြီ။

"ဘာမိတ်ဆက်ပေးစရာ လိုလို့လဲ"

"ဟာ ... သိပ်လိုတာပေါ့။ ဒီကောင့် မျက်လုံးတွေကမရိုးသားဘူး။ အဲဒါ မင်း သိလား။ ကိုယ်ကတော့ယောကျ်ားအချင်းချင်း လုံးဝသိနေတယ်။ ဒါကို မင်း ရည်းစားတစ်ယောက်လုံးနဲ့ တွေ့တုန်း ကြုံခိုက်မှာ ဒါ ကျွန်မချစ်သူပါလို့ မင်း မိတ်ဆက်ပေးသင့်တယ်"

သူမက အမြင်ကတ်ဖွယ်ကောင်းအောင်ကိုပင် ဟက်ခနဲ ရယ်မောကာ ...

"အဲဒီလိုမျိုး ခပ်ကြောင်ကြောင် အလုပ်တွေ ကျွန်မမလုပ်ဘူးဆိုတာ ရှင် သိပါတယ်"

"ဘာ ခပ်ကြောင်ကြောင်အလုပ် ! ဟုတ်လား"

သူ့ရဲ့ဘာအသံက အနည်းငယ် ကျယ်သွားဟန်တူသည်။ အနားက ဖြတ်သွားသော စိတ်တာက သူ့ကို အသာစောင်း





ငဲ့ကြည့်သွားသည်။ သူက ဒေါသကို ချုပ်တီးထားရသော လေသံဖြင့် သူမကို အံကြိတ်ကာ မေးမြန်းဖြစ်သည်။

"မိုးသည်းစ ... မင်း ဘယ်လိုပြောလိုက်တာလဲ။ မင်းကိုယ်မင်း နည်းနည်းတော့ လွန်နေပြီလို့ မထင်မိဘူးလား"

"ကျွန်မ မလွန်ဘူး။ ကျွန်မက မှန်လိုကျင့်ကြံနေထိုင်တဲ့မိန်းမပဲ။ ကျွန်မကို ရှင် ဘယ်လိုစိတ်နဲ့ ဆက်ဆံနေတယ်ဆိုတာ ကျွန်မ သိတယ် ...

ရှင် ဒီထဲမှာ ကျွန်မ မရောက်ခင်တည်းက ကြိုရောက်နေပြီး ကျွန်မ ဝင်လာတာကိုလည်း မြင်လျက်သားနဲ့ ဘယ်ရောက်နေလဲ၊ ဘယ်မှာလဲလို့ လှမ်းမေးတာဟာ ကျွန်မကို မယုံလို့ Check တာ ...

ပြီးတော့ ဒီနားကို ရောက်လာတဲ့ ရှင့်ပုံစံနဲ့ ရှင် ကျွန်မကိုကြည့်တဲ့ အကြည့်တွေက သူခိုးဖမ်းသလို လာကြည့်တဲ့ အကြည့်မျိုးတွေ၊ မယုံသင်္ကာသလို လာကြည့်တဲ့ အကြည့်မျိုးတွေ။ ကျွန်မ မဟုတ်တာ လုပ်နေတဲ့မိန်းမ မဟုတ်ဘူး။ ကျွန်မကို အဲဒီလိုအကြည့်မျိုးနဲ့ လာကြည့်စရာ မလိုဘူး"

သူမက သူ့ကို ခပ်တင်းတင်းပဲ ချက်ကျလက်ကျ ပြန်ပြောလေသည်။

သူက သူမကို နာကျင်စွာ စိုက်ကြည့်မိကာ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကို ဘာဖြစ်လို့ အဲဒီလိုတွေ ပြောနေရတာလဲ။ ဟင် ... ? ကိုယ်ဟာ မင်းရဲ့ချစ်သူပါ။ မင်းနဲ့အကန့်တစ်ခုတော့ ပတ်သက်နေတဲ့သူပါ ...

အခုနှ ထွက်သွားတဲ့ကောင်လေးကတောင် ကိုယ်က မင်းအတွက် အရေးမပါတော့ဘူးတဲ့လား။ ပြောစမ်းပါဦး မိုးသည်းစ"

သူက စိတ်ပျက်သလို ခေါင်းကို ခါယမ်းကာ သူ့ကို စိုက်ကြည့်သည်။

"ဘာဖြစ်လို့ ရှင့်ကိုယ်ရှင် နိုပ်စက်တဲ့အတွေးတွေကို မွေးမြူထားရတာလဲ မိုးလုံးမှိုင်း။ အေးအေးသက်သာ လွတ်လွတ်လပ်လပ်နေစမ်းပါ"

"မနေနိုင်ဘူးကွ။ ဘာဖြစ်လို့ နေရမှာလဲ။ မင်းသာ သွေးအေးရက်စက်တတ်တဲ့ မိန်းမမို့ မင်း ဒီလိုပြောနိုင်တာ ...

မိုးသည်းစ မင်း ယောက်ျားလေးမိတ်ဆွေ အသစ်တွေ မထားပါနဲ့။ မင်း အရင်တွဲနေတဲ့ ဘဲတွေနဲ့လည်း မင်း ဘယ်လောက်ရင်းနှီးတယ်ဆိုတာ ကိုယ် သိတယ်။ အဲဒါတွေကို ကိုယ် မကြိုက်ဘူး။ အေး ... ဒါပေမဲ့ အဲဒါတွေက ကိုယ်နဲ့မတွေ့ခင်တည်းက မင်း ပေါင်းလာတဲ့ မင်းရဲ့ဘော်ဒါတွေမို့ ကိုယ် ဘာမှမပြောဘဲ သည်းခံနားလည်ပေးနေတာ ...





ဒီလို နောက်ထပ်ဖယောင်းတွေတော့ ကိုယ် လက်မခံနိုင်တော့ဘူး"

"ရှင် ပြောချင်တာ ဒါတွေပဲလား"

"မိုးသည်းစ ကျေးဇူးပြုပြီး ကိုယ့်ကို ရင်မောအောင် မလုပ်စမ်းပါနဲ့၊ ကိုယ့်ဘက်ကိုလည်း တစ်ချက်လောက် နားလည်ပေးစမ်းပါ။ ငဲ့ကြည့်ပေးစမ်းပါ"

သူ့ရဲ့ တိုးဖျော့ညင်သာစွာ ကြေကွဲနေသော အသံတွေကြောင့် သူမ မျက်လုံးတွေ နည်းနည်းအရောင်ပြောင်းသွားသည်။

ပြီးတော့ သက်ပြင်းတစ်ချက် ရှိုက်လိုက်ကာ ခေါင်းတစ်ချက် ဆတ်ပြီးနောက် ထိုင်ရာမှ ထရပ်လိုက်သည်။ သူကတော့ ဒူးနှစ်ဖက်ပေါ် လက်ထောက်ကာ ဆံပင်တွေထဲ လက်ချောင်းတွေကို ထိုးသွင်းပြီးနောက် ဘာစကားမှ ထပ်မပြောဖြစ်တော့။ လှည့်ထွက်သွားတော့မို့ ခြေလှမ်းပြင်နေသော သူမသည် ခြေလှမ်းကို ရပ်ကာ ...

"ကျွန်မ ရှင့်ကို တစ်ခုတော့ သတိပေးချင်တယ်။ အဲဒါက ဘာလဲဆိုတော့ အချစ်ဆိုတာ ကြိုးတစ်ချောင်း မဟုတ်ဘူး။ ဒါကြောင့် အချစ်ကို ရှေ့မှာထားပြီး နောက်ကွယ်က ဆန္ဒတွေအတွက် ချည်နှောင်လို့ မရဘူး ...

ကျွန်မတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် လွတ်လွတ်လပ်လပ် ချစ်ကြတာပဲ ကောင်းပါတယ်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှင့်ဆီက အချစ်အပြင် ဘာမှများများစားစား မလို ချင်ဘူး။ ရှင်လည်း ကျွန်မဆီက အများကြီး မလိုချင်ပါနဲ့”

စကားသံအဆုံးတွင် လှည့်ထွက်သွားသော သူမ၏ ခြေသံကို ကြားလိုက်ရသည်။ သူမ ခြေသံတွေ ဝေးကွာသွားပေမယ့် သူ့နားထဲတွင် သူမ ပြောသွားသော, နောက်ဆုံးစကားတို့က ပဲ့တင်ထပ်ပြီး ကျန်နေရစ်ခဲ့သည်။

[ရှင်လည်း ကျွန်မဆီက အများကြီး မလိုချင်ပါနဲ့]

မိုးသည်းစရယ် ... ကိုယ်က မင်းဆီက အများကြီး လိုချင်နေတယ်တဲ့လား။ မင်း တွေးသလို မထင်ပါနဲ့လားကွာ။

❋ ❋ ❋





## ၁၅

“ဘယ်လိုလဲ စလုံး။ အဆင်ပြေခဲ့ရဲ့လားဟင်”

လူတော့င် ကောင်းကောင်းမရောက်သေး။ အားကိုးတကြီး မေးမြန်းလိုက်သော အသံကြောင့် မိုးသည်းက ကြင်နာ့ကို ခပ်တင်းတင်းတစ်ချက်ကြည့်ကာ ဆိုဖာပေါ်တွင် ပစ်ထိုင်ချလိုက်သည်။

“အဆင်ပြေတယ်တော့ မဟုတ်ဘူး။ ဒါပေမဲ့လည်း ပြေတော့ ပြောနိုင်တယ်၊ ပြီးတော့ ထူးခြားတာ တစ်ခုက နင့်ကောင်းကင်ရဲ့ရှဲဒိုးတွေ ငါ့နောက်ကို လိုက်နေတယ်”

“ဟုတ်လား ... ? ဒါဆိုရင်တော့ သူ ငါ့ကို သံသယဖြစ်နေတာ သေချာပြီပေါ့။ ဘယ်လိုလုပ်မလဲ၊ ဒီဇာတ်လမ်းကို မြန်မြန်ဖြတ်မှ ဖြစ်မယ်နော်”

“သွားသေလိုက်ပြီးမှ ဒီစကားကို ထပ်ပြောပါလား။ နင့်ကို ငါ အစောကြီးတည်းက သတိမပေးခဲ့ဘူးလား။ ဒီကောင်က ရှော့ရှိပါတယ်လို့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ထိ နင် ပတ်သက်ခဲ့ဖို့ မကောင်းဘူး။ ခုတော့ အားလုံး အရှက်တကွဲ အကျိုးနည်း ဖြစ်ရတော့မယ်"

မိုးသည်းက ဒေါသတကြီးဖြင့် အော်ဟစ်ပစ်လိုက်လျှင် ကြင်နာက မျက်လုံးလေး ကလယ် ကလယ်ဖြင့်ကြည့်ကာ မျက်ရည်တွေ ဝဲလာသည်။ ကြင်နာရဲ့အခြေအနေက တကယ့်ကို ဆားကျပ်နံကျပ် ဖြစ်နေခဲ့ပြီဖြစ်သည်။ ကြင်နာသည် တကယ်လည်း ချစ်သွားတဲ့သူ ကောင်းကင် ရှိလျက်သားနှင့် လင်းထွင့်ဆိုသောကောင်နဲ့ ဓာတ်လမ်းကို ရှင်းအောင်မလုပ်ခဲ့။ မလုပ်ခဲ့သည့်အပြင် လင်းထွင့်နဲ့အတူ ခပ်ကဲကဲ ခပ်သည်းသည်း ရိုက်ထားသောဗီဒီယိုနှင့် ဓာတ်ပုံများတောင် ရှိလိုက်သေးသည်။

အခုချိန်မှာ ကောင်းကင်ကို တကယ်ချစ်မိ၍ လင်းထွင့်နဲ့ ခွာမည်ဆိုသောအခါ လင်းထွင့်က ဗီဒီယိုနဲ့ ဓာတ်ပုံတွေကို Facebook မှာ တင်ပစ်မည်ဟု ခြိမ်းခြောက်တော့သည်။ တစ်ဖက်ကလည်း ကောင်းကင်က ကြင်နာ့ကို ဖိအားပေးနေသည်။ လင်းထွင့်နဲ့ ဒီလိုတွေသာ ဖြစ်ခဲ့မှန်း သိရလျှင် ကြင်နာ့ကို ပြဿနာရှာကာ လမ်းခွဲရမှာက သေချာနေသည်။ ကြင်နာက အဲဒီအဖြစ်အပျက်ကိုလည်း သေမလောက် ကြောက်သလို၊ ဓာတ်ပုံတွေ Facebook သို့ ရောက်သွားမှာကိုလည်း ရူးမတတ် ခံစားနေရသည်။ ဒီအရေးကိစ္စတွေအတွက် မိုးသည်းသည် ကြင်နာရဲ့ရှေ့မှ မားမားမတ်မတ် ဝင်ပေးနေရလေသည်။





ကောင်းကင်ထံမှာ မိုးသည်းက လင်းထွင့်ရဲ့ရည်းစားအဖြစ် နေပေးရသည်။ ပြီးတော့ ဗီဒီယိုနဲ့ ဓာတ်ပုံများကို Face Book ပေါ်သို့ မရောက်စေရေးအတွက် လင်းထွင့်နှင့် ညှိနှိုင်းရသည်။ အရေးကြုံလျှင် ကြင်နာသည် ဘာမှမလုပ်တတ်တော့ချေ။ သူ့ကိစ္စတွေကို မိုးသည်းကချည်း ဒိုင်ခံပြီး ရှင်းလင်းပေးခဲ့ရသည်။ ဒီတစ်ခါ ကိစ္စကတော့ ရှင်းပေးရသည့်အထဲတွင် အကြီးမားဆုံးကေ့စ်ပဲ ဖြစ်တော့သည်။

"စလုံးရယ် ... ငါ့ကို ကယ်ပါဟာ။ ငါ့ကိုကယ်နိုင်တဲ့လူက ဒီအချိန်မှာ နင် တစ်ယောက်တည်း ရှိလို့ပါ။ အဲဒီဟာတွေသာ Face book ပေါ် ရောက်သွားခဲ့ရင် ငါ့အဖေက ငါ့ကို အိမ်ပေါ်က နှင်ချမှာ သေချာတယ် ...

ကောင်းကင်နဲ့လည်း ဝေးရမှာ။ အဲဒါတွေ ငါ တစ်ခုမှ အဖြစ်မခံနိုင်ဘူး။ နင် ငါ့ကို ကူညီပါဟာ။ နင်ကူညီရင် ဒီကိစ္စက အောင်မြင်မယ်လို့ ငါ ယုံကြည်တယ်"

မိုးသည်းက ကဲတုန်းက ကဲခဲ့ပြီး အခုကျမှ ဖိန့်ဖိန့်တုန်အောင် ကြောက်ပြနေသော ကြင်နာ့ကို မျက်စောင်းတစ်ချက် ပိတ်ထိုးလိုက်ကာ ...

"အခုမှ ကြောက်မနေစမ်းပါနဲ့။ နင့်အဖေ နှင်ချရင် ငါ့အိမ်မှာ လိုက်နေပေါ့။ ငါ့အိမ်မှာ အခန်းလွတ်တွေ ရှိပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ကောင်းကင်က ပစ်သွားတော့ရော ဘာအရေးလဲ။ အချစ်မစစ်ဘူးလို့ မှတ်ယူလိုက်ပြီး မေ့လိုက်ပေါ့။ နင့်ကိုသာ သူ တကယ်ချစ်ရင် အင်တာနက်ပေါ်မှာ ဘာပုံတွေပဲရောက်ရောက် ခွင့်လွှတ်နိုင်ရမှာပေါ့ ...

အင်တာနက်ပေါ် ရောက်သွားလို့ အချစ်စစ်နဲ့ဆုံသွားရတဲ့ လူတွေတောင် ရှိသေးတယ်"

"ဟင့် ... စလုံးနော်။ ငါ ရှူးတော့မယ် သိလား။ အင်း... နင် ငါ့ကို ကူညီတာလည်း ကူညီတာပေါ့။ နင့်ဘဲနဲ့လည်း ပြဿနာတက်မှာ စိုးရတယ်။ ဒါပေမဲ့ သူက တို့လိုလမ်းပေါ်မှာ သိပ်မရှိဘဲ အလုပ်များတဲ့သူဆိုတော့ တော်သေးတာပေါ့"

"ဘာတော်ရမှာလဲ။ အခုကိုပဲ ကော်ဖီဆိုင်မှာ တွေ့လာခဲ့ပြီ။ စကတည်းက ယဉ်သကိုလိုပဲ"

"ဟုတ်တယ် ?"

"ငါနဲ့ ကျိုင်နည်းနည်း တက်လာတယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ။ သူက နင့်ကို သိပ်ချစ်တယ်နော်။ ငါ့ကြောင့် နင်တို့ ပြဿနာတက်မှာစိုးတယ်"

"ဘာမှမဖြစ်ပါဘူး။ သူနဲ့ ငါနဲ့က ဒီအတိုင်းတောင် နားလည်မှုနည်းနည်း လွဲနေကြတယ်။ သူက အချစ်ဆိုတာနဲ့ အရာအားလုံးကို ချည်နှောင်ချင်တယ်။ အချစ်ကို ပါဝါတစ်ခုလို့ မြင်တယ် ...





တစ်ယောက်နဲ့တစ်ယောက် ချစ်သူတွေ ဖြစ်ပြီဆိုတာနဲ့ ဘာမဆို သိရမယ်၊ ပိုင်နိုင်တယ်လို့ ထင်တယ်။ ငါက အဲဒါမျိုးတွေကို လက်မခံနိုင်ဘူး။ သူက အချစ်ဆိုတာ သူ စိတ်တိုင်းကျ နေပေးမှ အချစ်လို့ မြင်တာ။ အချစ်ရဲ့ လမ်းဆုံးကို လက်ထပ်ခြင်းလို့ မြင်တာ ...

ငါက အဲဒါတွေကို လက်မခံနိုင်တာပဲ"

"ငါလည်း ဘာပြောရမှန်းတောင် မသိတော့ဘူး။ တကယ်လို့မှ ငါ့ပြဿနာက နင်တို့အတွက် ရှောကြီးကြီးတစ်ခု ဖြစ်လာတယ် ဆိုရင်လည်း သူ့ကို အမှန်အတိုင်း ပြောပြလိုက်ပါဟာ"

"မလိုပါဘူး။ အရာရာတိုင်းမှာ စည်းဆိုတာရှိတယ်။ ဒီကိစ္စတွေကို ငါ ကောင်းကောင်း ကိုင်တွယ် ဖြေရှင်းနိုင်ပါတယ်"

မိုးသည်းက အဲဒီစကားကိုတော့ ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်တာဖြစ်သည်။

လူဆိုတာ ကိုယ့်ရဲ့ဘဝကိုပဲဖြစ်ဖြစ်၊ ကိုယ့်နှလုံးသားကိုပဲဖြစ်ဖြစ် ကြိုက်သလို ပုံဖော်နိုင်ခွင့်ရှိသည်ဟု သူမကတော့ ယူဆသည်။

ကိုယ် ယုံကြည်ရာကိုလည်း မြဲမြဲဆုပ်ကိုင်ထားနိုင်ခွင့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းကတော့ အချစ်ဆိုတာ ချုပ်နှောင်ခြင်းမဟုတ်ဘဲ လွတ်လပ်ခြင်း လွင့်မျောခြင်း ဆိုတာကို လက်ကိုင်ထားဆဲပင်။ အဲဒီ အယူအဆကို မိုးလုံမှိုင်းတစ်ယောက် လက်ခံလာဖို့လည်း ဆန္ဒရှိပါသည်။

* * *

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





မိုက်အောင့်ကာ ခါးရိုးဆီကနေ၍ တဆစ်ဆစ်ထိုးတက်နေသော ဝေဒနာများကြောင့် မိုးသည်းသည် အိပ်စက်ခြင်းမှ လွန့်လွန့်လူးလူး နိုးလာခဲ့သည်။ လစဉ်ခံစားနေကြဖြစ်သော ဝေဒနာဆိုးကြီး ရောက်လာပြီဆိုတာ သိသဖြင့် အိပ်ရာထဲမှထကာ သန့်ရှင်းမှု ရှိ၊မရှိ စစ်ဆေးလိုက်သည်။ အိပ်ရာထဲမှာ မသန့်ရှင်းတော့သဖြင့် အိပ်ရာခင်းကို ဆွဲဖြုတ်ပြီး အဝတ်လျှော်စက်ထဲသို့ ပစ်ထည့်ကာ ကိုယ့်ကိုယ်ကိုယ်လည်း သန့်စင်သွားအောင် ရေနွေးဖြင့် ရေချိုးပစ်လိုက်သည်။

တစ်ကိုယ်ရေ သန့်ရှင်းမှု မရှိလျှင် ဘယ်လိုမှ မနေတတ်သဖြင့် သန့်စင်အောင်သာ လုပ်ရသော်လည်း မိုးသည်းသည် တစ်ကိုယ်လုံးလည်း ကိုက်ခဲနေသဖြင့် လှုပ်တောင်မလုပ်ချင်ချေ။ အားလုံးပြီးတော့မှပဲ ကွေကာတစ်ခွက်ဖျော်ကာ ဆေးသောက်ရသည်။ ပြီးတော့ လူက ဆိုဖာပေါ်တွင် အသာမှိန်းကာ မသက်သာသေးသော ဝေဒနာကို အီးအဲနှင့်မှိန်းကာ ခံစားနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုရာသီချိန်တွေဆိုလျှင် မိုးသည်းသည် သူများတွေထက်ဆိုးစွာ ဗိုက်အောင့်ခါးနိုက်၊ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်သည့်ဒဏ်ကို လူးလိမ့်နေအောင်ပဲ ခံစားရသည်။ ဆေးသောက်လည်း သိပ်သက်သာသွားသည်ဟု မရှိဘဲ လူက ပင်ပန်းနွမ်းနယ်ပြီး အားပြတ်သလို ခံစားရကာ ဘယ်မှလဲ မသွားနိုင်ချေ။ တော်တော်ဆိုးတဲ့ ဝဋ်ဒုက္ခပဲ ဖြစ်တော့သည်။

ဒီလို တစ်ယောက်တည်း နေမကောင်းဖြစ်နေသည့်အချိန်တွေမှာတော့ မိုးသည်းသည် တစ်ဦးတည်းသော ရှားရှားပါးပါး ချစ်သူကို သတိရမိသည်။

သူနဲ့မိုးသည်းသည် ပြီးခဲ့တဲ့ သုံးရက်တည်းက စားသောက်ဆိုင်မှာ စကားအနည်းငယ်များပြီးနောက် တွေ့လည်းမတွေ့ဖြစ်၊ ဖုန်းလည်းမပြောဖြစ်ကြသေးချေ။ သူကလည်း ဆက်မလာသလို မိုးသည်းကလည်း မဆက်ဖြစ်ပါ။ သူ့ကို သတိရမိတာတွေ ရှိသော်လည်း မိုးသည်းရဲ့ရာဇဝင်မှာ ယောကျ်ားတစ်ယောက်ကို မရှိမဖြစ် လိုအပ်တယ် ဆိုတာမျိုးကို မရှိချင်ပေ။

သူ မရှိလည်းပဲ သူငယ်ချင်းတွေရှိလျှင် ဖြစ်သည်။ ဒါမှမဟုတ် ဘယ်သူမှ မရှိလည်းဘဲ တစ်ယောက်တည်းနေလည်း ဖြစ်ရမည်ဟူသော ခံယူချက်ဖြင့် ရှင်သန်ခဲ့တာဖြစ်သည်။ နဂိုကနုနယ်သော နှလုံးသားကို တမင်မာကျောအောင် လေကျင့်ထားခဲ့ခြင်းသာ ဖြစ်လေသည်။





ဒါပေမဲ့လည်း ချစ်တတ်ခဲ့သော နှလုံးသားသည် တစ်ချိန်ချိန်မှာတော့ ရင်ထဲက ချစ်မိသူကို တောင့်တမိတာပင်။ မိုးသည်းသည် ရှေ့မှာချထားသောဖုန်းကို ကောက်ကြည့်ကာ သူ့ဆီသို့ ဆက်သင့် မဆက်သင့် စဉ်းစားနေမိသည်။ ဖုန်းထဲက Name List ကို ဖွင့်လိုက်လျှင် သူ့နာမည်က ထွက်ပေါ်လာသည်။ ပြီးတော့ ဒီနေ့ဟာ စနေနေ့ဖြစ်သည်။ မိုးသည်းဟာ ရက်တွေလတွေကို သိပ်စိတ်ဝင်စားတတ်သူ မဟုတ်ချေ။ မိုးသည်းအတွက် တနင်္လာတွေ၊ စနေ တနင်္ဂနွေတွေ ဘာမှမရှိတာမို့လည်း ဒီနေ့ဟာ ဘာနေ့ဆိုတာ မေ့နေတတ်သည်။

ဒီနေ့ စနေနေ့ကတော့ သူ့ရဲ့ရုံးဟာ နေ့တစ်ဝက်ပိတ်သည်။ မိုးသည်းက နာရီကိုတစ်ချက်ကြည့်လိုက်သည်။ ဆယ့်တစ်နာရီ ထိုးတော့မည်။ သူ ရုံးဆင်းသွားလျှင် ဘယ်သွားမှာလဲ။ မိုးသည်းသည် ဖုန်းကို အသာပွတ်သပ်နေရင်းမှ နှုတ်ခမ်းကို အသာဖိကိုက်ထားမိသည်။ သူနဲ့မိုးသည်းတို့ကြားထဲမှ ချုပ်နှောင်မှုတွေမပါသော အချစ်သက်သက်ချည်းသာဆို ဘယ်လောက်ကောင်းလိုက်မလဲ။ သူ ဘာလို့ မိုးသည်းကို နားလည်မပေးနိုင်တာလဲ မသိချေ။

တွေးရင်းနဲ့ မိုးသည်းရဲ့ရင်ထဲတွင် ဝမ်းနည်းသလို ဖြစ်လာသည်။ သို့သော် မိုးသည်းက ချက်ချင်းပဲ အဲဒီဝမ်းနည်းစိတ်တို့ကို မောင်းထုတ်ပစ်လိုက်ကာ အားပြန်တင်းလိုက်သည်။ ပြီးတော့ လက်ထဲကဖုန်းကို စားပွဲပေါ်သို့ ပစ်တင်ကာ ဆိုဖာပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ လှဲအိပ်ချလိုက်သည်။ ဗိုက်ထဲက အောင့်မျက်နာကျင်နေသော ဝေဒနာကြောင့် အိပ်ဖို့ကြိုးစားသော်လည်း အိပ်မပျော်ပါ။

ဒါပေမဲ့လည်း ဆေးတွေသောက်ထားတာရော၊ ဇွတ်မှိတ်ပြီး အိပ်တာကြောင့်ရော လူက အိပ်ပျော်သလိုလို မပျော်သလိုလို ဖြစ်သွားသည်။ အဲဒီချိန်မှာပဲ မိုးသည်းရဲ့နဖူးကို တစ်စုံတစ်ယောက်က လာစမ်းသလိုလို အထိအတွေ့ကြောင့် မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လာလျှင် မိုးသည်းတို့ စိုးရိမ်တကြီး ငုံ့မိုးကြည့်နေသော မျက်နှာတစ်ခုကို တွေ့လိုက်ရသည်။

သူ ... မိုးလုံးမှိုင်း။

မိုးသည်း အိပ်မက် မက်နေတာလည်း မဟုတ်။ စိတ်စွဲနေတာလည်း မဟုတ်ဘဲ သူ့ကို တကယ်တွေ့လိုက်ရခြင်း ဖြစ်သည်။ သူ့ကို တွေ့လိုက်တဲ့အခိုက်တွင် ရင်ထဲမှာ ဘယ်လို ပျော်သွားမှန်းတောင်မသိပါ။ ကိုယ်က ဖုန်းမဆက်ဘဲနဲ့ သူ ရောက်လာတယ်ဟူသော အဖြစ်အပျက်ဟာ တကယ့်ကိုပဲ ကိုယ့်အတွက်တော့ ကောင်းတဲ့လက္ခဏာဖြစ်သည်။ အဲဒါကိုက မိုးသည်းစရဲ့ Ego လားတော့ မပြောတတ်တော့ပါ။

"မိုးသည်း ... မင်း နေမကောင်းဘူးလား"

သူက ဖြူဖျော့နွမ်းဖတ်ကာ အားပြတ်သလို ဖြစ်နေသော မိုးသည်းရဲ့ပုံစံကို သတိထားမိစွာဖြင့် မေးသည်။ ခါတိုင်းလတွေက ဒီလိုဖြစ်တတ်ပေမယ့်လည်း သူနဲ့မတွေ့အောင်ရှောင်နေတတ်တာမို့ ဒီပုံစံကို သူ တစ်ခါမှ မြင်ဖူးမှာ မဟုတ်ချေ။





မိုးသည်းက သူ့မေးခွန်းကို အထွေအထူး ပြန်မဖြေဘဲ ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်သည်။ စကားသိပ်မပြောသော်လည်း ရောဂါဝေဒနာကို အတော်ခံစားနေရဟန်ပေါ်ကြောင်း မိုးသည်းရဲ့ပုံစံက သိသာနေစေသဖြင့် သူက စိုးရိမ်တကြီးလက်ဖျားတွေကို ဆုပ်ကိုင်ကာ ...

"ဘာဖြစ်တာလဲ၊ ဘယ်လိုနေလို့လဲ၊ မင်းကြည့်ရတာတော်တော်နေမကောင်းတဲ့ပုံ ပေါက်နေတယ်။ ဆေးခန်းသွားမလား။ ထ ... ထ ... ဆေးခန်းသွားမယ်၊ မင်းကို ကိုယ်လိုက်ပို့ပေးမယ်"

"နေပစေ မသွားဘူး၊ ဒီလိုပဲ သူ့ဟာသူ သက်သာသွားမှာ။ ဆေးခန်းသွားလည်း ဘာမှလုပ်လို့ မရဘူး"

"ဘာလို့လုပ်လို့ မရ,ရမှာလဲ။ မင်းကြည့်ရတာ အရမ်း Weak ဖြစ်တဲ့ပုံ ပေါက်နေတယ်။ နှုတ်ခမ်းတွေကလည်း သွေးမရှိတော့ဘူး"

မိုးသည်းက သူ့ကို လက်အသာကာပြလျက်မှ ...

"မဟုတ်ဘူး၊ ကျွန်မရဲ့ Period ကာလတွေမှာ ဒီအတိုင်းပဲ ဖြစ်လေ့ရှိတတ်တယ်။ ဒီလိုပဲ ခံစားရတတ်တယ်။ နှစ်ရက်သုံးရက် နေမကောင်းဖြစ်ပြီးသွားရင် ပြီးတော့လည်း လူကောင်းလိုပဲ ပြန်ဖြစ်သွားတာ"

မိုးသည်းရဲ့ညင်သာသော အပြောကို သူက ငေးစိုက်ပြီး နားထောင်နေသည်။ မိုးသည်းကို စိုက်ကြည့်နေသော သူ့မျက်ဝန်းထဲ၌ ကြာနာသနားရိပ်တို့က ပြည့်လျှံပြီး နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို မင်း ဘာလို့ ကိုယ့်ဆီကို ဖုန်းမဆက်တာလဲ မိုးသည်းစရယ်၊ မင်းကို ကိုယ် ဘယ်လိုနားလည်ရတော့ မလဲဟင် ...

တစ်ဆိတ်လောက် ပြောပြစမ်းပါ။ ကိုယ်က မင်းရဲ့ ဘာလဲ ? "

"ရှင်က ကျွန်မရဲ့ချစ်သူပါ"

"ချစ်သူ ! ...။ ချစ်သူ ဆိုတာက တစ်ယောက်နဲ့တစ်ယောက် ခံစားချက်တွေကို အရင်းနှီးဆုံး မျှဝေခံစားတဲ့သူတွေ မဟုတ်ဘူးလား"

သူ လိုချင်တဲ့အဖြေကိုဖဲ့ ဆောင်းပေးပြီး ရှေ့နေတစ်ယောက်လိုပဲ နိမ့်မိုတ်ပြမေးခွန်းတွေ မေးနေသော သူ့ကို မိုးသည်းက ချစ်စနိုးဖြစ်စွာဖြင့် ပါးရိုးလေးကိုလှမ်း၍ ထိတွေ့ကိုင်တွယ်မိသည်။ ပြီးတော့ လိမ္မာပါးနပ်စွာဖြင့် သူ့မေးခွန်းတွေကိုရှောင်တွက်ခဲ့လေသည်။

"ရှင် ထမင်းစားပြီးပြီလား"

"ဟင့်အင်း ... ကိုယ် ရုံးကအပြန် ဝင်လာတာ။ ပထမတော့ အိမ်ပြန်မလို့ပဲ။ ဒါပေမဲ့ မင်းကို အရမ်းသတိရတာနဲ့ ဖုန်းမပြောရတာလည်း လေးရက်လောက် ရှိပြီဆိုတော့ ဝင်လာလိုက်တာ"

"ကျွန်မရှိမှန်း ရှင် ဘယ်လိုလုပ် သိသလဲ"





"သိလို့တော့ မဟုတ်ပါဘူး။ မင်းမရှိလည်း မင်းအခန်းလေးထဲ ခဏဝင်ပြီး အလွမ်းပြေပေါ့။ မင်းနဲ့မတွေ့ရတော့လည်း ဒီအခန်းထဲမှာက မင်းရဲ့ အငွေ့အသက်တွေ ရှိနေတာပဲလေ ...

ဒါကြောင့် ရောက်လာခဲ့တာ။ မင်းရော ဘာစားထားလဲ၊ ဆေးသောက်ထားသေးလား"

"ကွေကာတစ်ခွက်ပဲ သောက်ထားတယ်။ ဆေးလည်း သောက်ထားပါတယ်"

သူက မိုးသည်းကို ကြင်နာစွာ စိုက်ကြည့်ရင်းမှ နဖူးကို တစ်ချက် ငုံ့နမ်း၍ မေးလိုက်လျှင် ဘာကြောင့်မှန်းမသိဘဲ အဲဒီအပြုအမူနှင့် မေးခွန်းကို ငိုချင်စိတ် ပေါက်သွားလေသည်။

"မင်း ဘာစားချင်လဲ၊ ကိုယ် ဘာလုပ်ပေးရမလဲ"

မိုးသည်း နေမကောင်းချိန်မှာ မိုးသည်းရဲ့အနား၌ ဘယ်သူကမှ အဲဒီလို နွေးထွေးကြင်နာစွာ မမေးဖူးချေ။ အခုတော့ သူဟာ အနားကို မထင်မှတ်ဘဲ ရောက်လာလျက် မိုးသည်းအတွက် အမှတ်တရတွေကို ပေးစွမ်းပြန်ပါသည်။ ဒီလိုတွေ မလုပ်ပါနဲ့ကွယ်။ ကျွန်မ လူတစ်ယောက်ကို အဆုံးစွန်ထိ မတွယ်တာချင်လို့ပါ။

ကျွန်မ အဆုံးစွန်ထိ ချစ်နိုင်တယ်။ ဒါပေမဲ့ အဆုံးစွန်ထိတော့ မတွယ်တာချင်ဘူး။ အဆုံးစွန်ထိ သံယောဇဉ်မထားချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ... ဘာစားမလဲ။ ဆယ့်နှစ်နာရီတောင် ထိုးပြီး ပြီဆိုတော့ မင်းလည်း ဗိုက်ဆာမှာပေါ့။ ကိုယ်လည်း ဗိုက်ဆာနေပြီ ...

မင်း ထမင်းစားချင်မှာတော့ မဟုတ်ဘူး။ မြူစွမ်ပျော့ပျော့လေး သောက်မလား"

"ရှင်ကရော"

"ကိုယ်က ဘာဖြစ်ဖြစ် ရပါတယ်။ မင်းအိမ်မှာ ရယ်ဒီမိတ်တွေ ပေါပါတယ်။ ဆီချက်ခေါက်ဆွဲဖြစ်ဖြစ် လုပ်စားလိုက်မယ် ...

အိုခေ ... ခဏစောင့်။ ကိုယ်သွားလုပ်လိုက်ဦးမယ်။ မင်း TV ကြည့်ရင်း စောင့်နေ"

သူက TV ကို လိုင်းဖမ်းပေးသွားကာ နောက်ထဲသို့ ဝင်သွားသည်။

မိုးသည်းသည် TV ကို မကြည့်မိဘဲ ထွက်ခွာသွားရာ သူ့နောက်ကျောပြင်ကို စိုက်ကြည့်ကာ မျက်ရည်တွေ ဝဲသီလာသည်။ သူနဲ့ မိုးသည်းတို့ ပြဿနာတွေ ဖြစ်ထားပေမယ့် သူ့ကြည့်ရတာ ဘာမှမဖြစ်သလိုပဲမို့ ဒါဟာ တော်ရုံလျှော်ထားတတ်သော ယောကျ်ားကောင်းတို့ရဲ့ စိတ်ဓာတ်လားတော့ မပြောတတ်တော့ချေ။

ခဏကြာသောအခါ သူက မီးဖိုတဲမှ ပြန်ထွက်လာသည်။





"စားကြစို့လေ အားလုံးရယ်ဒီပဲ။ မင်းအတွက် ကြက်ဥ ဟပ်ဘွိုင်နဲ့ မြူစွမ်ပြုတ်ပေးထားတယ်"

မိုးသည်းက လှဲနေရာမှ အားယူပြီး ထလိုက်သည်။ သူက လာတွဲမထူပါ။ အဲလောက်ကြီးလည်း မလိုအပ်သဖြင့် သူက ထမင်းစားပွဲသို့ အရင်သွားနှင့်သည်။ ထမင်းစားပွဲမှာ ကြက်ဥနှစ်လုံးကို မကျက်တကျက်ပြုတ်ကာ ပန်းကန်တစ်ခုမှာ ထည့်ထားပေးပြီး အဲဒါကို အရင်သောက်စေသည်။ ပြီးတော့မှ မြူစွမ်ကို စားခိုင်းသည်။ သူကိုယ်တိုင်ကတော့ ဆီချက်ခေါက်ဆွဲကို စားနေလေသည်။

ဖြည်းဖြည်းချင်း စားနေသော မိုးသည်းကို သူက တစ်ချက်ကြည့်ကာ ...

"အဲဒါလာရင် မင်း ဒီလိုပဲ အပြင်းအထန် ခံစားနေကြလား"

မိုးသည်းက သူ့ကို တစ်ချက်မော့ကြည့်ကာ မျက်လွှာတစ်ချက် ချပြရင်း အဖြေပေးလိုက်သည်။ သူက ခေါက်ဆွဲကို တူနဲ့ညှပ်ယူနေရင်းမှ ...

"မင်း OG နဲ့ မပြကြည့်ဘူးလား"

"ငယ်ငယ်ဘုန်းက ပြဖူးတယ်။ ဒီလိုပါပဲ ဘာရောဂါမှရှိလို့မဟုတ်ဘူး။ ဒါပေမဲ့ အမြဲတမ်း ခံစားရလေ့ရှိတယ်။ တစ်ခါတလေတော့လည်း ဆိုးဆိုးရွားရွားကြီးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှထပ်မပြောတော့ချေ။ စားသောက်ပြီးသော ပန်းကန်များကို မိုးသည်းက ဘေစင်မှာ သွားဆေးဖို့ယူလျှက် သူက အသာတွန်းလွှတ်သည်။

"မင်း အခန်းထဲမှာ သွားနားပါ။ ကိုယ် ဆေးလိုက်မယ်"

"ရပါတယ်။ ကျွန်မ လုပ်နိုင်ပါတယ်"

"သွားစမ်းပါဆိုကွာ။ အပိုတွေ သိပ်မပြောချင်ဘူး"

မိုးသည်းက သူ့ကို ခပ်နက်နက် စိုက်ကြည့်ကာ ဘာမှမပြောတော့ဘဲ အခန်းထဲသို့ ဝင်လာခဲ့သည်။ အိပ်ရာခင်း မခင်းရသေးတာမို့ အသစ်တစ်ထည် ထပ်ခင်းပြီးမှ မနက်ထဲက အဝတ်လျှော်စက်ထဲမှာ ထည့်ထားခဲ့သော အိပ်ရာခင်းကိုသွားသတိရသည်။ ဒါကြောင့် သွားထုတ်ဖို့ရာအတွက် ရေချိုးခန်းနားသို့ လျှောက်လာခဲ့လျှင် အိပ်ရာခင်းကိုညှစ်ကာ နောက်ဖေးက အဝတ်စင်မှာ ထွက်လှန်းနေသော သူ့ကို တွေ့လိုက်ရသည်။

"အို ... ရှင် ... ဒါ ဘာလုပ်တာလဲ။ ဒုက္ခပါပဲ ... ကျွတ်"

"ဘာဖြစ်လို့လဲ၊ မင်း အိပ်ရာခင်းကြီး မဟုတ်လား။ နေရောင်ရှိသေးတုန်း ထုတ်လှမ်းလိုက်တာ"

"အာ ... ခက်လိုက်တာ။ ပြဿနာပဲ ရှင်ကတော့လေ"

"ဘာမှမဖြစ်ပါဘူး ... သွား ... သွား"

သူက သွား,ဆိုသော်လည်း မိုးသည်းက မသွားမိချေ။ အိပ်ရာခင်းလှမ်းနေသော သူ့နောက်ကျောကို ကြည့်ရင်းမှ ရုတ်တရက် သူ့ခါးကို ပြေးဖက်မိသွားသည်။ သူက အံ့သြသလို





တွန့်ခနဲ ဖြစ်သွားပြီးမှ ငြိမ်သက်သွားသည်။ မိုးသည်းသည် သူ့နောက်ကျောမှ ပါးအပ်ကာ ...

"မိုးလုံးမှိုင်း ... ရှင် ကျွန်မကို သိပ်ချစ်သလားဟင်"

"ကိုယ့်ကိုယ်ကိုယ်ထက်တော့ ဘယ်ချစ်မလဲ"

သူလည်း မိုးသည်းဆီက အကျင့်ကူးသွားပြီထင်သည်။ သို့သော် ဘာပဲဖြစ်ဖြစ် မိုးသည်း ကျေနပ်သည်။ မျက်ရည်ဝဲသော မျက်ဝန်းအစုံဖြင့် တိတ်တခိုး ကျိတ်ပြုံးနေမိတာကို သူမြင်နိုင်မှာ မဟုတ်ပါ။ သူက ဘယ်လိုပဲ ဘုကန့်လန့်တွေ ပြောနေပါစေ သူ မိုးသည်းကို ဘယ်လောက်ချစ်တယ်ဆိုတာ သိခွင့်ရပြီးသားဖြစ်သည်။

မိုးသည်း ငြိမ်သက်နေသဖြင့် သူက အဖက်ခံထားတာကို ရုန်းထွက်ကာ မိုးသည်းကို သူ့ရှေ့တည့်တည့်သို့ လှည့်ယူလိုက်သည်။ မိုးသည်းကို ငေးကြည့်နေသော သူ့မျက်ဝန်းတွေထဲ၌ ကြင်နာနွေးထွေးမှုတွေကို အပြည့်အသိပ် တွေ့မြင်နေလေသည်။

"မိုးသည်းစ"

မိုးသည်းက သူ့ကို မျက်လုံးတွေဖြင့် ထူးလိုက်လျှင် သူက ယောင်ယောင်မှုပြုံးကာ ပြောသည်။

"ကိုယ့်ဘဝမှာ စိတ်အဝင်စားဆုံး မေးခွန်းတစ်ခုရှိတယ်။ ကိုယ်ကိုယ်တိုင်တော့ အဲဒီမေးခွန်းကို မဖြေနိုင်ဘူး။ မင်းရော ဖြေပေးနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးခွန်းလဲ"

"မင်းနဲ့ ကိုယ်နဲ့ ညားမလား၊ ကွဲမလား ဆိုတာကိုပေါ့။ ကိုယ်တို့ရဲ့အဖြစ်က ဝတ္ထုတစ်ပုဒ်၊ ဗီဒီယိုဇာတ်လမ်းတစ်ပုဒ်သာဆို ပရိသတ်က ဘယ်လိုဆုံးဖြတ်ပေးမလဲ။ ဒီနေရာအထိ ဖတ်နေတယ်ဆိုရင် ကွဲမလား ညားမလား ဘယ်လိုမှတ်ချက်ပေးမလဲ မသိဘူးနော်"

လုံးဝထင်မထားသော မေးခွန်း၊ ပြောရမယ်ဆိုရင်တော့ အင်မတန်ကောင်းသည့် မေးခွန်းကို သူက မေးသွားခြင်းပါပဲ။ မိုးသည်းသည် သူ့မျက်နှာကို ငေးပြီးကြည့်နေမိသည်။ သူကတော့ မိုးသည်းကို ဘယ်လိုလဲဟူသော ပုံစံဖြင့် မျက်ခုံးတစ်ဖက်ပင့်ပြကာ ...

"မင်း ဖြေနိုင်သလား"

"ဟင့်အင်း"

"အိုခေ ... အဲဒီစကားကြားရတာ ဝမ်းသာပါတယ်"

"ဘာဖြစ်လို့လဲဟင်"

"မင်းက ကွဲနိုင်တယ်လို့ မဖြေလို့ပါ။ ဒါဆိုရင် မင်းလည်း ကိုယ့်လိုပဲ 50-50 သတ်မှတ်ထားတယ်ပေါ့နော် ...

အိုခေလေ၊ မင်း နားတော့။ လာ ... ကိုယ်လိုက်ပို့ပေးမယ်"

သူက မိုးသည်းရဲ့ပခုံးကို ခပ်ဖွဖွဖက်ကာ အိပ်ခန်းထဲသို့ လိုက်ပို့သည်။ ပြီးတော့ ခုတင်ပေါ်မှာ လှဲချလိုက်သော





မိုးသည်းကို စောင်ခြုံပေးပါသည်။ ပြီးတော့ မိုးသည်းရဲ့နဖူးကို ဖွဖွလေး လှမ်းနမ်းကာ ...

"ခဏနေ မင်း အိပ်ပျော်သွားမှာပါ။ ကိုယ် ပြန်တော့မယ်လေ။ တစ်ခုခု စားချင်တာရှိရင် ဖုန်းဆက်လိုက်၊ ဘာပဲဖြစ်ဖြစ်ပေါ့"

"ကျွန်မ အိပ်ပျော်မှ သွားပါလားဟင်"

သူ့မျက်နှာ နည်းနည်းအရောင်ပြောင်းသွားသည်။ သို့သော် အိုခေဟု ချက်ချင်းပဲ ရေရွတ်ကာ ခေါင်းညိတ်လိုက်လေသည်။ မိုးသည်းသည် ကျေနပ်သွားသောစိတ်ဖြင့် မျက်လုံးတွေကို မှိတ်ချလိုက်သည်။ သူက ဘေးနားကနေပြီး မိုးသည်းရဲ့ဆံစလေးတွေကို သပ်ဖွပေးနေသည်။

မိုးလုံးမှိုင်းရယ် ရှင် ကျွန်မ အိပ်ပျော်သွားမှ အိမ်ပြန်ခွင့်ရမယ်ဆိုရင် ရှင့်ကို အနားမှာ ရှိစေချင်လို့ တစ်သက်လုံး အိပ်စက်ခြင်းကို စွန့်လွှတ်ရင်ရောကွယ်။ သူ အနားမှာ ရှိနေလျှင် မိုးသည်း အိပ်ပျော်မှာမဟုတ်။ သူ့ထံကရနေသော သင်းပျော့ပျော့ ကိုယ်သင်းရနံ့လေးကို ရနေသရွေ့ အိပ်ပျော်သွားမှာ မဟုတ်။

ဒါပေမဲ့လည်း သူကတော့ မိုးသည်း အိပ်ပျော်သွားပြီအမှတ်နှင့် ခြေသံဖွဖွနင်းကာ ထွက်ခွာသွားခဲ့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"ဟား ... ဒီနေ့ Breakfast ဝိုင်းကတော့ လူစုံတက်စုံပါပဲလား"

သူက ထမင်းစားခန်းထဲသို့ ဝင်လာခဲ့လျှင် သူတို့အိမ်ရှိ မိသားစုအားလုံးကို တွေ့မြင်လိုက်ရသည်။ သူ့အဖေ၊ သူ့အမေနှင့် သူ့အစ်မ။ သူ့အမေက သူလာတာနှင့် ကော်ဖီတစ်ပန်းကန်ကို ငှဲ့ပေးရင်းမှ ...

"Breakfast ဝိုင်းမှာ လူစုံသလို နေ့ခင်း ထမင်းစားဝိုင်းမှာလည်း လူစုံရမယ်နော်။ သား မမလည်း ဒီနေ့ Dutyoff။ သားကလည်း တစ်နေကုန် ရုံးပိတ်တယ်။ ဘယ်သွားစရာရှိသေးလဲ"

သွားစရာကတော့ မိုးသည်းစထံပဲ ရှိသည်။ ဒီနေ့တနင်္ဂနွေနေ့မို့ သူမအိမ်မှာ သူတို့ ဆုံကြမည်ဖြစ်သည်။ သူက ဘာမှမပြောဘဲ အသံတိတ်နေတာမို့ သူ့အစ်မက အသာငဲ့ကြည့်ကာ ...





"မှိုင်း ... နင် ရည်းစားရနေပြီ မဟုတ်လား"

"မမကလည်းကွာ။ မေးတာများ အပိုင်ကြီးပဲ"

သူ့အစ်မက ဒါလေးများ ဟူသော သဘောမျိုးဖြင့် နှုတ်ခမ်းတွန့်ပြုံးသည်။ သူသာ အပြင်က ယောကျ်ားတစ်ယောက်ဆိုလျှင် သူ့အစ်မလို မိန်းမမျိုးကို ယူမှာမဟုတ်ချေ။ မြင်လိုက်တာနဲ့ကို ဓားတစ်ချောင်းလို စူးရှထက်မြက်ကာ အရာရာကို ထိုးထွင်းသိမြင်နေသော ပုံစံမျိုးအား သူတင်မကဘဲ ယောကျ်ားတော်တော်များများကပါ ကြိုက်ကြမှာ မဟုတ်ပါ။

"ဟုတ်တယ်၊ မေမေလည်း ရိပ်မိသလိုပဲ။ သားလေးရည်းစားများ ရနေပြီလားလို့"

"ရနေပြီလားလို့ မဟုတ်ဘူး။ ရကို ရနေတာ"

သူ့အစ်မက အပိုင်ပုံစံဖြင့် ရှုပ်ပြောသည်။ သူက မနိုင်တော့ဘူးဟူသော ပုံစံဖြင့် ပခုံးကိုသာ ဝါချက်တွန့်ပြီးနောက် မေမေ ပြင်ဆင်ပေးထားသော ကော်ရည်ခေါက်ဆွဲကို အေးအေးဆေးဆေး စားသောက်နေလိုက်သည်။ စားသောက်ပြီးသွားသော သူ့အဖေကတော့ ဝိုင်းကျပ်ခြင်း ခံနေရသည့် သူ့အဖြစ်ကို စာနာနားလည်ဟန်ဖြင့် ...

"ကဲ ... မင်းတို့သားအမိတွေ ကျပ်တဲ့အထဲကို ငါ မပါဘူးဟေ့။ သားရေ ... ပြေးနိုင်မှ လွတ်မယ်။ ဖေဖေတော့ပြေးပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေက ထွက်သွားလျှင် မေမေက ဖေဖေ့ကို မျက်စောင်းတစ်ချက် လိုက်ထိုးသည်။ ပြီးတော့မှ သူ့နံဘေးတွင် အသာအယာ ဝင်ထိုင်ကာ သူ့ပခုံးကိုဖွဖွဆုပ်ကိုင်လျက် ...

"သားကိုယ်ရေးကိုယ်တာကို စပ်စုတယ်တော့ မထင်နဲ့။ သားနဲ့ ပတ်သက်ပြီး မေမေတို့ တော်ရမယ့် ချွေးမဆိုတာလည်း မေမေတို့အတွက် အရေးကြီးတယ်လေ"

"မေမေရယ် ... ချွေးမတွေ ဘာတွေနဲ့ အမြင့်ကြီးကို လျှောက်မမှန်းပါနဲ့ဦး၊ အဲဒီလောက်လည်း မဟုတ်သေးပါဘူး"

သူက ကိုယ့်အကြောင်း ကိုယ်သိစွာနှင့် ပြောသော်လည်း သူ့အမေက လက်မခံချေ။

"ဟုတ်ပါတယ်။ ဒါပေမဲ့ သားက မေမေ့ရဲ့တစ်ဦးတည်းသော သားလေ။ သားမမကလည်း အဲဒါမျိုးကိစ္စတွေကို အရင်စိတ်မဝင်စားတော့ သားကိုပဲ မေမေက ပုံအပ်ထားရတော့တာပေါ့ ...

ချွေးမအဆင့်တွေ ဘာတွေ မရောက်နိုင်သေးဘူးဆိုပေမယ့် သားရဲ့ချစ်သူရည်းစားတစ်ယောက်အနေနဲ့တော့ စိတ်ဝင်စားလို့ ရပါသေးတယ် ...

မေမေ့သားက တကယ်မချစ်ဘဲနဲ့လည်း ရည်းစားတော်မယ့်သူမျိုးလည်း မဟုတ်ဘူးလေ"





သူ တော်တော် စိတ်အိုက်သွားသည်။ ခေါက်ဆွဲကို ငုံ့စားနေရာမှ မော့ကြည့်လိုက်လျှင် သူ့ကို စိုက်ကြည့်နေသော သူ့အစ်မနှင့် သူ့အမေကို တွေ့လိုက်ရ၏။ သူက သက်ပြင်းတစ်ချက်ကို အသာရှိုက်ကာ ...

"သူ့နာမည်က မိုးသည်းစက်တဲ့ မေမေ"

သူ့အမေက ဘာမှမပြော။ သူ ဘာဆက်ပြောမလဲ ဆိုတာကိုသာ စိတ်ဝင်တစား စောင့်နားထောင်နေသည်။

"သူ့မှာ မိဘတွေ မရှိတော့ပါဘူး။ သူ ငယ်ငယ်တည်းကပဲ ဆုံးသွားတာ။ သူက အဒေါ်အပျိုကြီးနဲ့ပဲ ကြီးလာရတာ။ သူ တက္ကသိုလ်နောက်ဆုံးနှစ်မှာပဲ သူ့အဒေါ်က ကင်ဆာရောဂါနဲ့ ဆုံးသွားတယ် ....

သူ့မှာ ဆွေမျိုးသားချင်းလည်း မရှိဘူး။ (xxx)ကွန်ဒိုမှာ လက်ရှိ တစ်ယောက်တည်းနေတယ်"

သူက စကားကိုရပ်ကာ သူ့အမေနဲ့ သူ့အစ်မမျက်နှာကို လိုက်ကြည့်မိသည်။ သူ့အမေမျက်နှာက တစ်မျိုးဖြစ်နေသော်လည်း သူ့အစ်မမျက်နှာကတော့ အေးအေးဆေးဆေးပင်။ ဖဲသမားမျက်နှာလိုပင် အရိပ်အကဲ ဖမ်းရခက်လှသည်။

"သူက ဘာအလုပ် လုပ်သလဲ"

"လောလောဆယ်တော့ ဘာမှမလုပ်ဘူး မေမေ။ သူ့ခြံကို ငှားထားတယ်။ အဲ ... အဲဒါ သားငှားထားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... နင်က ကိုယ်ချင်း ကိုယ်ချင်း အားပေးထားတာပေါ့လေ"

"မဟုတ်ပါဘူး မမကလည်း။ သူ ခြံကိုဝှားတော့မှ သူနဲ့စသိတဲ့ဟာကို၊ အဲဒီကျမှ စသိသွားတာ"

"ဒါဖြင့်ရင် သူက ဘာအလုပ်မှ မလုပ်ဘူးပေါ့"

"ဟုတ်တယ် မေမေ"

"မိသားစုလည်းမရှိ၊ အလုပ်တစ်ခုခုလည်း မလုပ်တဲ့ မိန်းကလေးဟာ တစ်နေ့ တစ်နေ့ ဘာတွေလုပ်နေလဲ"

သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူ့အစ်မ မျက်နှာကို လှမ်းကြည့်လိုက်တော့ သူ့အစ်မက ကော်ဖီကို အသာ မော့်သောက်ကာ သူ့ကို ပြန်ကြည့်နေသည်။ အကြည့်များဟာ နင်ဖြေလိုက်လေ ဟူသော မေးခွန်းမျိုးဖြစ်သည်။

"ဒီလိုပါပဲ မေမေ။ အလုပ်တစ်ခုခု လုပ်ဖို့တော့ စဉ်းစားနေပါတယ်။ လောလောဆယ်မှာ သူ့ရဲ့စားဝတ်နေရေးအတွက်က မပူပင်ရတော့ သူက အေးအေးဆေးဆေး နေနေတဲ့သဘောပါ"

သူ့အမေက သက်ပြင်းတစ်ချက်ချသည်။ ပုံစံကြည့်ရတာတော့ သိပ်ဟက်ဟက်ပက်ပက် မရှိလှချေ။ သူ့မှာလည်း ကိုယ့်ဝမ်းနာ ကိုယ်သာအသိဆုံးမို့ ဘာမှ ပြန်မပြောနိုင်ပါ။ ခဏနေတော့ သူ့အမေက သူ့ကို တစ်ချက်ကြည့်ကာ ...

"သား ... သူ့ကို လက်ထပ်ဖို့ ရည်ရွယ်ထားလား"





"ဟုတ်ကဲ့"

"ဒါဆိုလည်း သူ့ကို အိမ်ခေါ်လာပါ"

"ဗျာ ... ဘာဖြစ်လို့လဲ မေမေ"

"ဩော် ... သူ့ကို နည်းနည်းပါးပါး အကဲခတ်ကြည့်မလို့ပေါ့။ သားချစ်တဲ့ မိန်းကလေး၊ သားက လက်ထပ်ဖို့တောင် ရည်ရွယ်ထားတဲ့ မိန်းကလေးဆိုတော့ ဘာပဲဖြစ်ဖြစ် မေမေက တွေ့ကြည့်ချင်သေးတယ်လေ ...

ထမင်းစားဖိတ်တဲ့အနေနဲ့ ခေါ်လိုက်ပေါ့။ ဒီနေ့ပဲ ခေါ်လိုက်ပါလား။ ဒီနေ့ အိမ်မှာ သား မမလည်း ရှိတာပဲ။ ဘယ်လိုလဲ ? ။ သူ့မှာ ဘာအလုပ်မှ ရှိတာမှ မဟုတ်တာ"

သူ့အမေတို့ကတော့ ချဲနေပြီဟု ယူဆရသည်။ သူက စားလက်စဇွန်းကို အသာချကာ ...

"ဒီနေ့ ချက်ချင်း ဖိတ်လို့ကတော့ ရမှာမဟုတ်ဘူး မေမေ"

"ဘာဖြစ်လို့လဲ၊ ခုမှ ရှစ်နာရီပဲ ရှိသေးတာ။ ဆယ့်နှစ်နာရီမှ ထမင်းစားမှာပဲ။ အခု ဖုန်းလှမ်းဆက်ထားလိုက်ပေါ့"

"ရမှာ မဟုတ်ဘူး မေမေ"

"ဟဲ့ ... ဘာ့ကြောင့် မရ,ရမှာလဲ။ ပြောတော့ သူက ဘာမှ မလုပ်ဘူးဆို။ သူ့ရည်းစားတစ်ယောက်ရဲ့ မိဘတွေနဲ့တွေ့ဖို့တောင် သူက ဦးစားမပေးနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုင်ရာမှထကာ သူ့အမေကို တည့်တည့်စိုက်ကြည့်လိုက်သည်။

“မေမေ သားတို့အခြေအနေက အခုမှ တစ်ယောက်အကြောင်းကို တစ်ယောက် နားလည်အောင် လုပ်နေရတဲ့ အနေအထားပါ ...

သား သူ့ကို အိမ်မဖိတ်ချင်သေးဘူး။ သားကို Pressure မပေးပါနဲ့၊ စိတ်ချပါ၊ သား မေမေတို့ရဲ့ခွင့်ပြုချက် မပါဘဲ၊ သဘောမတူဘဲနဲ့ ဘာမှမလုပ်ပါဘူး”

“ဟဲ့”

ပြောပြီးတာနှင့် ချက်ချင်းလှည့်ထွက်ခဲ့လျှင် သူ့အမေရဲ့ခေါ်သံက နောက်ပါးမှကပ်၍ ကျန်ရစ်ခဲ့သည်။ သူသည် ဘာ့ကြောင့်မှန်း မသိဘဲ ရင်ထဲမှာ မွန်းကျပ်နေသည်။ ဒီပုံစံ အခြေအနေအတိုင်းဆိုလျှင် မိုးသည်းစ အတွက် သူ့မိသားစုဘက်မှာ မိုင်းနပ်စ်ပြနေပြီဟု ယူဆရသည်။ ဒါတောင် မေမေတို့ဟာ သူမရဲ့လက်ရှိနေပုံထိုင်ပုံ အခြေအနေ အမှန်ကို မသိကြသေး။

သူမ ဘယ်လောက် ဆိုရှယ်ကျသည်။ စိတ်ထင်တိုင်း ဘယ်လိုနေတတ်သည် ဆိုတာမျိုး လက်တွေ့မြင်သွားလို့ကတော့ ...။ သူသည် ဆက်မတွေးချင်စွာနှင့် ခေါင်းကို ခါယမ်းလိုက်တုန်းမှာပဲ သူ့ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းက မြည်လာခဲ့သည်။





“မထင်ပါနဲ့ ... မင်း တွေးသလို မထင်ပါနဲ့ ... မင်းသိသလို မမြင်ပါနဲ့၊ ယိုင်လဲသွားမယ့် အချစ်မဟုတ်ဘူး”

အဲဒီသီချင်းသံနှင့် ဖုန်းမြည်လာလျှင် သူမဆီကဆိုတာ အတပ်သိရလေသည်။ သူက ဖွင့်နားထောင်လိုက်သည်။

“အင်း ... ပြော”

“ရှင် ဘယ်မှာလဲ”

“အိမ်မှာပဲ ခဏနေ၊ မင်းဆီ ထွက်လာခဲ့တော့မလို့”

“မထွက်လာနဲ့တော့၊ ကျွန်မ သွားစရာကိစ္စတစ်ခုရှိလို့ နောက်နေ့မှ တွေ့ကြမယ်”

“ဘယ်သွားမှာလဲ ဘာကိစ္စလဲ။ မင်းတစ်ယောက်တည်းလား။ ကိုယ် လိုက်ခဲ့လို့ မရဘူးလား”

“မရဘူး။ ဒီလိုပါပဲ၊ ကိစ္စလေးတစ်ခုပါ”

“ဘာကိစ္စလဲဆိုတာ ကိုယ့်ကို ပြောလေကွာ။ ဒီနေ့က မင်းနဲ့ ကိုယ်နဲ့တွေ့ဖို့ Date လုပ်ထားတာပဲ”

“ဟုတ်ပါတယ်။ အဲဒီအတွက် ဆောရီးပါ။ ကျွန်မသွားမှ ဖြစ်မယ့် ကိစ္စမျိုးမို့ပါ”

“မိုးသည်းစ။ ကိုယ်က မင်းရဲ့ချစ်သူတစ်ယောက်နော်။ အဲဒါကိုရော မင်း သတိရသေးရဲ့လား”

“ကျွတ် ... ရှင် ဘာဖြစ်နေတာလဲ။ ဘာဖြစ်လို့ ကျွန်မကို ပြဿနာရှာချင်နေရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ပြဿနာရှာတာ မဟုတ်ဘူး။ မင်း တစ်ခုခုကို ရှုပ်နေတယ်လို့ ကိုယ်ထင်တယ်။ ကိုယ့်စိတ်ထဲမှာ အလိုလိုကို သိနေတယ်။ မိုးသည်းစ ... မင်းကို ဆိုရှယ်ကျတာ၊ လွတ်လွတ်လပ်လပ်နေတာ ကိုယ် ဘာမှ သိပ်မပြောလိုဘူး ...

အတိုင်းအတာတစ်ခုအထိ ကိုယ် နားလည်ပေးနိုင်တယ်။ ဒါပေမဲ့ ကိုယ့်ကို သစ္စာဖောက်တဲ့ ကိစ္စမျိုးဆိုရင်တော့ ကိုယ် လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး"

သူမထံမှ စကားသံတစ်စုံတစ်ရာ ထွက်မပေါ်မလာဘဲ တိတ်ဆိတ်သွားသည်။ ခဏကြာတော့မှ ...

"ရှင်က ကျွန်မအပေါ်မှာ သံသယတွေနဲ့ ရှင်သန်နေတာလား မိုးလုံးမှိုင်း"

ဒီတစ်ခါတော့ သူ့အလှည့်ဖြစ်သည်။ သူ မဖြေနိုင်ခင်မှာပဲ သူမထံမှ စကားသံ ထွက်ပေါ်လို့လာသည်။

"ရှင် ကျွန်မအပေါ်မှာ မယုံကြည်ဘူးပေါ့လေ၊ ဟုတ်လား"

"မင်းနဲ့ ကိုယ်နဲ့ ကြားထဲမှာ ဘယ်တုန်းကများ ယုံကြည်မှုတွေကို အပ်နှံခဲ့ကြဘူးလို့လဲ"

"ယုံကြည်မှုဆိုတာ တကူးတက အပ်နှံစရာမှ မလိုတာ။ ရှင့်ကိုဆို ကျွန်မ ဘယ်တုန်းက သံသယစကားတွေ ဆိုဖူးသလဲ။ အနေကျပ်စေမယ့် မေးခွန်းတွေ ဘယ်တုန်းက





မေးဖူးသလဲ။ ရှင့်စိတ်နဲ့ ရှင့်ကိုယ် လွတ်လပ်စွာ နေခွင့်ပေးထားတယ်။ ရှင့်ကို ဘယ်အရာနဲ့မှ မချည်နှောင်ဘူး။ ဘာတစ်ခုမှ မချုပ်ချယ်ထားဘူး"

"အဲဒါကိုက မင်းအချစ်က ရာနှုန်းပြည့်အချစ် မဟုတ်လို့လေ။ လူတစ်ယောက်က တကယ်ချစ်လာပြီဆိုရင် ကိုယ်ချစ်သူနဲ့ ပတ်သက်ပြီး ဘာမဆို သိချင် ပိုင်ဆိုင်ချင်ကြတာပဲ ...

ဥပေက္ခာပြုထားတာနဲ့ လွတ်လပ်ခွင့် ပေးထားတာကလည်း ဆင်တူယိုးမှား ဖြစ်တတ်ပါတယ် မိုးသည်းစရယ်"

သူက စိတ်ပျက်လက်ပျက် လေသံဖြင့် ပြောဆိုလိုက်လျှင် သူမက အသာငြိမ်သက်သွားသည်။ ပြီးလျှင် "ကျွန်မဖုန်းချလိုက်ပြီ" ဟူသော တိုးတိတ်သော အသံကိုသာ နောက်ဆုံး ကြားလိုက်ရလေသည်။

သူက မွန်းကျပ်သော ရင်အစုံဖြင့် ခြံထဲက ဒန်းစင်မှာ ခြေပစ်လက်ပစ် ထိုင်ချမိလိုက်သည်။

ကောင်းကင်ကို မော့ကြည့်လိုက်တော့ တိမ်တွေက မျောလွင့်စွာ ပျံသန်းနေကြသည်။ သူမကလည်း တိမ်တွေလို မိန်းကလေးပဲလားတော့ မပြောတတ်တော့။ သူ့နားထဲတွင် ကောင်းမြတ်ရဲ့သီချင်းတစ်ပိုင်းတစ်စကို ကြားယောင်ပြီးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျှောလွင့်နေတဲ့တိမ် ... စိတ္တဇဆန်တဲ့ ဒီမိုးများ ... ရှာနေတုန်း"

မွန်ပြောသည်။ မိုးသည်းစသည် စိတ္တဇဆန်သော မိန်းကလေးသာ ဖြစ်လေသည်။

***





## ၁၇

"လင်းထွဋ် ... ရှင်နဲ့ ကျွန်မတို့နဲ့ ဓာတ်လမ်းကို ဒီအချိန်မှာတော့ ဖြတ်သင့်ပြီ ထင်တယ်နော်"

မိုးသည်းရဲ့စကားကြောင့် လင်းထွဋ် ဆိုသော တစ်ယောက်က ညို့ရီရီ ပြုံးကြည့်သည်။ သူ့အထာမို့သာ ညို့ရီရီဟု ပြောလိုက်ရသော်လည်း မိုးသည်းအတွက်တော့ အဲဒီအကွက်က ဟာသကြီး ဖြစ်နေသည်။ ကောင်းကင်ရဲ့စပိုင်တွေက လိုက်နေသောကြောင့် ယုတ္တိရှိအောင် လင်းထွဋ်နှင့် တွဲပြနေရသော်လည်း မိုးသည်းက ဒီဓာတ်လမ်းကို မြန်မြန်ဖြတ်ချင်လှပြီဖြစ်သည်။

ပြီးတော့ သူ့ဆီက အရေးပါသည့် CD ကိုလည်း ခုချိန်ထိ မရသေးပေ။ ဒီ CD ကိုလည်း ငွေပေး၍ ဝယ်ရမည့်သဘောမှာ ရှိနေသည်။ ပြောရလျှင်တော့ အကြင်နာမိုးဆွေ ဆိုသော မိန်းမမှာ တကယ့်ကို အကြံသမားနှင့် သွားတွေ့တာပဲ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့နဲ့လို့ ဆိုတော့ ဘယ်သူတွေများ ပါသေးလို့လဲ"

"ဘယ်သူတွေ ပါရမလဲ။ အကြင်နာမိုးဆွေရောပေါ့။ သူ့ကြောင့်သာ ဒီလိုမျိုး ရှင်နဲ့ ပတ်သက်ဖို့အထိ ဖြစ်လာတာပဲ ...

ခုချိန်မှာတော့ အားလုံးကို ရပ်တန့်သင့်ပြီလို့ ထင်တယ်"

"ဟုတ်လား ...။ ကိုယ်ကတော့ မရပ်တန့်ချင်သေးဘူး"

မိုးသည်းက စူးခနဲ လှည့်ကြည့်လိုက်လျှင် သင်းကလူကို မခိုးမခန့် ပြုံးပြနေသည်။ မိုးသည်းက သူ့ကို အသေအကြေ စိုက်ကြည့်ကာ ...

"ရှင် ဘာဖြစ်ချင်တာလဲ"

"မင်းကရော ကိုယ့်ကို ဘာတွေလုပ်ပေးနိုင်လို့လဲ"

"သမ္မတဖြစ်ချင်တာနဲ့ အိမ်ထောင်ပြုချင်တာက လွဲလို့ အားလုံးလုပ်ပေးနိုင်တယ်"

"ဟား ... အဲဒီစကားကိုတော့ ရေလည်ကြိုက်သွားပြီကွာ။ မိုးသည်းစ ... မင်းက အရမ်းကို စိတ်ဝင်စားဖို့ကောင်းတဲ့ မိန်းမဆိုတာ ကြာလေ သေချာလာလေလေပဲ။ မင်းနဲ့ တကယ်ရည်းစားဖြစ်ခွင့်ရရင် သိပ်ကောင်းမှာပဲ"

"Go to Hell ။ ကဲ ... ရှင် ရှင်းရှင်းလင်းလင်းပြော၊ ရှင့်လက်ထဲမှာရှိတဲ့ CD နဲ့ ဘာနဲ့ လဲယူချင်သလဲ"



"ဘာလဲ ... မင်းတို့က ကိုယ့်ကို ငွေမက်တဲ့ကောင်လို့ ထင်နေတာလား"

မိုးသည်းက အဲဒီစကားကြောင့် ဟက်ခနဲ ရယ်မောလိုက်ကာ ဖိနပ်ဦးချွန်ဖြင့် ခြေထောက်ရှေ့က ခဲတစ်လုံးကို ပစ်ကန်လိုက်သည်။ ပြီးတော့ လင်းထွဋ်ကို ခပ်မဲ့မဲ့ ပြုံးစိုက်ကြည့်ရင်းမှ ...

"စကားအပိုတွေ သိပ်မပြောစမ်းပါနဲ့။ ကဲ ... ပြော၊ ရှင် ဘယ်လောက်လိုချင်သလဲ"

"ကိုယ် တောင်းသလောက် ပေးမယ်ပေါ့"

"ပေးမယ်"

"ကိုယ်က တောင်းတဲ့ပိုက်ဆံ ရပြီးတော့ရော ပုံတွေကို မတင်ဘူးလို့ မင်းတို့ယုံကြည်သလား"

"ရှင့်ကိုယ်ရှင် အဲဒီလောက် အောက်တန်းကျမယ် ဆိုရင်တော့ ရှင့်အနာဂတ်ကလည်း ဘာဖြစ်လာမလဲ ဆိုတာ စောင့်ကြည့်လိုက်ပေါ့"

"ဟား ဟား ... မင်းက ကိုယ့်ကို ခြိမ်းခြောက်နေတာလား"

"ကျွန်မ စကားအပိုတွေ မပြောချင်ဘူး။ ရှင့်လက်ထဲက CD ကို ဘယ်နေ့ပေးမလဲ။ ရှင် တောင်းသလောက် ပိုက်ဆံပေါ့ပေးမယ်"

"အိုကေလေ ... အဲဒါဆိုရင် ..."

"မိုးသည်းစ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအသံက မိုးသည်းတို့ရဲ့ နောက်ပါးဆီမှ ထွက်လာသော အသံဖြစ်တာကြောင့် မိုးသည်းရော၊ လင်းထွင့်ရောပါ ချာခနဲ လှည့်ကြည့်မိကြသည်။ မိုးသည်းတို့နှစ်ယောက်ကို အေးစက်သော မျက်လုံးများနှင့် စိုက်ကြည့်နေသော မိုးလုံးမှိုင်းကို တွေ့လိုက်ရလျှင် မိုးသည်းသည် တော်တော်စိတ်ရှုပ်သွားရသည်။

သူက မိုးသည်းရဲ့အနားသို့ တစ်လှမ်းချင်း လျှောက်လှမ်းလာသည်။ မိုးသည်းတို့ ရောက်နေသောနေရာမှာ ကန်တော်ကြီးထဲက ရေကန်နံဘေးမှာ ကားတွေထိုးရပ်ပြီး စကားပြောနေကြခြင်းဖြစ်သည်။ လင်းထွင့်ကတော့ ကားမပါချေ။ သူ့ကို မိုးသည်းက ဒီနေရာသို့ ကားနဲ့တင်ဆောင်ခေါ်လာရခြင်းဖြစ်သည်။

မိုးသည်းသည် မှိုင်း ဟူသော အဖျားဆွတ်ခေါ်ခြင်းခံရသည့် လူတစ်ယောက်ကို အနားသို့ ရောက်လာသည်အထိ မမှိတ်မသုန် ငေးကြည့်နေမိသည်။

"မင်း ဒါ ဘာလုပ်နေတာလဲ"

သူ့ပုံစံသည် ဒေါသကို အတန်တန် ထိန်းချုပ်ထားရကြောင်း သိသာစေနေသည်။ သူ့မျက်လုံးထဲတွင် ဒေါသအငွေ့တွေက မီးခိုးတွေလို တလူလူ လွင့်တက်နေသည်။ မိုးသည်းက သူ့ကို လက်အသာကာပြလိုက်ရင်းမှ ...

"မိုးလုံးမှိုင်း ကျွန်မတို့ ခဏနေမှ စကားပြောကြရအောင်"

"ခဏနေမှပြောဖို့ အချိန်မရှိဘူး။ အခုပဲပြောမှဖြစ်မယ်။ မင်းနဲ့ သူနဲ့က ဘာတွေလဲ"





"မိတ်ဆွေတွေပါ"

သူက မိုးသည်းရဲ့စကားကို လှောင်သလိုဖြင့် ဟက်ခနဲ ရယ်မောသည်။

"မိတ်ဆွေတွေက ကန်တော်ကြီးစောင်းမှာ အေးအေးလူလူ စကားပြောဖြစ်ကြတယ်ပေါ့။ ဟား ... မိုးသည်းစ၊ မင်းကားပေါ် အခုတက်လိုက်စမ်းကွာ ...

မင်းအိမ်ကို မောင်းသွားလိုက်၊ မင်းနဲ့ကိုယ်နဲ့ စာရင်းရှင်းစရာရှိတယ်"

"ရှင် သွားနှင့်ပါ။ ကျွန်မ နောက်က လိုက်လာခဲ့မယ်"

"မိုးသည်းစ ... မင်းပါးစပ်ကို ပိတ်ထားလိုက်တော့။ သွား ... ရှေ့ကသွား"

"ကျွတ် ... ရှင် ကျွန်မကို ဘာကြောင့် နားလည်မပေးနိုင်ရတာလဲ"

"မင်းကရော ဘယ်လောက်နားလည်ပေးနိုင်စရာကောင်းတဲ့ မိန်းမမို့လို့လဲ။ မင်းကို ဒီနေရာကနေ ငါ့ကားပေါ် ဆွဲတင်သွားရမှာလား ... ပြော"

သူ ပြောနေတာတွေက လင်းထွင့် ရှေ့မှာမို့ မိုးသည်းက ပို၍စိတ်တိုလာသည်။ ကြာလျှင် အခြေအနေတွေက ဒီထက်ပို၍ တင်းမာလာတော့မည်ကို ကြိုသိနေသည်။

"အဲဒီလို လုပ်စရာ ရှင့်မှာ ဘာအကြောင်းမှ မရှိဘူး။ ရှင် ထွက်သွားတော့ မိုးလုံးမှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ မိုးသည်းကို စိုက်ကြည့်နေသော အကြည့်များမှာ ကြောက်တတ်လျှင်တောင် ကြောက်ဖို့ကောင်းလှလေသည်။ သူ စကားပြောသောအသံမှာ သွားကြားထဲက ထွက်လာသော ကျောက်စက်ရေလို စိမ့်အေးခဲနေသည့် အသံမျိုးဖြစ်သည်။

"မင်းနဲ့ ငါနဲ့ စာရင်းရှင်းမယ် မိုးသည်းစ။ မင်းအိမ်ကနေ ငါ စောင့်နေမယ်"

သူ လှည့်ထွက်သွားပုံမှာ လေပွေတစ်ခု တိုက်ခတ်သလို ကြမ်းရှရှ နိုင်လေ၏။ သူ ကားမောင်းသွားသော အရှိန်မှာလည်း ကြောက်စရာကောင်းလှအောင် အန္တရာယ်ရှိလှသည်။ မိုးသည်းသည် စိတ်ကုန် စိတ်ပျက်စွာဖြင့် ခါးထောက်ကာ ခေါင်းကို အပေါ်မော့လှန်ပြီးနောက် အသက်ဝဝရှူမိသည်။ အခြေအနေတွေက ထင်မထားအောင်ဘဲ ရှုပ်ထွေးကုန်ပြီဖြစ်သည်။

"ဘယ်လိုလဲ မိုးသည်းစ။ အားလုံး ရှုပ်ကုန်ပြီ မဟုတ်လား"

"ကျွတ် ... ရှင့်ပါးစပ်ကို ပိတ်ထားစမ်းပါ။ ကဲ ... ပြော၊ CD ဘယ်နေ့ရမလဲ။ ရှင့်အတွက် ပိုက်ဆံဘယ်လောက်ယူမလဲ"

"ကိုယ်က စင်ကာပူကို ရှောပင်းထွက်ချင်နေတာကွ။ အင်း ... နှစ်ပတ်လောက် ရှောပင်းထွက်ဖို့ဆို ဘယ်လောက်လိုမလဲ။ မင်းတို့က သွားနေကြဆိုတော့ ပိုသိမှာပေါ့။ ပုံးငါးဆယ်လောက်ဆို လောက်မလား"





မိုးသည်းက ယောက်ျားသိုက်သမားကို စူးစူးစိုက်စိုက်ကြည့်ကာ မေးကို တစ်ချက်ပင့်တင်လိုက်ရင်း ...

"ကောင်းပြီ။ မနက်ဖြန် နေ့လယ်သုံးနာရီ မန္တလာဂစ်တာမှာ ရှင့်ဆီက CD နဲ့ ပိုက်ဆံနဲ့ လဲမယ်"

"အိုကေလေ ... အကြင်နာမိုးဆွေကို ပြောလိုက်ပါ။ အိပ်ပျော်အောင် အိပ်တော့လို့၊ ကဲ ... မင်းမှာ နောက်ထပ်ဇပ်ဘား တစ်ခု ရှင်းပေးရဦးမယ် မဟုတ်လား ...

ကိုယ့်ကို အပေါက်ဝမှာတင်ပဲ ချပေးခဲ့ပါ။ ကိုယ့်ဟာကိုယ် Taxi ငှားပြန်လိုက်မယ်"

မိုးသည်းက ဘာမှမပြောတော့ဘဲ ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။ ကန်တော်ကြီးအပေါက်ဝသို့ရောက်လျှင် ကားရပ်ပေးလိုက်သည်။ လင်းထွဋ်က သူ့ဟာသူ ဆင်းနေခဲ့ပြီးနောက် မိုးသည်းက ကားကို တရကြမ်း မောင်းထွက်လာခဲ့သည်။ မကြာခင် ရွာတော့မည့် မှိုင်းညို့နေသော မိုးသည် မိုးသည်းစ၏ ရာသီဥတု အခြေအနေကို ဖော်ပြနေသလိုပဲဖြစ်သည်။

မိုးသည်းသည် ခဏလေးနှင့် ကွန်ဒိုဝင်းအတွင်းသို့ ရောက်သွားသည်။ ကားပါကင်မှာ သူ့ကားကို တွေ့သဖြင့် သူ ရောက်နေပြီဆိုတာ သိလိုက်ရသည်။ မိုးသည်းရဲ့ အခန်းတံခါးကို ဖွင့်ဝင်လိုက်တာနှင့် ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ထိုင်နေသော ဒေါသပေါက်ကွဲနေသည့် သူ့မျက်နှာကို တွေ့မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးသည်းစ ... မင်း ကိုယ့်ကို အမှန်အတိုင်း ပြောစမ်းပါ။ အဲဒီကောင်နဲ့ မင်းနဲ့ ဘယ်လိုပတ်သက်နေလဲ"

"ဘယ်လိုမှ မပတ်သက်ဘူး။ မိုးလုံးမှိုင်း တစ်ဆိတ်လောက် ရှင့်ဒေါသတွေကို လျှော့ထားစမ်းပါ။ ဒါက အဲဒီလောက် ပေါက်ကွဲစရာကိစ္စ မဟုတ်ပါဘူး"

"ဘာ ... ပေါက်ကွဲစရာကိစ္စ မဟုတ်ဘူး။ အေး ... မင်း ကတော့ ပြောနိုင်တာပေါ့၊ ငါ့နေရာက မင်း ကိုယ်ချင်း စာကြည့်စမ်းပါ။ မင်းတို့နှစ်ယောက် ရိုးသားပါတယ်ဆို ရင် ဘာဖြစ်လို့ အဲဒီကောင်နဲ့ မိတ်ဆက်မပေးသလဲ"

"ဘာဆိုင်လဲ ... ဘာမိတ်ဆက်စရာ အကြောင်းရှိလို့လဲ"

"ဟား ... အဲဒါကိုက မင်းတို့ မရိုးသားလို့ပေါ့။ အေး ... မင်းတို့ဆိုတာထက် မင်းက ပိုမရိုးသားတာ။ ဟိုကောင်က တော့ ငါ ဘယ်သူဘယ်ဝါဆိုတာ သိနေဦးမယ်။ သိသိ လျက်နဲ့တောင်၊ အေးပေါ့လေ ... မင်းတို့လို အသိုင်းအဝန်း က ဒါမျိုးတွေ စည်းစောင့်ပြီး ဂရုစိုက်နေတဲ့ ဟာမျိုးတွေ မှ မဟုတ်တာ ...

တောက် ... မင်း ဘယ်လိုတွေ စိတ်ကူးထားလို့လဲ မိုးသည်စ ပြောစမ်းပါ"

သူက ဒေါသအင်မတန် ထွက်လာပုံဖြင့် မိုးသည်းရဲ့ ပခုံးနှစ်ဖက်ကို လှုပ်ကိုင်ကာမေးသည်။ နဂိုတည်းကမှ Pressure ခဏ ခဏ ကျကာ အားနည်းသလို ဖြစ်နေသော မိုးသည်းစသည်





သူက လှုပ်ကိုင်ဆောင့်ယမ်းမှုကြောင့် လူက မူးဝေလာသည်။ ဒါကြောင့် သူ့လက်တွေကို ရုန်းဖယ်ပုတ်ချပစ်လိုက်သည်။

"ရှင့်ကို ကျွန်မ ပြောနိုင်တာ တစ်ခုပဲရှိတယ်။ အဲဒါက တော့ သူနဲ့ကျွန်မ ဘာမှမပတ်သက်ဘူး။ အဲဒါပဲ"

"ဟား ... ဘာမှ မပတ်သက်ဘူးဆိုရင် မင်းတို့ ဘာလို့ ကန်တော်ကြီးမှာ ချိန်းတွေ့နေရတာလဲ။ ဒီကောင့်ကို မင်း ကားနဲ့ ခေါ်လာတာလေ ...

အရင်တစ်ခါ ငါနဲ့ စားသောက်ဆိုင်မှာ တွေ့တုန်း ကလည်း ဒီကောင်ပဲလေ ...

အဲဒီထဲက မင်းကို ငါ ပြောခဲ့တယ်။ ဒီကောင်ရဲ့ အကြည့်တွေက မရိုးသားဘူးဆိုတာကို။ အခု ထပ်သိရပြန် ပြီ။ ဒါကို ငါက မပေါက်ကွဲဘဲနဲ့ ဘာကို ထိန်းချုပ်ထား ရမှာလဲ ... ပြော ...

မင်းကို ငါက ဘယ်လောက်အတိုင်းအတာအထိ နားလည်ပေးရမှာလဲ၊ မင်း ဘဲတွေနဲ့ တွဲချင်တိုင်း တွဲနေ တာကို ငါက လက်ပိုက်ကြည့်နေရမှာလား ... ဟင် ?"

မိုးသည်းသည် ဒီလို ဆူပူအော်ဟစ် သောင်းကျန်း သော အပြောအဆိုများကို ဘယ်တုန်းကမှ သည်းခံနိုင်ခဲ့သူ မဟုတ်ချေ။

ဒီယောက်ျားဟာ မိုးသည်း ချစ်မိလေသောယောက်ျား မို့သာ ဒီလောက်ငြိမ်သက်နေရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ မိုးသည်းစ။ မင်းပါးစပ်ကို ဘာလို့ ပိတ်ထားရတာလဲ၊ ပြော ... မင်း ဘာပြောချင်သေးလဲ ... ပြော"

"ကျွန်မ ပြောလည်း ရှင် ယုံမှာမှ မဟုတ်တာ"

"ဩော် ... မင်းကရော ယုံချင်စရာကောင်းလို့လား။ မင်းမှာ ယုံကြည်ချင်စရာ ဘာတစ်ကွက်ရှိလဲ။ မင်းနဲ့ပတ်သက်ပြီး ငါ့မှာ ဘာများ ယုံကြည်ထားစရာ ရှိသလဲ။ မင်းဘဝထဲမှာရော ငါက ဘယ်လောက်နေရာပေးထားခြင်း ခံရလို့လဲ ...

တွေးလိုက်ရင် ရင်နာစရာတွေကြီးပဲ။ ငါ့ကိုတန်ဖိုးမထားတဲ့ မိန်းမတစ်ယောက်ရဲ့အနားမှာ ငါက ဘာမျှော်လင့်ချက်နဲ့ ဆက်နေ‚နေရတာလဲ"

"ရှင်က ကျွန်မဆီက ဘာကိုမျှော်လင့်ထားတာလဲ။ အဲဒါကိုက ရှင့်အားနည်းချက်ပဲ၊ ကျွန်မကတော့ ရှင့်ဆီက ဘာတစ်ခုမှ မမျှော်လင့်ဘူးနော်"

"အေးပေါ့၊ မင်းကတော့ ဘယ်မျှော်လင့်မလဲ။ မင်းက ဒီလို ခပ်ပေါ့ပေါ့နေရတဲ့ ဘဝမျိုးကိုပဲ သာယာတယ် မဟုတ်လား။ မင်းက ဘာကိုမှတန်ဖိုးထားတတ်တဲ့ မိန်းမမှ မဟုတ်တာ ...

မင်းအပေါ်မှာထားတဲ့ ငါ့ချစ်ခြင်းနဲ့ တန်ဖိုးတွေကိုလည်း မင်းက တန်ဖိုးမထားဘူး။ အခု ပြဿနာမှာရော မင်း ဘယ်လိုစိတ်ကူးထားသလဲ၊ မင်းဘက်က ဘာတွေများ ပြေလည်ဖို့ ဆန္ဒရှိသလဲ ...





မင်း ငါ့ကို ပြေရာပြေကြောင်း တစ်ခွန်းမပြောသေးဘူးနော်။ ဟား ... မိုးသည်းစရယ်၊ မင်းက ရေရေလည်လည် ထူးဆန်းတဲ့ မိန်းမပဲနော် ...

အထူးဆန်းဆုံးကတော့ မင်းကို ချစ်မိတဲ့ ချစ်နေတဲ့ ငါက အထူးဆန်းဆုံးကောင်ပဲ"

"မိုးလုံးမှိုင်း ... ရှင် ပြောချင်တာတွေ ပြောပြီးပြီလား"

သူက မိုးသည်းကို စူးနင့်စွာ စိုက်ကြည့်သည်။ အဲဒီအကြည့်တွေကတော့ မိုးသည်းရဲ့မျက်လုံးတွေထဲမှာ ဝါးနေသလိုပင်။ ရင်တွေ တလှပ်လှပ် ဖြစ်လာသော ရလဒ်သည် Pressure ကျလာပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သိလိုက်သည်။

နားထဲက လေတွေထွက်လာကာ နားတွေပါ အူလာသည်။ ခဏနေလျှင် မူးတောင်လဲတော့မည်။

သူ့ရှေ့မှာတော့ မူးလဲမကျချင်ပါ။ မူယာမာယာပိုသော မိန်းမတစ်ယောက် မဖြစ်ချင်ပေ။

"မင်းဘက်ကတော့ ငါ့ကို ဘာမှပြောစရာစကား မရှိတော့ဘူးပေါ့"

မိုးသည်းက သူ့ကို တစ်ချက်ကြည့်ကာ မျက်နှာလွှဲလိုက်သည်။ ပြီးတော့ မဟန်နိုင်တော့သဖြင့် ဆိုဖာပေါ်သို့ ပစ်ထိုင်ချလိုက်လေသည်။ သူ့ထံမှ တက်ခေါက်သံ ခပ်ပြင်းပြင်း ထွက်လာပြီးနောက် ခပ်ကြမ်းကြမ်း ထွက်ခွာသွားသော ခြေသံကိုသာ နောက်ဆုံး ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းသည် လက်ကျန်အင်အားဖြင့် ကြင်နာ့ဆီသို့ ဖုန်းနှိပ်ခေါ်လိုက်သည်။ လာခဲ့ဖို့ ပြောဆိုပြီးနောက် ဖုန်းကို လုံးဝပိတ်လိုက်တော့ကာ မျက်လုံးများကိုသာ မှေးမှိတ်ထားလိုက်တော့သည်။

မိုးလုံးမှိုင်းရယ် ... ရှင့် ကျွန်မကို နောက်ဆုံးတစ်ကြိမ်လောက်တော့ နားလည်ပေးပါဦး။ မယုံကြည်အောင် နားလည်ပေးပါဦးနော်။

* * *





# အခန်း ၁၈

"မိန်းမတစ်ယောက်အတွက်နဲ့ အရက်သောက်တဲ့ယောက်ျားတွေကို ငါ လုံးဝရွံချတယ်။ အေး ... ဒါပေမဲ့ ငါအခုသောက်နေတဲ့ အရက်ကတော့ မိုးသည်းစ ဆိုတဲ့ မိန်းမအတွက် သောက်တာ မဟုတ်ဘူး ...

ငါ့အတွက်ငါ သောက်တာ၊ အိုကေနော် ... ဟော့ကောင်"

သူက နည်းနည်းထွေနေသော စိတ်အခံဖြင့် ပြောလိုက်လျှင် ကျော်ထင်က စိတ်ညစ်နေသောပုံစံဖြင့် ခေါင်းညိတ်ပြသည်။ စင်ပေါ်ရှိ မီးရောင်စုံအောက်မှာ မိတ်ကပ်မျက်နှာအပြည့်ဖြင့် Show လျှောက်နေသော မိန်းကလေးတွေလို တပ်မက်သောစိတ် ပေါ်လာအောင် တမင်နစ်မြုပ်ပြီး ကြည့်မိသည်။ မုန်းစရာကောင်းသော သူ့စိတ်များဟာ ရမ္မက်ကို တောင့်တသောစိတ်များ ဘယ်လိုမှ ဖြစ်မလာချေ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးသည်းစ ဆိုတဲ့ မိန်းမက ရေလည် ရက်စက်တယ်ကွာ။ ငါ့အပြင် two timing ရိုက်နေတာကွ ... သိလား"

"သေချာလို့လားကွာ"

"ဟေ့ကောင် ... ငါ့ရဲ့ဒီမျက်လုံးကြီးနဲ့ကို တပ်အပ်မြင်တာကွ သိလား။ အဲဒီကောင်ကို သူ့ကားနဲ့ သွားကြိုလာပြီး ကန်တော်ကြီးစောင်းမှာ စကားပြောတာ။ ငါ ခေါ်တာတောင် လုံးဝလိုက်မလာဘူး ...

ဘယ်လောက် မိုက်ရိုင်းတဲ့ မိန်းမဆိုတာလဲ။ ငါဘာလုပ်ရမလဲ ကျော်ထင်။ ငါ့ကို အကြံဉာဏ်လေး ဘာလေး ပေးစမ်းပါဦး"

"မင်းတို့ ညှိကြည့်ကြပေါ့။ လူတစ်ယောက်နဲ့ တစ်ယောက်က တကယ်ချစ်ရင် ညှိလို့ရပါတယ်ကွာ။ ဘာဖြစ်လို့လဲဆိုရင် တစ်ယောက်နဲ့တစ်ယောက် ဝေးရမှာ ကြောက်ရင် နားလည်မှုနဲ့ ရှေ့ဆက်ဖို့က ညှိကြည့်ရမှာပဲလေ"

သူက ရှေ့ကအရက်ခွက်ကို တစ်ငုံယူမော့ကာ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်းမိသည်။

"ညှိဖို့ကို သူက လက်မခံနိုင်တာ။ အဲ ... လက်မခံတာ မဟုတ်ဘူး။ မသိဘူးကွာ၊ သူ့ကို ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး ...

ငါ သူ့ကို အရမ်းချစ်တယ်ကွာ။ ဒီမိန်းမ မကောင်းမှန်းသိသိလျက်နဲ့ကို ချစ်နေတာ။ အဲဒါ ဘယ်လိုလုပ်ရမလဲ"





"ငါလည်းမပြောတတ်တော့ဘူးကွာ။ သူ့ဆော်ဒါ အကြင်နာမိုးဆွေနဲ့ ပတ်သက်ပြီးတော့ ငါ ခံခဲ့ရတာလည်း မင်းအသိပဲ ဥစ္စာ ...

သူတို့က သိပ်နားလည်ရခက်တဲ့ မိန်းမတွေလို့ပဲ ပြောရမလား။ ဒါပေမဲ့ မိုးသည်းစကတော့ ဆိုရှယ်ကျပေမယ့် ဘဲရှုပ်တယ်လို့တော့ အသံမထွက်ဖူးဘူးကွ ...

မင်း သေချာစုံစမ်းကြည့်ပါဦး"

"ဟေ့ကောင် ... စုံစမ်းစရာကို မလိုဘူး။ စုံစမ်းရင် ပိုအရှက်ကွဲမယ်ကွ သိလား။ ဒါမျိုးကိစ္စဆိုတာ ရိုးသားလား မရိုးသားဘူးလားဆိုတာ မြင်တာနဲ့ သိသာတယ်။ သူတို့ပုံစံက မရိုးသားဘူး။ အထူးသဖြင့် ဟိုကောင်က သူ့ကိုကြည့်တဲ့မျက်လုံးတွေက လုံးဝမရိုးသားဘူး ...

ငါ့ကိုလည်း ပြန်ကြည့်တဲ့ပုံစံက လှောင်ချင်သလိုလိုပုံစံနဲ့။ မင်းနဲ့ ငါနဲ့ အဆင့်တူပါကွာ ဆိုတဲ့ ပုံစံမျိုး။ သူသာ လုံးဝမှန်နေတယ်ဆိုရင် ငါက အဲဒီကောင်ကို ဆွဲထိုးပစ်လို့ရတယ်။ ခုတော့ သူ လုပ်ပုံက အလုပ်မှ မဟုတ်တာကွာ"

သူက တစ်ခေါက်နှာရင်း တစ်ခွက်မော့တာမို့ လူကလည်း တဖြည်းဖြည်း ချာချာလည်လာသည်။ ကျော်ထင်က သူ့ကို တားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင် ... မင်း တော်လောက်ပြီ။ ကားမမောင်းနိုင်ဘဲ နေလိမ့်မယ် ပြန်ကြစို့"

"ရပါသေးတယ်ကွ။ ငါ အဲဒီလောက် မညံ့သေးပါဘူး။ ဟောကောင် ... ငါ့ကို မိုးသည်းစကို ခေါ်ပေးစမ်းပါ။ သူနဲ့ ငါ စာရင်းရှင်းစရာ ရှိသေးတယ်"

ကျော်ထင်က စိတ်ပျက်လက်ပျက်နှင့် ခေါင်းကိုခါယမ်းကာ ဝိတ်တာကို လှမ်းခေါ်ပြီး ဘီလ်တောင်းသည်။ သူ့တုန်းကတောင် အကြင်နာမိုးဆွေနဲ့ ပြတ်တာတောင် ဒီလောက်ကိစ္စမဆိုးခဲ့ချေ။ မိုးလုံးမှိုင်းတို့ရဲ့ ဇာတ်လမ်းကတော့ ပြတ်တာလည်း မဟုတ်။ ဘာကြီးမှန်းလဲ မသိဘဲ အီလည်လည်ကြီး ဖြစ်နေတာပင်။

ခဏနေတော့ ဝိတ်တာက ဘီလ်လာပေးလျှင် ကျော်ထင်ကပဲရှင်းကာ သူ့ကို ထဖို့ခေါ်သည်။

"ဟောကောင် ... မင်း ဖြစ်တယ်နော်။ မင်းကားကို ငါ လိုက်မောင်းပေးရမလား၊ ငါ့ကားက ဒီမှာထားခဲ့လို့ ရတယ်"

"မလိုဘူး သူငယ်ချင်း။ သင့်ခ်ယူ ရတယ်၊ ငါ့ဟာငါသွားမယ်။ အိုကေ တာ့တာ။ နောက်မှတွေ့မယ်နော်"

ကျော်ထင်က သူ့ကို စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းကြည့်ပြီး ကျန်ရစ်ခဲ့သည်။ အယ်လ်ကိုဟောတွေက သွေးထဲသို့ ရာနှုန်းတော်တော်များများ စီးဝင်နေပြီ ဖြစ်သောကြောင့် လူက ရီတီတီနှင့် သွေးတကြွကြွ ဖြစ်နေသည်။ ပြီးတော့ ခံစား





ကြေကွဲရသော အရှိန်တွေဖြင့် မိုးသည်းစကိုလည်း အထူးတလည် သတိတွေ ရနေမိခဲ့သည်။

ခုကိုပဲ ညဆယ့်တစ်နာရီခွဲနေခဲ့ပြီ။ ဆိုင်မှာရှိကတည်းက သူ့အမေဆီက ဖုန်းတွေကလည်း တဝွမ်ဝွမ်လာကာ နောက်ကျတာကို ဆူသဖြင့် သူကလည်း စိတ်ပေါက်ပေါက်ဖြင့် ဖုန်းပိတ်ထားလိုက်တော့သည်။ လောလောဆယ်မှာ စိတ်တွေက သိပ်မွန်းကျပ်နေသည်။ မိုးသည်းစကို မေ့ပျောက်မလားအမှတ်နှင့် အရက်သွားသောက်ကာမှ မမေ့ဘဲနှင့် သွေးဆူစွာ တမ်းတကာ ပိုဆိုးနေသည်။ အိမ်ကိုလည်း မပြန်ချင်သော သူ့စိတ်များရဲ့ ခေါ်ဆောင်ရာသည် တစ်နေရာသို့ သွားရာလမ်း ဖြစ်နေသည်။

ဘာကြောင့်များ ဒီခြေလှမ်းများဟာ ဒီနေရာသို့ပဲ ဦးတည်နေသလဲတော့ မပြောတတ်ချေ။ သူမကို ဘာကြောင့်များ သူ ဥပေက္ခာပြုလို့ မရတာပါလိမ့်။ ဘာကြောင့်များ မေ့လို့မရနိုင်တာပါလိမ့်။ စိတ်ရဲ့ဆန္ဒအတိုင်း မောင်းနှင်နေသော ခြေထောက်များက အလိုလိုပင် သူမရဲ့အခန်းတံခါးရှေ့သို့ ရောက်သွားကာ ဘဲလ်ကို တရစပ် ဖိနှိပ်ပစ်လိုက်သည်။ ဒီအိမ်မှာ သူမ ရှိ၊မရှိဆိုတာ သူ မသိချေ။ ဒါပေမဲ့ ဘာဖြစ်လို့ ဘဲလ်ကို တရစပ်နှိပ်မိနေမှန်းတော့ သူ့ကိုယ်သူ မသိပါ။

မမျှော်လင့်ခဲ့။ တံခါးချပ်ကို တစ်စုံတစ်ယောက်က ဖျတ်ခနဲ လာဖွင့်လိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့ပါ။ သို့သော် သူ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝထင်မထားသည့် မိုးသည်းစသည် တံခါးကို ဖျတ်ခနဲဖွင့်ကာ သူ့ကို ခပ်တည်တည် ကြည့်ရှုနေသည်။ သူ့မျက်လုံးထဲမှာတော့ သူမက မှုန်ဝါးဝါးဖြင့် လှပနေဆဲဖြစ်သည်။

"မိုးသည်းစ ... မင်း မိုးသည်းစ အစစ်တော့ ဟုတ်ပါတယ်နော်။ ဒီအချိန် အိမ်မှာရှိနေတာ မင်းက ထူးဆန်းလိုက်တာ"

သူမက သူ့ကို ခပ်တည်တည်ဖြင့် တစ်ချက်ကြည့်ကာ လက်ကိုဆွဲလျက် အခန်းထဲသို့ သွင်းလိုက်သည်။ ပြီးတော့ တံခါးကို ပြန်ပိတ်ကာ သူ့ဘက်သို့ လှည့်လာသည်။ သူမ အိမ်ထဲက ခပ်မှိန်မှိန် ထွန်းထားသော မီးဝါဝါဖျော့ဖျော့အောက်တွင် ဒဏ္ဍာရီထဲက နတ်သမီးတစ်ပါးလို သူမက ညို့ငင်အားကောင်းစွာ တည်ရှိနေသည်။ နက်ပြာရောင်ဂါဝန်ရှည်တစ်ထည်ဖြင့် ချပ်ရပ်လှပမှုကလည်း သူ့သွေးခုန်နှုန်းတွေကို ပိုမြန်စေသည်။

"မိုးသည်းစ ... မင်း သိပ်လှနေပါလား။ မင်းမျက်နှာမှာ ဘာမိတ်ကပ်မှ မရှိဘူး။ ဒါပေမဲ့ မင်းရဲ့ Natural အလှက ကို အရမ်းမိုက်နေတယ် ...

ဒီအလှအားကိုးနဲ့ မင်းက ယောက်ျားတွေကို ကစားနေတာပေါ့လေ၊ ဟုတ်လား"

"မိုးလုံးမှိုင်း ... ရှင် မူးလာတယ် မဟုတ်လား။ ရှင် ဝင်အိပ်လိုက်တော့"





"ဘာလဲ ... မင်းနဲ့ အတူတူ အိပ်ရမှာလား။ ဟား ... လုံးဝမအိပ်နိုင်ဘူးနော်။ ပြီးတော့ ဒီအိမ်မှာ ငါ အိပ်ဖို့လာတာ မဟုတ်ဘူး ...

မင်းနဲ့ စာရင်းရှင်းဖို့လာတာ။ အိုကေ ... ဒီမှာ မိုးသည်းစ"

သူမက သူ စကားစ,ရုံရှိသေး စိတ်ပျက်ဟန်ဖြင့် ကျစ်ခနဲ စုတ်သပ်ကာ ...

"မိုးလုံးမှိုင်း ... ရှင် ကျွန်မကို လာရစ်တာ ဆိုရင်တော့ ရှင် ပြန်လိုက်တော့။ ကျွန်မ သိပ်နေမကောင်းဘူး"

"ဟုတ်လား။ ဒါဆိုရင် ကိုယ်က မင်းကို ဂရုစိုက်ရမှာပေါ့။ ဪ ... မင်း အပြင်မထွက်တာ နေမကောင်းလို့ပေါ့။ မိုးသည်းစ ကျန်းမာရေးကို ဂရုစိုက်ပါကွာ။ မင်း ကျန်းမာမှ ကိုယ့်ကို ကောင်းကောင်းနိုပ်စက်လို့ ရမှာ၊ ဟုတ်တယ် မဟုတ်လား"

"ရှင် ပြန်လိုက်တော့"

"မပြန်ဘူး။ မင်း နှင်လို့ကို မပြန်တာ။ မိုးသည်းစ ... မင်း ဘာဖြစ်လို့ ငါကို ဒီလောက် ရက်စက်နိုင်စွမ်း ရှိရတာလဲ၊ ဟင် ...

မင်း ငါ့ကိုပြောတော့ ချစ်တယ်ဆို။ ရိုမီယို ဂျူလိယက် မမီနိုင်ဘူးဆို၊ အာဒမ် ဧဝထက် တိုးချစ်မယ်ဆို၊ ခုတော့လည်း ဘယ်လိုလဲ မိုးသည်းစရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... မင်းကြောင့် ငါ ဘယ်လောက်ရူးနေ၊ ခံစားနေရတယ် မှတ်လဲ"

"မိုးလုံးမှိုင်း ... ရှင် စကားပြောချင်ရင် မနက်မှ အေးအေးပြောပါ။ ရှင် သိပ်မူးနေပြီ"

"ကိုယ် သောက်ထားတယ်။ မူးနေတာလည်း ဟုတ်တယ်။ ဒါပေမဲ့ မင်း ကိုယ့်ကို အပုပ်အသိုး ကျွေးကြည့်၊ ကိုယ် မစားဘူး ...

ကိုယ် နည်းနည်းမူးနေတာပါ။ မင်းနဲ့တော့ စကားကောင်းကောင်းပြောလို့ ရပါသေးတယ်။ မိုးသည်း ..."

သူက တမ်းတခြင်း အပြည့်ဖြင့် ခေါ်လိုက်လျှင် သူမက သူ့ကို ဘာလဲဟု ဆွဲဆွဲငင်ငင် ထူးလိုက်သော အကြည့်မျိုးဖြင့် ငံ့လင့်စွာ ပြန်ကြည့်သည်။ သူက သူမရဲ့ပခုံးကို ဆွဲလှည့်ကာ နံရံမှာ မှီကပ်စေလိုက်သည်။ ကြယ်နှစ်စင်းကို မျက်လုံးတစ်ဖက် တစ်ချက်စီထဲမှာ ထည့်မြှုပ်ထားသလို တောက်ပရွှန်းလက်နေသော မျက်ဝန်းတစ်စုံသည် သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

"မိုးသည်း ... မင်းကို အရမ်းချစ်တယ်၊ ဒါပေမဲ့ အရမ်းလည်း မုန်းတယ်"

သူ အဲဒီလို ပြောလိုက်သော်လည်း သူမမျက်နှာက အရောင်ပြောင်းလဲမသွားပါ။ ကြည့်ရတာ သူ မူးနေတုန်းပြောတဲ့ စကားမို့ ဗွေယူဟန်လည်း မတူချေ။



"ငါ မူးနေလို့ပြောတာ မဟုတ်ဘူးနော်။ ငါ့မှာအသိစိတ် ရှိတယ်။ ငါ မင်းကို တကယ်ပြောနေတာ"

သူမ မျက်လုံးတွေက နူးညံ့သွားကြသည်။ ရုတ်တရက်ဆိုသလိုပဲ သူမရဲ့လက်ချောင်းတွေက သူ့ပါးပြင်ကို ကိုင်တွယ်လာကာ ...

"ရှင် တကယ်ပြောတယ်ဆိုတာ ကျွန်မယုံပါတယ်။ ကဲ ... ရှင်ပြောချင်တာ ပြောပြီးရင် အိမ်ပြန်သင့်ပြီလို့ထင်တယ်။ ရှင့်မိသားစုတွေ စိတ်ပူနေလိမ့်မယ်"

"ကိုယ် ဒီပုံစံနဲ့ ကားမောင်းပြန်သွားမှာကိုတော့ မင်းက စိတ်မပူဘူးပေါ့၊ ဟုတ်လား မိုးသည်းစ ... ဟင် ? "

သူက သူမရဲ့မေးဖျားကို ပင့်တင်ရင်း မေးလိုက်လျှင် သူမက သူ့ကို ရီဝေစွာ ငေးကြည့်နေသည်။ သူ ပင့်တင်ထားသဖြင့် မင်း ဖြောင့်သွယ်တန်းနေသော လည်တိုင်ကို သူက တပ်မက်စွာဖြင့် ငုံ့၍နမ်းရှိုက်မိသည်။

အဆုံးထိ ချစ်မိသော ချစ်စိတ်နှင့်အတူ နူးညံ့သော အထိအတွေ့များသည် သူ့နှလုံးသားတွေကိုပင်ပင်ပန်းပန်း အလုပ်လုပ်စေသည်။

သူ ပြုမူသမျှကို အရုပ်တစ်ရုပ်လို ငြိမ်ခံနေသော သူမကို သူက ပို၍ အသည်းယားလာသည်။

"မိုးသည်းစ ... မင်း ကိုယ့်ကို တစ်ခုခု ပြန်ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



သူမက နီးကပ်စွာ ပွေ့ဖက်ထားသော သူ့ကို အသာအယာ တွန်းထုတ်ကာ ...

"ရှင် အိမ်မပြန်ဘူး ဆိုရင်လည်း နားတော့။ ကျွန်မလည်း နားချင်ပြီ"

"မိုးသည်း ... ကိုယ် တစ်ခုလောက် မေးချင်တယ်။ မင်း ကိုယ့်ကို တကယ်ရော ချစ်ရဲ့လား"

"ရှင် ဘယ်လိုထင်လို့လဲ"

"ကိုယ် ဘယ်လိုမှ မထင်တတ်လို့ပါ"

"ရှင့်ကို မချစ်ဘဲနဲ့ ဒီအခန်းထဲထိ ရှင် ရောက်လာခဲ့တယ် ဆိုရင် ကျွန်မက ဘယ်လိုမိန်းမမျိုး ဖြစ်သွားမလဲ"

"မိုးသည်းစ ကိုယ်တို့ မနက်ဖြန်ဘဲ လက်ထပ်ကြပါစို့ကွာ နော်။ မင်း ကိုယ့်ကို ဒီထက်ပိုပြီး မနှိပ်စက်ပါနဲ့တော့ ...

ကိုယ့်ကို လက်ထပ်မယ် မဟုတ်လား"

သူမက သူ့ကို နူးညံ့စွာ ပြုံးပြသည်။ အဲဒီအပြုံးဟာ အရှုံးတစ်ကောင်ကို ချော့မြူနှစ်သိမ့်သည့် အပြုံးများလား။ သူ တကယ်ပဲ စိတ်ထိခိုက်စွာ ငိုချင်လာသည်။ ရင်ထဲမှာ ဝမ်းနည်းစိတ်ဖြင့် မိုးသည်းစရဲ့ ပခုံးပေါ်တွင် ခေါင်းမှေးတင်ကာ သက်ပြင်းကို အလီလီချမိသည်။

သူမက သူ့ပခုံးတစ်ဖက်ကို ဖေးမကာ ဖက်ထားရင်းမှ သူ့နားရွက်ဖျားလေးများကို ဆွဲယူဆော့ကစားကာ ...





"သက်ပြင်းတွေ သိပ်မချပါနဲ့။ အဝေးကြီးကိုလည်း သိပ်မစဉ်းစားပါနဲ့၊ သေချာတာကတော့ ကျွန်မတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်မိတယ် ဆိုတာပဲ ...

မိုးလုံးမှိုင်း ... ကျွန်မ နားချင်ပြီ။ ရှင်လည်း အမှုးပြေရောပေါ့ ပြန်တော့လေ"

သူက သူမရဲ့ပခုံးပေါ်မှ ဖယ်ခွာကာ သူမကို တည့်တည့်ကြည့်မိသည်။

"ကိုယ် တကယ်ပြန်ရမှာလား"

"ပြန်ပေါ့"

"မင်းက ကိုယ့်ကို ပြန်စေချင်တာလား"

"ဒီလို မေးခွန်းတွေကို ကျွန်မ ဖြေလေ့ဖြေထ မရှိဘူး ဆိုတာ ရှင် သိပါတယ်"

သူမက သူ့ကို တွန်းဖယ်ကာ ထွက်ခွာသွားဖို့ပြင်သည်။ သူမရဲ့ခြေလှမ်းတွေကို ထွက်ခွာဖို့ ခွင့်မပြုသော သူ့လက်တွေက သူမရဲ့ခါးကို နောက်မှ ခပ်တင်းတင်း ဖက်ထားမိသည်။

"ဒီလို မိန်းမတစ်ယောက်ကိုမှ ချစ်မိနေတာလည်း ခက်တော့ ခက်တယ် မိုးသည်းစရယ်"

တကယ့်ကိုပဲ ခက်ခဲခဲ့သည်။ အခက်ဆုံး ကိစ္စကတော့ သူမရဲ့စိတ်ကို သူ ဘယ်လိုမှ မချုပ်ကိုင်နိုင်သော ကိစ္စပဲဖြစ်သည်။ သူမရဲ့စိတ်နဲ့ ခန္ဓာကို ဘယ်လိုသမုဒယတွေနဲ့ ချုပ်ကိုင်ရမလဲ ဆိုတာ သူ့မှာရှိသမျှ အစွမ်းအစတွေနှင့် ကြိုးစားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်တို့ကို လုံးဝေးလွင့်မသွားအောင် စွဲမြဲစွာ ချစ်နေမိအောင် ဘယ်လိုအရာမျိုးနဲ့ ချည်နှောင်ထားလို့ ရပါမည်လဲ။ သစ္စာတရားလား၊ ချစ်ခြင်းမေတ္တာလား၊ ဒါမှမဟုတ် ချစ်ခြင်းရမ္မက်တွေနဲ့လား။

သူကတော့ ဉာဏ်မီသမျှ လမ်းတွေဖောက်နေခဲ့ရ၏။

* * *





## ၁၉

ပုံမှန်မဟုတ်သော အိပ်စက်ခြင်းဖြင့် နိုးထလာသူတစ်ယောက်အဖို့ နိုးလာတာနဲ့ တစ်ပြိုင်နက် ငါ ဘယ်ရောက်နေတာလဲ ဆိုတာကို ပထမဦးဆုံးပဲ ကိုယ့်ကိုယ်ကိုယ် မေးမိကြသည်။ ညကလည်း လူမှန်းသူမှန်း မသိအောင် မူးခဲ့တာ မဟုတ်သောကြောင့် သူ ဘာတွေဖြစ်ခဲ့တယ် ဆိုတာကို သူက အသေးစိတ်မှတ်မိလို့နေသည်။ သူ့နံဘေးမှာ ဘယ်သူရှိသလဲဟု လက်နှင့်လိုက်စမ်းလိုက်လျှင် ဘယ်သူမှ ရှိနေတာကို မတွေ့ရ။ သူက နံရံပေါ်ကနာရီကို တစ်ချက်လှမ်းကြည့်လိုက်လျှင် နံနက်ဆယ်နာရီကို ညွှန်ပြနေသည်။

သူက အိပ်ရာထဲမှ လူးလိမ့်ထကာ မျက်နှာသစ်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ပြီးနောက် အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။ မီးဖိုခန်းထဲတွင် သူ့ကို ကျောပေးကာ တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ကြော်လှော်ချက်ပြုတ်နေသော သူမကို တွေ့လိုက်ရလျှင် သူ့ရင်ထဲ၌ နွေးထွေးရှိန်းမြသွားသည်။ သူ လိုချင်တာ ဒီလိုဘဝမျိုးဆိုလျှင် သူ့ကို သူမက လောဘတွေ ကြီးလိုက်တာဟု ဆိုဦးလေမလား မသိချေ။ သူက အညိုနုရောင် ဘာဘရီအကွက်တွေပါဝင်သော ရှပ်အင်္ကျီနှင့် ဂျင်း(န်)ပန်တစ်ထည်ကို ဝတ်ဆင်ထားပေမယ့် နောက်ပိုင်းအလှတို ဘယ်လိုမှ ဖုံးကွယ်မထားနိုင်ပါ။

သူက သူမရဲ့နောက်ကနေ၍ သူမခါးကို အသာအယာ ဖက်လိုက်ကာ သူမရဲ့နားသည်စပ်လေးကို ဖွဖွနမ်းရှိုက်၍ မေးလိုက်သည်။

"ဘာတွေ ချက်နေတာလဲ"

သူမက လှည့်မကြည့်ဘဲနဲ့ ဖြေသည်။

"ထမင်းကြော်နေတာ"

"မင်းက ကြော်တတ်လို့လား"

အဲဒီအခါမှ သူမက သူ့ကို ပြုံးတုံ့တုံ့ဖြင့် လှည့်ကြည့်ကာ ...

"ရှင် စားကြည့်တော့ သိလိမ့်မယ်လေ။ ကဲ ... ခဏနေရတော့မယ်၊ စားပွဲမှာ သွားထိုင်စောင့်နေ။ ရှင့်အတွက် ဘလက်ခ်ကော်ဖီ လုပ်ပေးထားတယ်၊ ခေါင်းကြည်သွားအောင် သောက်လိုက်"

သူက ချစ်ဖို့ကောင်းနေလွန်းသော သူမရဲ့ပါးနှစ်ဖက်ကို ဆွဲလိမ်ကာ ထွက်ခွာလာခဲ့သည်။ ထမင်းစားပွဲပေါ်တွင် သူ့





အတွက် ပြင်ဆင်ပေးထားသော သံပရာသီးခြမ်းနှင့် ဘလက်ကော်ဖီကို တွေ့မြင်လိုက်ရသည်။ သူက သံပရာသီးကိုညှစ်ကာ နှစ်ကျိုက်လောက်နှင့် အပြီးမော့သောက်ပစ်လိုက်သည်။ ဗီတာမင်စီနှင့် ကဖင်းဓာတ်ကြောင့် နည်းနည်း နောက်ကျနေချင်သော ဦးနှောက်တို့ဟာ လန်းဆန်းသွားသလို ခံစားရသည်။

ခဏနေသောအခါ သူမက မွှေးပျံ့ကာ စားချင်စဖွယ်ရှိသော ထမင်းကြော်နှစ်ပန်းကန်ကို ယူဆောင်လာသည်။ ထမင်းကြော်ထဲတွင် အသီးအနှံတချို့နှင့်အတူ ကြက်သား၊ ပုစွန်စသဖြင့် ပါဝင်သည်။

သူက တစ်ဇွန်းကောက်ယူမြည်းကြည့်ကာ ...

"တယ်ကောင်းပါလား မိုးသည်းစ။ မင်းလက်ရာက ရွှေဘဲကထမင်းကြော်အတိုင်းပဲ။ ဒီလို ချက်တတ်နေတာကို ဘာဖြစ်လို့ ကိုယ့်ကို ချက်မကျွေးရတာလဲ"

"လူဆိုတာ အခွင့်အရေးရရင် ရသလိုယူတဲ့ သတ္တဝါတွေပဲလေ"

သူမ စကားက ဘာကိုဆိုလိုမှန်း မသိချေ။ သူက မျက်ခုံးပင့်ပြီး မော့ကြည့်လိုက်လျှင် သူမက ဘာမှမဖြစ်သလိုပုံစံဖြင့် အေးအေးဆေးဆေး ထမင်းကြော် စားနေသည်။ ဘာမိတ်ကပ်မှ လိမ်းမထားသောကြောင့် အသက်ထက် နုပျိုသည်ဟု ထင်ရသော မျက်နှာလေးကို သူက ကြင်နာစွာ စိုက်ကြည့်မိရင်း ယောက်ျားအတ္တနှင့် လောဘစိတ်က ဖြစ်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းစဟာ အပြင်မထွက်ဘဲ၊ အပေါင်းအသင်း သိပ်မများဘဲ သူ့ရဲ့အိမ်ရှင်မလေးသက်သက်အဖြစ် ရပ်တည်ပေးရင် ဘယ်လောက်ကောင်းမလဲ။

"မိုးသည်းစ"

သူက ခေါ်လိုက်လျှင် သူမက ပြော့ပျော့ဟူသော သဘောဖြင့် ခေါင်းမော့ကြည့်သည်။

"မင်း ဒီနေ့ ဘာအစီအစဉ်တွေ ရှိသလဲ"

"ဘာမှမရှိပါဘူး"

"အပြင်မသွားတော့ဘူးလား"

"လောလောဆယ်တော့ စိတ်ကူး မရှိဘူး"

"ကိုယ်နဲ့ လက်ထပ်ဖို့ စိတ်ကူးကရော"

"အဲဒါလည်း လောလောဆယ်မှာ မရှိသေးဘူး"

သူက စိတ်လျှော့ပြီးသား ဖြစ်သောကြောင့် ဒီလောက်ကတော့ ထူးထွေပြီး ခံစားမနေပေ။ သူမဟာ အင်မတန်နားလည်ရခက်သော မိန်းမဆိုတာ သူက သိပြီးသားဖြစ်သည်။ တစ်လက်စတည်းမှာပဲ သူမကို ဘယ်အကြောင်းအရာနဲ့မှလဲ ချည်နှောင်လို့မရဆိုတာကိုလည်း သိခဲ့ပြီး ဖြစ်လေသည်။

"ဘယ်တော့မှ ရှိလာမှာလဲ။ မင်းကို ဘယ်အချိန်ထိစောင့်ရမှာလဲ"

သူမက သူ့ကို နက်ရှိုင်းစွာ စိုက်ကြည့်လာကာ ...



"မိုးလုံးမှိုင်း ... ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် လက်ထပ်တာ ဘာအကြောင်းကြောင့်လဲ"

"ချစ်လို့ပေါ့၊ မခွဲနိုင်လို့၊ အတူတူနေချင်လို့၊ တရားဝင်ပိုင်ဆိုင်ချင်လို့ပေါ့"

"ဒါပဲလား"

"ဒီ့ထက် နက်ရှိုင်းတဲ့ အရာတွေလည်း ရှိသေးတာပဲ၊ ဘယ်လိုဖြစ်ဖြစ်ပါ မိုးသည်းစရယ်၊ တကယ်ချစ်ကြတဲ့ ချစ်သူတွေရဲ့ပန်းတိုင်ဟာ လက်ထပ်ခြင်းပါပဲ။ နှစ်ယောက်ပေါင်းမှ တစ်ဘဝ တစ်ခုဖြစ်အောင် ပေါင်းစည်းထားတဲ့ ဘဝမျိုးမှာ လက်ထပ်ပြီးမှပဲ ရနိုင်တာလေ ...

မင်းကို ကိုယ် မြတ်မြတ်နိုးနိုးနဲ့ လက်ထပ်ချင်တယ် မိုးသည်းစရယ်"

သူမက သူ့ကို တစ်ချက်ငေးမောကြည့်ရှုကာ ...

"ကျွန်မနဲ့ ရှင်နဲ့ကြားမှာ ခြားနားချက်တွေ အများကြီးရှိတယ်။ ကျွန်မတို့ အနေအထားက ရန်ဖြစ်လိုက် ပြန်ချစ်လိုက်လို့ သတ်မှတ်ရမယ့် ခပ်တိမ်တိမ် အနေအထားမျိုး မဟုတ်ပါဘူး ...

ဒါကြောင့် လက်ထပ်ဖို့ဆိုတာ တော်တော်စဉ်းစားရမယ့် ကိစ္စပါ။ အချစ်ဆိုပ်တွေ သိပ်တက်နေတုန်းမှာ ချတဲ့ ဆုံးဖြတ်ချက်က မှန်ကန်ဖို့ ခဲယဉ်းတတ်တယ်"

www.burmeseclassic.com



သူမက အိမ်ထောင်ရေး ဂုရုကြီးသဖွယ် ပြောလေသည်။

သူက အမြင်ကတ်ကတ်ဖြင့် ...

"ကိုယ်ကတော့ မင်းကို ချမ်းချမ်းရဲ့သီချင်းကိုပဲ ဆိုပြချင်တယ်။ တကယ်ဆိုရင် အချစ်ပဲလိုတယ်၊ မေ ဘာကြောင့် သတ္တိမရှိသလဲကွယ်"

သူမက သူ့စကားကို ပြုံးရုံပဲ ပြုံးကာ ...

"ရှင်က သီချင်းတွေထဲကလောက် အပြင်ဘဝက လွယ်မယ်ထင်လို့လား"

"ကိုယ်တို့ကရော ဘာတွေများ ခက်နေလို့လဲ။ ကိုယ်တို့နှစ်ယောက် ပေါင်းစည်းဖို့ဘဝမှာ ဘယ်အရာတွေက ကိုယ်တို့ကို တားဆီးထားလို့လဲ ...

ကိုယ်တို့ထက် ပေါင်းစည်းဖို့ ခက်ခဲတဲ့ သူတွေတောင် ပေါင်းစည်းသွားကြတဲ့ ဘဝတွေ တစ်ပုံကြီးပါ။ လူတွေက အရေးကြီးခွင့်ရလို့ အရေးကြီးနေကြတာပါ"

"ဘာပြောတယ်"

"ဟုတ်တယ်လေ၊ အားလုံး ပြည့်စုံနေတော့လည်း ဘာမဟုတ်တာလေးကို ပုံကြီးချဲ့ကြတယ်။ မပြည့်စုံတဲ့ လူတွေကျတော့လည်း မင်္ဂလာဆွမ်းကျွေးလေး လုပ်ချင်တာတောင် မလုပ်နိုင်လို့ စိတ်ညစ်နေရတဲ့ အတွဲတွေ အများကြီး ...





မင်းလို ကိုယ့်လို အားလုံးပြည့်စုံနေတာတွေကျတော့လည်း မင်းက မဟုတ်တာတွေကို အကြောင်းပြနေတယ်။ အဲဒါကြောင့် ပြောတာလေ။ လူတွေက အရေးကြီးခွင့်ရလို့ အရေးကြီးနေကြတာပါ"

သူမက သူ့ကို ထမင်းဝါးရင်းမှ တစ်ချက် မော့ကြည့်ပြီးနောက် ဘာမှမပြောတော့ချေ။ သူကလည်း မပြောတော့။ သူ စားသောက်ပြီးလျှင် သူမက ...

"ပန်းကန်ကို ထားခဲ့"

"မင်း ပင်ပန်းနေပါ့မယ်၊ ကိုယ် ဆေးပါ့မယ်"

"ထားခဲ့ပါ၊ ရှင့်အိမ်နဲ့ အဆက်အသွယ် ပြတ်နေတာ ဘယ်လောက်ကြာပြီလဲ၊ အိမ်ပြန်သင့်ပြီနော်"

သူမက သူ စားပြီးသား ပန်းကန်တွေကို ဆွဲယူသိမ်းဆည်းရင်း ပြောလိုက်သည်။ ချစ်ခင်နှစ်လိုဖွယ်ကောင်းသော မိုးသည်းစရဲ့လက်ကို သူက ဆွဲယူကာ ...

"မိုးသည်း ... မင်း ကိုယ့်ကို ကတိတစ်ခုပေးမလား"

"မောင်မိုး ... ရှင် လောဘတွေ သိပ်မကြီးနဲ့။ ကျွန်မဆီက အများကြီး မလိုချင်ပါနဲ့"

သူမက ပြုံးစစဖြင့်ပြောလျှင် သူက အင်မတန်အသည်းယားသွားသည်။ မတ်တတ်ထရပ်ကာ သူမကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ရင်းမှ သူမရဲ့ဆံနွယ်လေးတွေကို သပ်ဖွပေးမိကာ တိုးတိုးဆိုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးသည်း ... မင်း ကိုယ်ကလွဲပြီး ဘယ်ယောကျ်ားနဲ့မှ မပတ်သက်ပါနဲ့၊ မင်းဆီက အဲဒီဝန်ခံစကားလေးကိုပဲ လိုချင်တာပါ"

သူမက ဘာမှပြန်မပြော။ သူက ခပ်တင်းတင်းထပ်ဖက်ကာ လှုံ့ဆော်လိုက်သည်။

"ဟင် ... မိုးသည်း။ ကိုယ့်ကို အဲဒီကတိလေးတစ်ခုတော့ ပေးပါကွာ ... နော်"

သူမက သူ့ရင်ခွင်ထဲမှ ထိုးထွက်ကာ သူ့ကို မော့ကြည့်သည်။ နှင်းဆီငုံတွေလို ပွင့်အားနေသော နှုတ်ခမ်းများသည် သူမကို သူ စွဲလမ်းရသော အဓိကအချက်များထဲတွင် ပါဝင်သည်။ အဲဒီနှုတ်ခမ်းတွေကနေ နှင်းဆီပွင့်ဖတ်တွေ ခြွေချလိုက်သလို နူးညံ့ကာ စကားသံတွေ ထွက်လာသည်။

"ကျွန်မဘဝမှာ မလုပ်ချင်ဆုံး အလုပ်တစ်ခုက ယောကျ်ားတစ်ယောက်ကို ကတိပေးတဲ့ အလုပ်ပဲ ...

ဒါပေမဲ့ ရှင်က သိပ်သနားဖို့ ကောင်းနေတော့ ရှင် လိုချင်တဲ့ကတိကို ကျွန်မ ပေးလိုက်ပါ့မယ်"

သူ ယုံတောင် မယုံနိုင်ချေ။ မိုးသည်းစ စိတ်ကောင်းဝင်နေတာ ဖြစ်နိုင်ပါသည်။ ပြီးတော့ သူမ ပြောသလိုပင် ဒီကလေးမဟာ ဘာကတိနဲ့မှ ချည်နှောင်ခံချင်ပုံ မရချေ။ ဒါပေမဲ့ ရှားရှားပါးပါး ကတိတစ်ခုကို ရလိုက်တာမို့ သူ့အတွက် အပေါင်းလက္ခဏာဆောင်သော နေ့ရက်များပဲ ဖြစ်တော့သည်။





သူက မြတ်နိုးစွာဖြင့် သူမရဲ့နဖူးလေးကို ငုံ့မိုးနမ်းရှိုက်ကာ ...

"မင်းကို အရမ်းချစ်တယ်၊ ပြီးတော့ ခွဲလည်းမခွဲချင်တော့ဘူး မိုးသည်းစရယ်"

သူမက သူ့စကားကိုပြုံးပြီး နားထောင်နေခဲ့သည်။ ပြီးတော့ လက်ခံသည့်သဘောဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။ ကျွန်မလည်း ရှင့်ကို အရမ်းချစ်ပါတယ်ဟုတော့ ပြန်မပြော။ ဒါပေမဲ့လည်း မိုးသည်းစဟာ ခံစားချက်တွေကို ထိန်းချုပ်တတ်သည့် မိန်းကလေးဆိုတာ တဖြည်းဖြည်းနဲ့ နားလည်ခဲ့ရပြီဖြစ်သည်။

သူမအနားက သူ ခွဲမသွားချင်သေး။ အိမ်ကိုလည်း မပြန်ချင်သေး။ ဒါပေမဲ့ ကတိစကားတစ်ခုကို ကျေနပ်စွာဖြင့် ရင်ဝယ်ပိုက်ကာ သူ နှုတ်ဆက်ထွက်ခွာလာခဲ့ရသည်။ ဆိုခဲ့စေ မြဲစေ ပေးလိုက်သော ကတိစကားတစ်ခုအတွက်လည်း သူမစောင့်ထိန်းလိုက်နာလိမ့်မည်ဟု ယုံကြည်မိခဲ့သည်။ သို့သော် ...

အဲဒီ သို့သော်သည် ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းစဟာ ဘယ်လောက်ပဲ ဆိုရှယ်ကျကျ၊ ဘယ်လောက်ပဲ နားလည်ရ ခက်ပါစေ၊ သူမဟာ သူ့ကိုပေးထားသော ကတိတစ်လုံးကိုတော့ စွဲမြဲစွာ စောင့်ထိန်းသိတတ်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။ လူတစ်ယောက်က တစ်ယောက်ကိုပေးအပ်သော ကတိသစ္စာများမှာ တစ်သက်လုံးအတွက် ပေးထားတဲ့ကတိ ရှိချင်ရှိမည်။ အခိုက်အတန့် ကာလတစ်ခုအတွက် ပေးထားတဲ့ကတိတွေလည်း ရှိချင်ရှိနိုင်သည်။

မိုးသည်းစက သူ့ကို ပေးလိုက်သော ကတိဟာ တစ်သက်လုံးအတွက်ဟု တွေးထင်မထားခဲ့သော်လည်း အချိန်ကာလတစ်ခုအတွက် ပေးထားတဲ့ကတိတွေလည်း ရှိချင်ရှိနိုင်သည်။

မိုးသည်းစက သူ့ကိုပေးလိုက်သော ကတိဟာ တစ်သက်လုံးအတွက်ဟု တွေးထင်မထားခဲ့သော်လည်း အချိန်ကာလတစ်ခုအတွက်တော့ တည်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ခဲ့သည်။ အဲဒီမျှော်လင့်ချက်လေးဖြင့် သူက အိမ်ပြန်သွားခဲ့တာဖြစ်သည်။ အိမ်ပြန်ပြီး ခေတ္တနားနေတုန်းမှာပဲ သူ မသိသော





ဖုန်းနံပါတ်တစ်ခုက ဝင်လာခဲ့သည်။ ဖွင့်နားထောင်လိုက်တော့ ဩဇိက သူ့သူငယ်ချင်းတစ်ယောက် အိမ်ပြန်ရောက်နေခြင်းဖြစ်ကာ သူ့ကို မန္တလေးဂစ်တာမှာ လာတွေ့ဖို့ ချိန်းဆိုတာဖြစ်သည်။

သူကလည်း ဟိုမှာ အတော်လေး ခင်မင်ခဲ့ရသော သူငယ်ချင်းဖြစ်တာကြောင့် သွားတွေ့ဖို့ ဆုံးဖြတ်လိုက်တာဖြစ်သည်။ အဲဒီလို သွားမိတာကိုက သူ့အမှားလား။ ဒါမှမဟုတ် ကံဇာတ်ဆရာကပဲ သူ့ကို အကျိစယ်လွှန်လွှန်းတာလား။ အဲလိုမှမဟုတ်လည်း သစ္စာမရှိ ကတိမတည်တဲ့ လူတွေကြောင့်ပဲလား၊ သူ ဘာမှ မတွေးတတ်တော့ပြီ။ သူ မန္တလေးဂစ်တာသို့ ရောက်သွားချိန်မှာ သူ့သူငယ်ချင်းထက် သူ အရင်မြင်လိုက်တာက မနက်ကတင် သူ့ကို ကတိစကားတစ်ခု အပ်နှံခဲ့သော မိုးသည်းစကို ကန်တော်ကြီးထဲမှာ တွေ့ခဲ့ဖူးသောကောင်နှင့် စားပွဲတစ်ခုမှာထိုင်နေတာကို တွေ့လိုက်ရတာဖြစ်သည်။ သူ့မျက်လုံးတွေ ပြာခနဲဖြစ်သွားကာ သွေးတွေက ပွက်ခနဲ ဆူသွားသလို ခံစားလိုက်ရသည်။ ရပ်နေသော နေရာမှာတင်ပဲ သူ့တစ်ကိုယ်လုံးကို အက်ဆစ်တွေက ဝါးမျိုသွားသလို ခံစားရလေသည်။

နေရာမှာတင်ရပ်ကာ ငုတ်တုတ်မေ့သွားသော သူ့ကို သူမကလည်း လှမ်းမြင်သွားသည်။ ချက်ချင်း ပျက်ထွက်သွားသော သူမရဲ့မျက်နှာမျိုးကို သူနှင့် ချစ်သူဖြစ်ခဲ့သည့် ကိုးလတာသက်တမ်းအတွင်းမှာ တစ်ခါမှ မမြင်ဘူးချေ။ သေချာတာကတော့



www.burmeseclassic.com

www.burmeseclassic.com



သူမ အမှားအယွင်းတစ်ခုခု လုပ်ခဲ့မိပြီ။ ဒါကြောင့်လည်း လိပ်ပြာမလုံသော အကြည့်တွေနှင့် သူ့ကို ဖရိုဖရဲ ကြည့်လာခြင်းဖြစ်သည်။

သူက ချက်ချင်းကို ဆောင့်တက်လာသော ဒေါသစိတ်တွေဖြင့် သူမရဲ့စားပွဲဝိုင်းသို့ ဘယ်လိုတောင် ရောက်သွားမှန်း မသိချေ။ သူမကလည်း သူ လာတာကို မြင်သောအခါ မတ်တတ်ထရပ်လိုက်သည်။

"မိုးသည်းစ"

သူမက သူ့မျက်လုံးတွေထဲသို့ တောင်းပန်တိုးလျှိုးသော အကြည့်များဖြင့် ကြည့်နေသည်။ အဲဒီအကြည့်ကြောင့် သူ့ရင်ထဲတွင် ကြေမွစုတ်ပြတ်သတ်သွားသည်။ ဒီကောင့်အတွက်နဲ့ တောင်းပန်ကြည့် ကြည့်သော အကြည့်တွေကို သူက ရင်အနာ အပေါက်ကွဲဆုံးပဲ ဖြစ်တော့သည်။

"မင်း ..."

သူက ဒေါသထွက်တာရော၊ ရင်နာဆို့နင့်တာရော ပေါင်းပြီး ရုတ်တရက် စကားတောင် မပြောနိုင်ချေ။

"မိုးလုံးမှိုင်း ... ရှင် ဒီကို ဘယ်လိုလုပ်ပြီး ..."

"ကံတရားရဲ့ဖန်တီးမှု သက်သက်ပဲ၊ ငါ့သူငယ်ချင်းက ချိန်းလို့လာတာ။ ဒါပေမဲ့ မင်းရဲ့သစ္စာမရှိမှုနဲ့ နှစ်ဆယ့်လေးနာရီ မပြည့်တဲ့ ကတိမတည်မှုတွေကို မျက်ဝါးထင်ထင် တွေ့ခွင့်ရလိုက်တဲ့အတွက် ငါ့အတွက် အတန်ဆုံးနေ့တစ်နေ့ပါ"



"မိုးလုံးမှိုင်း ... ရှင်ထင်သလို မဟုတ်ဘူး"

သူမအသံက ခပ်ဆတ်ဆတ် ထွက်ပေါ်လာလျှင် သူက သတိစိတ် လွတ်ထွက်သွားသည်။ စားပွဲပေါ်မှ ရေခွက်ဖြင့် သူမကို နာကြည်းစွာ လှမ်းပက်ချမိလိုက်လေသည်။ "ဟာ"ခနဲ ဟူသော အသံမှာ ဟိုကောင့်ထံမှ ထွက်လာတာဖြစ်ပြီး သူမကတော့ သူ့ကို ရူးနင့်စွာ ပြန်လည်မော့ကြည့်သည်။ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းများက သူ့ကို တစ်ခုခုပြောဖို့ ကြိုးစားအားယူနေသည်။

အခါများစွာကတော့ ဒီနှုတ်ခမ်းတွေကို သူ နှစ်သက်စွဲလမ်းခဲ့ရဖူးသည်။

အခုတော့ သူ့ရင်ထဲတွင် သူမမျက်နှာကို မကြည့်ချင်လောက်အောင် နာကြည်းနေသည်။

မနေ့ညကတင် မနက်ကတင် ပြောခဲ့သော စကားများ၊ တောင်းခဲ့သော ကတိတစ်ခုအတွက် သူဟာ ငပေါကြီးလိုလိုပင်။

"မိုးသည်းစ ... မင်း ဘယ်လိုမိန်းမလဲဆိုတာ ငါ့ကောင်းကောင်း သဘောပေါက်သွားပြီ ...

မင်းက အလကားမိန်းမ။ မှတ်ထား ... မင်းနဲ့ ငါနဲ့ ထပ်တွေ့စရာ အကြောင်းမရှိတော့ဘူး"

ပြောပြီးတာနှင့် သူက ဆိုင်ထဲမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ကားပေါ်တက်ကာ ဘယ်လိုတောင် မောင်းထွက်

www.burmeseclassic.com

www.burmeseclassic.com



လာမှန်း မသိတော့ချေ။ သူ့ရင်ဘတ်ထဲက နှလုံးသားသည် အပြင်ဘက်သို့ ပေါက်ထွက်တော့မလို ခုန်နေကာ မွမွကြေနေသည်။

လောလောဆယ်မှာ ကမ္ဘာလောကကြီးတစ်ခုလုံးနှင့် အဆက်အသွယ် ပြတ်ချင်ပါသည်။

* * *





## အခန်း ၂၀

မိုးသည်းစရဲ့ဘဝတွင် တစ်သက်လုံး မြဲမြဲမှတ်ယူထားသည်မှာ ကံတရားသည် သူမကို ဘယ်တော့မှ မျက်နှာသာမပေး ဆိုတာပဲဖြစ်သည်။ မိုးလုံးမှိုင်းကို ကတိပေးခဲ့ပြီးသော မရှေးမနှောင်းအချိန်မှာပဲ သူနဲ့ထပ်တွေ့ရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့။ လင်းထွဋ်ဆီက CD နှင့် ငွေသားလဲလှယ်ဖို့ကို မစ္စတာဂစ်တာမှာ ချိန်းဆိုထားပြီးလျှင် အဲဒါတွေ ပြီးသွားတာနှင့် သူနဲ့ ပျော်ပျော်ရွှင်ရွှင် နေသွားတော့မည်ဟူသော အတွေးတွေအတွက် ခံစားနာကျင်ခဲ့ရသည်။

မျက်နှာနှင့် ရင်ဘတ်ဆီသို့ လာရောက်ထိမှန်ခဲ့သော ရေစက်များအရ သူ ဘယ်လောက်တောင် ဒေါသထွက် ပေါက်ကွဲသွားပြီလဲ ဆိုတာလည်း သိခဲ့ရပြီ။ ပြန်စဉ်းစားကြည့်လျှင် အဲဒီတုန်းက အဖြစ်အပျက်မှာ ပူပူနွေးနွေးပဲ ရှိသေးလေသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားပြီးတဲ့နောက်မှာ လင်းထွဋ်က သူမကို ပျာပျာသလဲလဲ ဖြင့် ...

"မိုးသည်းစ ... မင်းရဲ့ဘဲကတော့ မင်းကို အကြီးအကျယ် တင်းသွားပြီ။ မင်းတို့ပြဿနာက လွယ်တော့မယ် မထင်ဘူး ...

ဘယ်လိုလဲ၊ ကိုယ် လိုက်ပြီးရှင်းပြပေးရမလား"

မိုးသည်းက မျက်နှာနှင့် ဆံပင်က ရေတွေကို ခါထုတ်ပစ်လိုက်ရင်းမှ လင်းထွဋ်ကို ခပ်တင်းတင်း ပြန်ကြည့်ကာ ...

"မလိုဘူး၊ ကဲ ... ရှင်လည်း ဖြစ်ခဲ့တာတွေ အားလုံးကို မြင်တယ်။ ဒီတော့ နောက်ထပ် ဘာအရှုပ်ရှင်းမှ မလိုချင်တော့ဘူး ...

ရှင်လိုချင်တဲ့ငွေ ရပြီမို့ အေးအေးဆေးဆေး နေပါတော့"

မိုးသည်းက CD ကို တင်းတင်းဆုပ်ကိုင်ပြီး ဆိုင်ထဲက ထွက်ခွာလာခဲ့လျှင် လင်းထွဋ်က ငေးမောပြီး ကျန်နေရစ်ခဲ့သည်။ အဲဒီ CD ကို မိုးသည်းက ကြင်နာ့လက်သို့ အပ်လိုက်လေသည်။ အဲဒီအခိုက်မှာပဲ အရာအားလုံး ပြီးဆုံးသွားသလို ခံစားလိုက်ရသည်။ တကယ့်ကို အားလုံးပြီးဆုံးသွားတာပါပဲ။

ကြင်နာကတော့ ဘာမှမသိရှာဘဲ မိုးသည်းကို ခပ်တင်းတင်းပွေ့ဖက်ကာ ...





"နင်နဲ့ ငါ့ကြားမှာ ကျေးဇူးတင်စကားပြောဖို့ မလိုဘူးဆိုတာ သိပါတယ် စလုံးရယ်။ ဒါပေမဲ့လည်း နင့်ကို ငါ သိပ်ကျေးဇူးတင်ပါတယ်"

"ငါ့ကို ကျေးဇူးတင်ရင် နင် ကောင်းကောင်းနေတော့။ နောက်တစ်ခါတော့ နင့်ကို ထပ်ပြီးကူညီနိုင်မှာ မဟုတ်တော့ဘူး"

"စိတ်ချပါ စလုံးရယ်၊ ငါ လိမ္မာပါ့မယ်။ ကောင်းကင်ကလည်း လက်ထပ်ဖို့ ပြောနေပါပြီ။ နင် မင်္ဂလာဆောင်အတွက်ရော မကူညီတော့ဘူးလားဟင်။ သတို့သမီးအရံဖြစ်ဖြစ်ပေါ့"

"ဘာတစ်ခုမှ လုပ်မပေးနိုင်တော့ဘူး။ နင့်အတွက် ငါဘယ်လောက် စွမ်းဆောင်ပေးခဲ့တယ်ဆိုတာ ကြာရင် နင် ပိုသိလာမှာပါ ...

ကဲ ... ငါ သွားတော့မယ်။ ငါ နားချင်ပြီ"

မိုးသည်းသည် ကြင်နာ့အိမ်က ထွက်ခွာလာပြီးနောက် ကားကို ဦးတည်ရာမဲ့စွာ လျှောက်မောင်းနေခဲ့သည်။ တဖြည်းဖြည်းနှင့် မြို့ပြင်ရောက်လာပြီး ကွင်းစပ်ကြီးတစ်ခုကို ရောက်တော့မှပဲ ကားကို ထိုးရပ်မိတော့သည်။ ပြီးတော့ စတီယာတိုင်ပေါ်မှာ ခေါင်းမှောက်ပြီး ငြိမ်သက်နေမိခဲ့သည်မှာ အကြာကြီး။ မျက်လုံးထဲတွင် သူ့ရဲ့ဒေါသတကြီး ပေါက်ကွဲနာကျင်နေသော မျက်နှာ။ သူ့နှလုံးသားထဲက ထွက်လာသည်ဟု ထင်ရသော "အလကား



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ”ဟူသော နာနာကြည်းကြည်း ရေရွတ်သံ စသဖြင့် ပုံရိပ်တွေနဲ့ အသံတွေဟာ မိုးသည်းရဲ့ရင်ထဲကို စကြာဓားသွားတစ်ခုနှယ် လှည့်ပတ်မွှေနှောက်ကာ နှလုံးသား ကလီစာတွေအားလုံးကို တိုက်ဖြတ်သွားသလို ခံစားနေရသည်။

ပြောလျှင်လည်း ရူးသည်ဟု ထင်ချင်ထင်ကြပါတော့။ မိုးသည်းကို ရေနဲ့ပက်ပစ်လိုက်သော အပြုအမူနှင့် နာနာကြည်းကြည်း ရေရွတ်လိုက်သော “အလကားမိန်းမ” မင်းနဲ့ငါနောက်ထပ်တွေ့ဖို့ အကြောင်းမရှိတော့ဘူး ဟူသော စကားသံတွေကြောင့်ပင် သူ့ကို ပို၍ အဆုံးမရှိ ချစ်မိသွားပြီဆိုလျှင် မိုးသည်းကို ရူးသွားပြီဟု ထင်ကြမလားတော့ မပြောတတ်တော့ချေ။

သူ အမြဲပြောတတ်သည့် နားလည်ရ အခက်ဆုံးလူသားများစာရင်းတွင် ပါဝင်သော မိုးသည်းမို့ပေပဲလားတော့မသိတော့။ ကိုယ့်ကို စိတ်နာကာ အမုန်းကြီး မုန်းသွားပြီဟု ယူဆရသော ချစ်သူတစ်ယောက်ကို ဆုံးရှုံးသွားပြီ ဆိုတော့မှ မိုးသည်းက ရူးမတတ် ချစ်မိသွားတော့သည်။ သူ ကိုယ့်ကိုကြင်နာခဲ့တာတွေ၊ ယုယခဲ့တာတွေ၊ သူ ချည်နှောင်ခဲ့သည့် သမုဒယကြိုးတွေ၊ တတ်နိုင်သမျှ နားလည်ခွင့်လွှတ်ပေးခဲ့တာတွေ၊ ဒါတွေကို မိုးသည်းစဟာ အပြီးတိုင် စွန့်လွှတ်လိုက်ရပြီပေါ့။

မိုးသည်းသည် စိမ့်အိုင်ပြီး တက်လာသော မျက်ရည်စများကို အံတင်းတင်းကြိတ်ပြီး အပြင်သို့ ကျမလာမိအောင် တောင့်ခံထားလိုက်သည်။ ပြီးတော့ ဘာကို သဘောကျမှန်းမသိ





ဘဲ သဘောကျမိကာ ခွေးရူးတမ်းရူးဖြင့် ဟက်ခနဲ ရယ်မောမိလေသည်။ နားထဲတွင် မိုးသည်းရဲ့ရှေ့မှာ သူ အမြဲလို ညည်းနေသော သီချင်းသံသဲ့သဲ့ကို ကြားယောင်ပြီးလာသည်။

[ငါရင်မှာ အရင်အတိုင်း မင်းက ရှင်သန်နေမှာပဲ ...
တကယ်လို့ အိပ်မက်ဖြစ်ရင်လည်း ... မနိုးထလိုက်ပါနဲ့...
တို့ ဝေးနေစဉ်ခဏလည်း ဒီအလွမ်းတော့ ရှိမှာပဲ ...
သံသယစကားတို့နဲ့ မနေပါနဲ့ ...

မင်း သိသလို မထင်ပါနဲ့ ... မင်း တွေးသလို မမြင်ပါနဲ့ ... ယိုင်လဲသွားမယ့်အချစ် မဟုတ်ဘူး ... မထင်ပါနဲ့ မင်းတွေးသလို မမြင်ပါနဲ့]

မှိုင်းရယ် ...။ အရာအားလုံးဟာ ရှင်ထင်သလို၊ ရှင်တွေးသလို မဟုတ်ရပါဘူး။ ကျွန်မဟာ စိတ်ထဲရှိသလို နေတတ်တာကလွဲရင် ရှင့်ကို အရိုးဖြောင့်ဆုံး နှလုံးသားတစ်ခုနဲ့လည်း အမှန်အကန်ကို ချစ်ခဲ့ပါရဲ့။ ဒါပေမဲ့ ကျွန်မရဲ့ဘဝမှာ ဘာတွေလွဲမှန်းမသိ လွဲချော်နေခဲ့တယ်။ အရာအားလုံးဟာ စနစ်တကျကို လွဲချော်နေခဲ့တာပါ။

ရှင် ကျွန်မကို မုန်းသွားလည်းပဲ ကျွန်မကတော့အဆုံးမရှိ ချစ်နေဦးမယ်။ မကွဲသွားတဲ့ အသည်းနှလုံးနဲ့ ကောင်းမွန်စွာဆက်လက်ချစ်နေဦးမယ်။ ချစ်ခြင်းမေတ္တာရဲ့ ရိုးရာမပျက် ထုံးစံအစဉ်အလာအတိုင်းပဲပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ရင်မှာ နှောင်ဖွဲ့ကြိုးလေးတွေ ပြတ်တဲ့အချိန်ရောက် ... တားမြစ်ထားလည်း စွန့်ပစ်ပြီး ဟိုးအဝေးကြီး မင်းသွားတော့ ...

တို့က မင်းလောက် မချစ်ခဲ့မိပါဘူးတဲ့လား ... အို ... မင်းမှ ... အချိန်တွေက ပြောပြသွားမှာပါ ... မင်းကိုချစ်ခဲ့တဲ့ ... နာကျင်အသည်းကွဲရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဖြစ်ရပ်များကို ... နောက်မှသိမယ် ...

အဆုံးအဖြတ်များတွေ ဆက်တိုက်လုပ်ကာ မင်းမုန်းလိုက်တဲ့နေ့ ... အချစ်မရှိ နေ့ရက်များ ..."

မိုးသည်းစရဲ့ အချစ်မရှိနေ့ရက်များတွင် တင်ဇာမော်ရဲ့ အချစ်မရှိနေ့ရက်များ သီချင်းဖြင့် တကယ့်ကို နိုးထလာခဲ့တာဖြစ်သည်။ ညတည်းက နားထောင်ပြီး မပိတ်ဘဲထားခဲ့သော FM Radio ဟာ မနက်ကျတော့ လွှင့်နေကြအတိုင်း သီချင်းတွေလာသည်။ ရှစ်နာရီလောက်မှာတော့ ဗိုက်ထဲက နာကျင်အောင်





မျက်လာသော ဝေဒနာကြောင့် နိုးထလာခဲ့သည်။ နိုးလာတာနှင့် အချစ်မရှိနေ့ရက်များသီချင်းကို ကြားလိုက်ရတာပင်။

မိုးသည်းသည် ဝေဒနာတစ်ဖက်နှင့် အိပ်ရာထဲမှထကာ ရေတစ်ဖန်ခွက်ကို သောက်ပြီးနောက် မှန်တံခါးချပ်များဆီသို့ လျှောက်လာခဲ့သည်။ ခန်းဆီးကို ဖယ်လိုက်သောအခါ ရန်ကုန်မြို့ရဲ့ရှုခင်းသည် မိုးအုံ့မှိုင်းကာ လွမ်းမောဖွယ် ကောင်းနေသည်။ ပြောရလျှင်တော့ တစ်မိုးလုံးမှိုင်းနေသည်။ မိုးသည်းသည် သူ့ကို သတိရစိတ်ဖြင့် ရင်မှာဆွေးလျသွားသည်။ အခုဆိုလျှင် သူနဲ့မတွေ့ရတာ နှစ်ပတ်ကျော်ခဲ့ပြီ ဖြစ်ပါသည်။ သူက ဝ၁စ်ဖုံ တစ်ရာ မဆက်သွယ်ခဲ့သလို မိုးသည်းကလည်း ဆက်သွယ်ခြင်း မရှိခဲ့ပါ။

သူနဲ့ မိုးသည်းသည် ဒီတစ်ခါတော့ အပြီးတိုင် ဝေးလွင့်သွားခဲ့ပြီဟု ထင်ပါသည်။

မိုးသည်းသည် ပင့်သက်တစ်ချက် ရှိုက်လိုက်ရင်းမှ အခန်းထဲသို့ ပြန်ဝင်ခဲ့ကာ ဆေးခန်းသွားဖို့ အဝတ်အစားလဲလိုက်သည်။ မသွားလို့လည်း မဖြစ်တော့၊ အရင်တုန်းက ဗိုက်အောင့်တယ်၊ ခါးကိုက်တယ်၊ weak ဖြစ်ကာ မူးမောနွမ်းနယ်ခဲ့သော အချိန်တွေမှာ Period ကာလတွေမှာသာ ဖြစ်ခဲ့သည်။ အခုတော့ အဲဒီလို မဟုတ်တော့ဘဲ မကြာခဏဆိုသလို ဖြစ်နေတာမို့ ဆေးခန်းသို့ သွားရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း ဒီလို နေမကောင်းချိန်တွေမှာ ချစ်သူက အနားမှာ ရှိခဲ့သည်။ သူ ပြုစုယုယပေးခဲ့တာတွေသည် ခုချိန်မှာတော့ အိပ်မက်လိုပင်။ ဒါတွေဟာ ကျကွဲသွားသော ရေအိုးတစ်လုံးလိုပင် ရေရော၊ အိုးရော အားလုံးဆုံးရှုံးကာ ဘာမှလုပ်လို့မရတော့ချေ။

သူ့ကို ဘယ်လိုတွေ ဘယ်ညာတွေ ဘာဖြစ်ပါတယ် ညာဖြစ်ပါတယ်နှင့် ရှင်းလည်း မပြချင်တော့ပါ။ နဂိုတည်းက ကိုယ်အပေါ်မှာ မယုံကြည်ခဲ့သော သူဟာ မိုးသည်းရဲ့ကတိစကားတစ်ခုကြောင့် ဘယ်လောက် ဝမ်းသာပျော်ရွှင်သွားခဲ့ရမလဲ ဆိုတာလည်း သိသည်။

ဒါပေမဲ့လည်း သူ မယုံရဲ ယုံရဲဖြင့် ယုံစားခဲ့သော မိုးသည်းရဲ့ကတိစကားတို့ဟာ နှစ်ဆယ့်လေးနာရီ မပြည့်ဘဲ ချိုးဖောက်ခြင်းခံလိုက်ရသောအခါ သူ ဘယ်လောက်တောင် ဒေါသထွက် နာကြည်းသွားမလဲဆိုတာ တွေးကြည့်စရာတောင် မလိုတော့ပါ။ ခုချိန်မှာ သူ့ကို သွားရှင်းပြလည်း သူ ဘာမှနားဝင်မှာမဟုတ်တော့ချေ။

သူ မိုးသည်းကို ဘယ်လိုမှ အယုံအကြည်ရှိမှာမဟုတ်တော့။ မိုးသည်းသည်လည်းပဲ ဘာကိုမှ ရှင်းပြနေချင်စိတ်မရှိတော့ချေ။ မိုးသည်းသည် အထူးကုဆေးခန်းကြီးသို့ ရောက်သောအခါ OG နှင့် ဝင်ပြရသည်။ ဆရာဝန်က မိုးသည်းရောဂါ





ရဲ့ History ကို မေးမြန်းပြီးနောက် ခုတင်ပေါ်တွင် တက်အိပ်စေကာ စမ်းသပ်သည်။

ဆရာဝန်က မိုးသည်းရဲ့ဗိုက်ကို လက်နှင့်စမ်းသပ်ရင်းမှ ...

"အရင်ကရော ဒီလို ဖြစ်ဖူးသလား"

"Period ကာလတွေမှာသာ ဖြစ်တာပါ ဒေါက်တာ၊ နောက်ပိုင်းတော့ မကြာခဏဆိုသလို အောင့်လာလို့ပါ။ တစ်ခါတလေ တော်တော်ဆိုးရွားပါတယ်"

ဆရာဝန်က မိုးသည်းရဲ့အပြောကို ခေါင်းတစ်ချက်ဆတ်ကာ ...

"ဗိုက်ထဲမှာ အလုံးတစ်လုံး စမ်းမိတယ်၊ သေချာသွားအောင် အက်လ်ထရာဆောင်း ဒ် ရိုက်ရလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

မိုးသည်းကို ဆရာဝန်က အက်လ်ထရာဆောင်းဒ် ရိုက်သည့် အခန်းသို့ ခေါ်သွားကာ ခုတင်ပေါ်မှာ လှဲအိပ်စေသည်။ ပြီးတော့ ဗိုက်ပေါ်ကို ဂျယ်များ တင်လိုက်ပြီး ကိရိယာလေးနှင့် အသာထောက်ဆွဲပွတ်ကာ မော်နီတာကို ကြည့်ရင်းမှ သေချာသွားသော လေသံဖြင့် ပြောသည်။

"သေချာတာပေါ့၊ သားအိမ်မှာ Cyst ရှိနေတယ်"

"အလုံးရှိနေတာကို ပြောတာလား ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အရွယ်ကတော့ နည်းနည်းကြီးတယ်။ အော်ပရေးရှင်း လုပ်ရလိမ့်မယ်။ ပြီးတော့ ခွဲပြီးတာနဲ့ အသားစကို စမ်းကြည့်ရဦးမယ် ...

ဘယ်လိုလဲ အဆင်ပြေနိုင်ပါ့မလား"

"ပြေပါတယ် ဒေါက်တာ။ စောစောစီးစီး ခွဲလိုက်တော့လည်း ကောင်းတာပေါ့။ ကျွန်မက ဒီလို မကြာခဏဖြစ်နေကြဆိုတော့ အားလုံးက ကင်ဆာတွေ ဘာတွေတောင် ဖြစ်နေပြီလား မသိပါဘူး"

မိုးသည်းရဲ့ ခပ်အေးအေးစကားကို ဆရာဝန်မကြီးက မျက်မှန်ပေါ်က ကျော်ကြည့်သည်။ မိုးသည်းက ခုတင်ပေါ်မှ ဆင်းကာ ...

"ကျွန်မတို့က ကင်ဆာမျိုးရိုးရှိတယ်၊ ကျွန်မအမေရော၊ အဒေါ်ရော၊ ကင်ဆာတွေနဲ့ပဲ ဆုံးသွားကြတာလေ"

"ဩော် ... ဒီလို ဗိုက်အောင့်တတ်တာ ကြာပြီလား။ အရင်ကရော ဆရာဝန်နဲ့ မပြဖူးဘူးလား"

"ပြပါတယ်။ ဆရာဝန်ကလည်း စမ်းသပ်ပါတယ်။ ဒါပေမဲ့ ဒီလိုအလုံးတော့ မတွေ့ဖူးဘူးလေ။ အဲဒီတုန်းက ဗိုက်အောင့်တာကလည်း Period ကာလတွေမှာသာ ဖြစ်တာပါ"

"အင်း ... ခုလည်း သိပ်တော့ စိုးရိမ်စရာရှိမှာ မဟုတ်ပါဘူး။ ဒီတော့ ဘယ်တော့လောက် ခွဲဖို့အဆင်ပြေမလဲ။ အလုပ်က ခွင့်ယူဖို့ ဘာညာ စီစဉ်စရာရှိတာတွေ ရှိလား"





မိုးသည်းက ခေါင်းကို အသာခါယမ်းပြကာ ...

"ဘာမှ ခွင့်ယူစရာ မရှိပါဘူး။ ဒေါက်တာ အားတဲ့နေ့သာ လုပ်ပါ။ ဩော် ... တစ်လက်စတည်း ပြောချင်တာက ကျွန်မရဲ့ Life က ကျွန်မတစ်ယောက်တည်းပါပဲ။ မိသားစု ဆွေမျိုးသားချင်း ဘာမှမရှိပါဘူး ...

ဒါကြောင့် အစစအရာရာ လုပ်ကိုင်ပေးမယ့် စပါယ်ရှယ်နာ့စ်တစ်ယောက် လိုချင်ပါတယ်"

"ရပါတယ်၊ ဒါတွေက ဆေးရုံတက်တဲ့အခါ မမ အားလုံး စီစဉ်ပေးထားပါ့မယ်"

"သင့်ခ်ယူပါ ဒေါက်တာ"

မိုးသည်းက ဆရာဝန်မကို နှုတ်ဆက်ကာ ဆေးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ ဘာကြောင့်မှန်းမသိဘဲ မိုးသည်းသည် မိုးလုံးမှိုင်းကို အသည်းအသန် လွမ်းဆွတ်သတိရနေခဲ့သည်။ သူသာသိခဲ့ရင် မိုးသည်းကို စိတ်ပူစွာ ခံစားပေးဦးမှာလား။ မထင်တော့ပါ။

မိုးသည်းသည် ပင့်သက်တစ်ချက်ရှိုက်ရင်း ကားကို တစ်သက်နဲ့တစ်ကိုယ် မမောင်းစဖူး ဖြည်းညင်းစွာ မောင်းထွက်လာခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

ရည်းစားတစ်ယောက်နဲ့ ပြတ်သွားရသော ဖီလင်ကို အရွယ်ရောက်ပြီးသွားတဲ့သူတိုင်း တော်တော်များများ ခံစားဖူးကြပေလိမ့်မည်။ ဘယ်သူတွေက ဘယ်လိုဖီလင်တွေ ခံစားနေရသလဲတော့ မပြောတတ်ချေ။ သူ့အတွက်ကတော့ အရာအားလုံးဟာ အကျည်းတန်နေသလိုလို၊ စိတ်ပျက် စိတ်ကုန်ဖွယ်ရာ ကောင်းနေသလိုလို ဘာမှအဓိပ္ပာယ်မရှိတော့သလိုလို။

အခုဆိုလျှင် သူနဲ့ မိုးသည်းတို့ မတွေ့ဖြစ်ခဲ့တာ တစ်လကျော်ခန့် ကြာခဲ့ပြီ။ မင်းနဲ့ ငါ ပြတ်ပြီလို့ ပါးစပ်ကပြတ်ခဲ့ပေမယ့် ရင်ထဲက မပြတ်နိုင်သေး ဆိုတာတော့ သူ ကိုယ်တိုင်ပဲ သိသည်။ မပြတ်နိုင်သေးတာတော့ မဟုတ်ဘူးပေါ့လေ။ မမေ့နိုင်သေးတာပါ။ ဒါပေမဲ့လည်း ကြာရင်တော့ မေ့သွားလိမ့်မည်ဟု မျှော်လင့်ရပါသည်။ နားလည်ရခက်သော မိန်းမတစ်ယောက်ကို စိတ်ပင်ပန်းစွာ ချစ်ရသည့် ဒဏ်တွေကိုလည်း မခံစားချင်တော့ပါ။



ဒါပေမဲ့ တနင်္ဂနွေနေ့တွေကို ရောက်တိုင်း သူ့ရင်ထဲမှာ တင်းကျပ်နေသော ဝေဒနာတွေကို ခံစားရစမြဲ။ ခါတိုင်း တနင်္ဂနွေနေ့တွေမှာ သူမနဲ့အတူတူ ပျော်ရွှင်ရင်ခုန်ဖွယ်ကောင်းသော လေနှင်ရာ ဝဲပါသွားသော တိမ်တိုက်များလို ပျောက်ကွယ်ပြီးဆုံးသွားခဲ့ပြီပဲ ဖြစ်လေသည်။

သူက သတိရလွမ်းဆွတ်သော စိတ်တို့ကို ကြိုးစားမေ့ဖျောက်ကာ ဗီဒီယိုတစ်ကားကိုဖွင့်ဖို့ ပြင်ဆင်နေတုန်းမှာပဲ သူ့အခန်းတံခါးကို အပြင်က တံခါးလာခေါက်သည်။ ဝင်ခဲ့ဟု အသံပြုလိုက်လျှင် သူ့အစ်မက အခန်းထဲသို့ ဝင်လာသည်။

"မမ ... Why ? "

"အောက်မှာ ဖြူလေး ရောက်နေတယ်။ နင်နဲ့ ဒီနေ့ Shopping ထွက်ဖို့ ချိန်းထားတယ်ဆို"

"အင်း ... သူက လိုက်ပို့ခိုင်းတာပါ"

သူ့ရဲ့အပြောကို သူ့အစ်မက တစ်ချက်အကဲခတ်သလို ကြည့်ကာ ...

"နင်နဲ့ မိုးသည်းစနဲ့ ပြတ်သွားကြပြီလား"

"အင်း"

သူက အိမ်ကို သူမနဲ့ပတ်သက်ပြီး ဘာမှပြောမထားပေမယ့်၊ ဖြစ်ပျက်နေသော သူ့ပုံစံကို သူ့အစ်မလို မိန်းကလေးကတော့ အကဲခတ်နိုင်စွမ်း ရှိပါလိမ့်မည်။ သူမနဲ့ ပြတ်သွားပြီးကတည်းက တစ်ပြိုင်နက်လိုလိုပင် သိကျွမ်းခဲ့ရတာက သူ့အစ်မ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းရဲ့ညီမဖြစ်သော ဖြူစင်ရှင်းခန့် ခေါ် ဖြူလေးဆိုသည့် ကောင်မလေးဖြစ်သည်။ သူ့ကို စိတ်ဝင်စားနေပုံရနေသော ကောင်မလေးဟာ တစ်ခါ မိတ်ဆက်ပေးပြီးတာနဲ့ သူ့ဆီ ဖုန်းတွေဆက်၊ မုန့်စားဖို့ချိန်း စသဖြင့် လမ်းတွေဖောက်ခဲ့ရာ အားလုံးကိုမေ့ချင်သောသူကလည်း လမ်းအတိုင်း လျှောက်ခဲ့သည်။

ဒါဆိုလျှင် မိုးသည်းစကို သတိရမိသော စိတ်များဟာ သက်သာမလားလို့ပင်။ ဒီကောင်မလေးနှင့် စကားပြောသော အချိန်တွေမှာ သူမကို မေ့ထားချင်ခဲ့သည်။ မေ့မေ့ပျောက်ပျောက်နှင့် ပျော်သလိုသာ နေပစ်လိုက်ချင်လှလေသည်။

"ဘာဖြစ်လို့ ပြတ်သွားကြတာလဲ"

"ဒီလိုပါပဲ၊ ကဲ ... ကျွန်တော် အပြင်သွားလိုက်ဦးမယ်"

"နေပါဦး၊ နင့်ကြည့်ရတာ ဖြူလေးကို စိတ်ပြေလက်ပျောက် တွဲနေတဲ့ပုံစံပဲ။ ဟုတ်လား"

"အဲလိုလည်း မဟုတ်ပါဘူး။ သူ လာရောတယ်ဆိုတာ မမလည်း သိတာပဲ။ စိတ်ချပါ။ သူ့ကို ထိခိုက်နစ်နာစေတဲ့ အဖြစ်မျိုး ဘာမှမလုပ်ပါဘူး"

သူက ပြောပြီးတာနှင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အောက်ထပ်ဧည့်ခန်းထဲတွင် ဖြူလေးက သူ့ကို မတ်တတ်ထရပ်လိုက်ရင်း ဆီးကြိုနှုတ်ဆက်သည်။ ချစ်စဖွယ် ဂါဝန်တိုလေးဖြင့် အသက်နှစ်ဆယ်သာ ရှိသေးသော ကောင်မလေးဟာ သူ့ကို တီတီတာတာဖြင့်လည်း ချွဲနွဲ့တတ်သူ ဖြစ်သေးသည်။





မိန်းကလေးတစ်ယောက်ရဲ့ ချွဲနွဲ့ခြင်းကို ခံရတော့မှ သူ့ကို ဘယ်တုန်းကမှ ချွဲနွဲ့တီတာခြင်း မရှိခဲ့သော သူမကို သတိရ,ရပြန်သည်။ ကျွတ် ... သွားစမ်းပါ။ ဘာဖြစ်လို့များ ဒီ သစ္စာမရှိတဲ့ မိန်းမက ခေါင်းထဲကို ခဏ ခဏ ရောက်နေရတာတဲ့လဲ။

"ကိုမှိုင်း ... စာဖတ်နေတာလား"

"ဟင့်အင်း ... ခုနကမှ ရေချိုးပြီးတာ ရယ်ဒီပဲ မဟုတ်လား သွားကြရအောင်"

ခဏကြာတော့ သူတို့နှစ်ယောက်ဟာ သူမ ရှောင်းထွက်ချင်သော ကမ္ဘာအေးဂမုန်းပွင့်ကုန်တိုက်သို့ ရောက်လာခဲ့ကြသည်။ ပြောင်လက်နေသော ကျောက်ပြားလှေကားများသို့ စ, အတက်မှာ သူ့လက်မောင်းသို့ နုးညံ့သော အထိအတွေ့တစ်ခုက လာရောက်ထိကိုင်သဖြင့် ငုံကြည့်လိုက်လျှင် ဖြူလေးက သူ့ကို ခပ်ရှုံ့ရှုံ့လေး ပြုံးပြကာ ...

"ဖြူလေးရဲ့ဖိနပ်က စီးကျင့်မရှိတဲ့ ဟိုက်ဟီးလ်ဆိုတော့ ချော်လဲမှာစိုးလို့"

သူက အသာပြုံးကာ ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။ သူနဲ့ မိုးသည်းစတို့ရဲ့ ချစ်သူသက်တမ်းတစ်လျှောက်မှာရော သူမဟာ သူ့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်လာဖူးပါသလား။ သူ မှတ်မိသလောက်ကတော့ လုံးဝမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက အာရုံတွေကို ခါထုတ်ပစ်လိုက်ကာ ရှေ့သို့ တည့်တည့်ကြည့်လိုက်စဉ်မှာပဲ စွဲလမ်းမှုကြောင့် မဟုတ်ဘဲ တကယ်ကို အပြင်မှာ ရောက်နေသည့် သူမကို တွေ့မြင်လိုက်ရသည်။ သူမက ကုန်တိုက်ထဲမှ ဈေးဝယ်ပြီး ထွက်လာဟန်တူကာ သူကတော့ အခုမှ ကုန်တိုက်ထဲကို ဝင်မယ့်သူမို့ သူတို့နှစ်ယောက်သည် တကယ့်ကို မျက်နှာချင်းဆိုင်ပဲ ဖြစ်သည်။

မတွေ့ရတာ တစ်လကျော်အတွင်း၌ သူမဟာ ဘာမှ ထူးထူးခြားခြား ပြောင်းလဲမသွားပါ။ ပန်းနုရောင်အကွက်ရုပ်အင်္ကျီနှင့် Skinney ဂျင်းနက်ပြာရောင်ကို ခပ်ရိုးရိုးပဲ ဝတ်ဆင်ထားကာ သူ့ကို စုံတွဲမြင်လိုက်ရသော မျက်ဝန်းများမှာတော့ နှစ်စက္ကန့်လောက် ငေးစိုက်သွားသည်ဟု ထင်ပါသည်။

အား ... ကျေနပ်လိုက်တာ။ မှတ်ပြီလား မိုးသည်စဟု တိတ်တိတ်လေး ကြွေးကြော်မိသွားသည်။

တစ်လှမ်းချင်း တက်လာသော သူနှင့် တစ်လှမ်းချင်းဆင်းလာသော သူမတို့သည် လှေကားထစ်တစ်နေရာမှာ ဆားတိုက်အနေအထားဖြင့် ရောင်မိကြသည်။ အဲဒီအခိုက် သူမကို လှည့်ကြည့်မိသည့် အခိုက်အတန့်၌ သူမရဲ့နှုတ်ခမ်းထောင့်စွန်းမှာ အပြုံးလေးတစ်ခု တွဲခိုသွားတာကို သူက မြင်ဖြစ်အောင် မြင်လိုက်လေသည်။ အဲဒီအပြုံးကြောင့်ပဲ သူက ဆတ်ခနဲ ဖြစ်သွားကာ ခြေလှမ်းတွေက တုံ့ခနဲ ဖြစ်သွားရင်း သူမ နာမည်ကို နှုတ်ကရွတ်ခေါ်မိသွားသည်။





"မိုးသည်းစ"

သူ လှည့်ကြည့်လိုက်လျှင် သူမက သူ့ကိုလှည့်မကြည့်ပါ။ ကျောပေးလျက်သား အနေအထားဖြင့်သာ ဆက်လျှောက်သွားသည်။ အဲဒီနောက် ရပ်ထားသော သူမရဲ့ကားပေါ်သို့တက်ကာ သူ့ကို တစ်ချက်မှ မကြည့်တော့ပဲ ခပ်ကြမ်းကြမ်း မောင်းထွက်သွားလေသည်။

သူ့ရင်ထဲတွင် ဘာကို နာကျင်မှန်းမသိ နာကျင်ပြီး ကျန်ရစ်ခဲ့ရသည်။ အထူးသဖြင့် သူမ ပြုံးသွားတဲ့အပြုံးရဲ့ လျှို့ဝှက်အဓိပ္ပာယ်ကို သူ သိသလိုလိုရှိ၍ပင်။ ရင်တို့ယောကျ်ားတွေရဲ့ အချစ်က ဒါလားဟူသော ခနဲ့ပြုံးများလား၊ သရော်သောအပြုံးမျိုးလား စသဖြင့် ရေရေရာရာတော့ သရုပ်ခွဲမပြတတ်ပါ။

"ကိုမှိုင်း အသိလားဟင်"

"မဟုတ်ပါဘူး လူမှားသွားတာ၊ လာလေ ... ဝင်ကြစို့"

သူက စကားစကိုဖြတ်ကာ ကုန်တိုက်ထဲသို့ ဝင်လာခဲ့သည်။ ခြေထောက်ကသာ ဖြူလေး ခေါ်ဆောင်ရာနောက်သို့ လိုက်ပါနေပေမယ့် သူ့ရဲ့စိတ်တွေသည် ဘယ်မှာကပ်ငြိနေသလဲဆိုတာ သူ့ကိုယ်သူတော့ အသိဆုံးဖြစ်သည်။

လျှို့ဝှက်သော မိုနာလီဇာရဲ့အပြုံးလိုပင် သူမ ပြုံးသွားသော အပြုံးဟာလည်း ပဟေဠိဆန်လှသည်။ ဘာကြောင့်များ သူမဟာ အဲဒီအပြုံးမျိုးကို ပြုံးသွားရတာပါလိမ့်။ မိုးသည်းစသည် သူ့ကို ခုချိန်ထိပဲ နားလည်ရ ခက်စေတုန်း ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ~ ၂၂ ~

မိုးသည်းရဲ့သားအိမ်ထဲက အလုံးကို ခွဲထုတ်လိုက်ပြီး အသားစကို စစ်ဆေးကြည့်လိုက်သော အဖြေသည် သားဥအိမ်ကင်ဆာ ဖြစ်နေသည်ဟူသော အဖြေကို ရလေသည်။ ဒါတွေကို နည်းနည်းမျှော်လင့်ထားပြီးသား ဖြစ်တာမို့ မိုးသည်းဟာ သိပ်ပြီး ကြောက်ရွံ့တုန်လှုပ်ခြင်းလည်း မရှိတော့ပါ။ တကယ်ကို ဥတစ်လုံး တစ်ကောင်ကြွက် ဖြစ်နေသော မိုးသည်းကိုသာ ဆရာဝန်မက ကရုဏာသက်စွာဖြင့် အားပေးရှာသည်။

"မိုးသည်းစရဲ့ ရောဂါအခြေအနေက အခုမှ A အဆင့်ကို Intro ပဲ ရှိသေးတာပါ။ ဒါကြောင့် ကုသမှုခံယူရင် ပျောက်သွားနိုင်ပါတယ် ...

တစ်ခုတော့ရှိတယ်။ သမီးရဲ့သားအိမ်ကို ထုတ်ပစ်ရလိမ့်မယ်။ အဲဒီတော့ သမီးက ဘယ်လိုဆုံးဖြတ်ချင်သလဲ။ သမီးမှာ အိမ်ထောင်ပြုဖို့ အစီစဉ်များ ရှိခဲ့ရင် ..."





မိုးသည်းက မသက်သာစွာ ဟက်ခနဲ ရယ်လိုက်ကာ ...

"မရှိပါဘူး ဒေါက်တာ။ ရှိခဲ့ရင်တောင် ကျွန်မက မကောင်းတော့တဲ့ သားအိမ်ကို ထုတ်ပစ်မှာပါ။ ကျွန်မဘဝအတွက် သေရမယ် ဆိုရင်လည်း မကြောက်ပါဘူး။ နေခွင့်ရမယ်ဆိုရင်လည်း ကျွန်မ သေမင်းနဲ့ ကစားကြည့်ချင်ပါသေးတယ်"

"သမီး သဘောတူ ကျေနပ်တယ်ဆိုရင် ဆက်လုပ်ကြတာပေါ့။ သမီးဖြစ်ရတဲ့ရောဂါဟာ Malignant Ovarian Tumor လို့ ခေါ်တယ်။ သူက မျှားသောအားဖြင့် (၃၀)ကျော်မှ ဖြစ်တတ်တယ် ...

ဒါပေမဲ့ ခြွင်းချက်ပေါ့။ သမီးကို အထဲမှာအန္တရာယ်ရှိနိုင်တာမှန်သမျှ အားလုံးရှင်းလင်းပြီးတာနဲ့ ကင်ဆာဆေးကို ခြောက်ကြိမ်သွင်းပေးရမှာ။ တစ်လ တစ်ခါပေါ့။ အဲဒီဒဏ်တွေကိုလည်း ခံရလိမ့်မယ်ဆိုတဲ့အကြောင်း ကြိုပြောပြထားတာပါ ...

ဘယ်လိုလဲ သမီး"

"အိုခေပါ ဒေါက်တာ"

မိုးသည်းက ဆရာဝန်မကြီးကို တော်ကပ်စွာ ပြုံးပြလိုက်သည်။ အဲဒီနောက် ဆေးရုံတက်ဖို့ ကိစ္စတွေကို စီစဉ်စရာရှိတာ စီစဉ်ရလေသည်။ မိုးသည်းရဲ့ ရဲဘော်ရဲဘက် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်ကြသော ဟိန်းညီ၊ သက်ထက်နှင့် ကြင်နာတို့က စိုးရိမ်တကြီး ဖြစ်နေသလောက် မိုးသည်းကတော့ အေးအေးဆေးဆေးပင်။ စိတ်ပူနေသော သူငယ်ချင်းများကိုတောင်မှ ပြန်ပြီးအားပေးနှစ်သိမ့်လိုက်ရသေးသည်။

"မိုးသည် ... နင့်ဘဲရော၊ သူရော ဒီကိစ္စတွေကို မသိဘူးလား"

ကြင်နာကမေးလျှင် မိုးသည်းက ခေါင်းခါယမ်းကာ ...

"သူနဲ့ ငါနဲ့ပြတ်သွားပြီ။ ဒီတော့ သူ သိစရာ ဘာအကြောင်းမှ မရှိဘူး"

"ဟင် ... ဘာဖြစ်လို့ ပြတ်သွားတာလဲ။ သူက ငါသိသလောက်တော့ နင့်ကို အရမ်းချစ်တဲ့ဥစ္စာပဲ။ ဘာလဲ မိုးသည်း၊ နင် လင်းထွဋ်နဲ့တွေ့တာတွေကိုမြင်ပြီး ပြဿနာတက်ကြတာလား ...

ဟာ ... နင်က အဲဒါတွေ ဘာဖြစ်လို့ ငါ့ကို မပြောတာလဲ"

"မဆိုင်ပါဘူး။ သူနဲ့ ငါနဲ့က အစောကြီးတည်းကငြိနေကြတာ နင်လည်း သိသားပဲ။ ထားလိုက်ပါ အခု သူက အိမ်ကပေးစားတဲ့ မိန်းကလေးတစ်ယောက်နဲ့တောင် ယူတော့မယ် ...

ဘာမှသွားပြီး ဇာတ်လမ်းဆက်မနေနဲ့။ ငါ့ခေါင်းထဲမှာလည်း ဘာမှမရှိဘူး"





ကြင်နာက မိုးသည်းရဲ့ ခပ်ပြတ်ပြတ်စကားကိုမယုံသလိုဖြင့် အကဲခတ် ကြည့်ရှုသည်။ ဟိန်းညီနဲ့ သက်ထက်ကတော့ ဘာမှမပြော။ နဂိုထဲက ရည်းစားထားတာကို ဆန့်ကျင်နေသူတွေပီပီ အချစ်မရှိတာ ကောင်းတယ်ဟု ဝိုင်းဝန်းထောပနာပေးနေကြလေသည်။

"တွေ့တယ်မလား၊ ချစ်သူတွေ ရည်းစားတွေဆိုတာ အလကား အရေးကြုံတော့ သူငယ်ချင်းတွေပဲ အနားမှာရှိတယ်"

"အနီးဆုံး မင်းလေး တစ်ယောက်သာ ကျန်ရစ်တယ်"

မိုးသည်းက ကြားဖူးနားဝရှိသော သီချင်းတစ်ပုဒ်တစ်စကို ရေရွတ်လိုက်လျှင် သက်ထက်က မျက်စောင်းထိုးကာ ခါးထောက်ပြီး အခြောက်အိုက်တင်ဖြင့် ...

"ဘာ အနီးဆုံး မင်းလေးတစ်ယောက်သာ ကျန်ရစ်ရတာလဲ ... အနီးဆုံး မင်းလေးနှစ်ယောက်ပါနော် ... ဟွန့်"

မိုးသည်းက အဲဒီပုံစံကကို သဘောတကျဖြင့် ရယ်မိသည်။ တကယ်တော့ သူငယ်ချင်းတွေက မိုးသည်းကို ပျော်ရွှင်အောင် တမင်ဖန်တီးပေးထားတာပဲ ဖြစ်ပါသည်။ မိုးသည်းသည်လည်းပဲ ဒီသူငယ်ချင်းတွေကို အင်မတန် ချစ်လှသည်။ ဒါကြောင့်လည်း သူငယ်ချင်းတွေရဲ့ ဘယ်ကိစ္စမဆို စိတ်ရော ကိုယ်ပါနှစ်ပြီး ကူညီတတ်လေသည်။

သူငယ်ချင်းတွေနှင့် မိုးသည်းရဲ့ကြားမှာထားသောမေတ္တာတွင် သမုဒယတွေ နှောင်ကြိုးတွေ မပါဝင်ဘဲ လှအလပ်

www.burmeseclassic.com



သန့်စင်လှသည်။ တစ်ယောက်နဲ့တစ်ယောက် ရင်ဘတ်ချင်းနီးကာ အပြည့်အဝ နားလည်ကြသည်။ မိုးသည်း လိုချင်တဲ့ အချစ်မှာလည်း ဒီပုံစံမျိုးပဲဖြစ်သည်။ ဒါကို ဘာကြောင့် ဒီပုံစံမျိုးရောက် မလာရတာတဲ့လဲ။

ဘာမှ ဆက်မတွေးချင်တော့ပါ။ သေချာတာကတော့ မိုးသည်းဟာ ယောကျ်ားတစ်ယောက်အပေါ်မှာ ဘာမျှော်လင့်ချက်နဲ့မှ မချစ်ခဲ့။ ဘာကိုမှလဲ ရယူပိုင်ဆိုင်လိုစိတ် မရှိခဲ့။ သူနဲ့ ကိုယ်နဲ့ သက်ဆုံးတိုင် လက်တွဲသွားရလိမ့်မည်ဟုလည်း မျှော်လင့်မထားခဲ့။ ထို့အတွက်ကြောင့် နောက်ဆုံးအချိန်မှာလည်း သိပ်ပြီးတုန်လှုပ်ခြင်း မရှိတော့ချေ။

ပြောရလျှင်တော့ အချစ်ကို ဘာမှ မမျှော်လင့်ထားလျှင် အချစ်ရဲ့ တကယ့်အရသာကို ခံစားတွေ့ရှိနိုင်မှာ ဖြစ်လေသည်။

* * *






www.burmeseclassic.com

www.burmeseclassic.com







## ၂၃

အချိန်တွေသည် သူ့နှာရှိ အစဉ်အလိုက်အတိုင်း ပုံမှန်ပြောင်းလဲ လည်ပတ်နေခဲ့တာ ဖြစ်သော်လည်း မပြောင်းလဲဘဲ ကျန်ရစ်နေခဲ့တာကတော့ သူ့နှလုံးသားပဲ ဖြစ်ပါသည်။ မိုးသည်းစ နှင့် ဝေးကွာသွားခဲ့သည်မှာ ခြောက်လကျော် ခုနစ်လနီးပါး ရှိလာပေမယ့် သူမဟာ သူ့ရင်ထဲမှာ လုံးဝအပြီးတိုင် ထွက်ခွာမသွားသေးချေ။ တစ်ခါတစ်ရံ မဟုတ်ဘဲ မကြာခဏကို သတိရနေမိတတ်တုန်းပင်။

သူမနဲ့သူဟာ လုံးဝမဖြစ်နိုင်တော့တာမို့ လွမ်းဆွတ်တမ်းတရတာတွေ ဖယ်ထုတ်ပေမယ့် သတိရစိတ်ကတော့ ထုတ်ပယ်၍ မရသေး။ တစ်ခါတစ်ရံမှာတော့ ဒီမိန်းကလေး ဘယ်လိုနေနေသလဲဟူသော အတွေးဖြင့် သူလည်း သူမတို့ ကျက်စားရာ Club တွေသို့ သွားတတ်သည်။ အံ့ဩစရာကောင်းတာက သူမ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို လုံးဝမတွေ့ရခြင်းပင်။ သူမတင်မဟုတ်ဘဲ သူမရဲ့ရောင်းရင်း အပေါင်းအသင်းများကိုပါ မတွေ့ရသည်မှာ နည်းနည်းတော့ ထူးဆန်းသည်ဟု ထင်မိလေသည်။

ဒါကြောင့် သူမတို့ စတည်းချတတ်ရာ Club သို့ ရောက်လျှင် သူက ဝန်ထမ်းတစ်ယောက်ကို မေးမိသည်။ ဝန်ထမ်းကလည်း သူမတို့ကို သိသည်။ မိုးသည်းစတို့များ Club ကို အိမ်သဖွယ် သဘောထားသူများပင်။ သူ့မေးခွန်းကို Club ကဝန်ထမ်းများက ...

"ကြင်နာတို့ မိုးသည်းတို့ မလာတာ တော်တော်ကြာပြီဗျ။ ကြင်နာကတော့ တစ်လကို တစ်ခါလောက် ရောက်တတ်တယ်။ ဒါတောင်ခဏပဲ။ မလာတာ များတယ်။ မိုးသည်းစကတော့ မလာတာ တော်တော်ကိုကြာပြီ။ ခြောက်လခုနစ်လလောက်ကို ရှိခဲ့ပြီ"

သူ နားလည်ရ ခက်သွားသည်။ သူ့သူငယ်ချင်းဖြစ်သူ ကျော်ထင်ကတော့ သူ့ကို နားလည်သလိုလို ကရုဏာသက်သလိုလို စိုက်ကြည့်ကာ ...

"မင်း သူ့ကို သံယောဇဉ် မပြတ်သေးဘူးနဲ့တူတယ်"

"မဟုတ်ပါဘူး၊ အပျော်အပါးနဲ့ လွတ်လပ်မှုကို အင်မတန်ခုံမင်တဲ့ မိုးသည်းစ တစ်ယောက် ငြိမ်ချက်သားကောင်းနေတာကို အံ့သြလို့ပါ ...





သူ ဘာတွေများ လုပ်နေလဲ မသိဘူး"

"မိုးလုံးမှိုင်း ... လောကမှာ ကိုယ့်ကိုယ်ကိုယ် လိမ်ညာတာ အဆိုးဆုံးပဲနော်"

"ငါ မညာပါဘူး။ သူ့ကို သတိရတုန်းပဲဆိုတာ ဝန်ခံတယ်။ ဒါပေမဲ့ သူနဲ့ ငါနဲ့က ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ ရှေ့ဆက်လည်းပဲ စိတ်ဆင်းရဲစရာတွေနဲ့ တွေ့နေရမှာပဲ ...

သူ ကိုယ်တိုင်ကလည်း ငါ့အပေါ်မှာ feel သိပ်ရှိတဲ့သူ မဟုတ်ပါဘူး။ သူသာ ငါ့ကို တကယ်ချစ်ရင် တောင်းပန်ပြီး ပြန်ဆယ်သွယ်လို့ ရတာပဲ ...

အခုတော့ ..."

သူ ဆက်မပြောတော့ပေမယ့် ကျော်ထင် သဘောပေါက်လိမ့်မည်ဟု ထင်ပါသည်။

ကျော်ထင်ကလည်း ခေါင်းတ ဆတ်ဆတ်ညိတ်ကာ ...

"ငါ့အထင်တော့ နိုင်ငံခြားတွေ ဘာတွေများ ထွက်သွားသလား မသိဘူးနော်"

သူသည် အဲဒီစကားကြောင့် တစ်ချက်တွေသွားသည်။ ဘာစကားမှတောင် ထပ်မပြောနိုင်တော့ပေ။ လျှို့ဝှက်သော မိုးသည်းစကို သူ ဘယ်လိုမှ နားမလည်နိုင်တော့ပါ။ အကယ်၍

www.burmeseclassic.com



သူမကို တစ်သက်လုံး ဘယ်တော့မှ ပြန်ဆုံခွင့် မရှိတော့ဘူးဆိုလျှင် တစ်ခါလောက်တော့ တွေ့ဆုံချင်ပါသေးသည်။

အဲဒီလို တမ်းတမိပြီး တစ်နေ့မှာပဲ သူ့အတွက် အံ့ဩစရာ သတင်းတစ်ခုကို ကြားသိခဲ့ရလေသည်။

* * *





အဲဒီသတင်းကို ဆောင်ယူလာသူမှာ ဘယ်သူမှ မဟုတ်ဘဲ သူ့အစ်မကိုယ်တိုင်ပဲ ဖြစ်သည်။ တစ်နေ့သောညခင်းမှာ ညစာစားအပြီး၌ သူ့အစ်မက သူ့အခန်းတံခါးကိုခေါက်ကာ အခန်းထဲသို့ ဝင်ရောက်လာခဲ့သည်။ သူက စာအုပ်တစ်အုပ်ကို ဖတ်နေချိန်ဖြစ်ပြီး သူ့အစ်မက သူ့ဘေးနား လာဝင်ထိုင်ကာ ...

"မောင်လေး ... နင့်ကို ငါ မေးစရာနဲ့ ပြောစရာရှိတယ်"

"များလှချည်လား၊ ကဲ ... ဘာကို အရင်စပြောမှာလဲ"

"အရင်စမေးမှာ။ နင်နဲ့ ဖြူလေးနဲ့ အခြေအနေက ? "

"အေးဆေးပါပဲ။ ကျွန်တော်က သူ့ကို ညီမလေးတစ်ယောက်လိုပဲ သံယောဇဉ် ရှိတာပါ"

"နင်လည်း မငယ်တော့ဘူးလေ။ နင့်အသက်အရွယ်နဲ့ဆို အိမ်ထောင်ရေးကို စဉ်းစားသင့်ပြီ။ ငါကလည်း အိမ်ထောင်ပြုဖို့ဆိုတာ သိပ်မသေချာတော့ မေမေတို့ကလည်း နင့်ကိုပဲ မျှော်လင့်နေကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မျှော်လင့်လည်း မတတ်နိုင်ဘူး။ မမတောင် မမ မလုပ်ချင်တဲ့ အလုပ်တစ်ခုကို ဖွတ်လုပ်ခိုင်းလို့ ရလို့လား။ ကျွန်တော်က မိန်းကလေးတစ်ယောက်ကို မချစ်ဘဲနဲ့ လက်မထပ်ချင်ဘူး ...

ဒုက္ခလည်း မပေးချင်ဘူး"

သူ့အစ်မက သူ့ကို တစ်ချက်ကြည့်ကာ ...

"နင် မိုးသည်းစကို မမေ့နိုင်သေးတာလား"

သူက စိတ်ရှုပ်သောကြောင့် ဘာမှပြန်မဖြေမိ။ သူ့အစ်မက ထိုင်ရာမှ ရုတ်တရက် မတ်တတ်ထရပ်ကာ ...

"နင့်ကို မပြောတော့ဘူးလို့ စဉ်းစားထားပေမယ့် ပြောတော့ပြောသင့်တယ်လို့ ထင်လို့ ပြောပြလိုက်မယ် ...

မိုးသည်းစက အခု တစ်လကို တစ်ခါ ကင်ဆာဆေးတွေ သွင်းနေရတယ်"

"ဘာပြောတယ် မမ"

"ဟုတ်တယ်။ ဟိုတစ်နေ့ကမှ ငါ့ဆရာက သူ့ ခရီးခဏထွက်မှာမို့ သူ့လက်ထောက်နေရာမှာ ငါ့ကို ခဏလွှဲခဲ့တာ။ ငါက သူ့ကိုကြည့်ပေးရင်းနဲ့ မိုးသည်းစ ဆိုတဲ့နာမည်ကို သတိထားမိသွားတာ ...

ဒီနာမည်မျိုးဟာ နှစ်ယောက် မရှိနိုင်ပါဘူး"

"သူ ... သူက ဘာရောဂါဖြစ်တာလဲ"

"Malignant Ovarian Tumor လေ။ သားဥအိမ်ကင်ဆာပဲ"





"ဗျာ ... ဒါ ... ဒါဆို သူက ..."

"အခြေအနေက ပြောလို့တော့ မရသေးဘူး။ ဆေးသွင်းပြီး CA 125 စစ်ကြည့်ရဦးမှာပဲ။ ကင်ဆာဆဲလ်တွေ ဆက်ရှိ,မရှိ ဆိုတာကိုပေါ့ ...

ခုတော့ ဆေးက နှစ်ခါပဲ သွင်းရသေးတယ်။ နင် ဒါတွေကို မသိဘူး မဟုတ်လား"

"မမ ... ကျွန်တော် လုံးဝမသိဘူး။ ဟား"

သူက ချက်ချင်းပင် ယောက်ယက်ခတ်သွားသည်။ သူ့အစ်မက သူ့ကို အဓိပ္ပာယ်ပါပါကြည့်ကာ ...

"မိုးသည်းစဟာ ကလေးမမွေးနိုင်တဲ့ မိန်းမတစ်ယောက် ဖြစ်သွားပြီနော်။ အဲဒါကိုလည်း သတိရဦး။ နင့်အနေနဲ့ ရှေ့ဆက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး ဆိုရင် သူ့ဆီကို သွားမတွေ့တာ အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်"

ပြောပြီးတာနှင့် သူ့အစ်မက အခန်းထဲက ထွက်သွားသည်။ သူသည် ခေတ္တမျှတော့ ငိုင်စင်းသွားကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ မျက်လုံးထဲတွင် သူနဲ့ နောက်ဆုံးတွေ့ခဲ့စဉ်က နားလည်ရခက်သော အပြုံးမျိုး ပြုံးသွားတာကို ပြန် မြင်ယောင်လာသည်။ သူမက သားဥအိမ်ကင်ဆာ ဖြစ်နေတာကဲ့။ သူမ ဘယ်လိုဝေဒနာတွေများ ခံစားနေရတာပါလိမ့်။ သူ့ကိုရော ဘာကြောင့် မဆက်သွယ်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုအခြေအနေမျိုးရောက်အောင် သူမကိုယ်တိုင်က ပဲ တမင်ဖန်တီးခဲ့တာလား။ ပြောလို့ရတာ မဟုတ်။ သူမဟာ တကယ်ကို နားလည်ရခက်သော မိန်းမတစ်ယောက် ဖြစ်ခဲ့သည်။ သူ့ကိုလက်ထပ်ဖို့ တွန့်ဆုတ်ခဲ့တာတွေကရော ဒီအကြောင်းတွေ ကြောင့်လား။ ဒီကိစ္စတွေ သူ့ကို ရှင်းရှင်းလင်းလင်း ပြောပြနိုင်တာ ဘယ်သူရှိမလဲ။ သူ့အာရုံထဲတွင် ကြင်နာက ဖျတ်ခနဲ ပေါ်လာသည်။

သူက စာအုပ်ထဲက ဖုန်းနံပါတ်တစ်ခုကိုရှာကာ နှိပ်ခေါ်လိုက်သည်။

"ဟယ်လို"

"အကြင်နာမိုးဆွေလား။ ကိုယ် မိုးလုံးမှိုင်းပါ"

"သြော် ... ဟုတ်ကဲ့"

"မင်းကို အရေးကြီးတာတစ်ခု မေးချင်တယ်။ ကျေးဇူးပြုပြီး မင်း အမှန်အတိုင်း ဖြေပေးပါ ...

မိုးသည်းစနဲ့ လင်းထွဋ်ဆိုတဲ့ကောင်က ဘယ်လိုပတ်သက်ခဲ့ကြသလဲ"

တစ်ဖက်မှ ခဏတာ တိတ်ဆိတ်သွားသည်။ ပြီးတော့မှ တစ်စုံတစ်ခုကို ရိပ်မိသွားသော အသံဖြင့် ...

"ရှင်နဲ့ စလုံးတို့ ပြတ်သွားကြတာ အဲဒီကိစ္စကြောင့်လား"

"သူတို့ တွဲနေတာ ကိုယ့်မျက်စိရှေ့တင်ပဲလေ"





"ကျွတ် ... စလုံးကို ကျွန်မ ပြောခဲ့တယ်။ အခုတော့ မှလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ခဲ့တာကိုး၊ တကယ်တော့ လင်းထွဋ် ဆိုတာ ကျွန်မရဲ့ရည်းစားဟောင်းပါ။ သူနဲ့ကျွန်မတို့ရဲ့ ဗီဒီယိုခွေကို သူက ငွေညှစ်တာနဲ့ စလုံးက ကြားထဲက အဲဒီကိစ္စတွေအတွက် ဝင်ပတ်သက်ပေးခဲ့ရတာ ...

သူနဲ့ လင်းထွဋ်နဲ့က ဘာဆို ဘာမှ မဆိုင်ဘူး။ ကျွန်မရဲ့အရှက်အတွက် စလုံးက ဝင်ကူညီပေးခဲ့တာ။ ကျွန်မက ရှင့်ကို သွားရှင်းပြမယ် ဆိုတော့လည်း သူက လုံးဝတားထားတာလေ ...

ပြီးတော့ အခု စလုံး ဆေးရုံမှာ"

"ကိုယ် သိတယ်။ ကိုယ် အားလုံး သိတယ်။ ဒါပေမဲ့ အခုမှ သိရတာ ...

သူက ဘာသဘောနဲ့ ..."

"စလုံးက နားလည်ရခက်ပေမယ့် သူ သံယောဇဉ်ရှိပြီ ဆိုရင်တော့ တကယ့်ကို နက်နက်ရှိုင်းရှိုင်း ချစ်တတ်ပါတယ် ...

ရှင့်ကိုလည်း သူ သိပ်ချစ်ခဲ့ပါတယ်"

အဲဒီစကားက သူမကိုယ်တိုင်ပြောတာ မဟုတ်ဘဲနဲ့တောင် သူ့ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။ မိုးသည်းစရယ် ... မင်း ဘယ်လိုအတွေးတွေနဲ့ ရှင်သန်နေတာလဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



"စလုံးကို ရှင် နားလည်ပေးလိုက်ပါ။ တကယ်တော့ သူ့ဘဝဟာ သိပ်သနားဖို့ ကောင်းပါတယ်။ အခုချိန်မှာ သူ ဘယ်လောက်ပဲ အားတက်ပြီး စိတ်ဓာတ်ကြံ့ခိုင်တယ်ပဲပြောပြော သူ အားငယ်နေမှာပဲ ...

ဒါကြောင့် ကျွန်မတို့လည်း သူ့အနားမှာ တတ်နိုင်သမျှ ဖေးမပေးနေကြတာပါ။ ဒါပေမဲ့ ရှင် ရှိနေခဲ့ရင် အများကြီး ပိုကောင်းသွားလိမ့်မယ်"

"သူ ဘယ်မှာလဲ"

"(xxx)ဆေးရုံမှာ။ သူက ဆေးတစ်ခါသွင်းတိုင်း ဆေးရုံ တစ်ခါ တက်ရတယ်လေ"

"ကျေးဇူးပဲ"

သူက ဖုန်းချပြီးတာနှင့် ကားသော့ကို ကောက်ဆွဲပြီး သွား ဖြစ်သွားသည်။ သူ့ကားသည် မြို့ပြင်ရှိ အထူးကုဆေးရုံကြီးရှိရာသို့ အပြင်းမောင်းနှင်ကာ ဦးတည်နေသည်။ သူ့ရင်ခွင်တစ်ခုလုံးဟာ ဘာကြောင့်မှန်း မသိဘဲ နာကျင်ဆို့နင့်လို့နေလေသည်။

* * *





သူ ဆေးရုံသို့ ရောက်သွားသောအခါ သူမကို လူနာဆောင်အခန်းမှာ မတွေ့ရပါ။ နာ့စ်က သူမ ပန်းခြံထဲမှာ လမ်းလျှောက်နေသည်ဟု ပြောသဖြင့် ဆင်းလာခဲ့လျှင် သူမကို ခုံတန်းလေးတစ်ခုမှ ငြိမ်သက်စွာ ထိုင်နေတာနှင့် ကြုံရပါသည်။ ကျောလယ်ရှိ ဆံနွယ်တွေဟာ ခုတော့ နားရွက်အောက်နားလေးမှာ ကပ်ကပ်ရပ်ရပ် ရှိနေကာ လူနာဝတ်စုံအောက်က ကိုယ်ခန္ဓာသည် အရင်ထက် ထက်ဝက်ခန့်ပဲ ကျန်တော့လေသည်။

သူမက သူ့ကိုမမြင်သေးပါ။ သူကသာ ဘေးတိုက်အနေအထားဖြင့် မြင်တွေ့နေရခြင်းဖြစ်ကာ သူမဆီသို့ တစ်လှမ်းချင်း လျှောက်သွားမိသည်။

အနီးရောက်တော့မှ သူမက သူ့ကို လှည့်ကြည့်လေသည်။ သူ့ကိုမြင်သွားသော မျက်ဝန်းများမှာ ဖျတ်ခနဲ လက်သွားသော်လည်း ခဏပဲ ဖြစ်တာကြောင့် သူ့ရင်ထဲ ဟောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာတွေညာဦးမှာလဲ မိုးသည်းစရယ်။ သူသည် သူမကို ဘာပြောရမှန်း မသိဘဲ ဆို့နင့်စွာ ငေးမောနေမိသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် နစ်ဝင်မတတ် ငေးမောနေမိကြလေသည်။ ခဏနေတော့မှ သူမက မတ်တတ်ထ ရပ်ရင်း အသာအယာပြုံးကာ ...

"ရှင် နေကောင်းတယ်နော်"

သူက အဲဒီစကားကို မခံစားနိုင်စွာဖြင့် မျက်ဝန်းတွေကို မှိတ်ချလိုက်ကာ အသက်ကို ပြင်းပြင်းရှူလိုက်မိသည်။ မျက်လုံးများ ပြန်ဖွင့်ပြီးသောအခါ သူမရဲ့လက်နှစ်ဖက်ကို သူ့ရဲ့လက်နှစ်ဖက်ဖြင့် ဆွဲယူလိုက်လေသည်။

"မိုးသည်း ... မင်းကိုယ် မင်းရော၊ ကိုယ့်ကိုရော နှိပ်စက်နေတဲ့ အကျင့်တွေကို ဖျောက်လိုက်ပါတော့"

"ရှင်နဲ့ ကျွန်မက ပိုလို့တောင် ဝေးသွားခဲ့ပါပြီ။ အဲဒီတော့"

"တော်ပြီ ... မိုးသည်းစ၊ ဆက်မပြောနဲ့တော့။ မင်း ဘာပဲဖြစ်နေ ဖြစ်နေ မင်းရဲ့ကျန်ရှိနေတဲ့ သက်တမ်းကာလတစ်လျှောက်လုံး ...

မင်းအနားမှာ ထာဝရ ရပ်တည်သွားဖို့ ဆုံးဖြတ်ထားပြီးပြီ ...

ကိုယ်ရော မင်းရော နှလုံးသားတွေ ပင်ပန်းခဲ့ကြပါပြီ။ ဒီအချိန်မှာ အေးအေးဆေးဆေး အနားယူသင့်ပြီ"





သူမက သူ့ကို ရီဝေဆွေးလျှသော မျက်ဝန်းများဖြင့် ငေးကြည့်နေသည်။ သူက သူမကို ခုံတန်းလေးမှာ ပြန်ထိုင်စေပြီးနောက် သူမရဲ့ဦးခေါင်းကို သူ့ပခုံးထက်သို့ မှေးတင်စေလိုက်သည်။ ပြီးတော့ သူမကို အသာအယာ ထွေးပွေ့ထားရင်းမှ သူ့ပါးပြင်နှင့် သူမရဲ့နဖူးပြင်ကို ထိကပ်ထားမိကာ ...

"မင်း သိပ်ပင်ပန်းနေပြီ မိုးသည်းစ။ ကိုယ့်ပခုံးပေါ်မှာ ဒီအတိုင်းလေးပဲ တစ်သက်လုံး နားသွားပါတော့ ...

တကယ့် အချစ်စစ်တွေရဲ့ ရိုးရာဓလေ့ဆိုတာ ကိုယ့်ချစ်သူရဲ့ အဆိုးအကောင်း မှန်သမျှကို မျှဝေခံစားပေးခြင်းပဲ ...

ပုံပြင်တွေ ရှိသလို တကယ်လည်း ရှိပါတယ်။ နော် ..."

သူမက ခေါင်းညိတ်လိုက်သလားတော့ မသိပါ။ သူကတော့ စိတ်မကောင်းခြင်းများစွာဖြင့် မျက်ဝန်းတွေကို မှေးမှိတ်ထားမိတုန်းပင်။

သူမ အမြန်ဆုံး ကျန်းမာလာကာ တစ်နေ့သော ရက်မြတ်တစ်ခုတွင် သူတို့နှစ်ယောက်ရဲ့ဘဝကို ပေါင်းစည်းဖို့ သူ အလိုဆန္ဒရှိပါသည်။

အချစ်ရဲ့ပန်းတိုင်သည် လက်ထပ်ပေါင်းစည်းခြင်းဆိုတာကို ချစ်သူတိုင်းကတော့ နားလည်လက်ခံပေးနိုင်ကြပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိသေလေးစားလျက်

အမြတ်ခွန်မြွန်
12:30 (A.M)
10-7-2010

BURMESE CLASSIC .com

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com